

**တဲကောင်းကင်**

၁၈၄၊

၂၈ လမ်း၊

၈၀/၈၁ လမ်းကြား၊

မန္တလေး။

ဖုန်း - ၀၂ - ၂၆၄၀၃

**လောကအမွန်**

ကဗျာဆိုင်ကလေး

၁၆၈/၁၄

၈၄ လမ်း၊

၃၂/၃၃ လမ်းကြား၊

လက်ဆည်ကန် - ယပ်ဝင်း၊

မန္တလေး။

**ပုံနှိပ်မှတ်တမ်း**
ပထမအကြိမ်
၁၉၉၇ ဒီဇင်ဘာ
အုပ်ရေ - ၁၀၀၀

တန်ဖိုး - [illegible]၀၀ ကျပ်

**ကွန်ပျူတာစာစီ**
မြမာလာအော့ဖ်ဆက်
ကိုမင်းသူ

**စာအုပ်ချုပ်**
ဖိုးတုတ်၊ စွန်ကိုဇော် နှင့် ဓါတ်ခွဲ
**ဖလင်ရိုက်** - မြို့မ–ကိုမြင့်အောင်၊ မန္တလေး

---

**စာမူခွင့်ပြုချက်** ——— ၈၅/၉၇(၂)
**မျက်နှာဖုံးခွင့်ပြုချက်** —— ၁၃၅/၉၇(၃)

---

**ထုတ်ဝေသူ** - **ဦးမြသန်း (အသိုင်းအဝိုင်းစာပေ)**
(၀၁၅၀)၊ အမှတ်(၃၅)
သမားဓိလမ်း၊ မရမ်းကုန်း၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်** - **ဦးဝင်းရွှေ (ဝင်းထွန်းအော့ဖ်ဆက်)**
(၀၄၈၃၉)၊ ၃၁၊ ရေကျော်
ပုဇွန်တောင်၊ ရန်ကုန်

**အဖုံးပုံနှိပ်** - **ဦးသိန်းကျော်**
မြမာလာအော့ဖ်ဆက် (၀၄၆၉၆)
၁၈၅၊ ၇၆ လမ်း၊ ၂၆ - ၂၇ လမ်းကြား၊
မန္တလေး။ ဖုန်း - ၀၂ - ၃၂၈၃၅

# မြို့မငြိမ်း ယူနန်နယ်ပြ

## သနိုးဆောင်ခိုင်


**အတိုင်ပင်ခံ**

ကိုစွန်းမြိုင် (မြို့မငြိမ်း သား)

ကိုကျော်စိုးဦး (မြို့မငြိမ်း မြေး)



မျက်နှာဖုံးအပြင်အဆင် - ဘိုစော

နိုင်းကျော်လူ အလှသစ်၊

အတွင်းပုံ - ညွန့်ဝေသစ် ပန်းသမုဒ္ဒရာ၊

ခင်မောင်စန်း ပန်းချီ၊

စာလုံး - ပန်းသမုဒ္ဒရာ

လက်နှိပ်စက်စာကူ - ကိုကျော်လှိုင်

တစ်အုပ်လုံးအပြင်အဆင် - မောင်ရွှေထက်

ကျော်ရင်မောင် ရေဦး၊

ဦး မေ့ လေး၊



# ဆရာဇော်ဂျီ
# ၏
# အမှာစာ

"မြို့မငြိမ်းနှင့် သူ့လက်ရာ" ကျမ်းတွင်၊ နာမည်ကျော် ဂီတစာဆို မြို့မငြိမ်း၏ အတ္ထုပ္ပတ္တိလည်းပါသည်။ သူစပ်ဆိုခဲ့သော သီချင်းများလည်း ပါသည်။ သူရေးခဲ့သော ဂီတသင်္ကေတများလည်းပါသည်။ အတ္ထုပ္ပတ္တိပါသဖြင့် မြို့မငြိမ်း၏ ပုဂ္ဂိုလ်ရေးရာအကြောင်းသည် သူ့ဂီတကို လေ့လာရာ၌ ကြီးစွာသော အထောက်အပံ့ ဖြစ်လာနိုင်သည်။ သီချင်းများ ပါသဖြင့် သီချင်းစာသားတို့သည် မှုမှန်အဖြစ်အားကိုးစရာ ဖြစ်လာနိုင်သည်။ အထူးခြားဆုံးမှာ ဂီတသင်္ကေတ ပါသဖြင့် မြို့မငြိမ်း၏ ဂီတဉာဏ်သည် (ဝါ) တေးသံဖြင့် သရုပ်ဖေါ်ခဲ့သော မြို့မငြိမ်း၏ ပဋိဘာနဉာဏ်သည် မြို့မငြိမ်း၏ ဆန္ဒအတိုင်း နိုင်မြဲနိုင်သည်။ ထို့ကြောင့် ဤကျမ်းသည် မြန်မာ့ဂီတလောကအတွက် လိုလားတောင့်တအပ်သော ကျမ်းတစ်စောင်ဖြစ်သည်ဟု ယူဆပါသည်။

ရှေးသီချင်းကြီးများဟူ၍ ယခုခေတ်တွင် လေးစားမြတ်နိုးခြင်း ခံကြရသော ကြိုးဘွဲ့ ပတ်ပျိုး၊ ယိုးဒယား စသည်တို့သည် ထိုထိုသော ဂီတစာဆိုကြီးများ၏ မျက်မှောက်ခေတ်များကဖြစ်သော်၊ ဂီတဂုဏ်မြောက်သော ကာလပေါ်များ ဖြစ်ခဲ့ကြရမည်သာ။ ထိုအချက်ကို သတိပြုမိကြလျှင် မျက်မှောက်ခေတ် ဂီတဂုဏ်မြောက်သော ကာလပေါ်တို့သည် နောင်တစ်ခေတ်တွင် လေးစား မြတ်နိုးအပ်သော ရှေးသီချင်းကြီးများ ဖြစ်လာနိုင်သည်ဟု ဆင်ခြင်မိကြပေလိမ့်မည်။ ဤနှလုံးသွင်းဖြင့် ဤကျမ်းကို လေ့လာနိုင်ကြလျှင်လည်း၊ အကျိုးထူးမည်ဟု ယူဆပါသည်။

မြို့မငြိမ်း၏ တေးဂီတကို ကြိမ်ဖန်များစွာ ကြားဖူးသော်လည်း လူပုဂ္ဂိုလ်ကိုကား နှစ်ကြိမ်၊ သုံးကြိမ်မျှသာ ကျွန်တော်တွေ့ဖူးသည်။ စိတ်၌အမှတ်ထင်၍ ကျန်ခဲ့သည်မှာ အေးအေးတည်ငြိမ်သော၊ ဖျော့ငေး၍ တွေးတတ်သော မြို့မငြိမ်း၏ သဘာဝဖြစ်သည်။ သူ့သီချင်းသည် ထိုသဘာဝမှ ဖွားလာကြလေသလောဟု အံ့သြမိပါသတည်း။

၂၇-၈-၆၃



# အဖွင့်စကား

## ဆရာကြည်မြ

မြို့မဆရာငြိမ်း ကွယ်လွန်ပြီးနောက် ဆရာဖွဲ့ဆိုခဲ့သည့် သီချင်းတွေ တစ်ပုံတစ်ပင်ကြီး ကျန်ရစ်ခဲ့ပါလိမ့်မည်။

ယင်းသီချင်းများထဲမှ ကျွန်တော်နှစ်သက်သည့် သီချင်းတစ်ပုဒ်ကို သီဆိုတီးမှုတ်သံ ကြားရသောအခါ ထိုအခါသည် ကျွန်တော် စိမ်ပြေနပြေ နားထောင်ခွင့်ရသော အချိန်ဖြစ်ခဲ့ပါမူ ......

အော် - ဆရာငြိမ်း၏ ငယ်စဉ်ဘဝအကြောင်း၊ ဆရာ့အနုပညာဝါသနာထုံခဲ့ရသည့်အကြောင်း၊ ဆရာ့အနုပညာပါရမီအကြောင်း၊ ဆရာရေးဖွဲ့ခဲ့သည့် သီချင်းတွေအကြောင်း၊ ဆရာ့မြူးဇစ်နတ် စွမ်းအားအကြောင်း၊ ဆရာ့ ဟိုအကြောင်း၊ ဒီအကြောင်းတွေကို၊ စေ့စေ့တွင်းကျရေးပြီး ကျမ်းတစ်စောင်၊ ပေတစ်ဖွဲ့ထုတ်ရလျှင် နောက်နောင်လူတွေ၊ အထူးသဖြင့်၊ ဂီတပညာရှင်တွေ အကျိုးရှိမှာပဲ၊ ဘယ်သူကများ ထုတ်ဝေမည် ...ဟု အခါခါ တမ်းတမိဖူးပါ၏။

ပုဂ္ဂိုလ်ကျော်တစ်ဦး၏ အတ္ထုပ္ပတ္တိ၊ ယင်းပုဂ္ဂိုလ်ရေးသားပြုစုခဲ့သော စာပေများ၊ ပြောဆိုခဲ့သောစကားများကို နောက်နောင်လူတွေ ပြုစုကြရာ၌ ယင်းပုဂ္ဂိုလ်နှင့် ကျမ်းပြုသူတို့ နှစ်တွေကွာဟ ကြာညောင်းလေလေ၊ အငြင်းပွားစရာများလေ ဆိုသည်ကို ကျွန်တော်ဖတ်ဖူး၊ မှတ်ဖူးပါသည်။ ကြည်ညိုလွမ်းလျှင် ပုံကြီးချဲ့ကြသလို၊ မလိုလားသောအခါ၌၊ သိမ်ဖျဲ့ သေးနုပ်စွာ မြင်ကြပြန်ပါ၏။ ထိုရောအခါ၌ အရေးခံရသူပုဂ္ဂိုလ်မှာ အနိစ္စရောက်ရုံသာမက၊ မြေကြီးနှင့် ရောသွားပြီ ဖြစ်၍ မေးမြန်းစုံစမ်းဖို့ မဖြစ်နိုင်တော့ပေ။

ဆရာကွယ်လွန်ခဲ့သည်မှာ၊ အနှစ်(၄၀)ကျော်ခဲ့လေပြီ ထို့ကြောင့် ကျွန်တော် တမ်းတရခြင်း ဖြစ်ပါ၏။

ယခုသော် ဆရာငြိမ်းနှင့် ဆိုးတူကောင်းဖက်၊ ဂီတနှင့်ပတ်သက်၍ တိုင်ပင်ဖော် တိုင်ပင်ဖက်၊ အသံဖွဲ့စည်းမှုရှာရာရှာဖက်၊ စကားလုံးကလေးတွေ ရွေးရာရွေးဖက်၊ ငြင်းဖော်ငြင်းဖက်တွေ မရှိသလောက် ကွယ်လွန်ကုန်ကြလေပြီ။

ဆရာ၏ အနုပညာမူလဆရာ၊ ပန်းချီဆရာ၊ တယောဆရာကြီး ဦးဘသက်၊ ရွာစား စိန်စေဒါ၊ စောင်းဆရာကြီး ဒေဝဣန္ဒာ မောင်မောင်ကြီး၊ မြို့မ ဦးရင်လေး၊ အဆိုတော် ကိုသန့်စင်၊ မြို့မ ဦးကြီးငွေ၊ နန်းတော်ရှေ့ ဆရာတင်၊ မြို့မ ဦးလှခင်၊ ပန်းတျာ ပန်းချီဆရာ ဦးအေးကျော်၊ ဆရာ ရွှေပြည်ဦးဘတင်၊ နန်းတော် တောင် ဆရာခင်၊ ဒါးတန်း ဦးသန့်၊ မြန်မာ့လမ်းစဉ် ကိုစိန်ဝင်း၊ အဆိုတော်ကိုသိန်းတန်၊ တယော မောင်ကံတို့ မရှိကြတော့ပြီဖြစ်၍၊ ဆရာငြိမ်းနှင့် ပတ်သက်၍ ရေးလိုသော်မှ ပြည့်စုံသင့်သလောက် မပြည့်စုံနိုင်တော့ဟု ကျွန်တော် သံသယဝင်မိပါ၏။

ဆရာနှင့် အနှစ်(၂၀) ကျော်လောက်၊ ဂီတနယ်ပယ်တွင် တွဲခဲ့သည့် အမရပူရ ဦးကိုလေး တစ်ယောက် ယနေ့ကျန်နေသေး၍ တော်ပါသေးရဲ့ဟု ဟင်း – ချနိုင်ပါသေးသည်။

သို့သော် ဆရာမှာ ဇနီးကျန်သေးသည်၊ သမီးကြီး၊ သားကြီးတွေ ကျန်သေးသည်။ သား – ကိုရွှန်းမြိုင်က မြို့မတူရိယာအသင်းမှာ ဥက္ကဋ္ဌ လုပ်နေ သေးသည်။ စသည်ဖြင့် တစ်ချော်တစ်ခေါ်ကြီး တွေးနေမိတတ်သည်။ တမြန်နှစ် ဆီကမူ၊ ဆရာဇနီး ဒေါ်ခါသန်း ကွယ်လွန်သွားပြန်သည်။ ကျမ်းပြုမည့်သူအတွက် အရေးကြီးသော "ဟာကွက်" ဖြစ်ပြန်လေပြီဟု စိတ်မကောင်း ဖြစ်ရပြန်၏။

သို့ဖြစ်နိုက်၊ တစ်ရက်သော် ဆရာငြိမ်း၏ သားကြီး၊ ကိုအောင်နိုင် ကျွန်တော့်အိမ်သို့ မမျှော်လင့်ဘဲ ရောက်လာသည်။

သူက သူ့အဘနှင့် ပတ်သက်ပြီး စာတစ်အုပ်ထုတ်ချင်လို့ပါ – ဟု စကားဦးဆိုလိုက်ရာ ကြားရသူကျွန်တော့်မှာ ကြည်နူးမိလိုက်သည်ဖြစ်ခြင်း။

နောက် ကိုအောင်နိုင် က မန္တလေး၊ မြန်မာ့လမ်းစဉ်သတင်းစာတွင် ဆရာငြိမ်းနှင့်ပတ်သက်၍ (၇) ရက်ဆက်တိုက် ရေးခဲ့သော ကျွန်တော့်ဆောင်းပါး၊ မြို့မငြိမ်း (သို့မဟုတ်) နံ့ကြားကကြာတစ်ပွင့် ကို သူ၏ဖိုင်မှ ထုတ်ပြလေရာ ကျွန်တော်အံ့အားသင့်သွားမိ၏။ ဆရာကွယ်လွန်ပြီး ရက်ပိုင်းအတွင်း ရေးခဲ့သည် ဖြစ်၍ ယင်းဆောင်းပါးကား အနှစ်လေးဆယ်ကျော်ခဲ့ပေပြီ။ ယင်းရှေးဟောင်း ပစ္စည်းကို သိမ်းဆည်းစုဆောင်းနိုင်သူသည် ဆရာနှင့်ပတ်သက်၍ အခြား အခြား အကြောင်းတွေကိုလည်း စုဆောင်းနိုင်သူ ဖြစ်ရမည်။ ထို့အပြင် သူက ဆရာငြိမ်း ၏ သားကြီးပေမို့ သူထုတ်သည့် စာအုပ်အတွက် ကျွန်တော် အားရသွားပါတော့သည်။

# မြို့မငြိမ်း နှင့် သူ့အနုပညာ

နောက် ကိုအောင်နိုင် မကြာခဏဆိုသလို ရောက်လာတတ်သည်။ ဆရာနှင့် ပတ်သက်၍ ရေးသားထားသောဆောင်းပါးများကို ဖတ်ဖို့ပေးသည်။ ရေးသူများမှာ ဂီတပညာ၊ စာပေပညာတွင် တိုင်းသိပြည်သိပုဂ္ဂိုလ်ကြီးများ ဖြစ်နေသည်။

ဆရာဖွဲ့ဆိုခဲ့သည့် သီချင်းအပုဒ်(၁၅၀)ကျော် ကိုလည်း အဖတ်နိုင်းသည်။ သူက ဆရာသီချင်း ခေါင်းစဉ်များကို အက္ခရာစဉ်နှင့် ဖော်ပြထားသည်မှာ ခေတ်မီပါပေသည်။ တစ်ချို့သီချင်းတွေ ကျွန်တော်မကြားဘူး၊ တစ်ချို့မှာ အရပ်ထဲတွင် ခေါင်းစဉ်ပြင်းခံနေသော သီချင်း၊ အချို့ စာသား အငြင်းပွားခံသော သီချင်းများ၊ ယခုသော် မှုမှန်ရပေတော့မည်။

တစ်နေ့သော် ဆွေးနွေးကြရင်းက ကိုအောင်နိုင် က စကားတစ်ခွန်း ထူးထူးခြားခြားပြောသည်။ ထိုစကားသည် ကျွန်တော်ဖေါ်ထုတ်ရေးလိုသော စကား၊ မရေးဖုံ၍ ငြိမ်နေခဲ့ရသောစကား၊ ယခုသော် ဆရာ့သားကြီး ကိုယ်တိုင်က ပြောနေပြီဖြစ်၍ သူ့သားလည်း သူ့အဘကို "အစ္ဆမာန"ပါးသူ ပါကလား ဟု ကျွန်တော်ကြိတ်၍ ဝမ်းသာအားရမိသည်။

သူ့စကားက ဤသို့ ......

"မြို့မငြိမ်း ဖြစ်လာရသည်မှာ အဘတစ်ယောက်တည်း ကောင်းလို့၊ တော်လို့ မဟုတ်ပါဘူး၊ အဘဆရာဦးဘသက်၊ အဘရဲ့ ဂီတအသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်တွေရဲ့ ပံ့ပိုးမှု၊ အဘရေးစပ်သည့် သီချင်းများကို ချက်ခြင်း စမ်းသပ်တီးမှုတ်ပေးနိုင်တဲ့ မြို့မတူရိယာအသင်းကြီးက အဆင်သင့်၊ စသည့် အခြေအနေပေးမှုများ အများကြီးပါပါသည်" ဟုသတည်း။

တစ်ရက်မှကား စာရွက်တွေ တစ်ထပ်ကြီးနှင့် ရောက်လာပြန်ကား၊ သူ ဒီအစီအစဉ်အတိုင်း စာအုပ်ထုတ်တော့မည်။ ဖတ်ပေးပြီးတော့ အမှာစာ ရေးပေးပါ – တဲ့။

သူ့စာတွေကို ကျွန်တော် သုံးရက်အချိန်ပေး၍ ဖတ်ရသည်။

လွန်ခဲ့သည့် အနှစ်(၇၀)ကျော်လောက်က တရုတ်တန်းမြောက်ဖျား၊ ဖျာနိုင်းမှ ဆရာငြိမ်း၏ ဘင်ဂျိုသံ၊ ဗျတ်စောင်းသံ၊ မယ်ဒလင်သံတို့ကို စ၍ကြားရသည်။ နောက် ၁၉၂၅–ခုနှစ်မှာ မြို့မတူရိယာအသင်းကလေး စတင် မွေးဖွားလာပုံ၊ နောက် ထိုစဉ်က နာမည်ကြီး မာယတူရိယာအသင်းနှင့် အတီး၊ အဆို ပြိုင်ကြပုံတို့မှာ၊ ရေး ခေတ်ဟောင်း အောက်မေ့ဖွယ်ပင် ဖြစ်ပါ၏။

ထိုအခါ ကြားဖူးရိုးရာအသင်းတစ်သင်းက သူ့အသင်းက ဗိုကောင်းသည်ဟု သီချင်းဖြင့် စနေ့သဖြင့် "ဂဂါငါး နှင့် ယမုန်နာငါး" တို့ အလှုပြိုင်ကြသည့်ပွဲတွင် နိုင်လှုကြီး ဦးရွှေလိပ်က သူသာ ဗိုင်းဗိုင်းစက်စက်ရှိ၍ သူသာအလှုဆုံးဟု ဆုံးဖြတ်သွားသဖြင့် ဆရာငြိမ်း၏ "အလှုပြိုင်ပွဲ" သီချင်းဖြစ်လာပုံ ဖတ်ရသော် ကျွန်တော် ပြုံးမိလိုက်သည်။

တစ်ချက်ထူးသည်မှာ ကိုအောင်နိုင်သည် သူ့အဘအကြောင်း ပြုစုရေးသားရာ၌ သူ့အဘသည် ဘယ်နေရာ၌၊ ဘယ်မျှတော်သည်၊ ဘယ်သီချင်းကို ဘယ်လိုကောင်းအောင် ဖွဲ့လိုက်သည် စသည်ဖြင့် ဘာဘာညာညာတွေမပါ သူ့အဘအကြောင်းကို သူ့အမေပြောသမျှသာ ရိုးရိုးကလေး တင်ပြသွားခြင်းဖြစ်ပါသည်။ အညွှန်းအကွန့်အတက်အလက် သူ့ "အတ္တနောမတိ" တွေမပါ။

တစ်နေရာ၌ ဆရာစနီးက သူ့ခင်ပွန်းနောက်ဆုံးလက်ရာ "တိမ်လွှာမို့မိုလွင်" သီချင်းနှင့်ပတ်သက်၍၊ "တိမ်လွှာမို့မို့လွင်" မဟုတ်ဘူး ငါ့သား နောက် "မို" မှာ "အောက်မြစ်" မပါဘူး၊ "တိမ်လွှာမို့မိုလွင်" ဟု ရှင်းပြပုံကို သား – ကိုအောင်နိုင်က သူ့အမေ၊ သူ့အဘသီချင်းတွေအပေါ် သံယောဇဉ်ကြီးပုံကို နမူနာပြထားပေသည်။

နောက်ပြီးမှ တိုင်းသိ၊ ပြည်သိ ပုဂ္ဂိုလ်များ ရေးသားထားကြသော ဆရာ့ဂီတ၊ ဆရာ့သံစဉ်ဖွဲ့နည်းမူ၊ တေးသီချင်းတွေတွင်၊ ဆရာ ကောင်းလုံး ရွေးချယ်ပုံ၊ ဆရာ ပညာမာနမရှိပုံ၊ ဘွဲ့ထူး ဂုဏ်ထူးမမက်ပုံ၊ ဆရာ ဘယ်အခြေ ရောက်ရောက် ငွေကြေးကို ပမာနမထားပုံပါသည့် ဆောင်းပါးများကို မူရင်းအတိုင်း ပေါ်ပြလိုက်ခြင်းပင်ဖြစ်ပါ၏။

မြန်မာ့အသံလွှင့်ဌာန ညွှန်ကြားရေးမှူး – ဦးခင်ဇော် က၊ ဂျပန်တွင် ကျင်းပသည့် အာရှအသံလွှင့်ဌာနညီလာခံ၌ ဆရာငြိမ်း၏ မြူးစက်နတ် ဖြင့် ဖွဲ့ထားသော "မို့မှာတမ်း" သီချင်းကို၊ မြန်မာပြည်၊ မြန်မာသီချင်းအဖြစ် သူ တင်သွင်း ဂုဏ်ယူခဲ့ပုံ၊ ထိုသီချင်းကို ဂျပန်သံစုံတီးဝိုင်းကြီးနှင့်သွင်း၍ မှင့်ပြခဲ့ပုံ၊ မြန်မာ့အသံတွင် မကြာခဏ လွှင့်ခဲ့ရာ လူကြိုက်များလှပုံနှင့် ဆရာ့ ဂီတပညာစွမ်းကို ဖေါ်ထုတ်ရေးသားထားရာ ကျွန်တော့်မှာ ဖတ်ရင်း ထိတ်ထိတ် ပျာပျာဖြစ်အောင် ဝမ်းသာလိုက်ရပါသည်။

ကွယ်လွန်သူ အလင်္ကာကျော်စွာ ဆရာရွှေပြည်အေး ကမူ၊ ဆရာငြိမ်းနှင့် သူ ၁၉၃၇ – ခုနှစ်ဆီလောက်က ရန်ကုန်တွင် စတင်တွေ့ရှိကြပုံ၊ နောက် ကမ္ဘာတွင် မြန်မာ့ဆိုင်းဝိုင်းကြီးဖြင့် ဆင်ဖိုနီ ပေါ်အောင် ကြိုးစားမည့် ရည်မှန်းချက်

## မြို့မငြိမ်း နှင့် သူ့အနုပညာ

တူသူနှစ်ယောက် ဖြစ်နေသောကြောင့် ရင်းနှီးလွန်းသော မိတ်ဆွေရင်းများ ဖြစ်သွားကြပုံနှင့်၊ ထိုစဉ်က ဆရာငြိမ်း မှာ ကမ္ဘာ့ဂီတသင်္ကေတ (မြူးစစ်နုတ်)ကို ပိုင်နိုင်စွာ သုံးနေပြီဖြစ်ကာ သူ့မှာ ယင်းပညာကို လေ့လာဆဲသာရှိသေးပုံကို ရေးသားထားလေသည်။

ဆရာ သုခ စာ၌ကား၊ နှစ်ပြောက်ဆယ်လောက်ဆီက အေဝမ်းရုပ်ရှင်ခြံ အသံသွင်းဌာနမှာ ဆရာငြိမ်း ကို သူတွေ့ပုံ၊ မယ်ခလင်ကလေးနှင့် ဆိုတီး၊ တီးကာ "နုတ်သျှင်နောင်"၊ "သက်စေ" ကို၊ ပြည်လှဖေ နှင့် မရှင်တို့အား သီချင်းတက်ပေးနေပုံကို ရေးထားသည်။ နောက်၌ သူ့လုပ်ငန်းမဟုတ်ပါဘဲ သီချင်းသံကလေး ကြားချင်လွန်း၍ နေ့စဉ်လာရောက် နားထောင်မိပုံကို ဖေါ်ပြထားပါသည်။

ဆရာငြိမ်း က မယ်ခလင်ကိုညင်းညင်းသာသာတီး၍ သူ့နှုတ်မှုတ်ကမူ တိုးတိုးလေး "တစ်တော်ဦးဆီ မျှော်လိုက်ပြန်တော့ ရဲတံခွန်တွေ လေကစား ကြွား တလူလူဝေ တစ် ဦး ဆီ မျှော်လိုက်ပြန်တော့ တံခွန်တွေ အလံတွေ ရဲမာန်မွှားလောက်ပေ … ဟု ဆိုနေသည်။ သူ့မျက်လုံးအစုံမှာမူ မှိုင်းမှုန်စွာ အဝေးမြေသို့ ငေးနေသယောင် ထင်ရပါသည်။" ဟုဖြစ်ပေါင်း အောက်မေ့မှုယ် ဆရာသုခ က ရေးထားသည်။

ကိုငြိမ်း သီချင်းရေးနိုင်းရတာ ကြာတယ်ဟူသော သူ့အပေါင်းအသင်းများ၏ ပြစ်တင်သံကို ဆရာငြိမ်း ကြားဟန်တူသည်။ သူ့သီချင်းတွေ ဘာကြောင့် ကြာရသည်ကို နှုတ်ဖြင့်မပြောဘဲ ဆရာသုခ စဉ်းစားမိလေအောင် ရုပ်ဝတ္ထု ပစ္စည်းကလေးများဖြင့် မထီတထိ ပညာပြပုံ၊ မန္တလေး ရှော်ရှင်ခြံတွင်း၏ အဖြစ်အပျက် ကလေးမှာ စိတ်ဝင်စားစရာ ကောင်းပါ၏။

ဆရာငြိမ်း ကို တွေ့ချင်လျက်နှင့် တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးလိုက် ရသော ကွယ်လွန်သူ စာရေးဆရာကြီး ဧမောင် က ဆရာငြိမ်းသီချင်း၊ ဆရာငြိမ်း သီချင်း၏စကားလုံး အသုံးအနှုန်း၊ အသံဖွဲ့စည်းမှုတို့ကို နားထောင်မိပြီး ဆရာငြိမ်းသည် တိုင်းတစ်ပါးမှ အသံကိုယူရာ၌ပင် မြန်မာသံ၊ မြန်မာမှု နှင့် ကိုက်ညီအောင် ဖန်တီးပြီး မြန်မာမှုပြုနိုင်သူတစ်ယောက်ပါတကား ယင်း ပုဂ္ဂိုလ်မျိုး၏ အတ္တုပ္ပတ္တိမျိုး အမြန်ထုတ်သင့်သည်ဟု ဆိုသွားလေသည်။

စာရေးဆရာ "မောင်" ကမူ၊ ဆရာငြိမ်းအား ဘွဲ့ထူးဂုဏ်ထူး ပေးခဲ့ သော်လည်း မယူ ငြင်းဆန်ခဲ့ပုံကို ကိုယ်တွေ့ဟု ရဲ့ရဲ့စွာ ရေးသားသွားသဖြင့် အော်– တကယ် ဆရာငြိမ်း ပါကလားဟု ကျွန်တော်ပို၍ လေးစားမိပြန်ပါ၏။

သန်းအောင်နိုင်

၁၉၂၈ - ခုနှစ်က မန္တလေးမြို့ မတ္တရိယာအသင်းကို တိုးချဲ့ဖွဲ့စည်း ခဲ့ရာ အသင်းဥပဒေစည်းမျဉ်း(၃) အပိုဒ်ခွဲ(င)မှာ ရှေးမြန်မာသီချင်းကြီးများကို ကျွမ်းကျင်သူများနှင့် ညှိနှိုင်း၍ ကမ္ဘာသုံးဖြစ်သော မြူးစစ်နုတ်ပညာဖြင့် ကူးပြောင်းရေးလာရန် (သင်္ကေတပညာဖြင့် ကူးပြောင်းရေးလာရန်) ဟူ၍ ပါရှိခဲ့သည်။

အမရပူရ ဦးကိုလေး ၏ ဆောင်းပါး၌၊ ယင်း အောင်မြင်ခဲ့ပုံကို ဖေါ်ထုတ်ထားရာ ဝမ်းမြောက်ဂုဏ်ယူဘွယ် ကောင်းလှပါ၏။ ၁၉၃၀ - ခု၊ ရန်ပုံငွေ အလှူပွဲတစ်ပွဲ မန္တလေး သီဖေါရုပ်ရှင်ရုံ(ယခု မင်းရှိမ်ရုံ)၌ ကပြရာ ဆရာငြိမ်း၊ ဒါးတန်းဦးသန့် နှင့်သူတို့မူပေါင်း အားထုတ်ကာ "တောမြိုင်ခြေလယ်" ယိုးဒယား သီချင်းကို မြူးစစ်နုတ်ဖြင့် ပွဲဦးထွက် တီးမှုတ်အောင်မြင်ခဲ့ပုံကို ဖတ်ရသည်။ လွန်ခဲ့သည့် အနှစ်ခြောက်ဆယ်လောက်ကပင် ဆရာငြိမ်း တို့အဖွဲ့ မြူးစစ်နုတ် ကို ကိုင်နိုင်နေခဲ့ကြောင်း သိရပေသည်။

ဆရာသည် သူ့ဦးနှောက်၌ သီချင်း၊ ဂီတမှလွဲ၍ ဘာအရေးမှ စိတ်ပါမှု မရှိပုံကို ရွာစား စိန်တင်ဟန် ၏ "မုံလာဥ" ဆောင်းပါးတွင် ဆရာ၏ အဘိဓမ္မာ ပါသော ဟာသကို တွေ့ရပြန်ပါ၏။

ဆရာရွှေမန်း ဝင်းမြင့်က၊ ဆရာငြိမ်း ဈာန်စောင်းအတီးကောင်းပုံ ကို ဖေါ်ရေးပြီး ဈာန်စောင်းဆိုသည်မှာ..... ဟု - ဈာန်စောင်းကို ဂီတပညာဖြင့် ဖွံ့ဖေါ်သွားသည်မှာ အောက်မေ့ဖွယ်၊ လွမ်းတမ့်ဖွယ်ပင်။

ဆရာနှင့်ပတ်သက်၍ ပညာရှင်အသီးသီးက ထောင့်ပေါင်းစုံက စနစ်တကျ တင်ပြထားသည့် စာပေများကို ကျွန်တော်ဖတ်ပြီးသည့်နောက် ကျွန်တော် ကျမ်းပြုသူ ကိုအောင်နိုင် ကို အတော်ကလေး ကျေးဇူးတင်သွားသည်။ အကြောင်းမှာ ကျွန်တော်ရေးသော "ငြိမ်းမငြိမ်း(သို့မဟုတ်)နှုတ်ကြားကကြားတစ်မျှင်" ဆောင်းပါးကို နေရာမရ၍ အပြည့်အစုံ မဖေါ်ပြနိုင်သဖြင့် ခွင့်လွှတ်ပါရန် ပြောခဲ့သောကြောင့် ဖြစ်ပါ၏။

ကျွန်တော်သည် သီချင်း ဂီတကို ဝါသနာထုံသည်။ သို့သော် ဘယ်လောက်ကမှ တီးမိခေါက်မိသူ မဟုတ်ပါဘဲ ဆရာအား ချစ်ကြည်ညိုရှိ၍သာ ထိုစဉ်က ဆောင်းပါးကို ကောက်ရေးမိပြီး ဆရာ့သီချင်းအချို့ကို လူတတ်ကြီး လုပ်ကာ အဓိပ္ပါယ်ဖွင့်ဆိုမိခဲ့ပါသည်။

စ . လောကသုအမွှန်

# မြို့မငြိမ်း နှင့် သူ့အနုပညာ

ယောမင်းကြီး ဦးဘိုးလှိုင် ပြုစုခဲ့သော ဥတုဘောဇနကျမ်း၊ ဓမ္မသင်္ဂဟကျမ်း စသည်များကို သာမန်အမှုထမ်းတစ်ယောက်က ချီးကျူးထောပနာနေကြောင်း မင်းကြီးကြားသောအခါ ထိုလုလင်အား ခေါ်စေ၍ ငွေဒင်္ဂါးအများအပြားပေးကာ နောက်နောင်၌ သူရေးသောကျမ်းများနှင့်ပတ်သက်၍ ကောင်းမကောင်း တစ်လုံးတစ်ပါဒမျှ မဟာရန်နှင့် တစ်ပါးသူများအားလည်း ဖတ်ဖို့ မတိုက်တွန်းရန် မှာကြားဆုံးမလွှတ်လိုက်သည်ဟု ကျွန်တော်မှတ်သားမိဖူးပါ၏။

ဆရာမြို့မငြိမ်း သာရှိသေးလျှင် ကျွန်တော့်အား ယောမင်းကြီး၏ အပြုအမူမျိုး လုပ်လေမည်လား မသိ။



# သာရစေဝေါ်လိုက်ပါ၏

ဇေယျ

ကျွန်တော်သည် ဗြို့မဆရာကြီး အား လူကိုယ်တိုင် တစ်ခါမျှ မတွေ့ဘူး လိုက်ပါ။ ကျွန်တော့်အတွက် ဆုံးရှုံးမှုတစ်ရပ် ဖြစ်ပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်း – ၁၀၀ – ကျော်လောက်က ကံမကောင်း အကြောင်းမလှသဖြင့် မြန်မာပြည်ကြီး နှစ်ခြမ်းကွဲခဲ့ရသည်။ တစ်ပါးလူမျိုး၊ တစ်ပါးယဉ်ကျေးမှုအောက်သို့ ကျရောက်သွားသော မြန်မာနိုင်ငံအောက်ပိုင်းများ တိုင်းတစ်ပါးမှ ဝင်ရောက်လာသော လူအမျိုးမျိုးတို့နှင့် အတူပါလာသည့် ပြည်ပယဉ်ကျေးမှုများ တိုးဝင်မွှေ့ယမ်း အတင်းဖမ်းစားခြင်းကို ခံရသဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့ရာ မြန်မာမင်းတို့ စိုးစံလျက်ရှိသော အထက်မြန်မာနိုင်ငံသို့ မူကား တစ်ပါးယဉ်ကျေးမှုများ အရမ်းမဲ့ဝင်ခွင့်မရ၍ မြန်မာယဉ်ကျေးမှုမှာ မသိမ်းမယိုင် ကြံ့ခိုင်တည်တံ့လျက်ရှိလေသည်။ သက္ကရာဇ် ၁၂၄၇ – ခုနှစ်၊ သီပေါမင်းတရား အနောက်သို့ပါတော်မူ၍ အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းယူသည်တွင် တိုင်းတစ်ပါးမှ ယဉ်ကျေးမှုတို့သည် အထက်နိုင်ငံသို့ ဦးရှိ လမ်းပေါက်၍ တိုးဝင်ပြန်လေသည်။ သို့သော် အထက်မြန်မာနိုင်ငံတွင် နဂိုယဉ်ကျေးမှုအစဉ်လာ အားကောင်းလျက်ရှိသည့်ပြင် ၎င်းတို့၏ စော့ယမ်းခြင်းကို ကြံ့ကြံ့ခိုင်ကာကွယ်မည့်သူများ ရှိနေခြင်းကြောင့် အပေါ်ယံတွင်သာ အနည်းငယ် လှုပ်ရှားစေနိုင်၍ အတွင်းသို့မူကား ဖေါက်ထွင်းဝင်ရောက်နိုင်ခြင်း မရှိခဲ့ချေ။

ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုနှင့်ဆိုင်လျှင် မြန်မာနိုင်ငံတစ်ဝန်းလုံး မန္တလေးကို မော်၍ကြည့်ခဲ့ရသည်။ အားကိုးခဲ့ရသည်။ ဂုဏ်ယူခဲ့ကြသည်။ မြန်မာ့ယဉ်ကျေးမှုကို လေးလေးနက်နက် လေ့လာလိုသူတို့သည် မန္တလေးသို့ သွားကြရသည်။ မြန်မာသံစစ်စစ်ကိုကြားနာလိုလျှင် မန္တလေးမှလာသော အသံကို နားစွင့်ကြရသည်။

သို့လျှင် ကျွန်တော်သည် မန္တလေးမှ ရန်ကုန်သို့ဆင်းလာကြသော ပညာရှင်များကို လေးစားသောအနေ၊ မြတ်နိုးသောအနေဖြင့် မပြတ်မလပ် ကြိုးစား၍ တွေ့ခဲ့သည်။ တချို့သော ပုဂ္ဂိုလ်ကြီးများထံမှ အဖိုးတန်သော ဗဟုသုတများကို ရလိုက်သည်။ တချို့ကိုမူကား တွေ့ရုံမျှလောက်သာ တွေ့ရသည်။ တွေ့ရရုံမျှနှင့်ပင်လည်း ကျေနပ်သည်၊ ဝမ်းမြောက်သည်။ မန္တလေးမှ ဂီတစာဆို ကြီးများဖြစ်ကြသော နန်းတော်ရှေ့ဆရာတင် နှင့် ဆရာငြိမ်း တို့ ရန်ကုန်သို့ ဆင်းလာလျှင် တွေ့ဆုံဖို့ရန် အထူးကြိုးစားသည်။ ဆရာတင်ကို သုံးလေးကြိမ်မျှ တွေ့လိုက်ရသည်။ မြို့မဆရာငြိမ်းကိုမူကား အကြောင်းမသင့်သဖြင့် တစ်ကြိမ်ပင် မတွေ့လိုက်ရချေ။

မြို့မဆရာငြိမ်း ကို လူကိုယ်တိုင်မတွေ့လိုက်ရသော်လည်း သူ၏လက်ရာ များကို ကြားနာရခြင်းအားဖြင့် ဆရာငြိမ်းသည် အတော်မျှလောက် ကြီးမားသော ပညာရှင်တစ်ယောက် ဖြစ်သည်ကို ကောင်းစွာသိပါသည်။ ဆရာငြိမ်း သည် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်သော်လည်း သူထားခဲ့သော ဂီတသံ အမွှာအနှစ်များက မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ဆက်လက်ထိန်းသိမ်း သွားလျက်ရှိပေသည်။ ကျေးဇူးကြီးတစ်ရပ်ဖြစ်၏။

ကြိုး၊ ဘွဲ့၊ ပတ်ပျိုး၊ ယိုးဒယား စသည်တို့သည် မြန်မာ့ဂီတ၏ အုတ်မြစ်အခြေခံဖြစ်သည်။ အတိတ်ကာလမှ ယခုအထိ ဂီတပညာရှင်များသည် ထိုသီချင်းကြီးများကို အခြေအမြစ်မပျောက်အောင် ထိန်းသိမ်းခဲ့ကြသည်။ ကျေးဇူး ကြီးလှပေသည်။ သို့သော် ထိုသို့ထိန်းသိမ်းထားရုံမျှဖြင့် ကိစ္စမပြီးသေး၊ ရှေ့သို့ တိုးပွားအောင် ပြုစုယ် တာဝန်လည်း ရှိသေးသည်။ အချိန်ကာလသည် ရွေ့လျောပြောင်းလဲလျက်ရှိသည်။ တစ်နှစ်မှတစ်နှစ်သို့ သစ်ဆန်းလျက်ရှိသည်။ လူတို့စိတ်သည်လည်း အသစ်အဆန်း၏ နောက်သို့ တကောက်ကောက်လိုက်ရာ တွင် ရှေးရိုး အဟောင်းသည် အသစ်အဆန်းနှင့်အတူ ရင်ပေါင်တန်း မလိုက်နိုင် ပါက နောက်တွင်ကျန်ရစ်၊ ကျန်ရစ်ခဲ့လျက် တစ်စတစ်စနှင့် ပျောက်ကွယ်သွား တတ်လေသည်။ မူလအခြေခံများဖြစ်သော မြန်မာ့ဂီတသံများကို အထည်ကိုယ်

# မြို့မငြိမ်း နှင့် သူ့အနုပညာ

အမာခံပြုလျက် ခေတ်နှင့်လျော်သော၊ ခေတ်ကာလလက်ခံမည့်ဖြစ်သော အသစ်အဆန်း များနှင့် ကွန့်မြူး တီထွင်ပေးရန်လိုလေသည်။

ဤတာဝန်ကို မြို့မဆရာငြိမ်း သည် ပြောင်မြောက်စွာ ဆောင်ရွက်သွားလေသည်။ ဆရာငြိမ်း၏ တစ်သက်တွင် ကိုယ်နူးကိုယ်ချွန်၊ လှူမိုက်နှင့်ငွေ၊ မင်္ဂလာဆောင်မယ်၊ မြို့မချစ်သူ၊ ကိုယ်တို့မမြို့၊ စသည်ဖြင့် သီချင်းသစ်များစွာ တို့ကို တီထွင်ရေးသားသွားရာ သံဆန်းသံသစ်များ ဖြစ်သော်လည်း ရှေးရိုးစဉ်လာ မြန်မာသံများကို လက်မလွှတ်ဘဲ သုံးနှုန်းတီထွင်သွားလေသည်။ တစ်ခါတစ်ရံ တိုင်းတစ်ပါးမှ အသံများကို ထည့်ရာ ဆန်းသည်ဟုကာမျှဖြင့် အရမ်းကာရော မရွေးမချယ် အသုံးမပြုဘဲ မြန်မာယဉ်ကျေးမှုနှင့် တော်လျော်သည်ကိုသာ ရွေးကောက်လျက် မြန်မာသံမြန်မာမှု နှင့်ကိုက်ညီအောင် ဖန်တီး၍ အသုံးပြုလေ့ ရှိသည်။

ထိုသို့သော ဂုဏ်ကျေးဇူးကြောင့် မြို့မဆရာငြိမ်း ကို မမေ့အပ်ပေ။ ထိုမှတို့လိုကြီး ကြိုးပမ်းဆောင်ရွက်သွားသော ပုံများကို အမြဲတစေ သတိရသင့် ကြသည်။ ဆရာငြိမ်း၏ လက်ရာသီချင်း၊ ဂီတသံများကိုလည်း မြန်မာအစဉ် အဆက် ကြားနာနိုင်ကြစေရန် ဖြစ်သည့်နည်းဖြင့် ထိန်းသိမ်းသွားအပ်ပေသည်။ ဤဆရာကြီး၏ အတ္ထုပ္ပတ္တိနှင့် လက်ရာများသည် ကျွန်ုပ်တို့၏ မြန်မာ့စိတ်ဓါတ်၊ မြန်မာ့ယဉ်ကျေးမှုအတွက် အားတက်စေနိုင်သည်။

ထို့ကြောင့် ဆရာကြီး၏ တပည့်သားမြေး မိတ်ဆွေများက ဆရာကြီး၏ အတ္ထုပ္ပတ္တိကို အချိန်မီ ရေးသားထုတ်ဝေခြင်းမှာ မြန်မာ့ယဉ်ကျေးမှုအတွက် အထောက်အပံ့တစ်ရပ် ဖြစ်လိမ့်မည်ဟု ယုံကြည်ဝမ်းမြောက် သာဓုခေါ်လိုက် ပါကြောင်း။

ဓေယျ



## မြို့မငြိမ်း အလှ၊ မြို့မငြိမ်း ဘဝ

ဦးစိန်ဝင်း၊ မြန်မာ့လမ်းစဉ်
(၂၂-၇-၆၃)

မြို့မငြိမ်း၏ အကြောင်းကို ရေးမည်ဆိုလျှင် ရောင့်ရဲခြင်း၊ နှစ်သိမ့်ခြင်း၊ သစ္စာရှိခြင်း စသော ဂုဏ်ထူးဝိသေသ ကလေးများအား ချန်လှပ်ထားခဲ့၍ မဖြစ်ပေ။ ရောင့်ရဲခြင်းဆိုရာ၌ မြို့မငြိမ်းသည် ရသမှုနှင့်ကျေနပ်နှစ်သိမ့်တတ် သည်ဖြစ်ရာ မရှိလျှင် မရှိသလိုနေတတ်သည့် ဘဝမှန်တိုင်းများအလယ်တွင် မြုပ်ရှုည်တစ်လှည့် ပေါ်ရှုည်တစ်မျိုး ရေစာတိုက်၍ အလှူးအလဲကြုံရသည်ကတစ်မုံ၊ သေါင်လိုက်ကျလိုက်၊ ပြားလိုက်ကျလိုက်နှင့် နေခဲ့ရသည့်တိုင်အောင် ငြီးငြူခြင်း၊ တွေဝေခြင်း၊ အရှုံးပေးခြင်းဟူ၍ မရှိခဲ့ချေ။ နဂိုအနေအတိုင်း၌ ကျစ်လစ်သူဖြစ်သည် အားလျော်စွာ ဝတ်စားဆင်ယင်မှု၌ လော်လီပလွှားမှုမရှိ၊ ဆင်းရဲ၍ မွဲပြာကျသော အခါ၌လည်း မပြာမှုဆိုး ပေါ်ပေါ်သီသီနှင့်၊ ငွေကလေး ကြေးကလေး ရှင်လည်း မပြာရှုဆိုး နိုးရိုးနှင့် ကျေနပ်နှစ်သိမ့်သူဖြစ်သည်။

သူ၏ သက်တမ်းတွင် ခေါက်ရာဝက်ပုံသကဲ့သို့ နိမ့်ချည်မြင့်ချည်နေသော ကံတရားသည် သူ့အား ဆင်းရဲချမ်းသာမှုကို အလှည့်သင့်သလို ပေးနိုင်သည်။ မှုပင်သောကကို မပေးနိုင်ချေ။ သူသည်ကား မရှိပျော်ပျော် ရှိပျော်ပျော် နေတတ်သည်။

သူ့အား ပျော်ပျော်နေတတ်သူဖြစ်တိုင်း အပျော်အပေါ်၌ နှံမင်လျက် အလေလိုက်နေလိမ့်မည်ဟု တချို့က ထင်မှတ်ကောင်း ထင်မှတ်ကြပေလိမ့်မည်။ သူသည် မိမိ၏ဘဝကို ဖို့ကချာ လက်ခရတု စာပေမှုတို့၌သာလျှင် နှစ်မြှုပ်ထားလျက် စာပေ၌သာလျှင် မွေ့လျော်နေသူဖြစ်သည်။ အိမ်ထောင်ဖက်အပေါ်တွင် သစ္စာရှိပုံမှာ သူမတူအောင် ထူးခြား၏။ သူ၏ဘဝ မပြောင်မြောက်သလောက်အေးအတူပူအမျှ သူ၏အိမ်ထောင်ရေးသည် သာယာပါဘိတောင်း။

အနုပညာသမားပီပီ လောကကို အနုပညာမျက်စိဖြင့်သာ ကြည့်လျက် အနုပညာဖြင့်သာလျှင် မြင်တတ်သူဖြစ်သည်။ အနုအယဉ် အရှောအလှမှအစ အကျည်းတန်အဆုံး အားလုံးကိုလည်း အနုပညာနှင့်သာလျှင် မြင်သည်။

၁၂၇၀-ပြည့်နှစ်တွင် မှန့်လေးမြို့၊ တရုတ်တန်းရပ်၌ ဖွားမြင်၍ မှန့်လေးမြို့တွင် ထိပ်သီးကျောင်းများ၌ ပညာရည်နို့ သောက်စို့ခဲ့ရသည်။ ငယ်စဉ်ကပင် ပန်းချီနှင့် ဂီတဖက်တွင် ပြောင်မြောက်လှသည်။ ကမ္ဘာသုံး ဂီတသင်္ကေတ၌ ဒိုးလိုမွှေနိုင်သည်။ စာပေအနုအယဉ်ကို ဂီတသို့ပြောင်း၍ ရေးစပ်သောအခါ၊ စာပေအနုအယဉ်အရသာသည် ထူးသည်ထက်ထူး၍ မှန်မြတ်အောင် ရေးစွမ်းနိုင်သည်။

ဒေဝဣန္ဒာ မောင်မောင်ကြီး၏ စောင်းဖြင့် စမ္ဗူကျွန်းလုံးကို အဆိုနှင့်တီးကွက်ဟန်တို့ကို နေ့ချင်းပြီး အပြီးတက်၍ယူသောအခါ ဒေဝဣန္ဒာ မောင်မောင်ကြီး က မောင်လိုလူ စမ္ဗူတွင်ရှားပါပေသည်ဟူ၍ ကြော်သပ်ကာ ချီးကျူးဖူးလေသည်။

သို့နှင့် ဆရာငြိမ်းတွင် ပညာမာနမရှိ၊ မဖြစ်လျှင်မနေ ဆိုသောစွဲနှင့် အရှုံးမပေးလိုသော မာနမျိုးသာရှိသည်။ သူ့အား တွေ့ဆုံပေါင်းသင်းသူတိုင်း ချစ်ခင်လေးစား ကြည်ညိုကြသည်။

လူတို့၏သက်တမ်း တစ်ထွာကို တခဏပဟာန်ပင်ဖြစ်စေ ပျော်ရွှင်မြူးတူးဖွယ်ဖြစ်အောင် ဖန်တီးနိုင်ခဲ့သော ဆရာငြိမ်း လိုလူသည် ရှာမှရှားတော့၏။

မြန်မာလူမျိုးမှန်လျှင် မည်သည့်ဝါဒကိုပင် လက်ကိုင်ထားစေကာမူ ကောင်းသောစကားကို ကြားလိုကြလျက် ကောင်းသောဣဋ္ဌာရုံကိုသာ မြင်လိုကြသည်။ မကောင်းသော အနိဋ္ဌာရုံကို မမြင်လို မကြားလိုကြချေ။ ဆရာငြိမ်းသည် မြန်မာမျိုးနိုးစစ်မှ ပေါက်ဖွားလာသော မြန်မာလူမျိုးတစ်ဦး ဖြစ်သည့်အားလျော်စွာ ဤအစွဲကို လက်မလွှတ်ခဲ့ချေ။

# မြို့မငြိမ်း နှင့် သူ့အနုပညာ

ဆရာငြိမ်း၏ တေးချင်းများကို တစ်ပုဒ်စီ ဆန်းစစ်မည်ဆိုလျှင် သူ လက်ကိုင်ထားသော ယုံကြည်ချက်ကို မတိမ်းမစောင်းရလေအောင် အသံအားဖြင့် လည်းကောင်း၊ စကားလုံးများဖြင့်လည်းကောင်း မည်မျှလောက် ထိန်းသိမ်း ထားသည်ကို တွေ့ရပေမည်။

ဆရာငြိမ်း သည် သီဆိုသူ၌လည်းကောင်း၊ ကြားရသူ၌လည်းကောင်း ကျက်သရေမင်္ဂလာ လျော့ပါးစန်းခြောက်မည့် တေးသီချင်းမျိုး၊ ကျက်သရေ မင်္ဂလာတုံးသည့် စကားလုံးမျိုးကို လူတွေ၏နှုတ်မှ မထွက်စေရလေအောင် ထိန်းသိမ်းရာတွင် ကျက်သရေမင်္ဂလာအပြည့်ပါသော စကားလုံးကလေးများဖြင့် လူတွေ၏စိတ်နှလုံးကို ရွှင်ပြုံးရွှင်မြူးလေအောင် ဆန်းသစ်သော တေးသွားများ၊ ဆန်းသစ်သောအသံများ၊ ဆန်းသစ်သော အတွေးအခေါ်များဖြင့် မိမိ၏ တေးသွား များကို တန်ဆာဆင်ခဲ့လေသည်။

မိုးသောက်မှနေဝင်၊ နေဝင်မှမိုးသောက် နိမိတ်သြဘာမင်္ဂလာကင်းလွတ် ယုတ်ညံ့သောဂီတ၊ ယုတ်ညံ့သောအသံ၊ ယုတ်ညံ့သောစကားလုံးတို့ဖြင့် ပြည်လုံး နှံ့နေသော အချိန်တွင် ဆရာငြိမ်း ၏ တေးဂီတတို့မှာ ယောင်းလေ ကောင်းလေ ဖြစ်ကာ ရေးသားသူအား ဂုဏ်းဆွတ်သတိရဖွယ်ရာ ဖြစ်ခဲ့လေသည်။

ဂီတ၏နောက်ကွယ်တွင် အဖြစ်သနစ်တို့သည် အရိပ်ပမာကပ်၍ ပါတတ် သည် ဖြစ်ရာ ရွှေ့ပြေးဖြစ်သော ဂီတအား ကျက်သရေမင်္ဂလာအဖြာဖြာတို့ဖြင့် မွမ်းမံခြယ်လှယ်သော ပညာရှင်အား စာဖတ်ပရိသတ်သည် ချစ်ခင်မြတ်နိုးသော စိတ်နှင့် အစဉ်သတိရကြပါစေသတည်း။



## MYOMA NYEIN

My encounter with Myoma Nyein was brief. It was when he came to his old studio at 28, Windermere Crescent. I had heard of him of course long before then, and have been a distant admirer of this genius. Song like ဖို့မှာတမ်း and သက်ဓလေ are modern classics. The originality of the former comes out more clearly when I write it down in staff-notation. When I was attending The Asian Broadcasters' Conference in Tokyo in 1958 I could not choose anything better than ဖို့မှာတမ်း to give as a present from the BBS to NHK. And the orchestra of NHK arranged it with harmony and gave me a tape - recording which when broadcast from the BBS on my return made immediate hit. It would be a great help to Burmese arrangers if this BBS could get the score for the orchestra from NHK.

Another song which reveals rhythmic skill is ရပ္ပါနိုင် that too reveals its quality the better after being written down in staff - notation. It goes with a swing throughout. In one place I hear many singers miss a beat and so miss this swing just because they cannot appreciate the rhythmic skill at that point. Enough of citing individual songs, there are so many of them assured of a permanent honoured niche in modern Burmese repertoire that it would be invidious to cite individual examples any farther. Had his genius blossomed in a country like the United States, he would not only be a musical but also a financial success, not that Myoma Nyein ever cared for that sort of thing. He was a complete artist caring for nothing else than the joy of creative endeavour. His creativeness ranges over this entire field of art. Music is what he is generally known for. Few knew what original creations he achieved in the fashioning of dolls for children. He meant them for children. But grown up western visitors when they saw his handiwork appreciated them like a shot and acquired them for their own country. Would that there are such appreciaters of art among his own country men.

When I heard the news of his death I said to myself "Another arrival on Mount Parnassus!" Although a Buddhist I cannot think of a better destination for him than that abode of artistic souls according to Greek mythology. Then he would be happy with many fellow artists and share with them the rewards he and others of his like miss of this sullen earth.

**Khin Zaw**
Reta: Director of Broadcasting
Special Advisor (Music) to the
Cultural Council.



# ဗြော် .... ဆရာငြိမ်း

## သုစ တမ်းတသည်

လူ ပြပြနဲ့နဲ့ ခြေတံလက်တံသွယ်လျှလျှ ခေါင်းတုံးဆံတောက်ပါးပါးတွင် နားထင်နားရင်းများက ဖြူလျှလျှဖြင့် သဘောကောင်းပုံရသော အသက်လေးဆယ်ခန့် ပုဂ္ဂိုလ်ကား ဆရာမြို့မငြိမ်း ပေတည်းဟု မြင်လျှင်မြင်ခြင်း သိလိုက်ပါသည်။

အချိန်ကား ကျွန်တော်အေးဝမ်းရုပ်ရှင်သို့ရောက်စ ၁၉၃၇ - ခုနှစ် နေရာမှာ အေးဝမ်းရုပ်ရှင်ခြံအတွင်း သီးသန့်ဆောက်လုပ်ထားသော ဂီတဝိုင်းမြို့ အဆောက်အဦကလေး အတွင်းဝယ် "နတ်သျှင်နောင်" နှင့် "သက်ဝေ" ဓာတ်ပြားသီချင်းများ တိုက်ပေးနေသည့် ဌာနဖြစ်ပါသည်။ အေးဝမ်း ဓာတ်ပြား ခေတ်စားချိန်ဝယ် အေးဝမ်း ခင်မောင် ခေါင်းဆောင်သော အေးဝမ်းတူရိယာအဖွဲ့က လက်ညီတက်ညီ အကြိုကြိုးစားကြသကဲ့သို့ ပြည်လှဖေ၊ မေရှင် တို့နှစ်ဦးမှာလည်း တဘက်မြိုင်ကင်းသော အဆိုကျော် ပြည်သူ့အချစ်တော်များပေတည်း။ အဆိုကျော်နိုင်းကျော် တို့အတွက် သီချင်းရေးဆရာ အကျော်အမော်ဟူ၍ မန်းရွှေမြို့တော်မှ တသီးပုဂ္ဂလ ခေါ်ယူပင့်ဆောင်ခံရသည့် ဆရာနှစ်ဦးကား မြို့မငြိမ်းနှင့် အေးဝမ်းဆရာဥက္ကာ တို့သာတည်း။ "တပ်တော်ဦးဆီ မျှော်လိုက်ပြန်တော့ ရဲတံခွန်တွေ လေကစား ကြွားတာလှလှဝေ တပ်ဦးဆီမျှော်လိုက် ပြန်တော့ တံခွန်တွေ အလံတွေ ရဲမာန်ပွားလောက်ပေ။"

ဆရာငြိမ်းက မယ်ဒလင်ကို ညင်းညင်းသာသာတီး၍ သူ့နှုတ်များမှ တိုးတိုးကလေး ဆိုပြနေချိန်ဝယ် သူ့မျက်စိအစုံမှာ မှိုင်းမှုန်စွာ အဝေးမြေသို့ ငေးနေတော့သယောင် လည်တိုင်ကျော့ကျော့တွင် မျက်နှာကလေး ခပ်မော့မော့ ရှိလှသည်။ သူ့သီချင်းကို ပြည်လှဖေ သံနေသံထားလိုက်စမ်းရင်း ဆိုကြည့်နေသည်။ ကျွန်တော့်နှုတ်မှလည်း သံယောင်လိုက်၍ ဆိုနေမိသည်။

## မြို့မငြိမ်း နှင့် သူ့အနုပညာ

ငယ်စဉ်ကကား ကျွန်တော့်အဖို့ စာတည်းနှင့်ရေးသမားတစ်ယောက်သာ ဖြစ်ချေသည်။ ကျွန်တော့်အလုပ်မှာ စတွေ့ရသေးပါတွင် စာတင်သမ်းရေးချုပ်ဖိုင်သာဖြစ်လျက် ကျွန်တော်၏ အလုပ်ခွင်မှာလည်း ဂီတစံအစိမ်းနှင့် အလှမ်းကွာလှသော ဇဏ္ဍီယိုထဲက အစန်းကျဉ်းကလေးတစ်ခုပင် ဖြစ်ချေ၏။ သို့သော် ဝါသနာ၏ ခွဲဆောင်ရာကို တော်လှန်နိုင်စွမ်းမရှိခဲ့။

ကျိုက်လတ်မြို့ စာတိ မဟာဂီတ ဦးပြုံးချို ၏ ဆရာ စောင်းဆရာကြီး ဦးတုတ်ပေါ ဆိုသူကား ကျွန်တော်၏ အဖိုးအရင်းပါတည်း။ ကျွန်တော့်အဖိုး၏ ဆရာကား ဒေဝဣန္ဒာ ဆရာကြီးဟု သိလိုက်ရသည်။ ဆယ်နှစ်သားလောက်က အဖိုးကွယ်လွန်သွားခြင်းကြောင့် အတီးပညာကို စည်းနှင့်ဝါးမျှသာ ရလိုက်ရသော်လည်း မတောက်တစ်ခေါက် ဆိုချင်သည့် ဝါသနာမှာ အဖိုး၏ မျိုးရိုးဗီဇဟုပင် ဆိုရမည်လားမသိ၊ ဆရာမြို့မငြိမ်းကို မြင်ဖူးချင်၍ သွားကြည့်ရာဝယ် သူ၏ သီချင်းသံက ကျွန်တော်၏ ဘဝင်၌ တလှုပ်လှုပ်ခံစားရအောင် စွမ်းဆောင်နေပြန် တော့သည်။

"ဗိုလ်တောက်တွေ ရွှေရည်လူး နဲ့ပေါ့လေ ပုလဲငုံစံပယ်ဖြူဖူး နိုက် ဝေ ဝေ ပန်း မျိုးစုံ ရာသီစုံကူး နဲ့ ပေါ့ လေ ချစ်သူကိုရည်စူးစူးတယ်လို့ရွေ ကိုယ်တိုင် လှရာရာရွေးလို့ ဆင်မပေးရဆဲမြညာကော စံခြမ့်မှာကြာညောင်းရက်ရှည် ရောက်မယ်အထင်နဲ့ မျှော်တဲ့သူ ဗျာပါကြွေ တဝေး ဝေး ဆွေး ရာ ရောမယ်လေ။"

အမယ်လေး ကဗျာဆန်လိုက်တဲ့ ဂီတနယ်နော် သို့ကလိုပင် ကျွန်တော် ငြီးလိုက်မိသည်။ ဟုတ်ပါသည်၊ ဂီတတိုင်း သီချင်းတိုင်း၊ ကဗျာဆန်သည်ဟု မဆိုနိုင်ပါ၊ ဝေါဟာရဆန်သော ဂီတသီချင်းမျိုးကား များပြားလှစွာ၏၊ ယခုတော့ ကြည့်စမ်းပါ။ ဗိုလ်တောက်ပန်းကလေးတွေ ရွှေရောင်တောက်သလို ဝါဝါထိန်ထိန် မွှင့်နေခြင်းကို ဆရာငြိမ်း က ရွှေရည်လူးထားလိုက်သည်၊ ရာသီမသိပန်းနှင့်ညှို ဆိုဘိသကဲ့သို့ ပန်းမျိုးစုံပွင့်ခြင်းကြောင့် ရာသီတွေပြောင်းကာ နှစ်ကာလပေါင်း ခံရသည့်ကာလကို ပန်းမျိုးစုံရာသီစုံကူးခဲ့သည်ဟု သူဆိုသည်။ ထို့ထက် ဓာတုကလျာ ချစ်သူ၏ ခါပင်တွင် လှနီးလှရာပန်းတွေထဲက ရွေး၍ သူကိုယ်တိုင် ပန်ပေးချင်သည်ကိုဆိုရာ၌ ဆံပင်ကလေးကို ဆံမြညာကောဟု သူ ဖွဲ့နွဲ့ထားပုံမှာ ကယုကယင်နိုင်လှသည်၊ ကဗျာဆန်လှသည်၊ ချစ်ဖွယ်လီလီ ရှိလှသည်။

သူ့ဂီတကဗျာကို ချစ်လှ၍ သူ့ကိုပါချစ်လာရသည်။ တိုးတိုးသက်သာ စကားပြောပုံ အားနာလိုက်လေ့ရှိခြင်း အပြည့်နှင့် ပြုံးပြလိုက်ပုံကလေးများကလည်း

သူ့ဂီတာကရျာဆန်သလို သူ၏စိတ္တပ္ပဗ္ဗာဒ်ကပါ ကရျာဆန်နေပါသည်။ စာသား နူးညံ့သလောက် သဘောထားနူးညံ့၏။

ကျွန်တော်၏အလုပ်ခွင်ကို စွန့်ခွာ၍ သီချင်းတိုက်တိုင်း သူ့အနားသို့ ရောက်နေသည်မှာ တာဝန်ဝတ္တရား ရှိနေသလားဟု ကိုယ့်ကိုယ်ကို ထင်မှားနေသော ကျွန်တော်ပင်ဖြစ်ပါသည်။ နောက်တစ်ကြိမ် ကြားရသော သီချင်းသားကား -

**"သက်စေ"**

"လှသထက်လှမယ်ဆိုရင် ဆေး ဖက် ဝင်ပါသလား မောင့်အသား တွေ မောင့်အသွေးတွေ မောင့်အသည်း တွေ မောင့်နှလုံး တွေအသုံးပြုပါလေ ကြည်ဖြူ ပါတယ်လိုရာကိုယူစေ" -

အချစ်ကိုဖွဲ့သော သီချင်းများတွင် ချစ်သမျှကို ပတ်ပျိုးကို စတေးခဲ့ကြရ သည်။ မြို့မငြိမ်းက "ချစ်သမျှကို" ထက်ပို၍ ချစ်ပြလိုက်ပြီဟု ထင်ရသည်၊ ဤစကားသည် ယုတ္တိရှိပါသည်။ ချစ်သမျှကိုပတ်ပျိုး စာသားမှာ မြင်းမိုရ်တောင် ကြီးနှင့် နှိုင်း၍သော အချစ်ကိုပြသည်၊ မဟာပထဝီမြေကြီးကိုသာ သက်သေပြုသည်၊ တကယ်ဆိုရလျှင် ကိုယ့်ဖက်က ကိုယ်ချစ်ကြောင်းသာ ဝန်ခံရုံရှိသည်။ မြို့မငြိမ်း က မူကား မိမိ၏ချစ်သူဟာ လှနေပြီး ဖြစ်ပါလျှက်နှင့် ထို့ထက် ထို့ထက် ပို၍ လှလာနိုင်စွမ်းရှိသော ဒဗ္ဗဂုဏပရဆေးဘက်ဝင် များမှာ မိမိ၏အသွေးအသား အသည်းနှလုံးဖြစ်သည်ဟု ဆိုကြားအုံ၊ အလှဆေးဖေါ်ရအောင် ကြည်ကြည်ဖြူဖြူ ပေးရက်ပါသည်ဟူသော ဝေါဟာရမှာ တစ်ကိုယ်ကောင်းမဆန်၊ ချစ်သူအတွက် အနစ်နာခံတော့မည့် အနုပဋိယကထာ စကားကလေးမျိုး ဖြစ်တော့သည်။

သူမို့ရှာတတ်သည်၊ ကြံတတ်သည်၊ တွေးတတ်သည်၊ ရေးတတ်သည်၊ အချစ်ကိုဖွဲ့ဆိုလျှင်၊ သက်ဝေကိုမီအောင် လိုက်ကြပေရျောဟု စိမ်ခေါ်လိုက်သလား မှတ်ရတယ်ဟု ကျွန်တော်ပြောမိသည်။ သူ့စါးကလေး နဲ့သလောက် သူ့စာသား ကလေးတွေ နဲ့ပါဘိခြင်း၊ အပြင်ပန်းမှာကား စကားကို ပေါင်လောက်အောင် မပြောတတ်၊ အလွန်နှုတ်နည်းသော ဆရာပါပေ။

ပြောမည့်ပြောလျှင်လည်း အတိုဆုံးနှင့် အဓိပ္ပါယ်အပြည့်ဝဆုံးတို့သာ သူ့နှုတ်က ထွက်လာတတ်ပါသည်။

မန္တလေးရုပ်ရှင်တွင် ဘဝသံသရာ ဇာတ်ကားရိုက်ကူးရန် စီမံနိုင်းပြင်း ကြစဉ်က မြို့မငြိမ်း ကား ဂီတညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခြင်းကို လက်ခံသူ တည်း။

## မြို့မငြိမ်း နှင့် သူ့အနုပညာ

ဆရာငြိမ်း က သီချင်းတစ်ပုဒ် တစ်ပုဒ်ရေးတာ ကြာတယ်၊ ထိုကောလ ဟာလမှာ တစ်နေ့တော့ သူ့၏နားသို့ပင် ပေါက်ရောက်သွားခဲ့သည်။ တစ်ညနေ၌ မန္တလေးရုပ်ရှင်ခြံ သခြေပြပင်ရိပ်အောက်ဝယ် ခင်းထားအပ်သော လက်ဖက်ရည်စားပွဲ၌ သူနှင့်ကျွန်တော်အပြင် အခြားသောပုဂ္ဂိုလ်များပါ ဝိုင်းထိုင်စကားပြောကြ၏၊ စကားပြောကြ၏ ဆိုရာ၌ သူကား အပြောသမားမဟုတ်၊ အတွေးသမား၊ အငေးသမား သာ ဖြစ်ပါသည်။ စပ်မိစပ်ရာ စကားပြောသနာတို့တွင်၊ ဆရာငြိမ်းကား စိတ်ဝင်စားဟန်မတူ၊ ကျားတံဆိပ်မီးခြစ်ဗူးထဲမှ မီးခြစ်ဆံတစ်ချောင်းကို ထုတ်၍ခြစ်ကြည့်လိုက်သည်၊ မီးခြစ်ဆံကိုင်၍ တောက်နေသော မီးညွန့်ကလေးကို မမှိတ်မသုန် ကြည့်နေလိုက်သည်၊ မီးခြစ်ဆံ တိုသွားသောအခါ မီးတောက်နှင့်တကွသော ထင်းရှူးသားကလေးကို အောက်သို့ချလိုက်သည်။

ထိုသို့ပြုမူနေသည်မှာ တစ်ချောင်းကနှစ်ချောင်း၊ နှစ်ချောင်းက သုံးချောင်း အနားရှိလူတွေက သူ့အပြုအမူ ထူးခြားပုံကို အာရုံပြုမိကြသည်။ ထိုပုဂ္ဂိုလ်ဝိုင်းထဲက နှုတ်သွက်စကားသွက်သူကား ကျွန်တော်ပင်တည်း။

“ဆရာက မီးခြစ် ခြစ်ခြစ်ပြီး တေဇောကသိုဏ်းရှုနေတာများလား ဆရာ” ထိုအခါမှ သူက လျှော့ရဲရဲကလေးပြုံး၍ သူ့အိတ်ထဲက ရှိုက်ဆိုင် ဓါတ်မီးခြစ်ကလေး ထုတ်ကိုင်လိုက်သည်၊ “ဘယ်သူက မေးမလဲလို့ လုပ်နေတာ ဆရာသုခ က မေးမှ ကျွန်တော်ကပြေရတော့မယ် တခြားမဟုတ်ပါဘူးဗျာ၊ ဟောသည်သစ်သား မီးခြစ်ကလေးဟာ တစ်လုံးမှ ငါးပြားပေးရတယ်၊ မီးတောက်ကလေးတော့ ထွက်အလာသား၊ ဟောဒီကျွန်တော့်မီးခြစ်ဟာလေ လေးဆယ့်ငါးကျပ်တောင် ပေးကိုင်ရသဗျ၊ သူလည်း အခုလိုခြစ်လိုက်တော့ မီးတောက်ပဲထွက်လာတာပါပဲ-

(စကားပြောရင်း တောက်ခနဲ လက်နှင့်နှိပ်၍ မီးတောက်ကလေး နွဲလာအောင် ခြစ်ပြလိုက်သည်)

“အဲ မီး တောက်ခြင်းတော့ အတူတူပါပဲ ဒါပေမယ့် သစ်သားမီးခြစ်က အဆံကုန်တော့ လွှင့်ပစ်လိုက်ရုံပဲ ကျွန်တော့်မီးခြစ်ကတော့ လွှင့်မပစ်ရက်နိုင်အောင် အချိန်ကြာကြာ သေသေသပ်သပ် စနစ်တကျလုပ်ထားပေတာကိုး၊ မသကာ ဓာတ်ဆီတို့၊ ကျောက်တို့ ကုန်ရင် ပြန်ထည့်နိုင်တာရို့ မီးခြစ်မပျောက်မခြင်း တရှိတသေ သိမ်းထားရတာပေါ့ ဟုတ်ဘူးလားဗျာ၊ ဆရာသုခ ကတော့ မီးခြစ်ကောင်းကောင်း ကိုင်ဖူးလို့ သိပါတယ်လေ”၊ အများက အဓိပ္ပါယ် နားမလည်ခင် ဆရာငြိမ်း က သူ့မီးခြစ်ကလေး တရိုတသေ အိတ်ထဲပြန်ထည့်လိုက်ကာ၊ မှုန်မှုန်ရည်ရည်နှုတ်ဆက်၍ တပါတည်း ပြန်သွားပါတော့သည်။

"ဆရာသုခ ရေ ကျွန်တော် အိမ်ပြန်လိုက်အုံးမယ်" နောက်တစ်လလောက်ကြာ၍ မန္တလေးသို့ ကျွန်တော်တစ်ခေါက်ရောက်ချိန်မှာကား ဆရာကြီး မြို့မငြိမ်းသည် သူ၏အဖိုးတန် ဓာတ်မီးခြစ်ကလေးကိုထား၍ ဘဝတစ်ပါးသို့ ပြောင်းသွားရှာပြီ၊ သို့သော် သူ့ ဓာတ်မီးခြစ်နှင့်တူသော သူ့ဂီတများကား ဂီတမြတ်နိုးသူတိုင်း တရိုတသေ သိမ်းထားကြရမည့် ကဗျာ့အမွေတော ဂီတရတနာများသာ ဖြစ်ပေတော့မည်တကား- ကျော်...ဆရာငြိမ်း ဆရာငြိမ်း ....။

သုခီအတ္တာနံပရိဟရန္တု၊
သုခ



## ဆောင်း ကိုညိမ်း ကိုညိမ်း တာကယ်မြို့မငြိမ်း

### အလင်္ကာကျော်စွာ ဆရာရွှေပြည်အေး

ကိုညိမ်းအကြောင်း ရေးချင်သည်မှာ ကြာလှပါပြီ၊ ယခုမှပင် သာ၍ အဆင်သင့်တော့သည်။ မှတ်မိပါသေးရဲ့၊ မမေ့နိုင်အောင် မှတ်မိပါသေးရဲ့ နောင်လည်း ဘယ်တော့မှ မမေ့နိုင်ပါ။ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်နီးပါးခန့်က ရန်ကုန်မြို့ ဒိုးကဲ့ဗွေကီးမှ ကိုလံပီယာစာတိုက်ပြာရှေ့သို့ လူပိန်ပိန်သေးသေးသွယ်သွယ် တစ်ယောက် အမှတ်မထင် ရောက်ရှိလာပါသည်၊ လက်ထဲ၌ ဗိုင်းတွဲတစ်ခုကို ကိုင်လျက် ကျွန်တော်တို့ တီးလုံးတိုက်နေသည့်အနား ဝင်ထိုင်ပါသည်၊ ကျွန်တော်တို့ကလည်း သီချင်းတိုက်မပြီးသေး၍ အနည်းငယ်သာ လှည့်ကြည့်အားပါသည်။ ထို့နောက် သီချင်းတိုက်ပြီး၍ ထိုလူအား ကျွန်တော်ကပင် လာရင်းကိစ္စ မေးပြီးတော့မှ မှန္တလေးမြို့မှ ကိုညိမ်း(မြို့မငြိမ်း) ဖြစ်ကြောင်း ကိုလံပီယာစာတိုက်ပြာ၌ သီချင်းရေးပေးရန် ခေါ်သောကြောင့် လာရကြောင်းကို သူကပြော၍ သိရသည် အတွက် ရုတ်တရက် အံ့ဩသွားမိပါသည်။ အဘယ်ကြောင့်ဆိုသော် သူ့ကို ကျွန်တော်က တစ်ခါမှုလည်း မမြင်ဘူး၊ နာမည်လည်းမကြားဘူးသေးသောကြောင့် ဖြစ်ပါသည်။ ထို့နောက် ကျွန်တော်က ဒါဖြင့်ခင်ဗျားရေးလာတဲ့သီချင်းကလေး ကြားရအောင်ဗျာဟု ခပ်အေးအေး ပြောလိုက်ရာ သူက ဟုတ်ကဲ့ ကျွန်တော် ဆိုပြပါမယ်၊ ဘင်ဂျိုကလေး ခဏပေးပါဟု ပြောပြောဆိုဆို ဘင်ဂျိုတီး၍ ဆိုပါတော့သည်။ သို့သော် သူ့ခင်ဗျာ ထိပ်သီးအဆိုတော်တွေ အတီးဆရာတွေ ရေ့မှို့လားမသိ မရဲတရဲနှင့် အသံတွေတုန် လက်တွေတုန်ဖြစ်နေ၍ ကျွန်တော် နားထောင်နေရင်းက ကိုယ်ချင်းစာလျက် ဆော်–တစ်မြို့သား မျက်နှာစိမ်းတွေကြား ရောက်နေရရှာလို့ပဲဟု ကရုဏာသက်လာကာ အားပေးစကား ခပ်များများ ပြောလိုက်တော့မှ နှစ်သက်ဖွယ်အပြုံးကလေးနှင့် ခေါင်းညိတ်ကာ ထပ်မံဆိုတီးပြပါသည်။

# မြို့မငြိမ်း နှင့် သူ့အနုပညာ

သီချင်းဆိုသည်နှင့်တစ်ပြိုင်နက် သိလိုက်ပါပြီ၊ သူ့အရည်အသွေးမြဲ့နှံ့ပုံကလေးတွေ အသုံးအနှုန်းမှစ၍ အသံသွင်းထားပုံအားလုံးက အရသာခံစား၍ မဆုံးအောင် သူ့ ပြောင်မြောက်လှသော အရည်အသွေးကို ဖော်ပြပေးနေပါတော့သည်။ ဤနေ့မှစ၍ကျွန်တော်အသည်းတွင် တကယ်တော်တဲ့ ပညာရှင်တစ်ယောက်ဟု မှတ်တမ်းတင်မိတော့သည်။ အများနှင့်မတူတစ်မူထူးခြား ပင်ကိုဉာဏ်အားက ထင်ရှားလှ၏။ ဤအချိန်က ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်း မောင်ဘသန်း (ယခုအလက်ာကျော်စွာဦးဘသန်း) တို့က သဘောကျလှစွာ လက်ခံ၍ သီချင်းတိုက်ရန် နေ့သတ်မှတ်ပြီးကာမှ အရှည်းအနှီးဖြစ်ရတော့မလို အကြီးအကဲလုပ်၍ အုပ်ချုပ်သူ မျက်နှာဖြူဗိုလ်နှင့် အလိုတော်ရိတတ်ယောင်ကားကြီးမှူးရေးသမားဇမာ တစ်ဦးတို့က သဘောမကျ သိပ်မကြိုက်သလို မျက်နှာညိုညိုနှင့် ကန့်ကွက်ကြသောကြောင့် ဤနှစ်ဦးနှင့်ကျွန်တော် အတော်ပင် အတိုက်အခံဖြစ်ပြီးမှ သွင်းခွင့်ရပါတော့သည်။ လည်းကောင်းသီချင်းကိုလည်း ဓာတ်ပြားအဖြစ်မထုတ်တော့ဟု နောက်မှသိရပါသည်။ ဤကိစ္စအတွက် ကျွန်တော့်မှာ အလွန်အမင်းခံပြင်းသောကြောင့် အခြားကုမ္ပဏီပြောင်းလုပ်ရန် ကိုညိမ်းအား တိုက်တွန်းကာ၊ ဂီတပညာရှင်များအား စိတ်ရောကိုယ်ပါ လိုက်လှဲစွာ အားပေး၍ မြေတောင်မြှောက်လေ့ရှိသော အေဝမ်းရှပ်ရှင်ကုမ္ပဏီ ဓာတ်ပြားဘက်ဌာနသို့ ညွှန်ကြား၍ ပို့လိုက်ရာမှ ကိုညိမ်း ၏ ပညာအရည်အချင်းများသည် တိုင်းပြည်တစ်ခုလုံးအတွင်း ယနေ့တိုင် ပုံဝါထင်လင်းလျက်ရှိသည်မှာ မျက်မြင်ကိုယ်တွေ့ပင် မဟုတ်ပါလော။

ဤအခါမှစ၍ ကိုညိမ်းနှင့်ကျွန်တော် တိုင်ပင်ဖေါ် တိုင်ပင်ဖက်ဖြစ်ပြီး အလွန်ခင်မင်ရင်းနှီးလျက် အလုပ်ဌာနချင်းခြားနေသော်လည်း နှစ်ယောက်သားမှာ အခါသင့်တိုင်း ယခုပန်းဆိုးတန်းရှိ ဝင်းဝင်းရုံ (ယခင်ကစတားရုံ)နှင့် မျက်နှာချင်းဆိုင်မှ ထိုအခါက (ဓာတီ) ပျော်ပွဲစားရုံ၌ တွေ့ဆုံစားသောက် ဂီတအရေးဆွေးနွေးလေ့ရှိကြပါသည်။

သို့ကလိုဆွေးနွေးကြရင်းမှ ကိုညိမ်း၏ အူအသည်းနှလုံးနှင့်တူသော ဝမ်းတွင်းမှ မြိုသိပ်ထားသည့် စကားများကို ကြားရသည့်အခါ ကျွန်တော့်မှာ အံ့အားသင့်လျက် နားထောင်ရင်းမှ ဟင်းကနဲ သက်ပြင်းချ၍ ကိုညိမ်းရာ ကျွန်တော့်အကြံနှင့် တူလေခြင်းရှာဟု ထ၍မက်မိပါတော့သည်။ ထိုအကြံကား အခြားမဟုတ် ကမ္ဘာတစ်ခွင်ဇမာ (SYMPHONY)တီးဝိုင်းကြီး ထယ်ဝါစွာ ပေါ်ပေါက်လာရေးပင် ဖြစ်ပါသည်။

ဤသို့ ဆွေးနွေးနေကြသည့်အခါကပင် ကိုညိမ်းမှာ ကမ္ဘာသုံးသကော်တာ ဇေါ် (မြူးစစ်)နုတ်ကို ကျွမ်းကျင်နေပြီးပါပြီ။ ကျွန်တော့်မှာကား လေ့လာဆဲ ရှိသေးသည်။ မန်းမြို့ကြီး၌ ထိုအခိုက်က သူသင်ပြပေးထားသည့် တပည့်များမှာ အတော်ပင် ခရီးရောက်ကာ လေမှုတ်ကိရိယာများပင် ကျင်လည်နေကြပါပြီ၊ ကျွန်တော်အားလည်း အကြံအတိုင်း မပြစ်မနေကြိုးစားရန် ထပ်မံတိုက်တွန်း ပါသည်။

တကယ်အုံသြလောက်အောင် ထူးချွန်ပေါက်သော ဂီတအနုပညာရှင် ကိုညိမ်း အကြောင်းရေးလျှင် ကျမ်းတစ်စောင်လောက်ပင် ရှိသွားမည်စိုး၍အကျဉ်းရုံး ပါတော့မည်။

ဟိုတုန်းက ကျွန်တော်နှင့် သဘောတူအကြံပြုထားသော ကိုညိမ်းမည်သည့် အခါမဆို တွေ့လိုက်တိုင်း ပြုံး၍ နူးညံ့စွာ စကားဆိုတတ်သော ကိုညိမ်း ဂီတသမားချင်းအပေါ် အစဉ်စေါ်ရွှေတတ်သော ကိုညိမ်း၊ သူ့တပည့်များအား ခေတ်ပေါ်ကိရိယာများပေါ်တွင် ကျွမ်းကျင်စေရန် သင်ပြပေးခဲ့၍ အနောက်တိုင်း တီးဝိုင်း နီးပါးထွန်းကားစေခဲ့သည့် ကိုညိမ်းကား –

ယခုမရှိတော့ပြီ၊ ပညာတော်သလောက် အကျိုးခံစား မသွားရရှာသည့် ကိုညိမ်း အတွက် ကျွန်တော်ရင်နာ၍ မဆုံးတော့ပြီ။ ရည်မှန်းချက်ရောက်ခါနီးမှ ဘဝပြောင်းသွားသည့် သတင်းကြားရပြီး မြန်မာ့အသံသို့လက်ရာအစမ်းမှာ ကိုညိမ်း အား ထုတ်ပေါ်သတိရစေလိုက်သည့် ညကစ၍ ကျွန်တော့်မှာ အပေါင်း က အသစ်ဖြစ်ခဲ့ရပြီ၊ ယခုလည်း ရေးရင်းနှင့် ပေါင်းရာက သစ်ရပြန်ပြီ ဆော် – ကိုညိမ်း ကိုညိမ်း တကယ် မြို့မငြိမ်း ......။

အလင်္ကာ ကျော်စွာ
ဆရာ ရွှေပြည်အေး



# ကျွန်တော်နှင့် သူ

အမရပူရ ဦးကိုလေး

ကျွန်တော်နှင့်သူဆိုသည်မှာ "ကျွန်တော်က" စာရေးသူဖြစ်၍ "သူ" ဆိုသည်မှာ ကိုဘညိန်း (ဝါ) မြို့မငြိမ်း ဟူ၍ မှတ်ယူကြပါရန်။

ကျွန်တော်နှင့်သူ မရှိမှု ရှိအတူ ညီအစ်ကိုတမျှပင်။ ကမ္ဘာစစ်မီးသည် မန္တလေးမြို့သို့ပင် ရောက်လာပါပြီ။ တရုတ်စစ်သားတို့ပင် ဟိုတစ်စု၊ သည်တစ်စု အပ်ချုပ်ရေးကား မငြိမ်ရှုတမယ်။

သူက အနောက်ပြင်၊ စင်မကန်တိုက်၊ သူ့ဦးကြီးဘုန်းကြီးရှိရာ ပြောင်းနေမည်။ ကျွန်တော်က အမရပူရ ဇာတိဖြစ်တဲ့ ရွှေခဲကျေးရွာကို သွားနေမည်။ သို့အတွက် လက်ရှိငွေသုံးကျပ်ကို အညီအမျှ ခွဲဝေကြ၍ စစ်ဘေးရှောင်ခဲ့ကြသည်။

ထိုစဉ်က မိခင်၏ဝမ်းတွင် ပဋိသန္ဓေ ကိုယ်ဝန်ဖြင့်နေရသော ကျွန်တော်၏ သမီးကြီးပင်လျှင် ယခု ပညာရေးဝန်ထမ်းဖြင့် ပင်စင်ဘက်ကိုတောင် နီးလာပါပြီ။

နောက်စစ်ဘေးရှောင်ရင်း ကိုငြိမ်းတို့ ကျောက်မဲမြို့သို့ ရောက်သွားကြပြန်သည်။ ကျွန်တော်၏ သူငယ်ချင်းဖြစ်သူ ကိုဘဟန် (အမရပူရကားသင်းဥက္ကဋ္ဌ) နှင့် တွေ့သောအခါ၊ ပြန်ခေါ်လာခဲ့၍ ကိုညိန်း၊ ကိုလှခင်၊ ကျွန်တော်တို့သုံးဦး အမရပူရတွင် တွေ့ဆုံကြပြီးမှ တစ်ဖန် စစ်ကိုင်းသို့ကူးသွားကြပြန်သည်။

ထိုဆီမှ လှုရမိကြပြန်တော့ "ကမ္ဘာစစ်မီးလောင်လေရာတွင်၊ သူငါ နိုက်၊ စစ်ကိုင်းတောင်တော်ရိပ်မှပင် မြို့မအသင်းဆင် ရသမျှစုစည်းလို့ပင် တီးဆိုရေးမျှော် အားဆေးတစ်ခွက်သွင်" ဟူသော ဦးဘသိန်း ရေးပေးသည့် မြို့မသမိုင်းသီချင်းကဲ့သို့ ကိုသိန်းနှင့်တကွ မြို့မ၏ အတီးတော်မှုအဖွဲ့များ အပေါင်းအသင်း ရောင်းရင်းပေါင်းများကို မြင်ပေါင်တွေ့တောင်လာပြန်၏။

ကိုကြီးအန်း၊ ကိုကြီးငေး၊ ကိုဘညိန်း၊ ကိုလှခင်၊ ကိုမြသိန်း၊ ကာလသားတစ်စုတို့ ကိုမြသိန်း၏ အိမ်ကျွန်းဆွယ် ဒိုင်းခွဲ၍ တီးကြဆိုကြရာက တီးဝိုင်းလေးတစ်ခု ဖြစ်မြောက်သွားကြသည်။

# မြို့မငြိမ်း နှင့် သူ့အနုပညာ

သူ့ကိုပထမ "ရတနာဘုံ"ဟူ၍ အမည်မှည့်ခဲ့ကြသည်။ မကြိုက်ကြသေး၊ နောက် "နေပြည်တော်"ဟု ပြောင်းကြပြန်သည်၊ ကိုညိန်းက "မြို့မ"ဟူ၍ ဖြစ်စေချင်သည်၊ "ရတနာဘုံ" "နေပြည်တော်" ဆိုသည်များမှာ အလွန်ကောင်းပြီး မြင့်မြတ်လွန်းသည်ဟု သူက ဆင်ခြင်ပုံရပါသည်။

မြို့မနှင့်ခေတ်ပြိုင်ဟု ဆိုရမည့် အဖွဲ့နှစ်ခုမှာ မာယနှင့် မင်္ဂလာညွှန့်တို့ဖြစ်ကြသည်၊ မင်္ဂလာညွှန့်အဖွဲ့မှာ အရေးပိုင်ယောင်း ဦးစိန်ရှိန်နှင့်သားများ တည်ထောင်သော အသင်းဖြစ်သည်။ ထိုခေတ်က စိန်ဗေဒါကြီးနှင့် မင်းသမီးညွှန့်ပေါင်း၊ မြို့မနှင့် မင်းသမီးညွှန့်ပေါင်းတွဲ၍ခင်းသောပွဲသည် ယခုခေတ်နာမည်ကြီး စတိတ်ရှိုးကဲ့သို့ လူကြိုက်များ၍ ငွေကားလှသည်။

မင်္ဂလာညွှန့် အဖွဲ့၏ အားထားရသူများမှာ ဘင်ဂျိုနှင့် တယောကို ခေါင်းဆောင်တီးကြသော ကိုဘဟန်၊ ကိုအေး တို့ဖြစ်ကြသည်။ သူတို့နှစ်ဦးသည် မင်းသမီး၏ ကကြိုးများအလိုက် တူရိယာကို လက်စွမ်းပြတီး၍၊ ပရိတ်သတ်အား ငြိမ်နေအောင် ထိန်းထားနိုင်ကြသည်။ သူ့ခေတ်နှင့်သူ့အခါဖြစ်၍ ကျွန်တော်တို့လည်း ရပါသည်။ ကျွန်တော်သည် မဟာဂီတ၊ သီချင်းကြီး၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား အတော်အတန်ရသည်။ ဘင်ဂျိုလက်စွမ်းလည်း အတော်အတန် ရှိပါသည်။

ကိုညိန်း ဘင်ဂျိုကိုတော့ ကျွန်တော် လက်လျှော့ရပါသည်။ သူ့ဘင်ဂျိုက လက်ခတ်နှင့်တီးပေမယ့် စန္ဒယား၏ အသံအတွဲအပေါက်မျိုးထွက်သည်။ ကိုညိန်းဆီက "ပပဝင်း"ပတ်ပျိုးနှင့် တေးထပ်တီးခွဲပုံကို ကျွန်တော်တကယ်မှုရပါသေးသည်၊ ကိုညိန်းသည် ဂီတအခြေခံဖွဲ့စည်းမှု၊ ဖြစ်ပေါ်မှုကို တိတိကျကျသိသူဖြစ်သည်။ ဒါကို ကျွန်တော် ဥဒါဟရဏ်ပြ ပြောပါရစေ၊ ဂျီအီးစီ (GEC) ဒီအက်ဖ်အေ (DFA) အီးဂျီဘီ (EGB) အက်ဖ်အေစီ (FAC) စသည်တို့မှာ ၈၆၄။ ၇၅၃။ ၆၄၂။ ၅၃၁ တို့သည် မြန်မာအခွဲ့ အနေဖြင့် တျာ၊ တျော၊ တျော တို့ဖြစ်သည်။

အကျိုးတရားရှိလျှင် အကြောင်းတရားသည် ရှိရမည်ဖြစ်သည့်အတိုင်း အသံအကွာအဝေး နရီ (DURATION)၊ အသံအတိုးအကျယ် အင်တင်စီတီ (INTENSITY)၊ အသံအနိမ့်အမြင့် ပီချ် (PITCH)၊ အမျိုးအစား၊ ကွာလတီ (QUALITY)၊ ဟူ၍ ကမ္ဘာ့ဂီတသီအိုရီတွင် အဆိုရှိသလို မြန်မာ့ဂီတတွင်လည်း ဤအချက်လေးချက် ရှိပြီးသားနှင့် ကိုက်ညီပါသည်။ သို့မဟုတ်ပါက သံပုံးကို တီးခေါက်နေသည်သို့ တောက်လျှောက်ဆူညံ၍ နေပေမည်။

ပေါ်ပြူပါ အချက်လေးချက်ဖြင့်အညီ ဆိုက်ဆိုဖုန်း၊ ကလာရီနက်၊ ထရမ်းပက် စသည်များဖြင့် "တောမြိုင်ချောလမ်း" ဟိုးဒယားသီချင်းကို ကိုသန့် အပါအဝင် စစ်ကြိုခေတ်က သီပေါ်ရံ့(ယာနုမစိုးရိမ်)၌ အမျိုးသမီးများ သားဖွားမှု ရန်ပုံငွေအလှူပွဲတွင် မြန်မာမှုအဖွဲ့အတိုင်း စမ်းသပ်စင်တင် တီးမှုတ်ဖူးခဲ့ကြပါသည်။

တစ်နည်းအားဖြင့် မြို့မအသင်း၏ အနောက်တိုင်း တူရိယာသာကေတ နစ်ဖြင့် မြန်မာမှုမပျက် မြန်မာမှုအဖွဲ့အတိုင်း ဦးစွာစမ်းသပ်တီးမှုတ်သော မြန်မာသီချင်းဟူ၍လည်း ယူဆနိုင်ပေသည်။

ရုပ်ဝတ္ထုဖြစ်သော ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ် တစ်ခုခု၏ အသံထွက်သည်၊ ရှည်နေသော်လည်း ဖွဲ့စည်းမှုမှန်ပါက သာယာသောဂီတ ဖြစ်လာပါသည်။ ကိုညိန်းသည် ဤသဘောတရားကို ကောင်းစွာသိ၏။

ဤအကြောင်းနှင့် ပတ်သက်၍ စပ်မိရာမှ ဖြစ်စဉ်တစ်ခုကို တင်ပြပါမည်။ ကိုညိန်း နှင့် ကျွန်တော် မန္တလေး၊ ၈၄ - လမ်းရှိ ဘီကျင်ဟိုတယ်တွင် အမျော် ယမကာစုပ်ရင်းမှ၊ အနုပညာအကြောင်း ဆွေးနွေးစိတ်ကူးယဉ်မှုတစ်ခု ရကြသည်။ သူကို စမ်းသပ်လုပ်ကြည့်လိုသောဆန္ဒ ဖြစ်ခဲ့ကြသည်။ အစွင့်ကြုံသည်နှင့် ကျွန်တော်တို့ ဦးစီးခေါင်းဆောင်ပြုသော၊ အမရပူရ မော်တော်ယာဉ် ရေသဘင် အသင်းတွင် ထိုစိတ်ကူးယဉ်ဆန္ဒကို ပေါ်ဆောင်ခွင့်ရကြပါတော့သည်။

ယနေ့ခေတ်လို၊ ရှသမ် (RHYTHM)၊ လိဒ် (LEAD)၊ ဘေ့စ် (BASS)၊ ဂီတာ (GUITAR) တွေ (ရသမ်၊ နိုင်းဗို့လျှပ်စွားမှုပစ္စည်း) စကရက်ချာ (SCRATCHER) ရှာကာ (SHAKER) ဆိုသော အနောက်တိုင်းသုံး ပစ္စည်းတွေအစား ထန်းသီးခလောက် (ထန်းသီးမှုတ်)၊ ဗူးသီးခြောက်၊ သံစည်ပိုင်းပြတ်ကို နွားသားရေနှင့်ကျက်ပြီး ဝါးပုလွေအတို၊ အရှည်တွေနှင့် ဂီတသမား အစိမ်းသက်သက်တွေကို ဒီအနားကျ ဒီအသံမှုတ် ဆို၍ အနောက်တိုင်း တူရိယာပိုင်းကြီးကဲ့သို့ ဓောင်းကောက် ရေသဘင် မော်တော်ယာဉ်ကြီးဖြင့် လုပ်ပြခဲ့ဖူးပါသည်။ အမှတ်ရမိသောတစ်ခုမှာ ဦးနေဝင်း (နဂါးဆေးလိပ်)ရေသဘင် က၊ ကိုညိန်းကို သီချင်းရေးပေးရန် အဆိုပြုလာသည်။ ကိုညိန်းသည် ငွေကြေးအတွက် ဂီတစာဆိုဖြစ်ရန် အကြောင်းမရှိ၊ ကျွန်တော်နှင့် သူ့ရည်ရွယ်ချက်ကို အပျက်မခံဘဲ၊ ငြင်းပယ်လိုက်ပါသည်။

## မြို့မငြိမ်း နှင့် သူ့အနုပညာ

တူရိယာဖွဲ့စည်းသလို၊ ကဗျာစပ်ဆို ဖွဲ့စည်းရာမှာလည်း ကဗျာတွင်ပါဝင်သော အလင်္ကာရသနှင့် ဂုဏ်တို့ကိုသူလေ့လာဖတ်ကြား မှတ်သားသမျှသော လောကဗွေရာ စာပေကျမ်းဂန်များမှ အဆီအနှစ်တွေကို ပေါင်းစုလေ့လာ ဖွဲ့စည်းတတ်ခဲ့သည်။ မြန်မာ့ဂီတယဉ်ကျေးမှု မပျက်စေခြင်းသည် ကိုညိန်း၏ ထူးခြားမှုဖြစ်သည်။ လောကဓာတ်သိပ္ပံပညာရှင်တို့သည် သူတို့၏ ဓာတ်ခွဲခန်းများမှ စမ်းသပ်တွေ့ရှိမှုများကို လူသားတို့အကျိုးငှာ ဖေါ်ထုတ်၍ ပေးကြသည်သို့။

ကိုညိန်း ကလည်း "မြို့မ"ဟူသော သူ၏ဂီတဓာတ်ခွဲခန်းမှ စမ်းသပ်တွေ့ရှိမှုများ ဖြစ်သော အံ့ဩဖွယ်ကောင်းသော ဂီတစာလုံးများ၊ ဂီတသံစဉ်များကို ဂီတအနုပညာကို ခုံမင်ကြသော နှစ်သက်ကြသော၊ မြတ်နိုးကြသော ဝါသနာရှင်၊ ပညာရှင်များ၏ အကျိုးငှာ ဖေါ်ထုတ် ပေးခဲ့သူဟု တင်စားမိပါက မှားအံ့မထင်ပါ။



# မြန်မာဆိုင်းဝိုင်းကြီး နှင့်
# အနောက်တိုင်း တူရိယာများ တွဲဖက်တီးမှုတ်ခြင်း

မြို့မ–ကိုစိန်

မြန်မာဆိုင်းဝိုင်းကြီး နှင့် အနောက်တိုင်း တူရိယာများ တွဲဖက်တီးမှုတ်ခြင်းကို ဆရာက စခဲ့ပါသည်။ ဖန်တီးသူမှာ (ဖဆပလ) ခေတ်ဝန်ကြီး၊ ဗိုလ်ခင်မောင်ကလေး ဖြစ်ပါသည်။ အချိန်မှာ ဆဋ္ဌသင်္ဂါယနာတင် မဟာနာယက ညောင်ရမ်းဆရာတော်ဘုရားကြီး၏ အန္တိမဈာပနသဘင် ပွဲတော် ကျင်းပရန် ပြင်ဆင်နေသောအချိန် ဖြစ်ပါသည်။ နေရာမှာ မြို့မအသင်း ယာယီတည်ရာ (စာရေးသူ)အိမ် ဖြစ်ပါသည်။

ဝန်ကြီး ဗိုလ်ခင်မောင်ကလေး၊ ရောက်ရှိလာ၍ ဆရာညိမ်းနှင့် တွေ့လိုကြောင်း ပြောဆိုခဲ့ပါသည်။ အဆင်သင့်၍ ဆရာညိမ်း နှင့် တွေ့ဆုံရာတွင် ညောင်ရမ်းဆရာတော်ဘုရားကြီး ဈာပနတွင် မိမိမဏ္ဍပ်၌ မြန်မာဆိုင်းဝိုင်းကြီးနှင့် မြို့မတူရိယာအသင်းတို့ တွဲဖက်၍ ရှစ်ဆယ်ပေါ်တေးထပ်ကို တစ်လှည့်စီ တီးမှုတ်ခြင်း ပြိုင်တူတီးမှုတ်ခြင်းဖြင့် ဧယင်ကျူးလိုကြောင်း၊ ရှေးက စိန်ဗေဒါကြီး နှင့် မြို့မတို့ တွဲဖက်ခဲ့ကြစဉ် အသံပျောက်အောင် စောင့်ပြီးမှ တီးရကြောင်း ပြောခဲ့ပါသည်။

ဆရာညိမ်း က ငွေကုန်ခံနိုင်ပါလျှင် ဖြစ်နိုင်ကြောင်း ပြောခဲ့ပါသည်။ ဝန်ကြီးက ကုန်မည့်ငွေကိုမေး၍ ဆရာညိမ်း ပြောသော ငွေ(၂၅၀)ကျပ်ကို ပေးခဲ့ပါသည်။ ဆရာညိမ်းက ဝန်ကြီးပေးသောငွေအား ကျွန်တော့်အား ပေး၍ မောင်းတစ်ဒိုင်း၊ ကြေးနောင်တစ်ဒိုင်း၊ အသစ်လိုအပ်ကြောင်း ပြောပါသည်

ဆရာစိန်မောင်ကိုကြီးထံမှ မောင်းတစ်လုံးနှင့် ပျာ ဖယောင်း အရှာနိုင်ခဲ့ပါသည်။ မောင်းအား စနယား(၆)သံနှင့်ကိုက်အောင်၊ ဖယောင်းဖို့၍ ထိုမောင်းကို ကြေးသွန်းစက်တန်းသို့ ယူသွားပြီး မောင်းတစ်ဒိုင်း၊ ကြေးနောင်တစ်ဒိုင်း ရိုက်နိုင်းစေခဲ့ပါသည်။

ထိုအခါမှစ၍ မြန်မာဆိုင်းဝိုင်းနှင့် အနောက်တိုင်းတူရိယာများ တွဲဖက် တီးမှုတ်ခဲ့သည်။ ထိုနည်းကို ဆရာညိမ်း က စတင်ခဲ့ပါသည်။

## မြန်မာသီချင်းကြီးများ ဂီတသင်္ကေတဖြင့် မှတ်တမ်းတင်ခြင်း

အချိန်မှာ (ဖဆပလ)ခေတ်ဖြစ်သည်။ ဖန်တီးသူမှာ ထိုခေတ်က ပြန်ကြားရေးဝန်ကြီး ဦးထွန်းဖေ ဖြစ်သည်။ ဝန်ကြီးနှင့်အတူ အရာရှိ ကျောင်းဆရာဟောင်း ဦးအေးမောင်ကလေး၊ ဝန်ကြီး၏အတွင်းရေးအတွင်းဝန်တို့ မြို့မအသင်းတိုက် (ဒါးတန်း)သို့ ရောက်ရှိလာကြပါသည်။

ဝန်ကြီးက ဆရာညိမ်း သို့၊ မြန်မာသီချင်းကြီးများအား၊ သင်္ကေတ (INTERNATIONAL NOTE / STAFF NOTE )ဖြင့်၊ မှတ်တမ်းတင်၍ ရနိုင်၊ မရနိုင် မေးမြန်းခဲ့ရာ ဆရာညိမ်း က နောက်တစ်နေ့ ညနေပိုင်းတွင် ဤအသင်းတိုက်သို့ ကြွရောက်နိုင်ပါက ကြွရောက်ရန် ဖိတ်ကြားလိုက်သည်။ ဝန်ကြီးက လာနိုင်ပါကြောင်း ပြောသွားခဲ့ပါသည်။

နောက်တစ်နေ့တွင် မြို့မဆရာသန့်၊ မြန်မာပညာရှိ ရွှေပြည်ဆရာကြီး ဦးဘတင် တို့နှင့်အတူ လက်စမ်းတွေ့ဆုံ၍ ဆိုက်ဆိုဖုန်းသမားတစ်ဦးအား (MUSIC NOTES) ပေး၍ မှုတ်စေသည်။ အသံထွက်ပါသည်၊ ဘာသီချင်းမှ မထွက်ပါ။ ထရမ်ပက်သမားတစ်ဦးအား ပေးပြန်သည်၊ အသံထွက်ပြန်၏ သီချင်းထွက်မလာပါ။ ကလာရီနက်သမားကိုလည်း ထိုအတူ မှုတ်စေပြန်သည်၊ သီချင်းကား ထွက်ပေါ်မလာခဲ့ပါ။

ထိုအခါ၊ ဝန်ကြီးအံ့အားသင့်နေပါသည်၊ ဝန်ကြီး ဦးထွန်းဖေ သည်၊ ပတ္တလားကောင်းစွာ တီးတတ်သူဖြစ်၍ မြန်မာသီချင်းကြီးများ တော်တော်တီးနိုင်ပါသည်။

ထို့နောက် ဆရာညိမ်း က တူရိယာသမားများကို အချက်ပေးခဲ့ရာ မိမိတို့တူရိယာပစ္စည်းများနှင့် မိမိတို့ (MUSIC NOTES)တွင် ပါသည့်အတိုင်း မှုတ်ကြရာတွင် "စံရာတောင်ကျွန်း" မြန်မာသီချင်းကြီးအသွား ပေါ်၍လာပါသည်၊ ဝန်ကြီး ဦးထွန်းဖေ ကျေနပ်သဘောပေါက်၍ သွားပါသည်။

ထို့ကြောင့် မြန်မာသီချင်းကြီးများ သင်္ကေတပြုလုပ်ရနိုင်ကြောင်း လက်တွေ့စမ်းသပ်ပြခဲ့သူမှာ မြို့မဆရာညိမ်း ဖြစ်ပါကြောင်း။



# မုန်လာဥ

ရွာစား – စိန်တင်ဟန်

မန္တလေးမြို့၏ လမ်း – ၈၀ နှင့် ၂၈ – လမ်းထောင့်မှာ လင်းရောင်ခြည် ကဖေးရှိသည်။ ထိုဆိုင်၌ ဦးလေးငြိမ်း အမြဲထိုင်နေသော နေရာသည် ဆိုင်၏ အတွင်းဖက် ချောင်ကျကျ စနေထောင့်စားပွဲတွင် ထိုင်လေ့ရှိသည်။ အကျႌဖြူဖြူ ဆွတ်ဆွတ် လက်တိုကို လုံချည်က မန်ကျည်းစေ့ကွက်နုပ်၊ ဖိနပ်က ဖော့လမြှင့် ရှူထိုးဖိနပ်၊ အိတ်ကပ်ထဲမှာ နဂါးဆေးလိပ်ဆယ်ပြားတန် အသေးဆုံး လေးလိပ် ပါသည်။ သုံးထောင့်ချွန်းလေးထောင့်အိတ်ကပ်အရွယ်သာသာ စာရွက်ဖြူဖြူလွှလွှ လေးတစ်ရွက် အိတ်ထဲမှာထည့်ထားသည်။ ခေါင်းက ဆံပျက်နေရာ ဆံတုံး သေးသေးလေးကို အပ်ချည်ကြိုးနဲ့ချည်ထားသည်။ ပါးစပ်က ကွမ်းစားရင်း မြို့ရင်းက ဝေးလံသည်ခေါင်သော နေရာဆီ ငေးနေတတ်သည်။ စကားပြော ရင်လည်း ချောချောမွေ့မွေ့ ထွက်မလာတတ်ပါ၊ အတုံ့အထစ်တွေ ပါတတ်သည်။ သို့ပေမယ့် သူ့စကားကို နားထောင်ပြီး ဖြတ်ကြည့်သည် မရပါ။

မှာထားသော လက်ဖက်ရည်တွေက အပေါ်ရည်လေးတွေ တင်ပြီး အေးစက်နေသည့်အချိန်ထိ မသောက်ဖြစ်သေးသည်ကများသည်။ ဦးလေးငြိမ်းသည် မျိုးချစ်စိတ် အလွန်ထက်သန်သူဖြစ်သည်။ ဤအကြောင်းကို အောက်ပါသီချင်းပိုဒ် ကလေးက သက်သေပြနေသည်။ အမျိုးသားနေ့ ဆောင်ပွဲကြသော ကျောင်းသူ ကျောင်းသားကလေးများ သီဆိုကြစေရန် ရေးထားသည်။

## ဦးလေးငြိမ်း နှင့် သူ့အနုပညာ

"များ ပန်း စေတ်သည့်သွင် ဝတ်ရည်သုံးကြွရွှင်ရွှင် ကျောင်း တော်ဝယ်ကို ကြည်ညိုသောမိခင်၊ ထွန်း ပြောင်စေမည့်အမျိုးသားနေ့ မမေ့အပ်သည်ပင် တန်ဆောင်ဆီမီး သို့ ဆောင်ပြီး သဘင်ဆင်ယင်။"

အမျိုးသားကျောင်းတွေ ပေါ်ပေါက်လာရခြင်း၊ အမျိုးသားနေ့ဟု ဖြစ်ပေါ် လာရခြင်းတို့သည် သူ့ကျွန်ဘဝမှ အင်အားကြီးမား ပြင်းထန်လှသော သမိုင်း မှတ်တိုင်ကြီးတစ်ခု ဖြစ်၏။ အမျိုးသားရေးကို အလွန်အလေးထားသော ဦးလေးငြိမ်း က အထက်ပါသီချင်းမျိုးတွေ ထွက်လာရသည်မှာ သူ့ဘဝ၏ မြင့်မြတ်လှသော အကြောင်းအရာတွေပင်ဖြစ်သည်။

သူသည် အတွေးတွေ နက်နက်ရှိုင်းရှိုင်း တွေးနေလေ့ရှိသော်လည်း ပတ်စန်းကျင်ကို မမေ့၊ ကျွန်တော်နှင့် လက်ဖက်ရည်ဆိုင်ထိုင်နေစဉ် ဆိုင်ရှေ့ ကျောက်လမ်းပေါ်က ရေစည်လှည်းဆွဲသွားသည်။ ရေစည်က ရေမပါတော့ ဆွဲသူသည် ခပ်မြန်မြန်လေးဆွဲသည်။ ရေစည်က အသံထွက်လာသည် ဒေ ဒေ... ဒေဒေ...၊ ဒေ ဒေ... ဒေဒေ... ဦးလေးငြိမ်းက ပြုံးလိုက်ရင်း အရေးတကြီး ကျွန်တော့်ကိုပြောသည်။ "အဲဒီရေစည်သံသုံးပေါက်ကိုက်တယ် သုံးပေါက် ကိုက်တယ်" ရေစည်လှည်း၏ အသံသည် သုံးပေါက်ရောက်နေသည်ကို ပြောခြင်းဖြစ်၏၊ သူ့သဘောကျလို့ သူ့ဆန္ဒရှိလို့သာ ပြောသည်၊ တစ်ခါတလေ မိုးချုပ်၍ ဆိုင်သိမ်းသွားသည့်ထိ ဖြန်သာလာရသည်၊ စကားတစ်ခွန်းမှ မပြောဖြစ်ကြပါ။

ဦးလေးငြိမ်း သည် မိသားစုများသည်။ စားဝတ်နေရေး မည်သို့ရှိကြသည် မသိ၊ ဦးလေးငြိမ်း ၏ မိဘများကတော့ ပစ္စည်းဥစ္စာ တော်တော်ပြည့်စုံသည်ဟု သိရသည်။ တချို့ကမူ "ဆရာငြိမ်း သည် သူ့မိဘပစ္စည်း ထိုင်သုံးနေသည်" တချို့ကပြန်တော့ "ဆရာငြိမ်း သည် သူ့အိမ်အတွက် ဘာမှုမပူတဲ့သူ" ဟု ဆိုကြပြန်သည်။ မည်သို့ပင်ဖြစ်စေ မိသားစု၏ စားဝတ်နေရေးသည် ဦးလေးငြိမ်း မှာ တာဝန်အရှိဆုံးဟု ကျွန်တော်ကလည်း မြင်မိသည်။ စားဝတ်နေရေး မပြေလည်လျှင် ဦးလေးငြိမ်းသည် မိသားစုတာဝန် ပေါ့လျော့ဖျက်ကွက်သောသူ ဟု ကျွန်တော်မြင်မိသည်။ ထိုအကြောင်းကို တစ်နေ့တွင် ပြောဖြစ်ကြသည်။

"ကျွန်တော်က တစ်ကောင်ကြွက်သာသာ စားဝတ်နေရေး ပူစရာမလိုဘူး ဦးလေးငြိမ်း က"၊ စကားကိုကျွန်တော်က ဖြတ်ထားလိုက်တော့ သူက

"မောင်ရင် ဘာပြောချင်တာလဲ ရှင်းရှင်းပြောပါ"

"ဦးလေးငြိမ်း က မိသားစုကြီးတယ်၊ လစဉ်ဝင်ငွေ ဘယ်လိုရှိမလဲမသိဘူး"

"ကျွန်ုပ်ဝင်ငွေကိစ္စ မောင်ရင်ကဘာလို့ သိချင်တာလဲ"၊

ကျွန်တော်က အောင့်မထားနိုင် ပြောချင်တာများကို အားသွန်၍ ပြောချလိုက်မိသည်။

"ဦးလေးငြိမ်း က သီချင်းရေးတယ်ဆိုပေမယ့် ကိုယ်ရေးချင်မှရေးတာ၊ ရေးပြန်တော့ တစ်လဘယ်နှစ်ပုဒ်ဆိုတာမရှိဘူး၊ တစ်ပုဒ်ဘယ်လောက်ရမလဲ ဆိုတာလည်း အတိအကျမရှိဘူး။ အဲဒီလို မသေချာပေမယ့် စားဝတ်နေရေးကတော့ နေ့စဉ်မစားမဖြစ် မသုံးမဖြစ်တာတွေရှိမယ်။ ဒီတာဝန်တွေအားလုံးဟာ ဦးလေးငြိမ်း တာဝန်ပဲ။ သီချင်းရေးဆရာဆိုတဲ့ ဘဝဒီတိလေး မကြည့်သင့်ဘူး။ မိသားစုအားလုံး ရဲ့ စားဝတ်နေရေးကို အလေးမထားရင် တာဝန်မကျေတဲ့သူပဲဖြစ်မှာပေါ့"၊ ပြောအပ်သည် မပြောအပ်သည်မသိ၊ ကျွန်တော်က ရင်ထဲမှာရှိသမျှတောက်လျှောက် ပြောချလိုက်ခြင်းဖြစ်သည်။

ကျွန်တော်ပြောစကားများကို နားထောင်ပြီး မျက်ခြင်းမတုံ့ပြန်၊ မျက်စိ မှိုင်းတည်တည်ဆီလောက် မျှော်၍ငေးနေရှာ၏။ ထို့နောက် သူ့ရေ့မှာရှိသော အပေါ်ရည်တင်းနေသည့် လက်ဖက်ရည်ကို ဖျတ်ခနဲယူ၍ သောက်ချလိုက်သည်။ သူ့လှုပ်ရှားပုံကိုကြည့်၍ တစ်စုံတစ်ရာတွေးခြားမည်ဟု ထင်လိုက်သည်။ မဲ့ပြုံးလေး တစ်ချက်ပြုံးလိုက်ရင်းက ကျွန်တော့်ကို မေးခွန်းများ မေးတော့သည်။

"မောင်ရင် အလေသင်းမင်းတရားကြီး ဦးအောင်ဖေမျှဆိုတာ သိတယ် နော်"

"ဟုတ်ကဲ့ သိပါတယ်"၊ ကျွန်တော်က သိတယ်ဟုဆိုလိုက်သည်နှင့် တစ်ပြိုင်နက်၊ သူက အိတ်ကပ်ထဲမှ စာရွက်ကလေးတစ်ရွက်ထုတ်ကာ စားပွဲပေါ် ဖြန့်ချတဲ့လိုက်ပြီး၊ ဆက်၍ ခဲတံကိုနှိက်ယူလိုက်ကာ ပါးစပ်မှတိုးတိုးလေး "ဦးအောင်ဖေမျှ ကိုသိတဲ့" ဟုဆိုလိုက်ပြီး စာရွက်ပေါ်တွင် "သိ"တစ်လုံးရေး လိုက်၏။

"အလေသင်းမင်းတရားကြီး မူးမြစ်ကို ဆည်တော်မူစဉ် ဆရာနူ ရေးသော "ကျောက်ဆည်ဘုန်းတန်းကြီး" လို့ဆိုတာရှာသလား"

"ဟုတ်ကဲ့ရပါတယ်"၊ စာရွက် ပေါ်တွင် "ရ" တစ်လုံးရေးလိုက်ပြန်၏၊

"မူးမြစ်ကို ရောက်ဖူးသလား"

"ဟုတ်ကဲ့ ရောက်ဖူးပါတယ်"၊ စာရွက်ပေါ်တွင် "ရောက်ဖူး" ဟု ရေးပြန်လေ၏၊

"မူးမြစ်ဘယ်ကစသလဲသိလား"

"မသိပါဘူး"၊ စာရွက်ပေါ် "မသိ"ဟု ရေးလိုက်၏၊

"မူးမြစ်ဘယ်မှာဆုံးသလဲသိလား"

"မသိပါဘူး"၊ စာရွက်ပေါ်တွင် "မသိ"ဟု ရေးလိုက်ပြန်၏၊

"မူးမြစ်အကျယ်အဝန်း ဘယ်လောက်ရှိသလဲ သိလား"

"မသိပါဘူး"

"အင်း – မောင်ရင် မသိတာတွေ တော်တော်များနေပြီ" ဟု ပြောရင်း စာရွက်ပေါ်၌ "မသိ" တစ်လုံးထပ်ရေးလိုက်၏၊

"မူးမြစ်မှာ ဘယ်ဓါရေများသလဲ၊ ဘယ်ဓါရေနည်းသလဲ သိသလား"၊

"မသိပါဘူး" ထုံးစံအတိုင်း "မသိ"ဟု ရေးလိုက်၏။

"ယူဂိုဆလပ်မုန်လာဥ မြင်ဘူးသလား"

"ဗျာ" ကျွန်တော်ကလန့်၍ အံ့အားသင့်သွား၏၊ ထိုအချိန်က ကျွန်တော်တို့နိုင်ငံတွင် ယူဂိုဆလပ်ဟူသော အသုံးအနှုန်းများ သိပ်မရှိသေး၍ အံ့အားသင့်သွားခြင်းဖြစ်၏။

"ယူဂိုဆလပ်မုန်လာဥဟာ တစ်ဥကို တစ်ပိဿာနဲ့ နှစ်ပိဿာရှိတယ်၊ အဲဒါမြင်ဖူးသလား သိသလား"

"ဟင့်အင်း"

"အော် – မောင်ရင်ကသိလည်းမသိ မြင်ဖူးကြားဖူးဟန်ပင် မရှိဘူး ထင်တယ်" ဟုပြောရင်း စာရွက်ကလေးပေါ်တွင် "မသိ" တစ်လုံးတိုးသွားလေ၏။

"မရှိတာထက် ဘာခက်သလဲ"၊ "မသိတာခက်ပါတယ်"၊ "အင်း – ကျုပ်က မသိအများကြီးလူနဲ့ စကားပြောနေရတာပဲ"ဟု နှုတ်မှ ရွတ်ဆိုလိုက်သဖြင့် ကျွန်တော်မှာ ခေါင်းမဖော်ပံ့တော့ပေ။ ထို့နောက် ဦးလေးငြိမ်း က စိတ်ပါလက်ပါ အားပါးတရ တောက်လျှောက်ကြီး ပြောနေတော့သည်။

"အလောင်းမင်းတရားကြီးရဲ့ မူးမြစ်ဟာ မိုင်အများကြီးရှည်တယ်။ မူးမြစ်ကမ်းနံဘေးက ဆင်ခြေလျှောလေးဖြစ်နေတယ်။ တစ်ဖက်တစ်ဖက် အကျဉ်းဆုံး နေရာကိုပဲ နှစ်ဖျာရာစာသာသာလောက်ကျယ်တယ်။ ယူဂိုဆလပ် နိုင်ငံက မုန်လာဥက သိပ်အထွက်ရဲ့တယ်။ တစ်ဥတစ်ဥ နှစ်ပိဿာနီးနီးရှိတာတွေ တောင် ပါတယ်။ အဲဒီမုန်လာဥမျိုးကိုယူပြီး မူးမြစ်ကမ်းဘေးမှာ စိုက်မယ်၊ သန့်မြေနှင့် မြေဩဇာကောင်းတယ်၊ မြစ်ကမ်းနံဘေးမို့ ရေလောင်းစရာမလိုဘူး။

ကျွဲ၊ နွား တွေလည်း အစင်းဝင်စားမှာ မွေးစရာမလိုဘူး။ သီးနှံစိုက်ပျိုးစရိတ် အများကြီးအကုန် အကျသက်သာပြီး တစ်နှစ်တစ်နှစ် မှန်လာဥတန်ချိန် သန်းနဲ့ချီထွက်မယ်။ ဒါ ကျွန်တော်ခေါင်းထဲမှာရှိတဲ့ စီးပွားရေးစီမံကိန်းတစ်ခုပဲဖြစ်တယ်။ မောင်ရင် ပိုက်ဆံ လိုချင်ရင် ငွေလိုချင်ရင်တော့ ကျွန်တော်ပြောတဲ့ မှန်လာဥစီမံကိန်းကို လိုက်နာပြီးစိုက်ပါ။ ကျွန်တော်ကတော့ မစိုက်အားဘူး၊ သီချင်းလေးတွေ ဒီမှာ ကြိုးရေးအုံးမယ်။

ရွာသား - စိန်တင်ဟန်

၂-၅-၉၀

# ဆရာမြို့မငြိမ်း နှင့် မြန်မာရုပ်ရှင်

လေးစင်

ကွယ်လွန်သူ နိုင်ငံကျော်တေးပြုပုဂ္ဂိုလ် အလင်္ကာကျော်စွာ ဆရာမြို့မငြိမ်းသည် ၁၉၅၅ – ခု၊ စက်တင်ဘာလ (၁၅) ရက်နေ့တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်ရာ ယနေ့ထိဆိုလျှင် (၉)နှစ်ပြည့် ကွယ်လွန်ခြင်းမည်ပေတော့သည်။ ဆရာကွယ်လွန်ပြီးကာမှ ဆရာ့အကြောင်းကိုလည်း အထူးအထွေ ချီးကျူးခန်း မထုတ်လိုတော့ပါ။

သို့သော် ရှေ့တန်းတွင် စံပြနည်းယူနေရသော ယခုတိုင် ကျော်ကြားနေသော ပုဂ္ဂိုလ်ကြီးအဖြစ် ထင်ရှားပြီးဖြစ်ကြောင်း ပြည်သူကသိရှိကြပါသည်။

ဆရာ၏ တေးများအနက် ပုဒ်ရေ(၄၀)ဝန်းကျင်သည် ယနေ့ခေါ်ထုတ်ကြသူများ၏ လုံ့လနှင့်အတူ ထင်ရှားကျော်ကြားနေပါသည်။

ကျန်တေးသီချင်းများလည်း ခေါ်ထုတ်လျှင် ခေါ်ထုတ်သလို ပြည်သူ့ရင်ဝယ် ငြိတွယ်မည်မှာ သေချာလှပါ၏။

ဆရာ ၏ ဂီတသြဇာသည် မြန်မာရုပ်ရှင်လောကအပေါ် တစေ့တစောင်း အရိပ်ထိုးနေပါသည်။

ဆရာ ၏ သီချင်းများမှာ ခေတ်ဟောင်းခေတ်သစ် ရုပ်ရှင်ကားများတွင် လှုပ်ရှားဆဲဖြစ်ပါသည်။

ထို့အတူ (၁၉၅၄ – ၅၅)တွင် တည်ထောင်ကြသော မန္တလေးမြို့မှ မန္တလေးရုပ်ရှင်တွင် စတင်တည်ထောင်ကတည်းက တေးဂီတတာဝန်ခံအဖြစ် လုပ်ဆောင်ခဲ့ပါသည်။

သာမန်တေးမျိုးထက် အစဉ်အမြဲ တိုးတွင်နေသော ပုဂ္ဂိုလ်ဖြစ်ပြီး (MUSICAL PICTURE)မျိုး ဖန်တီးလိုသည်နှင့်အမျှ တဘောများဖြင့် အိုးစည်သံ ထွက်စေသည့် ရွှေအိုးစည်နှင့်တိမ်ထိုးမျိုး စာဝင်ဗို့တီးကွက်မျိုးစုံတို့ကို တပင်တပန်း ပြုစုဖန်တီးခဲ့ပါသည်။

## မြို့မငြိမ်း နှင့် သူ့အနုပညာ

ယနေ့တွင် ဆရာ၏ သီချင်းများစွာသည် ရုပ်ရှင်နောက်ခံ သီချင်းများ ဖြစ်ရုံမက၊ ရုပ်ရှင်ကားအမည်များပင် ယူ၍မှည့်ခေါ်ကြပါသည်။ ရုပ်ရှင်အဖြစ် မှည့်ခေါ်ခဲ့သော (၁) တိမ်လွှာမို့မို့လွင်၊ (၂) သစ္စာတပ်ပန်း၊ (၃) နှစ်ယောက်ထဲ နေချင်တယ်၊ (၄) လေချိုသွေး၊ (၅) စာတိတ္တနာမ်တွေ၊ (၆) လေထဲကဖူးစာ၊ (၇) နိုင်းတော့သက်စေ၊ (၈) ချစ်ကျိုးတော်ဆောင်၊ (၉) ချစ်မြင်းမိုရ် (၁၀) ယဉ်ကျေးမှု ရုပ်ရှင်မှ ကားတစ်ကား စသည့် ရုပ်ရှင်ကားများမှာ ဆရာ၏ တေးအမည်များ၊ စာသားများမှ နုတ်၍ မှည့်ခေါ်ကြသလို ဆရာ့ သီချင်းများလည်း ပါဝင်ခဲ့ပေသည်။

ဆရာ၏ ရုပ်ရှင်သီချင်းအဖြစ် ထင်ရှားသော သီချင်းများမှာ (၁) သစ္စာတပ်ပန်း (သစ္စာတပ်ပန်းစာတ်ကားမှ)၊ (၂) ချစ်ကျိုးတော်ဆောင် (ဆုထူးငယ် ပန်ရွယ်သွန်း စာတ်ကားမှ)၊ (၃) တစ်ချစ်ထည်းချစ် (အပယ်ရတနာမှ)၊ (၄) တိမ်လွှာ မို့မို့လွင် (တိမ်လွှာမို့မို့လွင်မှ)၊ (၅) နှစ်ယောက်ထဲ (နှစ်ယောက်ထဲနေချင်တယ်မှ)၊ (၆) လေထဲကဖူးစာ (လေထဲကဖူးစာမှ)၊ (၇) ကစားစရာအသည်းမှာ (တနိုင်လုံးရွှေ စာတ်ကားမှ)၊ (၈) မနို့တနို့၊ (သား ရွှေခေါင်း တောင်မှ) တို့ဖြစ်ကြပြီး စာရေးသူအနေဖြင့် ရုပ်ရှင်ကားထဲတွင် ပါမပါကနသေချာမသိသော်လည်း ရုပ်ရှင် ပညာရှင် ဝင်းဦး သီဆိုသော အောက်ပါသီချင်းများလည်း ကြားမိပါသည်။ ၎င်းတို့မှာ (၁) တံမျှာယခွင်၊ (၂) ပြုံးတဲ့မေ၊ (၃) မငြိုးသေးသောပန်းချိုကား၊ (၅) သစ္စာ သီချင်းဖြစ်ပြီး ရုပ်ရှင်မင်းသမီး နွဲ့နွဲ့စန်းက (ပျို့မှတ် တမ်း) သီချင်း ကို သီဆိုခဲ့ဖူး၏။

တခြားတေးသီချင်းများကိုလည်း ခေတ်ဟောင်းမှ ရုပ်ရှင်မင်းသား ပြည်လှဖေ၊ ခင်မောင်ရင်၊ မင်းသမီး မေရှင် တို့ သီဆိုထားသည်ကို မှတ်သား သိရှိရပေသည်။

ဆရာသည် အနုပညာသည် ပီပြင်သူဖြစ်သည့်အားလျော်စွာ သူသာ ယနေ့တိုင် အသက်ထင်ရှားရှိနေသေးလျှင် မြှဦးထွက်ရုပ်ရှင်ကား ဘဝသံသရာ မှ စ၍ ယနေ့တိုင် အောင်မြင်သော ရုပ်ရှင်ကားများကို ထုတ်လုပ်နေသည်၊ မန္တလေးရုပ်ရှင်မှ စာတ်ကားများစွာတွင် အဓိကအားဖြင့် ဆရာ၏ ကြီးစား တီထွင်သော တေးဂီတပညာစွမ်းရည်တို့ကို ကျွန်တော်တို့ သိရမည်မှာ မုချ ဖြစ်ပါသည်။

ထို့ပြင်မက နိုက်ကပင်ရုပ်ရှင်အဆက်သွယ်ပါ စာတ်ပြားလုပ်ငန်း လုပ်ခဲ့သော အောင်မင်းကုမ္ပဏီနှင့်လည်း သီချင်းကောင်းများ ထုတ်လုပ်မည်မှာ မလွဲနိုင်ပါချေ။

သန်းအောင်နိုင်

ဆရာ၏ သီချင်းများကို မျက်မှောက်ကာလအတွက် အများဆုံးပို့ဆောင်ပေးသူ ဆန်းသစ်စေသူ၊ လှုံ့လပြုသူများအနက် ရှုမဝ ဦးကျော်နှင့် ဝင်းဦးတို့မှာ ရှေ့ဆုံးမှာ ရှိပေသည်။

ဆရာရှုမဝ ဦးကျော်သည် သူစီစဉ်သော ရုပ်ရှင်ကားများတွင် ဆရာကြီး၏ သီချင်းတို့ကို ထည့်သွင်းအသုံးပြုသလို၊ ဝင်းဦးသည်လည်း သူ၏ ဝတ္ထုဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ်စီစဉ်သောကားများတွင် ဆရာ့စာသားများကို ဖော်ညွှန်းပေသည်။

ပြည့်ဝကုံလုံသော အရည်အသွေးနှင့် အတတ်ကြီးသူပီပီ ဆရာမြို့မငြိမ်းသည် အသက်ထင်ရှား မရှိတော့သော်လည်း သူ၏စာသားများကား ရုပ်ရှင်လောကတွင် ယနေ့တိုင် ရပ်တည်ဝင့်ကြွားဆဲဖြစ်ချေသတည်း။

၊ယနေ့ရုပ်ရှင်စာမျက်နှာ - ၆၊

၁၉၆၄



## ကျွန်တော်သိသော

## ဦးလေးညိန်း (မြို့မငြိမ်း)

**ရွှေနန်းတင်**

ဘာလိုလိုနှင့် ဦးလေးညိန်း လူ့ပြည်မှ စွာသွားသည်မှာ၊ နှစ်(၄၀) ရှိခဲ့ပေပြီ။ ကျွန်တော် ရွှေနန်းတင် သည် ငယ်စဉ်ကပင် ဦးလေးငြိမ်းအား ဦးလေးညိန်း ဟု ခေါ်ပါသည်။ သူ့နာမည်လက်မှတ်ထိုးလျှင်၊ ည ကို လုံးကြီးတင်၊ န သတ်ပြီး ညိန်းပါသည်။

ယခုလို ဦးလေးညိန်း ၏ အကြောင်းအား ရေးသားရသည်မှာ (မြို့မ အသင်းဥက္ကဋ္ဌ) ဦးလေးညိန်း ၏ သားတစ်ဦးဖြစ်သူ၊ ကိုရွှန်းမြိုင် က သူတို့၏ အစ်ကို (ကိုအောင်နိုင်) စုစည်းပြုစုကြိုးပမ်းလျက်ရှိသော၊ "မြို့မငြိမ်း နှင့် သူ့အနုပညာ" စာအုပ်အတွက်၊ သီကောင်းစွယ်ရာ၊ မြတ်နိုးစွယ်ရာ၊ ရသ ကလေးများ ရေးသား ပေးရန်၊ ဥ၂-၅-၉၅၊ နေ့က၊ စာရေးသားတောင်းခံခဲ့ပါသဖြင့်၊ ဤစာကို ရေးရပါသည်။

ကျွန်တော် ၏ ဖခင်၊ နန်းတော်ရှေ့ဆရာတင် နှင့် ဦးလေးညိန်းတို့သည်၊ အထူး အထူးသော ပါရမီရှင်များဖြစ်ကြ၍၊ သူမတူအောင် လေးစားချစ်ခင်ကြသော၊ ညီအစ်ကိုပမာ ရှိသောကြောင်း၊ ဂါရဝရှိကြောင်း၊ တစ်ဦးနှင့်တစ်ဦး တန်ဖိုးထားကြခြင်းများ ရှိကြပါသည်။

ဦးလေးညိန်း ရေလုပ်ချင်သည်များကို၊ ဖေဖေ (နန်းတော်ရှေ့ဆရာတင်)က နိုင်းလျှင်၊ တစ်လုံးတစ်ပါဒမျှမငြင်း၊ မျက်နှာမပြောင်း၊ ဆောင်ရွက်ပေးတတ်ပါသည်။ မှုလ၊ ဦးလေးညိန်း က သီချင်းရေးပြီး တတ်ပြားချင်းရန်၊ ရည်ရွယ်ခဲ့ဟန်မတူပါ။

# မြို့ခေါင်းစဉ်း နှင့် သူ့အနုပညာ

ဖေဖေ က၊ "ဟော – မောင်ညိန်း၊ ဒီနှစ်ငါ့မှာ၊ ဓာတ်ပြားက (၁၂) ပြားသွင်းရမယ်ကွဲ့၊ ငါ့ကိုကူပါဦး၊ မင်းကနှစ်ပုဒ်သုံးပုဒ်ရေးပေးပါ"ဟု၊ ဆိုခဲ့ရာ၊ နောက်တစ်နေ့တွင် သီချင်းစာရွက်များယူလာ၍၊ ဖေဖေ့ကို သီဆိုပြရာ၌၊ ဖေဖေက၊ "တယ်ကောင်း၊ တယ်ကောင်း၊ ကောင်းလိုက်တဲ့သီချင်းတွေ"ဟု ဆိုလျှင်၊ ဦးလေးညိန်း က ပြုံး၍၊ ပြင်စရာရှိက ပြင်ပါဟုပြောရာတွင် "အောင်မယ်လေး မောင်ညိန်း ရဲ့၊ ချောပြီးသားဟာ ချွေပေါ်ထပ်စရာ မလိုပါဘူး ကွယ်၊ မင်းသီချင်းက၊ ဆရာစားမကျန်ပါဘူး"၊ ဟုပြောအပြီး၊ နှစ်ဦးသား ရယ်မြူးကြရာ၊ နန်းတော်ရှေ့ဆရာတင် ဖေဖေ့ရယ်ပုံနှင့် ဦးလေးညိန်း ၏ ခနိုးခနဲ့ အပြုံးကလေးများကို ယနေ့ထိ မေ့ပျောက်ခဲ့ခြင်း မရှိသေးပါ။

တစ်ချိန်မှာ၊ ဦးလေးညိန်း သည်၊ အရက်သောက်သည့်အပြင်၊ အပိုလေး (ဘိန်း) ပါလာခဲ့ရာ၊ ဖေဖေ့နားရောက်သဖြင့်၊ ဦးလေးညိန်း အား ခေါ်၍၊ နန်းရှေ့၊ ရန်ကင်းတောင်နှင့် သရက်ကုန်းလမ်းခွဲ၊ ကိုဇောကြိုင် ခေါက်ဆွဲဆိုင်က အစောင့်တွင် ဦးလေးညိန်း ရောက်လာသည်။

"ကျွန်တော့်ကိုခေါ်တယ်ဆိုလို့ လာတာပါ"ဟု ပြောအပြီး၊ ဖေဖေ ကလည်း သွယ်ဝိုက်ခြင်းမရှိ၊ "ဟုတ်တယ်မောင်ညိန်း တို့တတွေဟာ၊ အရက်နဲ့ ပျော်တာ ရှိပါတယ်၊ ဉာဏ်ရွှင်တယ်ပေါ့ကွယ်၊ အေး – အရက်ထက်ပိုပြီးဆိုးတဲ့ အလုပ်ကို လုပ်ရင်တော့၊ မကောင်းဘူး၊ အဲဒါခေါ်ပြောတာပါ" ဟုပြောရာတွင် ဦးလေးညိန်း က ဆေးလိပ်မှာ နားထောင်နေရာက၊ သွက်လက်စွာပင်၊ "ဟုတ်ကဲ့ နောက်မလုပ်တော့ ပါဘူး" ဟု ရယ်မြူးစွာ ဂါရဝပြုင်၊ ကတိပြုပြောကြားသည်ကို ကြားမိဖူးပါသည်။

တစ်ခါတစ်ရံ ဖေဖေက သီချင်းရေးပြီး မြို့မအသင်းသွား၍၊ "ဟော – မောင်ညိန်း၊ ဒီသီချင်းကို မင်းစိတ်ကြိုက်၊ မင်းသဘောအတိုင်း၊ တီးလုံး တိုက်ကွာ" ဟူသောစကားများကိုလည်း၊ အနုပညာဝိုင်းနှင့်ပတ်သက်၍၊ သူတို့ နှစ်ဦး၏ အပြန်အလှန်ယုံကြည်မှု သန့်ရှင်းကြည်လင်မှုရှိသော ဆက်ဆံရေးများကို တွေ့ရတတ်ပါသည်။

ဦးလေးညိန်း သည်၊ ဂုဏ် တွေ ပါဝါတွေမရှိ၊ ပကတိအရှိအတိုင်း နေတတ်ပါသည်။ သီချင်းရေးသည့်အခါ၊ ဘေးကလူရှိလျှင်ပင်၊ ရှိမှန်းမသိ၊ တယောလေး စမ်းတီးလိုက်၊ စာရေးလိုက်၊ ဆေးလိပ်တို ကောက်ဖွာလိုက်၊ ခုက်ဆဲပြန်ချလိုက်နှင့် တစ်ခါတစ်ရံ မီးမရှိသော ဆေးလိပ်ကိုပင် ဖွာပြီးမှ ငုံ့ချချင်ချပါသည်။

သူ၏မျက်နှာကမူ သိချင်းရေးသော စာရွက်ပေါ်၌ သူတင်ရေးချလိုက်သော စာလုံးများ၊ လက်မှတီးနေသော၊ သံစဉ်များနှင့်သာ စိတ်ဝင်စားနေတတ်၍၊ တစ်လောကလုံးအား မေ့နေဟန်တူပါသည်။

ဦးလေးညိန်း သည်၊ သူသဘောမကျသည်များရှိလျှင်၊ မည်သူ့မျှ စကား မပြောပါ၊ ဆိတ်ဆိတ်နေတတ်ပါသည်။ ထိုအခါများ၌ မုတ်ဆိတ်ပါးသိုင်းမွေးများ ရှည်နေခြင်းကိုပင်၊ ဂရုမစိုက်တတ်ပါ ဖေဖေ၊ နန်းတော်ရှေ့ တွေ့ပါက "ဟော မောင်ညိန်း၊ မုတ်ဆိတ်မွေး များလည်း ရိတ်ပါဦးကွဲ့ ဟု ပြောလျှင်၊ တော်တော် အကြည်ရဆိုးနေသလားဟုပင် ပြန်ပြောတတ်ပါသည်။

ဦးလေးညိန်း သည်၊ လူအများကို အပြုံးဖြင့် နှုတ်ဆက်တတ်ပါသည်။ အပြုံးဖြင့် စကားပြောတတ်ပါသည်။ ဟက်ဟက်ပက်ပက် ရယ်မောခြင်း၊ လှောင်ရယ်၊ ရယ်မောခြင်းများဖြင့်၊ ပြောဆိုတတ်လေ့မရှိပါ။ တူရိယာခုံလင်နှာဖြင့်၊ သူ့သီချင်း များကို၊ သူ့စိတ်ကြိုက် တီးလုံးတိုက်နေသောအခါ၊ သီဆိုသူ (သို့မဟုတ်) မင်းသမီးဖြစ်သူက၊ သူ့စိတ်ကြိုက်၊ သီဆိုနိုင်ခဲ့သောအခါ၊ သူ၏ မေးစွန်းကလေးကို ပွတ်သလို၊ ဆိတ်သလိုဖြင့် ဆေးလိပ်တိုကိုခဲ၍၊ ပြုံး၍၊ ပြုံး၍ နှစ်သိမ့်ကြည်နူး နေတတ်လေ့ရှိသော ဦးလေးညိန်း ၏ ဟန်ကို ယနေ့တိုင် မမေ့နိုင်ခဲ့ပါ။

ဦးလေးညိန်း သည်၊ စားစရာ၊ ဝတ်စရာရှိခြင်း၊ မရှိခြင်းကို သူ့ပေါင်တိန် ထက် ဂရုမစိုက်ပါ။ ကမ္ဘာစစ်ကြီးပြီးခါစတွင်၊ ပေါင်တိန်ကိုင်နိုင်သူ ရှားပါသည်၊ ပေါင်တိန်ရှိသော်လည်း၊ မင်မရှိသောခေတ်တွင်၊ ဦးလေးညိန်း တွင်၊ ပေါင်တိန်ရော၊ မင်ရော ရှိခဲ့ပါသည်။ ထိုပေါင်တိန်၊ မင်တို့ဖြင့်၊ ၁၉၄၈ – ခုနှစ်၊ ဖေဖေ နန်းတော်ရှေ့ဆရာတင် ၏၊ အောင်မှန်ဒိုင်ယာရီထဲ၌၊ "ဆရာနန်းတော်ရှေ့ ခင်ဗျား၊ ကမ္ဘာ့ဝါတန်းသို့ ထမင်းစားကြွပါ – မောင်ညိန်း" ဟုလက်မှတ်ထိုးထားသော စာချုပ်ကလေး ယနေ့တိုင်ရှိပါသည်။

ဦးလေးညိန်း၊ ဦးလေးညိန်း၊ သူစိတ်ဆိုးသည်ကို ကျွန်တော်မတွေ့ဘူးပါ၊ ကျွန်တော်အား ငါ့ – ရဲ့ အချစ်ဆုံးဆရာ၏ သား ဟူ၍၊ "မိုးနန်း၊" "မိုးနန်း" ဟု ခေါ်ပါသည်။ သို့ရာတွင် ဖေဖေ အနိစ္စရောက်တော့၊ ငါ့ကိုဘာလို့ လာမပြော တာလဲ ဟု စိတ်ဆိုးပြောဖူးပါသည်။

လူအများထဲက၊ စာရေးဆရာ၊ နန်းတော်ဆောင် ဆရာခင်က "ဟာ - ဆရာကလည်း၊ တိုက်ပွဲတွေ ဖြစ်နေတဲ့ကြားထဲ၊ အရှေ့ပြင်၊ အနောက်ပြင်၊ ကူးလို့ မရဘူးလေ" ဟု ဝင်ရောက်ပြောသောအခါမှ၊ "အော် - ဆရာ ဆရာ၊" ဟုပြော၍ မျက်ရည်များကျ၍ "ဆရာရေ အမျှ၊ အမျှ" ဟု အမျှဝေနေပါသည်။

ဗေဒ နန်းတော်ရှေ့ဆရာတင်၊ မရှိသည့်နောက်၊ ဓေတုအုတ်ဂူရှိရာ၊ အုန္တစက်သုသာန်သို့သွား၍ ပုတီးစိပ်ခြင်း၊ ထိုင်နေလေ့ရှိခြင်းများကို မန္တလေးရှိ အနုပညာဂီတသမား တော်တော်များများ သိကြပြီးဖြစ်ပါသည်။

ဦးလေးညိန်း သည်၊ အလွန်ကြောက်တတ်ရှာပါသည်။ ကမ္ဘာစစ် အတွင်းက၊ လေယာဉ်ပျံများသည်၊ နေ့ (၁၀) နာရီ၊ (၁၁) နာရီ မန္တလေးမြို့ပေါ်နှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက်၊ ဗုံးကျဲခြင်း၊ စက်သေနတ်များဖြင့် ပစ်ခြင်းတို့ကြောင့်၊ ဆောဆောစားသောက်၍၊ မြေကတုတ် ဗုံးခိုကျင်းထဲက တစ်နေ့လုံးဝင်နေရှာပါသည်။

ဤသို့ အန္တရာယ်ကို ကြောက်တတ်ရှာသော ဦးလေးညိန်း ၏ ကွယ်လွန်ခြင်း သတင်းကို ကြားသိရခြင်းနှင့်အတူ၊ သတင်းများ၊ ဆောင်းပါးများတွင်၊ မန္တလေးရုပ်ရှင်၏ ဂီတမှူးဟူသော၊ ဖေါ်ပြချက်များကို တွေ့ရပါသည်။ ရောင့်ရဲတင်းတိမ်မှုရှိသော၊ ဦးလေးညိန်း အတွက်၊ ဤသတင်းတို့သည်၊ လုံလောက်ပါပြီလား၊ ဦးလေးညိန်း ရယ် - ။



# မြို့မဆရာငြိမ်း မှ မြို့မဆရာငြိမ်း ပါ

နန်းတော်ဆောင် - ဆရာစင်

ဟံသာဝတီသတင်းစာ (၂၀ – ၆ – ၆၄) နေ့ထုတ်တွင် ကာတွန်းဆရာကြီး ဦးဟိန်စွန်း က ယနေ့နာမည်ကျော် ရေပန်းစားနေသော (နှစ်ယောက်ထဲ နေချင်တယ်) သီချင်းကို နန်းတော်ရှေ့ဆရာတင် ရေးစပ်ခဲ့ကြောင်း အကိုးအကား များဖြင့် ရေးကြောင်း၊ အကိုးအကားများဖြင့် တင်ပြရေးသားသွားသည်ကို ဖတ်ရှု လိုက်ရသဖြင့် အံ့အားသင့်သွားပါသည်။

အဘယ်ကြောင့် အံ့အားသင့်ရပါသနည်းဆိုသော်၊ ကျွန်တော်သိခဲ့၊ သိခဲ့ရသလောက် ဆိုပါမူ (နှစ်ယောက်ထဲနေချင်တယ်) သီချင်းကို စပ်ဆိုသော ပုဂ္ဂိုလ်သည် ဆရာငြိမ်း ဖြစ်ကြောင်း အောက်တွင် ဖေါ်ပြပါ အထောက်အထား များက သက်သေခံလျက်ရှိနေပါသည်။

လွန်ခဲ့သော – ၂၅ – နှစ်ကျော်ခန့်က ရန်ကုန်မြို့မှ မြန်မာ့ဆိုင် အောင်မင်္ဂလာ ဓာတ်ပြားကုမ္ပဏီတစ်ခု ပေါ်ပေါက်လာပါသည်။ အဆိုပါကုမ္ပဏီက မန္တလေးမြို့မ တေရိယာအဖွဲ့နှင့် ဓာတ်ပြားသွင်းရန် မန္တလေးမြို့ ခန်းညွှန့်ဦးမောင်ကလေးက လုံးဝတာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ မြို့မနှင့်ကုမ္ပဏီတို့ စာချုပ်ရာတွင် သီချင်း ဘယ်နှစ်ပုဒ်ဟု မမှတ်မိတော့ပါ။ ကျွန်တော်မှတ်မိသလောက် မြန်မာကုမ္ပဏီကို အားပေးသောအနေဖြင့် မန္တလေး ဒါးတန်းဦးသန့် ၏ ဒါးတန်းဝင်းထဲမှတိုက်တွင် မြို့မငြိမ်း ၏ ကသစ်ဝန်းနှင့် နှစ်ယောက်ထဲနေချင်တယ် သီချင်းနှစ်ပုဒ်ကို ဦးသန့် နှင့် မြို့မတေရိယာအဖွဲ့တို့ တီးလုံးတိုက်ကြပြီးနောက်၊ မန္တလေးမြို့၊ ရဲသီပွဲကျောင်း အရှေ့၊ ဆောင်တော်မှူးဘုရား အနောက်ဘက်ရှိ ဝင်းမြနှင့် တိုက်ထဲတွင် အဆိုပါ နှစ်ယောက်ထဲနေချင်တယ် သီချင်းကို ဓာတ်ပြားသွင်း ခဲ့ခြင်း ဖြစ်ပါသည်။

နှစ်ယောက်ထဲနေချင်တယ် သီချင်း စာတိပြားသွင်းစဉ်က သီဆိုတီးမှုတ်ကြသူများမှာ အဆိုတော် လောကတံမြဲရင်၊ စန္ဒယား ဖြိုးမအဖွဲ့ဥက္ကဋ္ဌဦးဘကြင်၊ အကော်ဒီယံ ဦးသန့် (ခိုင်းအုပ်)က အကော်ဒီယံတစ်လှည့် စန္ဒယားတစ်လှည့်တီး၏၊ ဆိုက်ဆိုဖုံး ဦးအေးကျော် (ယခု မန္တလေးပန်တျာကျောင်း ပန်းချီနည်းပြဆရာ)၊ တယော (ကွယ်လွန်သူ)ဦးကြီးငွေ၊ ဘင်ဂျို (ကွယ်လွန်သူ)ဖြိုးမငြိမ်းတို့ဖြစ်ပါသည်။

အဆိုပါ နှစ်ယောက်ထဲနေချင်တယ် သီချင်းကို ဖြိုးမငြိမ်းရေးစပ်ခဲ့ကြောင်းဖြင့် (၁) စာရေးဆရာကြီး ဦးမြမျိုးလွင်၊ (၂) မန်းညွှန့် ဦးမောင်ကလေး (ခေါ်) လောကတံမြဲရင် ၏ ခင်ပွန်းဟောင်း၊ (၃) ခါးတန်း ဦးသန့်၊ (၄) (ကွယ်လွန်သူ) နန်းတော်ရှေ့ ဆရာတင် ၏ဇနီး ဆရာကတော် ဒေါ်ဗေါ်လင်တင်၊ (၅) နာမည်ကျော်စာတမ်းသား ရွှေနန်းတင် (နန်းတော်ရှေ့ ဆရာတင်၏သား)၊ (၆) ဦးအေးကျော် (ယခု မန္တလေးပန်တျာကျောင်း ပန်းချီနည်းပြဆရာ) တို့ကလည်း ပြောပြသိရှိရပါသည်။ ဤလူကြီးလူကြီးများသည် ယခုတိုင် အသက်နှင့်ထင်ရှားတွေ မန္တလေးမြို့တွင် နေထိုင်လျက် ရှိကြပါသေးသည်။

ထို့ကြောင့် နှစ်ယောက်ထဲနေချင်တယ် သီချင်းသည် ကွယ်လွန်သူ ဆရာငြိမ်း ရေးစပ်သောသီချင်းဖြစ်ကြောင်း ကိုယ်တွေ့သိရှိ တွေ့ကြုံရချက်များကို နိုင်လုံစွာ တင်ပြလိုက်ရပါသတည်း။

ဟံသာဝတီ သတင်းစာ၊ စာမျက်နှာ(၆)

၂၉ - ၆ - ၆၄



## တောင်းကင်မြစ်ပေါ်က အလင်းကမ္ဘာ

### မောင်ရှုထက်

**ဖြိုးမငြိမ်း ..... သို့**

၁၉၀၉ - ၁၉၃၃

- အချစ်ရေ
  သူ့တေးအသစ်ဟာ
  မြကျွန်းရေအစမှာ စီးဆင်း
  ဧရာဝတီ သီချင်းသံလို အနှစ်
  သံမဏိမြစ်တစင်းအလား ဟယ်
  ကမ္ဘာမြေမှာ ကခုန်နေထဲပါကွယ် . . .

- အဘောအရာလို ဘေး
  ပိတောက်သစ်ရို ချွေး
  ငြိမ်းချမ်းဘေး ရှိရှိစေ
  နှလုံးသား ခေါင်းလောင်းတီးလို့ ဟော . . .

- မြေသားဂီတဦး
  သူ့ အသည်းကြားကနေ ထုံစေလွှင်
  ဟော - အလင်း မွှင့်သံတွေပါလား . . .

## မြို့မငြိမ်း နှင့် သူ့အနုပညာ

\- ကြားရပြီနော်
နားနဲ့ဆတ်ဆတ်
ဘဝနဲ့ ပါးချင်းအပ် အထိ
ပကာတိရုပ်ပုံလွှာ
သူ့ရင်အုံ ပီယာနိထဲမှာ
ကောင်းကင်ပေါ်က ကြယ်စလေးတွေရဲ့ အကွရာ
ပက်လက်လှန်ထားတဲ့ အနုပညာဘူမိကမ္ဗလာ
နေ ပမာ မျက်လုံး
လ ပမာ မျက်ခုံးကလေးဝင့်
သူ့အိတ်ထောင်လေးထဲမှာ ခဲတံကလေးအသင့်
ရင်ခုန်သံတွေမှင့်ဝေ
အချစ်ရေ
သီချင်းတွေ ဆိုကြအုံး နို့လေ . . .
.... "ငြိမ်းချမ်းရေးသည် ပျားရည်ကဲ့သို့အစဉ်
တမာပင် သရက်ပင် ဘာပင်ရှိရှိ
ချိုပြီအရသာ မစွန့်သည်သာပင်" . . .

\- သူ့နှလုံးသွေးထဲက စီးဆင်း
သီချင်း စမ်းတွင်းကလေးဟာ
အေးမြစွာ ထာဝရပါလား . . .

- စစ်ကိုင်းတောင်ရိပ်
  အိပ်မက်မှုင်ဖူး
  ရွှေဦးသစ်ကို စံစား
  နှင်းဆီတွေကို အသစ်ပျိုး
  အနုပညာ မော်တန်နိုးနဲ့ ဖန်ဆင်း
  မန္တလေးတောင်ရဲ့ခြေရင်း
  ပန်း ခြံသို့မင်းရဲ့ ဝတ်ရည်တွေသောက်ဖို့
  ရန်ကင်းတောင်ခြေကို ဖော်ကြား
  သူ့နှလုံးသား ပြတင်းဝမှာ
  သီချင်း လမင်း အသာ
  ကမ္ဘာမြေပြဟာ တူး ဖို့ တူး ဖို့ နဲ့ က
  နတ်စည်ငယ်လေ ပုစွန်လက်ရုံးအလား
  အရှေ့နှီးမကြီးလို မာလိုက်တဲ့ အား
  ဝိတောက်သစ်တွေ ပွင့်စေခဲ့ပါရော လား . . .

- သူ့တေးလက်ဆောင်
  စံပယ်ဖြူတောင်ကလေးရဲ့ ရနံ့တွေနဲ့
  နှလုံးသားရောင်စဉ် ရွှေးတွေးခဲ့
  လက်ဖက်ရည်တစ်ခွက်နဲ့ ဆေးလိပ်တစ်တိုနဲ့
  ညတွေမအိပ်တဲ့ အရှက်ကြဲ သန်းခေါင် ထဲမှာကွဲ့
  ယုံကြည်ချက်ကို ထုသွန်းခဲ့
  ဂီတ သင်္ကေတတွေ ရေးခြစ်တဲ့
  သူ့နှလုံးသား ဆောင်နံပေါ်မှာ
  ကချေရောင်နဲ့ ပြေးနေတယ် . . .

- အချစ်နိမိတ်ပုံသစ် အသွင်း
  သက်ဝေရဲ့ မက်မပြေတဲ့ နိဒါန်းဦး
  ဖြူဟွာကြီးလေးဦးက အစ
  လှ ဝီသစွာ ချစ်တတ်
  အချစ်ဖြတ်သူတို့ရဲ့လမ်း
  ကိုယ်ကျိုးစွန့်စိတ်နဲ့ အနုပညာကိုထမ်း
  အလှပန်းတွေကို သူမျိုး
  အနာဂတ် အလင်းမိုးတွေ ရွာစေ
  ချစ်သူတွေ လက်ချင်းထိယှက်
  မင်္ဂလာ မနက်ဦးဟာ
  နှင်းဆီတစ်ဖူးလို ရို့
  အလို . . .

- ဘဝကို ရှေ့ရှု
  ချစ်သူတွေအတွက်
  ရှုမျက်မှန် သွန်ကာကြ
  ရင်ထဲက မသေတဲ့ အက္ခရာအသစ်ရဲ့
  နှလုံးသား စုတ်ချက်တွေ အကဲ
  ရှေ့ဦးပန်းတွေလို ဖိုဝေကြ
  အလှ ရသ ကြည်စေ
  တေး ပင်လယ်ထဲက လှေကလေး
  ရသ ပုံကိုင်လို့ သူ့ရွက်လွှင့်နဲ့ လေးသပ . . .

– ခံစားတတ်သူတွေရဲ့
နားဝ က သောတကာဗျာ
ဟယ် . . . လှ နေလိုက်တာ နော် . . .

– သြော်–အမှတ ရသနဲ့
သန္တ တွေ ထုံကြိုင်မွှေး
သူ့ခံတံလေးပေါ်က တေး ပန်းပွင့်လက်ရေးဟာ
တွေး တွေး တောက် တောက်နဲ့
မနက်ဖြန်တံခါးပေါက်မှာ
ဖြူသော်ရွှေထောက်နဲ့ လမ်းလျှောက်နေပါလား . . .

– ထမင်းနဲ့ သီချင်း
ယုံကြည်ရင်း ခံစား
ဘဝကို ရောင်းမစားတဲ့ သူ့လက်ဟာ
သူ့ဦးနှောက် ရွှေထက် အဖိုးထိုက်သကို
သီချင်းကလေးတွေသာ ဆိုတဲ့ မှတ်ကျောကလေး
အနာဂတ်ကို ရေးလို့ . . .

\- နောက်ဆုံးနေ့ရာ
ရေချမ်းစင်ကလေးနဲ့တမာပင်ရိပ်
ကွပ်ပျစ်ထိပ်က ဖိနပ်တစ်ရံရဲ့ နိဂုံး
မန္တလေးရဲ့ အရုဏ်ကြိုသစ်အပြုံးဟာ
မျက်ရည်တွေပုန်းနို ဘယ်တော့မှ မဆုံး
ရင်ထဲကနေ ရှုန်းကြွ
ဘဝဇာတ်အသိမ်း
ပန်းအိမ်ကလေးထဲကနေ အတိမ်း
ကမ္ဘာမြေရဲ့ ရသအစိမ်း
ဗိညာဉ်နဲ့လိမ်းသုတ်
နောက်မဆုတ်တဲ့ သီချင်းတစ်ပုဒ်ဟာ
ဆင်ဖိုနီတွေနဲ့ လှုပ်ခါနေပါလား . . .

\- နောက်ဆုံး တေးကျူ
တိမ်လွှာမို့ မိုနဲ့သူ
ကမ္ဘာသူ ကမ္ဘာသား
မြန်မာမှု မြန်မာအားနဲ့
နှလုံးသား တေး မီးအိမ်ကလေးကိုထွန်း
ချစ်ခွန်း တွေဆိုကာချွဲ
ဘဝနေ့ လမှန်းအတည်
သူ့ရင်ထဲက ဆစ်ထုနဲ့တဲ့စာသား
ငါ့ အသည်းကြားထဲ လာထင်
.... ခေတ်မီမီကမ္ဘာကြည့် ကြည့်မြင်တဲ့
ခေတ်မီမီကမ္ဘာကြည့် ကြည့်မြင် . . .

သူ့တေး ရေစင် အပက်
ကမ္ဘာမြေ ရှင်ပြန်လျက်
သန္တိ ငှက်ကလေးတစ်ကောင်
တန်ခူးရဲ့ မနက်ဦးမှာ
မြန်မာ ရှေ့သို့သမ်း
သူဖြတ်ခဲ့တဲ့ မြွေနှစ်ကောင် လမ်း
အကျွရာကြာသစ်တွေ ပွင့်ဝေစေမ်း
အုံမခန်းတဲ့ နတ်ဂီတ
သန္တိ ရသကြိုင် ယေစ
သောဖြင်းမဲ့ သီချင်း ရှိ
နှလုံးသားကို ထူး မခတ်
လတ်ဆတ်တဲ့ လေညှင်း
သီချင်းသစ်တွေ မွေ့ထူရှင်း
နှလုံးသွေးထဲက သူ့သီချင်း

## ဖြိုးမငြိမ်း နှင့် သူ့အနုပညာ

ကမ္ဘာမြေရဲ့ အလင်္ကာ
လွတ်လပ်စွာ က ခုန်
ရသ နိမိတ်ပုံ ဖုံသံပဲနိုး
ကောင်းကင်သစ်ပေါ်က မိုးတွေချိမ်း
သိင်္ဂါရ တေးတစ်သိန်း ဟာ
လျှပ်စီးတွေ လိမ်းသုတ်ထားတဲ့
နွားနို့မြစ်ပေါ်မှာ
အနုပညာ အတွက်
အသက်နဲ့ရင်း
ထုထွင်း
သူ့ သီချင်းကမ္ဘာ
အလင်းကျော ......

မောင်ရွှေထက်
အမေ့အိမ်ပေါ်က
မပြီးသေးတဲ့ ပန်းချီကားတစ်ချပ်ကို ရင်ခုန်ခံစားခြင်း။
၁၉၈၅ – ဧပရယ် – ရွှေအကြိုနေ့ဦး

## မြို့မငြိမ်း





# မြို့မငြိမ်း နှင့် သူ့အနုပညာ

၁၉၅၅-ခုနှစ်၊ မြို့မငြိမ်း ကွယ်လွန်ပြီးခဲ့သောအချိန်မှ ယနေ့အထိ၊ မြို့မငြိမ်း နှင့် သူရေးစီသော သီချင်းကလေးများနှင့် မှတ်သက်၍၊ ကြည့်ရှုမယ်ရာ မှတ်သားမှုမျိုးလေးများ မပေါ်ဘူး၊ မရှိဘူးခဲ့သေး၏၊ "မြို့မငြိမ်း နှင့် သူ့အနုပညာ" သည်၊ ဤသို့သော မှတ်သားမှုမျိုးလေးတစ်ခုအဖြစ်၊ သူ့ဘဝ၊ သူ့ဂီတ၊ သူ့အနုပညာအလုပ်အပေးများအပေါ် ရင်းရင်းမြစ်မြစ် ရှိခဲ့သော၊ သူ့ဝန်းကျင်၊ သူ့အပေါင်းအသင်းများသို့ ထိတွေ့ကြားမှာ မှတ်သားခဲ့ရသည်များနှင့်၊ သူ့စနီး၊ သူ့သားသမီးများ၏ သို့မှီး၊ သိမ်းဆည်းထားခဲ့ကြသည်များကို၊ စုစည်းဖေါ်ထုတ်မှု ပြုခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ ဤစုစည်းဖေါ်ထုတ်မှုများကို၊ အစဉ်လိုက်ဖြစ်စေရန်အနေဖြင့်၊ အမေ၏အသိ၊ အမေ၏စကား များဖြင့်စပါမည်။ မြို့မငြိမ်း အကြောင်းဆိုလျှင် ကြီးကြီးငယ်ငယ် အလွန်မြော်ချင်သောအလေ့၊ အမေမှာရှိခဲ့ပါသည်၊ တနည်းအားဖြင့် ၊ မြို့မငြိမ်း ၏ အကြောင်းများတွင် အမေ ပါဝင်ရမှုများလည်း အလွန်နှံခဲ့ပါသေးသည်။

မြို့မငြိမ်း ၏ "ချစ်တာပဓာန"ကို အမေသိသည်၊ "မုန့်ဒါလီ"၊ "နှစ်ယောက်ထဲ"၊ "ကသစ်ပန်း"လည်းသိသည် "သက်စေ"လည်းသိသည်၊ "မိုးမှာတမ်း"လည်းသိသည်ဟု အမေကဆိုခဲ့ပါသည်။ ဤသို့ အမေသိသော မြို့မငြိမ်းအကြောင်း၊ မြို့မငြိမ်း ၏ သီချင်းများအကြောင်း အများကြီး ရှိခဲ့ပါသည်။ မြို့မငြိမ်း အကြောင်းများတွင် မြို့မငြိမ်း အကြောင်းကိုသိသော အမေ (ဒေါ်သန်းမေ) ဖြင့် စခြင်းသည်၊ သင့်မြတ်ကောင်း၏ဟု ယူဆမိပါသည်။

ဖိုး လောကအမွန်



(အမေ)
အလက်ဘုကျော်ရွာ မြို့မငြိမ်း စန်း
ဆရာမ ဒေါ်သန်းမေ

# အမှာအသိ၊ အမှာစကား

မြို့မငြိမ်း ၏ ဦးစွာသော ဓါတ်ပြားသီချင်းများသည်၊ "ချစ်တာပဘောနှ"၊ "စင်အိပ်မက်"၊ "ရွှမဝ"၊ "အလှပြိုင်ပွဲ"တို့ဖြစ်သည်၊ ထိုသီချင်းများကို အသံသြဇာကောင်း၍ အဆစ်အလှူး တို့နှင့်ဆိုတတ်သော "ကိုသန့်စင်" အသံလွှင်၍ အညှာအချိုကလေးများနှင့် ယဲ့ယဲ့စေး ဆိုတတ်လေ့ရှိသော "မစင်သန်း"တို့ သီဆိုခဲ့ကြသည်။ သူတို့နှစ်ဦးလုံး မြို့မအဆိုတော်များ ဖြစ်ကြသည်။ မြို့မ၏ တီးကွက်၊ တီးလက်ကို အထောနုပ်သည်။

မြို့မတူရိယာအသင်းက စောတ်ပေါ ဆိုက်ဆိုဖုန်း၊ ထရမ်ပက်၊ ကလာရီနက်၊ အကော်ဒီယံ၊ စသောတူရိယာများကို တယော၊ ဘင်ဂျို၊ ဂီတာ တို့ဖြင့် တွဲဖက်တီးမှုတ်ပေးခဲ့သည်။ ထိုသီချင်းဓါတ်ပြားတို့သည်၊ တူရိယာနှင့် သံစဉ်ဖွဲ့စည်းမှုများကို တစ်ခေတ်ဆန်း၍သွားစေခဲ့သည်၊ မြို့မငြိမ်း နှင့် မြို့မတူရိယာအဖွဲ့တို့သည်၊ ထိုသီချင်းများမှ အစပြု၍ ဓါတ်ပြားနှင့် ဂီတလောက တွင် ထင်ရှားလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ကြောင်း၊ အမေက ပြောပြခဲ့ပါသည်။

မြို့မငြိမ်း ၏ သီချင်းများကို အမေချစ်သည်၊ မြတ်နိုးသည်၊ အလွန်လည်း တန်ဖိုးထားခဲ့ပါသည်။ ၁၉၅၅ - ခုနှစ် "တိမ်လွှာနီ့နီလွှင်" ကို မြို့မငြိမ်း ရေးသားခဲ့သည်။ တယောချိုးနှုံဖြင့် လေ့ကျင့်ကြသည်၊ တီးလုံးတိုက်ကြည့် ခဲ့ကြသည်၊ အသံများ "ချစ်"နေသေးသည်ဟု၍ ဆွေးနွေးနေကြရာမှ မချော်လင့်ဘဲ မြို့မငြိမ်း ဘဝ နိဂုံးအဆုံးသတ်ခဲ့ရပေသည်။

ဤသီချင်းကိုတော့ အမေကချစ်ခဲ့၊ မြတ်နိုးခဲ့၊ တန်ဖိုးထားခဲ့သာမက၊ ယူယကြင်းလည်းရှိခဲ့သည်၊ "တိမ်လွှာနီ့နီ့လွှင်" မဟုတ်ဘူးငါ့သား "နီ့နီလွှင်" နောက် "နီ"မှာ အောက်မြစ်မပါဘူးဟူသော အမှာစကားမှာကြားရတာပါသည်ဟု ထင်မိပါသည်။

၇၀ လောကအမွန်



မြို့မစင်သန်း (ခေါ်) မစင်သန်း
သီဆိုခဲ့သော "ချစ်တာပထားန" ဓါတ်ပြား

မြို့မငြိမ်းသည် သီချင်းများရေးရာတွင်၊ အကြောင်းအရာ၊ စာလုံးလွန်စွာ စိစစ်သည်၊ မှမ၀၊ ဘင်ဂျို၊ မေဒါဝီ၊ တကြိုက်ထဲကြိုက်၊ ကရဝိတ်မြူးစစ်၊ အစရှိသော သီချင်းများသည်၊ ရိုးရိုးအပျော်ရေး၊ အပျော်ဆိုသီချင်းများ ဖြစ်သော်လည်း ပါရမီတော်၊ နန်းမြို့တော်၊ တစ်ချစ်ထဲချစ်၊ ဒေါင်းစကြာယာဉ်၊ စာဆိုစံလလုံး သေသည့်သီချင်းများကိုမူ၊ ကျွမ်းကိုးကျွမ်းဂဘာ၊ စာကိုစကားတွေနှင့် ရေးထား ခဲ့ပါသည်။

ဖြိုးမငြိမ်း အိပ်သော ကုတင်ဘေးတွင် သူကိုယ်တိုင် ပြုလုပ်ထားသော ခုံကလေးတစ်ခုရှိသည်၊ ထိုခုံကလေးပေါ်တွင်၊ ဓိသုဒ္ဓိမဂ်၊ မာလာလင်္ကာရ ဝတ္ထုတော်ကြီး နဝဒေးဆိုရတုပေါင်းချုပ်၊ နတ်သျှင်နောင်ရတု၊ ဂီတဝေနေကျမ်း၊ သုတေသီ၊ ဦးဖုညာဏ်ဝတ္ထာစာ၊ မြန်မာ့သွန်ပေါင်းကျမ်း၊ အနုစာပေကောက်နုတ်ချက်၊ အစရှိသော စာအုပ်များရှိသည်၊ ထိုစာအုပ်များသည်၊ မြန်မာစာပေတွင် ထင်ရှားသည်၊ တချို့သီချင်းများ၏ အကြောင်းအရာများ၊ စာလုံးများသည်၊ ထိုစာအုပ်များထဲကရကြောင်း၊ ဖြိုးမငြိမ်း က ဆိုခဲ့သည်ဟု သိရပါသည်။

ဖြိုးမငြိမ်း တွင် ဤသို့ လက်တစ်ကမ်းထားသော စာအုပ်များအပြင်၊ တင်းရှူးသေတ္တာများဖြင့်ထားသော စာအုပ်များလည်းရှိပါသေးသည်။ ထိုအထဲတွင် အနောက်တိုင်း၊ သင်္ဂီတစာအုပ်များလည်း အများကြီးရှိသည်၊ ထိုစာအုပ်များကို တော့ အပြင်ထွင် များများစားစား ပေါ်ပေါ်လွင်လွင် မထားပါ၊ ရှားပါး၍ဟု ဆိုခဲ့ပါသည်။

စစ်မဖြစ်မီက၊ ထိုစာအုပ်များကို၊ မန္တလေးစ်တိုက် က ဝယ်သည်။ မရလျှင် ရန်ကုန်သို့မှာသည်၊ နောက်ပိုင်းတွင် မန္တလေး၊ စိတ်စတိုးကဝယ်သည်၊ ပိုက်ဆံရှိလျှင် စာအုပ်စာတန်း ဝယ်ရန်ဝန်မလေးခဲ့ပါ၊ "စစ်ပြေးစဉ်က သူ့စာအုပ်များကို သယ်ရသည်ကပင် တဝန်တပိုး"ဟု ပြောပြခဲ့သော အမေ့စကားသည်၊ ညည်းတွားခြင်း မဟုတ်ချေ။

ဖြိုးမငြိမ်းသည်၊ အမေနှင့် အကြောင်းမပါမီကပင်၊ တူရိယာအတီးအခတ်ကို တတ်နေသည်။ အမေ "နော်မန်"(ယခု အထက – ၄) ကျောင်းသူဘဝက၊ ကျောင်းကပွဲတစ်ခုတွင် သီချင်းဆိုခဲ့ဖူးသည်၊ အမေဆိုခဲ့သော သီချင်းမှာ "စိန်ကြောင်နီလာ"ဖြစ်ပါသည်၊ အမေ့အဆိုအား တူရိယာတီးခတ်ပေးသူများတွင် "ကိုညိမ်း ပါသည်"ဟု အမေ က မပွင့်တပွင့် ပြောခဲ့ဖူးပါသည်၊ ထို့ကြောင့် နောင်အမေက၊ "နင်တို့အဖေက တစ်ခါတစ်ခါ ငါ့ကို သိပ်စေ့လည်ကြောင်ပတ် လုပ်တယ်" ဟုဆိုသောအခါ၊ ခလေးများက၊ "လုပ်မှာပေါ့၊ အမေတို့က "စိန်ကြောင်နီလာ" နဲ့ စခဲ့ကြတာကိုး" "ချစ်သူ့ကို"နဲ့မှ မစခဲ့ကြတဲ့ ဟူ၍ ပြန်လည်ကျီစယ်တတ်ကြပါသည်။ ဖြိုးမငြိမ်း မိသားစုတို့သည် ဤသို့ တစ်ဦးနှင့် တစ်ဦး စကားလှယ်၊ စကားပေယ်ကလေးများဖြင့် ချစ်စနိုးကျီစယ်တတ်စေရ အလွန်ရှိပါသည်။



ခံစားမှုအနုပညာရှင်ကြီး
ပန်းချီ ဦးဘသက်

## အနုပညာလမ်း။

မြို့မငြိမ်း ၏ အနုပညာလမ်းစများကို ဦးဘသက် သို့ အမေက ညွှန်းခဲ့သည်၊ ဦးဘသက် သည်၊ မြို့မငြိမ်း အား လူရောစိတ်ရောသိသည်ဟု အမေကဆိုခဲ့ပါသည်။

ဦးဘသက် သည်၊ "ရေ့တော်ပြေး" ဟူသော ဝင်းအတွင်း၌နေသည်၊ မြို့မငြိမ်း ၏ အိမ်သည်၊ ထိုဝင်း၏မြောက်ပေါက်တွင်ရှိသည်၊ ဦးဘသက် သည်၊ "စံစားမှု အနုပညာရှင်တစ်ဦး" ဟု တင်စားခံရသော ပန်းချီဆရာကြီးဖြစ်သည်၊ ဦးဘသက် သည်၊ အစဉ်ကြည်လင်ရွှင်ပြစွာ နေလေ့ရှိသည်၊ အရိုမပြည့်မှု ပြုံးမူသည်၊ ဦးဘသက် ၌မရှိ အယုတ်အလတ် အမြတ်မရွေး လိုက်လျောညီထွေ ပေါင်းသင်း ဆက်ဆံတတ်သည်။

ပန်းချီပန်းပု၌သာမက၊ မယ်ဒလင်တီး၊ တယောထိုးလည်း အလွန်ကောင်းသည်။ မြို့မငြိမ်းသီချင်းများအနက် ဦးဘသက်အများဆုံး တယောထိုးလေ့ရှိသော သီချင်းမှာ မြို့မငြိမ်း၏ "ရှင်တာရာတဲ့" သီချင်းဖြစ်ပါသည်။ ဦးဘသက်၏ တယောလက်သံမှာ အတွဲအစက်အနှံ့ အရှောင်းများဖြင့် ဝေဆာမှု ရှိသည်။ ဦးဘသက်၏ တယောသံမျိုးမှာ ကျွင်ယှဉ်၍မရ၊ ထူးခြားသော သူ၏ လက်ချောင်းများကြောင့် ဖြစ်သည်ဟူ၍ "တယော - မောင်ကဲ" ဆိုသူက ပြောပြခဲ့ဖူးပါသည်။

ဦးဘသက် ၏ အိမ်သည်၊ လွတ်လပ်မှုများစွာရှိပါသည်၊ ဦးဘသက် သည် တစ်ကိုယ်တည်းသမားနီးနီးနေသူဖြစ်သည်၊ ဦးဘသက် ၏ အိမ်သို့ ပန်းချီပန်းပု နှင့် သာမက၊ ဂီတနှင့်ပတ်သက်၍ ဝင်ထွက်သွားလာနေကြသော၊ အနုပညာသမား များလည်းရှိသည်၊ ထိုသူများထဲတွင် မယ်ဒလင်၊ ဘင်ဂျို၊ ဂျွတ်စောင်း တို့ကို ကောင်းစွာ တီးခတ်တတ်သော၊ "ဦးလင်း" ဆိုသူပါရှိခဲ့သည်၊ ဦးလင်း သည်၊ မြို့မငြိမ်း ၏ ဦးလေးအနည်းငယ်တော်စပ်ခဲ့ပါသည်။

## မြို့မငြိမ်း နှင့် သူ့အနုပညာ

မြို့မငြိမ်း သည်၊ "ဗုဒ္ဓသာသနာ့ နုဂ္ဂဟ အထက်တန်းကျောင်း"တွင် ပညာသင်ကြားခဲ့သည်၊ ထိုကျောင်းနှင့် သူ့အိမ်သွားရာလမ်းတွင်၊ ဦးဘသက်၏ အိမ်ရှိသည်။ မြို့မငြိမ်းသည် ကျောင်းသို့သွားရာတွင် ဦးဘသက် ၏ အိမ်ရှေ့မှ ဖြတ်သွားလေ့ရှိပါသည်။

ထိုသို့သွားရင်းလာရင်း ဦးဘသက်နှင့် ဦးဘသက် ၏ အနုပညာများကို စိတ်ဝင်စားမှုရှိ၍ ဝင်ရောက်ငေးမောနေလေ့လည်း ရှိသည်။ ပြင်ပသို့ ဦးဘသက် ပန်းချီရေး ထွက်သောအခါများ၌လည်း လိုက်သွားလေ့ရှိသည်၊ ထို့ကြောင့် အသက်(၁၄)နှစ်သားအရွယ်ခန့်တွင်၊ မြို့မငြိမ်း အား ဖခင်ဖြစ်သူ ဦးညို က၊ ဦးဘသက် ထံ အပ်နှံပေးခဲ့ပါသည်။

မြို့မငြိမ်း ၏ ဖခင်မှာ ထိုခေတ်က စိန်ထည်ပစ္စည်းများ ကိုင်တွယ်ရာတွင် သေသပ်နှစ်တ်သော ပန်းထိမ်ပညာရှင်တစ်ဦးဟု လူပြောများပါသည်။

မြို့မငြိမ်း သည်၊ ဝါသနာ၊ ဗီဇိယနှင့် ခွဲလုံ့လအလွန်ကြီးသည်။ သိပ်သိပ် ကျပ်ကျပ်နေလင့်ကစား အမြင်ကျယ်မှု စူးနိုက်မှုရှိသည်၊ ဦးဘသက် ကသာမက၊ ထိုအိမ်သို့ ဝင်ထွက်သွားလာနေကြသူ များကလည်း၊ မြို့မငြိမ်း ၏ ဉာဏ်ရည်နှင့် စိတ်အားထက်သန်မှုတို့ကို များစွာနှစ်သက်ခဲ့ကြပါသည်။ ထို့ကြောင့် သူတို့ တတ်သော ပညာများကိုလည်း ပြသပေးခဲ့ကြသည်၊ သို့ဖြစ်၍(၅)နှစ်ခန့် အကြာတွင် မြို့မငြိမ်း သည် ဦးဘသက် အိမ်၊ ဦးဘသက် ပတ်ဝန်းကျင်မှ၊ ပန်းချီပန်းပု နှင့် မယ်ဒလင်၊ ဘင်ဂျို၊ ဂျတ်စောင်းတီးတို့ကို တတ်ခဲ့သည်။

မြို့မငြိမ်းထောင်ပေးလိုက်ကြသူများမှာ လက်ရင်းဆရာကြီး ဦးဘသက်၊ "မင်းကြီး ဦးဆက်" ဆိုသူ၏ညီ၊" ဦးချက်"၊ "ဦးလင်း" နှင့် "စောင်း ဦးမောင်မောင်လတ် (အာဠဝီ)" တို့ဖြစ်ကြပါသည်။ ထပ်ဆင့်၍ "ရွာစားစိန်ဗေဒါကြီး" နှင့် စိန်ဗေဒါကြီး ၏ အိမ်သို့ ဝင်ထွက်သွားလာနေလေ့ ရှိသော "ဓာဝဏ္ဏရွာ ဦးမောင်မောင်ကြီး" တို့မှလည်း စောင်းပညာများကို ပြသပေးခဲ့ကြသေးကြောင်း သိရပါသည်။

မြို့မငြိမ်း အဖြစ်သို့ ရောက်သောအခါ၌ ရွာစား စိန်ဗေဒါကြီး သို့ "ဝါတ်တူနှာသီတူ"သီချင်း ရေးပေးခဲ့ပါသည်။ ထိုသီချင်း၏ အတောပိုဒ်များတွင် ချည်းနှောပေးထားမှုများမှာ ဆန်းသစ်သဖြင့် ရွာစား စိန်ဗေဒါကြီး က "မောင်ညိန်း ဒီလောက်တော်နေပကိုး"ဟူ၍ ချီးကျူးခဲ့ကြောင်း မှတ်သားကြားသိရပါသည်။

## တရုတ်တန်း ဈာဝိုင်း၊

ရွှေတော်မြေပြင်ကို အထက်တွင် ပြဆိုခဲ့ပြီးဖြစ်ပါသည်။ ထိုဝင်း၏ အရှေ့ဘက်တန်း (၈၀)လမ်းကြီးကို၊ တရုတ်တန်းလမ်းကြီးဟု ခေါ်ကြပါသည်။ ထိုလမ်းကြီးသည် တောင်မြောက်ဖြစ်၍ တောင်ဘက် (၂၉)လမ်းထိပ်တွင်၊ ဦးမောင်ကြီး ဆိုသူ၏၊ "ပဟိုရ်"လက်ဘက်ရည်ဆိုင်ရှိသည်။ ထိုလက်ဘက်ရည်ဆိုင်သည်၊ ဦးဘသက် နှင့် သူ့အနုပညာအပေါင်းအသင်းများ ဆုံဆည်းရာဖြစ်ပါသည်။

ထိုဆိုင်၏ မြောက်နား လမ်း၏အရှေ့ဘက်ဘေး တစ်နေရာတွင်၊ ဧရာမကွပ်ပျစ်ကြီး တစ်လုံး ရှိပါသည်။ ထိုကွပ်ပျစ်ကြီးပေါ်သို့ ညနေ နေဝင်ပြီးမှုစ၍ ညဉ့်နက် သည်ထိ ဂီတပညာရှင်များ၊ အဆိုအတီးဝါသနာပါသူများ ရောက်ရှိလာတတ်၍ တချော်တပါး ဆိုတီးနေကြလေ့ရှိသည်။ ကြာသောအခါ ညစဉ် မြိုင်ဆိုင်စည်ကား လာ၍၊ ထိုအုပ်စုကလေးသည်၊ "တရုတ်တန်း ဈာဝိုင်းကလေး"ဟူ၍ အမည်ရလာ ခဲ့ပါသည်။

ထိုဝိုင်း၏ ပင်တိုင်ပုဂ္ဂိုလ်များမှာ၊ ပန်းချီဆရာကြီး ဦးဘသက်၊ ကျောက်စိမ်း စလင်းများကိုသွေးသူ ဦးတွေး (ဦးလေးတွေး)၊ ဦးလှကျော် (ဆောင်းကောက် - ဘီနပ်)တို့ဖြစ်သည်။ ဦးဘသက် က တယော၊ မယ်ဒလင်၊ ဦးတွေး က တယော၊ ဘင်ဂျိုတို့ကို ကြိုက်ကြိုက်သလို တီးခတ်ကြ၍၊ ဦးလှကျော် နှင့်ညီဖြစ်သူ တို့က၊ သီချင်းများလာရောက်ဆိုတတ်ကြသည်။

ထို့ကြောင့် တရုတ်တန်း ဈာဝိုင်း၏ တိုးတက်မှုများမှာ နေ့စဉ်စည်ကား၍ ညစဉ်မြိုင်ဆိုင်နေသည်ဟု ဆိုခဲ့ကြပါသည်။

နောင်သောအခါ၊ ထိုဝိုင်းသို့ ဦးဘသက် နှင့်အတူ ပါလာသော မြို့မငြိမ်း သည်လည်း ဝင်ဆံ့တီးခတ်လာနိုင်ခဲ့သည်။ မြို့မငြိမ်း သည်၊ ပြုံးစနောက်နှာပေးလေးလေး ရှိသည်၊ ဖေါ်ရွှေခင်မင်တတ်သည်၊ လူမှုညက်ညောသည်၊ စကားပြောနှံ့သည်၊ ပြောလျှင် ညင်သာတိုးညှင်း၍ အမျက်ကျူကျူနှင့် စိတ်ရှည်လက်ရှည်ပြောတတ်လေ့ ရှိသည်။ တူရိယာအတီးအခတ် ကျွမ်းကျင်ဆန်းသစ်သည်၊ ရွယ်တူ ကာလသား များ၏ ပွဲတောင်းခြင်းကို ခံရသူဖြစ်သည်။ ဦးဘသက် တို့ကလည်း ပွဲထုတ်ပေးခဲ့ ကြပါသည်။

## မြို့မငြိမ်း နှင့် သူ့အနုပညာ

ဗျာနိုင်း၌ မြို့မငြိမ်း သည်၊ မယ်ဒလင်၊ ဘင်ဂျို၊ ဗျတ်စောင်း ရရာကျရာကို တီးခတ်နိုင်သူဟု ဆိုပါသည်။ တီးပုံတီးကွက် ဆန်းသစ်သည်၊ ဗျတ်စောင်းနှင့် ဘင်ဂျိုကို အတီးများသည်။ ဗျတ်စောင်းဖြစ်စေ၊ ဘင်ဂျိုဖြစ်စေ၊ ဘာကိုပင်တီးတီး၊ သမရိုးကျမဟုတ်၊ ကြိုးညှိပုံ၊ လက်ကွက်အယူအဆနှင့် လက်ခတ်အား မြိုင်ပြင်တိထွင်ထားသဖြင့် သူ့ဂီတသံတို့မှာ၊ အိမ်ပြောင်းနံ့ ဓနောင်းမှု နှင့် ဟန်ပန်၊ အထာရှိခဲ့သည်ဟု ဆိုပါသည်။

ထိုခေတ်က၊ မန္တလေးမြို့၌ လူမျိုးလူရွယ် တော်တော်များများသည်၊ ဂီတအနုပညာနှင့် အဆိုအတီးတစ်ခုခုကို တတ်ကြသူများသည်။ ချစ်ရေးကြိုက်ရေးတွင် သူပါလျှင် နိုင်ပြေသည်ဟု ဆိုခဲ့ကြပါသည်၊ တစ်ဦးချင်းတစ်ယောက်ချင်း တီးခတ်စားနေကြသော ဂီတသမားများလည်းရှိသည်၊ အစုလိုက်အအုပ်လိုက် ကလေးတွေနှင့်လည်းရှိကြသည်။ ထိုအစုလိုက်အအုပ်လိုက်ကလေးတွေထဲက၊ "ဆိုင်းတန်းနှင့်" "တရုတ်တန်းဗျာနိုင်း" တို့သည်၊ လူအင်အား၊ ပစ္စည်းအင်အား၊ ပညာအင်အား စုံလင်ကြသည်။

မြို့မငြိမ်း ဘင်ဂျိုဝယ်ပြီးသောအခါက၊ တရုတ်တန်းဗျာနိုင်းတွင်၊ ဦးတွေး နှင့် မြို့မငြိမ်း တို့နှစ်ဦး၊ ဘင်ဂျိုတစ်ယောက်တစ်လုံးဖြင့် "နန်းဘုံသီတာဘွေ့" ကို အပြိုင်တီးကြရာ၊ အလွန်ပြိုင်ဆိုင်သည်၊ စိတ်ဝင်တစား နားထောင်ကြသူများ၊ ပီတိသောမနသ်ဖြင့် နိုးတိုးရွတ ဖြစ်နေကြသည်။ စည်းနှင့်ချောက် (တုံး)ကို ခေါက်သူ၊ ကိုကျော်ကပင်၊ "တဟဲ့ဟဲ့ - တဟဲ့ဟဲ့" အသံတစာစာဖြင့် အရှုးရူးမြူး နေသည်၊ ထို့ကြောင့် "နန်းဘုံသီတာဘွေ့"ကို ကြားရတိုင်း "ဦးလေးတွေး"တို့ "ကိုကိုညိန်း" တို့ကို တယ်သတိရတယ်"ဟူသော ဗျာနိုင်းကို သိမှီလိုက်သူ တစ်ဦး၏ အတိတ်အား ပြန်လည်တမ်းတပြသော ဂရုဏာစကားကိုလည်း မှတ်သား ခံစားခဲ့ရဖူးပါသည်။

အထက်ဖော်ပြပါ အကြောင်းတို့သည်၊ မြို့မငြိမ်း ၏ မြန်မာ့ဂီတ အခြေခံရရှိလာမှုနှင့် မြန်မာ့ဂီတအနုပညာရှင်ဘဝ ရောက်ရှိလာခဲ့ပုံများ ဖြစ်ပါသည်။

ဤနေရာအနေဖြင့် ဖြည့်စွက်ဖော်ပြလိုသည်မှာ၊ "ဗျတ်စောင်း" အကြောင်း ဖြစ်ပါသည်။ ဗျတ်စောင်းသည်၊ ယနေ့အခါ၌ သိသူအလွန်နည်းလာခဲ့ပါသည်၊ ထို့ကြောင့် သတင်းထောက်နှင့် ရွှေမန်းညနေသတင်းစာ၏ အတွေ့တွေ့အယ်ဒီတာ ဆောင်းပါးရှင်တစ်ဦးဖြစ်သူ ရွှေမန်းဝင်းမြင့် (ဦးဝင်းမြင့်)၏ "စာဆို့ဖြစ်အင်နှင့် သူ့တေးတရာ" စာအုပ်တွင် ပါရှိသော ဗျတ်စောင်းသကြောင်းကို ကိုးကား ဖော်ပြလို ပါသည်၊ ယင်းသို့ ဖော်ပြခြင်းမပြုမီ "စာဆို့ဖြစ်အင်နှင့် သူ့တေးတရာ" စာအုပ်၏ သမိုင်းအကျဉ်းကလေးကို အနည်းငယ် ဖော်ပြလိုပါသည်။

၁၉၅၅ – ခုနှစ်၊ မြို့မငြိမ်း ကွယ်လွန်ခဲ့စဉ်က၊ မန္တလေးမြို့တွင် ရွှေမန်းညနေ သတင်းစာဆိုသည် ရှိခဲ့ပါသည်၊ ထိုသတင်းစာ၌၊ ဦးဝင်းမြင့် သည်၊ မြို့မငြိမ်း ကွယ်လွန်ခြင်းနှင့်ပါတ်သက်သော၊ သတင်းများ ရှာပနကိစ္စများကို အထူးဖော်ပြ ပေးခဲ့သည်။ ထို့နောက် မြို့မငြိမ်း ၏ ရှာပနကိစ္စများပြီး၍ (၃) ရက်ခန့်အကြာ (၁၈ – ၉ – ၅၅) ရက်နေ့ပါ၊ ရွှေမန်းညနေသတင်းစာတွင် "ပြည်သူ့အသံကိုနှိုးခဲ့သူ" ရွှေမန်းဝင်းမြင့် ဂုဏ်ပြုသည်ဟူသော မြို့မငြိမ်းအကြောင်း ရက်ဆက်ဆောင်းပါး ရှည်ကို လက်ဦးစွာရေးခဲ့သူ ဖြစ်ပါသည်။

"စာဆို ဖြစ်အင်နှင့် သူ့တေးတစ်ရာ" သည်လည်း၊ မြို့မငြိမ်းအကြောင်း များ နှင့် ပတ်သက်၍ ဦးစွာသော စာအုပ်ဖြစ်သည်။ ထိုစဉ်က မြို့မငြိမ်း အကြောင်း လုံးချင်းစာအုပ်ဟူ၍ ဦးဝင်းမြင့် ၏ စာအုပ်ထက် စောစီးသောစာအုပ် မရှိခဲ့ပါ။ ထိုစာအုပ်သည်၊ ၁၉၆၅ ခုနှစ်ခန့်တွင် ရိုက်နှိပ်ခဲ့ကြောင်း သိရ၍၊ ကျယ်ပြန့်စွာ ဖြန့်ဝေရောင်းချမှုကို မတွေ့မိခဲ့ပါ။

## ဗျတ်စောင်း

ဗျတ်စောင်းနှင့်ပတ်သက်၍၊ ထိုစာအုပ်တွင် ဖော်ပြထားသည်မှာ၊ "ဗျတ်စောင်းသည်၊ မယ်ဒလင်ကဲ့သို့ဖြစ်သည်၊ ဗျတ်စောင်းနှင့်မယ်ဒလင်တို့၏ ခြားနားချက်မှာ ဗျတ်စောင်းအိုးသည် မယ်ဒလင်လောက်မချွန်၊ ဝိုင်းသည်၊ ဗျတ်စောင်း၏လက်တံသည် မယ်ဒလင်လောက်မရှည်၊ သို့ရာတွင် အသံမှာတော အစုံပင် (၇)သံထွက်သည်၊ မယ်ဒလင်၏ နံပါတ်(၁)ကြိုးကို အထက်မှအောက် ဒို၊ ရေ၊ မီ၊ ဖာ၊ ဆို၊ လာ၊ ဒီ၊ ဒို တောက်လျှောက်တီးလျှင် အိုးအတွင်းထိ လက်မရောက်ဘဲ၊ ဗျတ်စောင်းမှာ လက်တံတိုရ၍ အိုးအတွင်းထိ လက်ရောက်သည်၊ ထို့ကြောင့် ဗျတ်စောင်းသည် အောက်ကွက်ကျအောင် နှိုက်၍ တီးရသည်ထက်၊ လက်တံတွင်းမှပင် တီးနိုင်သောကြောင့် ဘယ်သံများများဖြင့် ရည်ရွယ်၍တီးကြရသည်၊ မြို့မငြိမ်း သည်၊ မယ်ဒလင်ဖြစ်စေ၊ ဘင်ဂျိုဖြစ်စေ၊ ဗျတ်စောင်းဖြစ်စေ မည်သည့် ပစ္စည်းကိုတီးစေကာမူ၊ လွှတ်သံကို တီးလေ့နည်းသည်၊ ဗျတ်စောင်းသည် ဤသို့တီးရာတွင် ပိုမိုလွယ်ကူ၍ အသံထွက်ပိုမိုလှပသည်။

ထိုခေတ်ကကာလသားတိုင်းလိုလို၊ အတီးအမှုတ် တစ်ခုခုကို သင်လေ့ တတ်လေ့ရှိရာ မြို့မငြိမ်း သည် ဗျတ်စောင်းတီးကို၊ ခင်ငယ်ငယ်ကပင် တတ်ခဲ့သည်" ဟု ဖော်ပြပါရှိခဲ့ပါကြောင်း။

# မြို့မ

ကရုပ်တန်းရပ်တွင်၊ ဦးဘသက်၊ ဦးစွေး၊ ဦးလှကျော်၊ မြို့မငြိမ်း တို့ "များဝိုင်း"ရှိကြသည်သို့၊ မန္တလေးမြို့၊ ဈေးချိုတော်အနောက်ဘက်၊ ပဲပုတ်တန်း။ သက်န်းတန်း၊ ဆိုင်းတန်းရပ်တို့တွင်လည်း အဆိုအတီး ဂီတအနုပညာရှင်များ ရှိကြသည်၊ ထိုသူတို့၏ ဆုံဆည်းရာသည်၊ ဆိုင်းတန်းရပ်ဖြစ်သည်။ ထိုနေရာသည် ရပ်ရှင်ရုံနှင့်နီး၍၊ ညအခါ တရုပ်တန်းကဲ့သို့ စည်ကားပါသည်၊ မန္တလေးပွဲဈေးတန်း များတွင် တွေ့ရတတ်သော စားသောက်ဖွယ်ရာဆိုင်ကလေးများရှိသည်၊ မြို့မငြိမ်း တို့အုပ်စုသည်၊ ထိုသို့သော အစားအစာလေးများကိုလည်း စားတတ်ကြ ရှိပါသည်။

ဆိုင်းတန်းနှင့် တရုပ်တန်းရပ်ကွက်မှ အနုပညာရှင်များသည်၊ ဂီတနှင့် ပတ်သက်၍ အလွန်ရင်းနှီးခင်မင်သော အပေါင်းအသင်းများဖြစ်ကြသည်၊ ဆိုင်းတန်း၌ဖြစ်စေ၊ တရုပ်တန်း၌ဖြစ်စေ၊ စုရုံးတီးမှုတ်ကြလေ့လည်းရှိသည်၊ ထိုအခါ တီးခတ်သူတွေ၊ တူရိယာပစ္စည်းတွေ စုလင်၍ တီးဝိုင်းကလေးတစ်ခု ဖွဲ့စည်း၍ရသော အင်အားကလေးဖြစ်လာခဲ့သည်။

ထို့ကြောင့် ၁၉၂၅ ခုနှစ်ခန့်တွင် ထိုအုပ်စုထဲက ကိုကြီးအုန်း၊ ကိုကြီးရွှေ၊ ကိုသန့်၊ ကိုဘညိန်း၊ ကိုလှခင်၊ ကိုမြသိန်း တို့မှ တာဝန်ယူ၍ "ဗုဒ္ဓဝေယျာဝစ္စ ရတနာဗုံ"ဟူသော တူရိယာသင်းလေးကို တည်ထောင်ဖွဲ့စည်းလိုက်ကြသည်၊ ပါဝင်သူပေါင်း (၁၁)ဦးခန့်ရှိကြောင်း သိရှိရပါသည်၊ ထို့နောက် "နေပြည်တော်" ဟူ၍ ပြောင်းပြန်သည်၊ ထိုအမည်တို့သည်၊ ကြီးမြတ်လွန်းနေသည်၊ "မြို့မ"ဟု မှဲ့ခေါ်ကြရန်၊ ကိုဘညိန်း (မြို့မငြိမ်း)က ထပ်ဆင့်တင်ပြ၍ အားလုံးလက်ခံ အတည်ပြုခဲ့ကြသည်။

အသင်းကိစ္စများ စုစည်းဆောင်ရွက်ကြရန်နေရာကို၊ ဆိုင်းတန်းရပ်ရှိ ကိုမြသိန်း ၏ အိမ်အား အသင်းတိုက်သဖွယ် သတ်မှတ်ကြသည်၊ တီးခတ်ကြသော တူရိယာပစ္စည်းများမှာ မယ်ဒလင်၊ ဘင်ဂျို၊ ဂီတာ၊ ဈာတ်စောင်းနှင့် တာပလာ (ခေါ်) ကုလားစုံလုံးကလေး တို့ဖြစ်ကြသည်။

မြို့မတူရိယာအသင်းအား ပံ့ပိုးကူညီခဲ့သူ ဦးတော်လှ သည် ဆိုင်းတန်းရပ်မှ အပေါင်ဆိုင်ပိုင်ရှင်ဖြစ်သည်၊ အနုပညာကိုတဝါသနာပါသည်၊ ရန်ကုန်သို့ မကြာ မကြာ ဆင်းသည်၊ ရန်ကုန်တရုပ်ဘုံကျောင်းပွဲများတွင် ဆိုက်ဆိုဖုန်း၊ ကလာရီနက်၊ ထရမ်ပက် စသည့်အနောက်တိုင်းတူရိယာပစ္စည်းများ အသုံးပြုသော တရုပ်တီးဝိုင်း တစ်ခုအား တွေ့တွေ့လာသည်၊ ထိုပစ္စည်းများကို မျက်စေ့ကျလာသည်၊ မြို့မ အသင်းသားများနှင့် တီးဝိုင်းမထောင်မီကပင် ရင်းနှီးသူဖြစ်သည်၊ ထို့ကြောင့် မြို့မတူရိယာအသင်းအား အထက်ပါပစ္စည်းမျိုးများနှင့် တီးရဲ့ဖွဲ့စည်းနိုင်ရန် ငွေကြေးကူညီပေးခဲ့ရာ၊ ၁၉၂၈ – ခုနှစ်တွင် အောက်ပါရည်ညွှန်းချက် စည်းကမ်းများ ပါရှိသော မြို့မတူရိယာအသင်းကို တီးရဲ့ဖွဲ့စည်းခဲ့ကြပါသည်၊ ဖော်ပြပါ "မြို့မ" တလုံးဒိုင်းမှာ ပန်းချီဆရာကြီး ဦးဘသက် ၏ လက်ရာဖြစ်ပါသည်။

၁၉၂၈ – ခုနှစ် တည်ထောင်သည်။

စည်းမျဉ်းဥပဒေစာအုပ်။

# မြို့မတူရိယာအသင်း

## ဥပဒေစည်းမျဉ်း။

### ၁။ အသင်း၏အမည်

မြို့မတူရိယာအသင်းဟု ခေါ်တွင်စေရမည်။

### ၂။ တည်ရာဌာန

မန္တလေးမြို့တွင် ဖြစ်စေရမည်။

### ၃။ ရည်ရွယ်ချက်

(က) မြန်မာသီချင်းကြီးများ ဆည်းပူးဖြန့်ပွားရေး။

(ခ) ကမ္ဘာသုံးတူရိယာများ လေ့လာသင်ကြားတတ်မြောက်ရေး။

(ဂ) Music note အမှတ်အသားပညာဖြင့် ရေးထားသော တူရိယာပညာကို ဆည်းပူးလေ့လာရန်။

(ဃ) ကမ္ဘာ့ခေတ်မီ တူရိယာတီးဝိုင်းကြီး ဖြစ်မြောက်ရေး။

(င) ရှေးမြန်မာသီချင်းကြီးများကို ကျွမ်းကျင်သူများနှင့် ညှိနှိုင်း၍ ကမ္ဘာသုံးဖြစ်သော Music note ပညာဖြင့် ကူးပြောင်းရေးသားလေ့လာရန်။

(စ) မြန်မာနိုင်ငံတော်အတွင်း တူရိယာအသင်းများက ဆက်သွယ်ပါလျှင်၊ တတ်အားသမျှ အားပေးကူညီရန်။

### ၄။ အသင်းသို့ ပါဝင်နိုင်သောအရည်အချင်း။

(က) အကျင့်စာရိတ္တကောင်းမွန်၍ ယဉ်ကျေးသိမ်မွေ့သူ ဖြစ်စေရမည်။

(ခ) အသင်း၌ အပျော်တမ်းတီးမှုတ်နိုင်သူသာ ဖြစ်စေရမည်။

(ဂ) အသင်းကြီးအား တိုးတက်ကြီးပွား လိုလားသူများ ဖြစ်စေရမည်။



ဒါးတာန်း ဦးဘခင်
ဆရာမင်းသုဝဏ်၏ "မှူးမေငုတ်တို့" နှင့်
တင်စားခံရသည့်ဓါး
မြို့မအကျိုး သယ်ပိုးခဲ့သူ
မြို့မဥက္ကဋ္ဌကြီးနှင့် စနေယာမဆရာကြီး ...



“ရွှေမ၀ လှမျိုးသိုး” ဦးကြီးဇေ
မြို့မအသင်း၊ အုတ်မြစ်တစ်ချပ်နှင့် မြို့မ
ပင်တိုင် တယောဆရာကြီး



တာယလာ လှခင်(ဓေါ်) သံဖြူတန်ဦးလှခင်
မြို့မအသင်း၊ အုတ်မြစ်တစ်ချပ်နှင့်
ညီတိုသုံးရက်သွင်းလျှင် “ရေသဘင်အသွား” မှ၍
ဂီတသမိုင်း၊ တွင်ရစ်စေသူ ...

### ၅။ အသင်းဝင်ရန်နည်း။

(က) အသင်းကြီး၏ တည်ရှိသော စည်းမျဉ်းဥပဒေကို လိုက်နာနိုင်သူများသာလျှင် ဖြစ်စေ၍၊ အသင်းဝင်ပုံစံတွင်၊ သဘောတူညီချက် လက်မှတ်ရေးထိုးပြီးနောက် အသင်းဝင် ၂-ဦး၏သဘောတူ ထောက်ခံချက် လက်မှတ်ရေးထိုးပါရှိရမည်။

(ခ) အသင်းဝင်ကြေးငွေ (၅)ကျပ်၊ နှစ်စဉ်ကြေးငွေ (၆)ကျပ် ပေါင်း (၁၁)ကျပ်ကို၊ တပေါတည်း ပေးသွင်းရမည်။

### ၆။ အသင်းသားဦးရေ
### အကန့်အသတ်မရှိပါ ဝင်ခွင့်ပြုသည်။

### (၇) ရှောင်ရှားရမည့်အချက်များနှင့် အပြစ်ဒဏ်များ။

(က) အသင်းတိုက်နှင့် အသင်း၏တာဝန်အတွင်း၊ အသင်း၏ဂုဏ်ကို ထိခိုက်နစ်နာစေသော အပြုအမူများမပြုရ၊ ကျူးလွန်ခဲ့သော်၊ အသင်းမှ ထုတ်ပယ်ပြစ်ရမည်၊

(ခ) အသင်းပိုင် ငွေနှင့်ပစ္စည်းများကို မတရားကျူးလွန် သုံးစွဲပစ်သူကို၊ အသင်းမှထုတ်ပယ်ပစေရမည့်အပြင် နိုင်ငံတော်အစိုးရ၏ တရားဥပဒေအတိုင်း အသင်းမှအရေးယူရမည်။

(ဂ) အသင်းသားတိုင်း ရာထူးလက်ရှိပုဂ္ဂိုလ်များ၏ အခွင့်အာဏာကို လေးစားရမည်၊ မလိုက်နာခဲ့သော် အရေးယူရမည်။

(ဃ) အသင်းသားခြင်း တစ်စုံတစ်ရာ စွပ်စွဲပြောဆိုရန်ရှိနေက စည်းကမ်းတကျ ဖြစ်စေရန် အတွင်းရေးမှူးမှတဆင့် ဥက္ကဋ္ဌသို့ တိုင်ကြား၍ ဆုံးဖြတ်ရာကို နာခံရမည်။

### ၈။ အသင်းသား၏အခွင့်အရေး

(က) အသင်းသားတိုင်းတို့၏ မိမိနှင့်သင့်လျော်သော တစ်ခုခုသောပညာကို ကြီးစားသွားနိုင်ရန်၊ အသင်းက ပညာရေးကို ကူညီပေးရမည်။

(ခ) အသင်းသားကိုယ်တိုင်၊ အလှူအတန်း၊ သာရေးနာရေးများအတွက်၊ အသင်းမှ အကူအညီကို၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် ရနိုင်သည်။ သို့ရာတွင် အသင်း၌ (၆-လ)အနည်းဆုံး ပါဝင်ထားပြီးသူ ဖြစ်ရမည်။

(ဂ) အသင်းကြီး၏ တိုးတက်ရာတိုးတက်ကြောင်းနှင့် တာဝန်အသီးသီးတို့အား ကျေပွန်စွာ ထမ်းဆောင်သောသူများကို ထိုက်သင့်သော ဂုဏ်ထူးဘွဲ့ထူး ဆုတံဆိပ်များကို လူကြီးများက၊ နှစ်ပတ်လည် အစည်းအဝေးတိုင်းတွင် ရွေးကောက်ဆုံးဖြတ်၍ ချီးမြှင့်နိုင်သည်။

## ၉။ အာဏာများ

(က) သင်းလုံးကျွတ် အစည်းအဝေးကြီးသည် (အာဏာပိုင် ဖြစ်စေရမည်) အာဏာအရှိဆုံးဖြစ်သည်။

(ခ) အသင်း၏ လုပ်ငန်းများပြုလုပ်နိုင်ရန်အတွက် အစည်းအဝေးကြီးက (အလုပ်အမှုဆောင်အဖွဲ့) တစ်ခုကို စီစဉ်ဖွဲ့စည်း ခန့်ထားရမည်။

(ဂ) ၎င်းအမှုဆောင်အဖွဲ့တွင်၊ အောက်ပါတာဝန်ခံများနှင့် အမှုဆောင်များ ပါဝင်စေရမည်။

နာယကလူကြီး (၇)ဦး၊ ဥက္ကဋ္ဌ (၁)ဦး၊ ဒုတိယဥက္ကဋ္ဌ (၂)ဦး၊ အတီးပိုင်းအုပ် (၁)ဦး၊ တွဲဘက်ပိုင်းအုပ် (၂)ဦး၊ အတွင်းရေးမှူး (၁)ဦး၊ တွဲဘက်အတွင်းရေးမှူး (၂)ဦး၊ ငွေထိန်း (၁)ဦး၊ ပစ္စည်းထိန်း (၁)ဦး၊ စာရင်းစစ် (၂)ဦး၊ ဆော်ဩမှူး (၂)ဦး၊ ၎င်းတာဝန်ခံများနှင့် အမှုဆောင် (၈)ဦးအထိ။

(ဃ) အမှုဆောင်အဖွဲ့သည်၊ လိုအပ်သည့် ဌာနခွဲများကို ထပ်မံတိုးချဲ့နိုင်ခွင့်ရှိသည်။

(င) အမှုဆောင်အဖွဲ့သည်၊ ကြားဖြတ်တိုးချဲ့လိုသော ဥပဒေများကို အခါခွင့် အားလျော်စွာ လုပ်နိုင်ခွင့်ရှိသည်။

(စ) ထိုတိုးချဲ့သော ဥပဒေအရပ်ရပ်တို့ကို သင်းလုံးကျွတ်အစည်းအဝေးကြီးသို့ တင်ပြအတည်ပြုရမည်။

(ဆ) သင်းလုံးကျွတ်အစည်းအဝေးကြီးသို့ မတင်ပြမီ အရေးယူပိုင်ခွင့်ရှိသည်။

(ဇ) ဌာနခွဲမှူးများကို၊ အမှုဆောင်အစည်းအဝေးကပင် ခန့်ထားနိုင်သည်။

(ဈ) အမှုဆောင်အဖွဲ့သည်၊ အပြစ်ရှိသော အသင်းသား တစ်ဦးတစ်ယောက်ကို ဖြစ်စေ၊ ပိုမို၍ဖြစ်စေ ထုတ်ပယ်နိုင်ခွင့်ရှိသည်။

### ၁၀။ ရန်ပုံငွေသုံးပိုင်ခွင့်

(က) ပညာရှာမှီးရေးစရိတ်များ။
(ခ) တူရိယာပစ္စည်း ဝယ်ယူရေးများ။
(ဂ) တီးဝိုင်းအတွက် သီချင်းရေးခနှင့် စရိတ်များ။
(ဃ) အသင်းတိုက်နှင့် ငှားစရိတ်များ။
(င) ဂုဏ်ထူးဘွဲ့ထူး ဆုတံဆိပ်များ၊ ချီးမြှင့်စရိတ်များ။
(စ) အရေးပေါ် ကိစ္စများအတွက် အမှုဆောင်အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ သုံးပိုင်ခွင့်ရှိသည်။

### ၁၁။ ဘဏ္ဍာရေး

(က) တူရိယာတီးမှုတ်တတ်သော အသင်းဝင် အသင်းသားများ စုပေါင်းတီးမှုတ်ခြင်း။
(ခ) ဘဏ္ဍာရေးကြီးကြပ်ရေး ကော်မတီတစ်ရပ် ဖွဲ့စည်း၍ ထိုကော်မတီမှ တင်ပြသော အစီအစဉ်များကို ဆွေးနွေးဆုံးဖြတ်၍ ရန်ပုံငွေတိုးပွားရန် ရှာကြံခြင်း။
(ဂ) မြို့မအသင်း၏ အထွေထွေဝင်ငွေ ငွေအားလုံးကို အထွေထွေအသုံးပြုရန် ရန်ပုံငွေအဖြစ် ထားရှိစေရမည်။
(ဃ) ငွေရ ငွေသုံးစာရင်းနှင့် ပစ္စည်းများစာရင်းကို ရေးသား၍ စနစ်တကျ ထားရှိရမည်။
(င) အခါအခွင့်အားလျော်စွာ (သီးသန့်ရန်ပုံငွေ) သီးသန့်ရန်ပုံငွေအဖြစ်၊ (၁၀၀)ကျပ် (၁၀)ရာနှိုင်းနှုန်းအမျိုးတူ နုတ်၍ထားနိုင်သည်။

### ၁၂။ စစ်ဆေးပိုင်ခွင့်

အသင်း၏ ငွေကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ၊ စစ်ဆေးလိုသောအခါ၊ အသင်းသားဦးရေ ၃—ပုံ၊ တစ်ပုံ လက်မှတ်ရေးထိုး၍ အမှုဆောင်အဖွဲ့ထံ (၁) ရက် ကြိုတင်အကြောင်းကြားပြီးလျှင်၊ စစ်ဆေးနိုင်ခွင့်ရှိသည်။

### ၁၃။ အစည်းအဝေးများ

(က) အားလုံးသော ကိစ္စများ ဆုံးဖြတ်နိုင်ရန်အတွက် အစည်းအဝေး ခေါ်ယူနိုင်သည်။

(ခ) အစည်းအဝေးကြီးသည်၊ အာဏာကုန် – အာဏာအကြီးဆုံးဖြစ်၍၊ အသင်းသားအားလုံးပေါ် အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို တသသဝေ မတိမ်း လိုက်နာရမည်။

(ဂ) အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်များ၊ ပြုလုပ်ချက်များ မကြေနပ်မှုယ်ပြစရာများရှိနေခဲ့သော်၊ အစည်းအဝေးကြီး၌ တင်သွင်းအဆုံးခံနိုင်ခွင့်ရှိသည်။

(ဃ) အမှုဆောင်လူကြီးများ၏ အစည်းအဝေးကို၊ တစ်လလျှင်အနည်းဆုံး တစ်ကြိမ်ကြ ဆွေးနွေးရမည်၊ ထိုအစည်းအဝေးသည် တစ်လ၏ နောက်ဆုံး ရက်သတ္တပါတ်အတွင်း၊ အမြဲဖြစ်စေရမည်။

(င) အရေးပေါ်ကိစ္စများအတွက် အချိန်မရွေး ခေါ်ယူဆွေးနွေးနိုင်သည်။

(စ) အစည်းအဝေးကြီးနှင့် အမှုဆောင်အစည်းအဝေးများသည်၊ အသင်းသားဦးရေ (ထက်ဝက်ကျော်)တက်ရောက်မှသာ အစည်းအဝေးဖြစ်မြောက်စေရမည်။

(ဆ) လူဦးရေမပြည့်၍၊ ဒုတိယ ထပ်မံဘိတ်ခေါ်ရသော အစည်းအဝေးဖြစ်မှုလာသမျှဦးရေဖြင့် အစည်းအဝေး ဖြစ်မြောက်စေရမည်၊

### ၁၄။ အစည်းအဝေးကျင်းပတိတ်ခေါ်ရေး

(က) အသင်းသားဦးရေ ၃ – ပုံ၊ ၁ – ပုံက လက်မှတ်ရေးထိုး၍ အတွင်းရေးမှူးထံ အကြောင်းကြားပါက အထူးအစည်းအဝေးကြီး ကျင်းပပေးရမည်။

(ခ) အကယ်၍ အစည်းအဝေးကြီး ခေါ်၍မပေးပါက (အကြောင်းကိစ္စ လုံလောက်ခြင်း ရှိပါလျှင်) ထိုသူများ၏ တာဝန်ခံ လက်မှတ် ထိုး၍ ဘိတ်ကြားပြီး အစည်းအဝေးကြီး ခေါ်ယူကျင်းပ နိုင်သည်။ ထိုအစည်းအဝေးကြီးသည်လည်း၊ ရိုးရိုးအသင်းကြီး၏ အစည်းအဝေး အာဏာအတိုင်းပင် ဖြစ်သည်။

**၁၅။ ပွဲလက်ခံရေး**

(က) ဥက္ကဋ္ဌ (သို့မဟုတ်) ဒုတိယဥက္ကဋ္ဌ၊ ဒိုင်းအုပ်၊ အတွင်းရေးမှူးကို တိုင်ပင်၍ လက်ခံရမည်။

(ခ) ဆုံးဖြတ်ထားသော ရုံမှုအပြည့်ရသော ပွဲများကိုကား အတွင်းရေးမှူးနှင့် ဒိုင်းအုပ်က လက်ခံနိုင်သည်။

(ဂ) မည်သည့်ပွဲများကိုမဆို၊ အနိမ့် (၈) နာရီ ကြိုတင်အကြောင်းကြားမှ သာလျှင် လက်ခံရမည်။

(ဃ) မည်သည့်လူညီလည်ပွဲများကိုမဆို လိုက်ပါရန်အတွက်၊ အမှုဆောင် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် လက်ခံရမည်။

(င) ရေ့ချင်းကိစ္စ မပြီးပြတ်သော အစေးပွဲများအတွက် နှိုးနှိုးဆုံးဖြတ်ငွေထက် တစ်နေ့လျှင် အပိုကြေးငွေ (၅ဝိ) တိုးထက်ခံတောင်းခံရန်နှင့် သွားလာ စားသောက်စရိတ်များလည်း တာဝန်ယူစေရမည်။

(စ) မည်သည့်အကျပွဲများကိုမဆို စရိတ်ငွေ (၅ဝိ)အနည်းဆုံးရမှသာလျှင် လက်ခံရမည်။

(ဆ) အပျော်တမ်း ဝါသနာပါသူများသာလျှင် တီးမှုတ်ကြသဖြင့်၊ ပါဝင်သူများ အားငင်း၊ အသင်းအစည်း၊ ဂုဏ်သိက္ခာကို ထိခိုက်စေသောပွဲများကိုကား လုံးဝလက်မခံရ။

**၁၆။ ပွဲတော်ရေး**

(က) ပွဲလက်ခံရေးမှ အတည်ပြုပြီးပွဲများကို ဖြစ်မြောက်အောင် (၁) ဒိုင်းအုပ်၊ (၂) အတွင်းရေးမှူး (၃) ဘဏ္ဍာရေးမှူးနှင့် ပစ္စည်းထိန်းတို့က ဆောင်ရွက် ရမည်။

(ခ) တီးဝိုင်းတွင် တီးဝိုင်းအုပ်၏ အမိန့်ကို အားလုံးလိုက်နာကြရမည်။

**၁၇။ နယ်မှအသင်းများ**

(က) နယ်မှအသင်းများကို ဈေးကအတိုင်းပင် အသင်းကြီး၏ တည်ပြီးဥပဒေ များကို သဘောတူ၍ ဆက်သွယ်ကြေးငွေ (၅ဝိ)ပေး၍ ဆက်သွယ် နိုင်သည်။

### ၁၈။ ဆုံးဖြတ်ချက်များ

(က) မည်သည့်အရေးကိစ္စကို ထောက်ခံသူရှိ၍ ကန့်ကွက်သူမရှိပါက ဆုံးဖြတ်အတည်ပြုနိုင်သည်။

(ခ) အဆို ၂-ရပ်ဖြစ်နေပါက မဲဆန္ဒများရာဖြင့် အနိုင်ပေး၍ ဆုံးဖြတ်နိုင်သည်။

(ဂ) မဲဆန္ဒချင်း တူညီနေပါက ဥက္ကဋ္ဌက မိမိပိုင်မဲဆန္ဒတစ်ရပ်အပြင် အပိုမဲဆန္ဒတစ်ရပ်ဖြင့် အရှုံးအနိုင် ဆုံးဖြတ်နိုင်သည်။

(ဃ) မှတ်ပုံတင်ပြီး အသင်းသားတစ်ဦးလျှင် မဲဆန္ဒတစ်ရပ်စီပေးနိုင်ရမည်။

(င) ဆန္ဒမဲ အတိအလင်းဖြစ်စေ၊ လျှို့ဝှက်သောနည်းဖြင့်ဖြစ်စေ အများဆန္ဒအရ ကောက်ယူနိုင်သည်။

## တာဝန်နှင့်ဝတ္တရားများ

### ၁၉။ ဥက္ကဋ္ဌ

(က) အသင်း၏ ကြီးပွားတိုးတက်ကြောင်းများနှင့်တကွ တည်တံ့ခိုင်မြဲရေးကို ရှေးရှုလျက်၊ ဦးစီးဦးကိုင် ဆောင်ရွက်ပြီးလျှင် ဆုံးဖြတ်ချက်များ ဥပဒေစည်းမျဉ်းများနှင့် မကိုက်ညီသော ကိစ္စများကို ကတိမလိုက် ပယ်ဖျက်ရမည်။

(ခ) အသင်းထွက် လက်ဝယ်တွင် (၁၀၀)ထိ ထားရှိ၍ (တရာ)ကိုလည်း အသင်းကိစ္စများအတွက် သုံးပိုင်ခွင့်ရှိသည်။ ငွေများကို ငွေထိန်းထံသို့ အပ်ရမည်။

### ၂၀။ ဒုတိယဥက္ကဋ္ဌ

ဥက္ကဋ္ဌအား အကြံအကူအညီပေး၍ ဥက္ကဋ္ဌ မအားလပ်သည့် အခါဖြစ်စေ၊ တာဝန်လွှဲအပ်ထားသည့် အခါဖြစ်စေ၊ (တာဝန်လွှဲအပ်ခြင်းကို စာဖြင့်နိုင်လုံစွာရှိရမည်) ဥက္ကဋ္ဌ၏ အခွင့်အရေးအတိုင်း ဆောင်ရွက်နိုင်ခွင့်ရှိသည်။

## ၂၁။ အတွင်းရေးမှူး

(က) အသင်းဝင် အသင်းသားများအား မှတ်ပုံတင်ခြင်း။

(ခ) ဝင်ကြေးနှင့် နှစ်ကြေးများကောက်ခံခြင်း။

(ဂ) ရငွေသုံးငွေများနှင့် ပစ္စည်းစာရင်းများကို ကျနစွာမှတ်သားထားခြင်း။

(ဃ) အစည်းအဝေးဆုံးဖြတ်ချက်များကို ကျနသေချာစွာ စာအုပ်ဖြင့်မှတ်တမ်းရေးခြင်းနှင့် သက်ဆိုင်ရာတို့၏ လက်မှတ်ရေးထိုးစေခြင်း။

(င) မွဲတီးရန် လက်ခံထားသောရက်များကို ကြေငြာခြင်းနှင့် အတီးသမားများအား နှိုးဆော်ခြင်း။

(စ) မွဲတီးခငွေများအတွက် စရံလက်ခံခြင်း၊ ငွေပြေစာထောင်းခံခြင်း။

(ဆ) ထိုရငွေများကို မိမိ၏လက်တွင် (၁၀၀)တရာအထိသာထား၍ ပိုငွေများကို ငွေထိန်းထံတွင် စာရင်းနှင့်တကွ ကျနစွာအပ်ထားရမည်။

(ဇ) မွဲတီးသွားသည့်အခါတိုင်းနှင့် အသင်းအတွက် သုံးသင့်ငွေများကို သုံးပိုင်ခွင့်ရှိရမည်။ သို့ရာတွင် ကိစ္စတစ်ခုအတွက် ငွေ(၅၀)ငါးဆယ်ထက် မပိုစေရ။

(ဈ) အဝေးပွဲများအတွက် သွားလာရေးကိစ္စနှင့်ပတ်သက်၍ အသုံးပြုရန်ငွေများကို မှန်းဆ၍ ယူထားနိုင်သည်။ သို့ရာတွင် ထိုပွဲကိစ္စပြီးပါက ရငွေ၊ သုံးငွေများ စာရင်းရှင်း၍ ငွေထိန်းထံ အပ်ရမည်။

## ၂၂။ တွဲဘက်အတွင်းရေးမှူး

(က) အတွင်းရေးမှူးသို့ အပြအကူအညီပေးရမည်။

(ခ) အတွင်းရေးမှူးမအားလပ်၍သော်၎င်း၊ စာဖြင့် တာဝန်လွှဲအပ်ထားသော အခါများတွင်၎င်း၊ အတွင်းရေးမှူး၏ အခွင့်အရေးအားလုံးကို တာဝန်ယူ၍ ဆောင်ရွက်ပိုင်ခွင့်ရှိစေရမည်။

## ၂၃။ ဝိုင်းအုပ်

(က) တီးဝိုင်းပါဝင်သူများအား အုပ်ချုပ်ကြပ်မတ်စီစဉ်ရမည်။

(ခ) တူရိယာများ စီစဉ်နေရာချထားခြင်းနှင့် တီးမှုတ်ရန် သီချင်းများစီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်။

### ၂၄။ ငွေထိန်း

(က) အတွင်းရေးမှူးထံမှ အပ်ငွေထုတ်ငွေများကို စာရင်းတွင် ရေးမှတ်၍ လက်မှတ်ထိုးစေပြီးလျှင် ငွေလက်ခံခြင်း၊ ငွေထုတ်ပေးခြင်းများကို ပြုလုပ်ရမည်။

(ခ) ငွေထုတ်သောအခါတွင် အတွင်းရေးမှူးနှင့် အမှုဆောင် ၂-ဦးပါမှ လက်မှတ်ထိုးစေ၍ ထုတ်ပေးရမည်။

(ဂ) လက်ကျန်ငွေများကို အချိန်မရွေး အသင့်ရှိစေရမည်။

### ၂၅။ ပစ္စည်းထိန်း

(က) အသင်းပိုင်ပစ္စည်းများအားလုံးကို ဂရုတစိုက် စာရင်းနှင့်တကွ ထိန်းသိမ်းစောင့်ရှောက်ရမည်။

(ခ) ရို့ယွင်းသောပစ္စည်းများကို ပြင်ဆင်ရန်နှင့် လိုအပ်သောပစ္စည်းများ ရှိပါလျှင် ဝယ်ယူရန် အတွင်းရေးမှူးသို့ အကြောင်းကြားရမည်။

(ဂ) ပွဲတီးသွားရာ၌ ယူသွားသောပစ္စည်းများကို ကော်မီတီ (၅)ဦးအများဆုံး ဖွဲ့၍ ထိန်းသိမ်းစောင့်ရှောက်ရမည်။

### ၂၆။ စာရင်းစစ်

(က) အသင်း၏ အထွေထွေစာရင်းအရပ်ရပ်ကို (၆)လတစ်ကြိမ် စစ်ဆေး၍ အစီရင်ခံစာရေးရမည်။

### ၂၇။ ဆော်သြမှု

(က) အတွင်းရေးမှူးသို့ အမြဲအကူအညီပေး၍ ၎င်းနှင့်တွဲဖက်ပါ အသင်းကိစ္စ အဝဝကို ဆောင်ရွက်ရမည်။

တူ၍ဖြစ်ပါသည်။

ထိုကာလများက မြန်မာ့ဂီတအနုပညာ၏ အမြင့်ဆုံးအပိုင်းမှာ မဟာဂီတ ဖြစ်သည်။ မြို့မတူရိယာအသင်းသည် "မဟာဂီတ" နှင့် "သဂေ်ဂီတ"ဟူသော အားနှစ်ရပ်ဖြင့် ဖွဲ့စည်းထားသောအသင်းဖြစ်၍ ရည်မှန်းချက်ကြီးမားသောအသင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

မြို့မအသင်းသားများသည်၊ သူ့နေရာနှင့်သူ အစွမ်းထက်ကြသူများဖြစ်သည်။ ထို့ကြောင့် မြို့မအသင်းတွင် ပါဝင်စွမ်းဆောင်ခဲ့သူ အသင်းသားများအနေဖြင့် အဓိကကျသူ၊ ပဓါနကျသူ၊ အရေးပါသူဟူ၍ သီးခြားအားဖြင့် ခွဲခြားရန် အလွန်ခဲယဉ်းပါသည်။ သို့ဖြစ်၍ မြို့မအသင်းတွင် ပါဝင်စွမ်းဆောင်ခဲ့သူ အသင်းသားများအဖြစ် ၁၉၂၈–ခုနှစ်မှ ၁၉၅၀–ထိ တစ်ခု၊ ၁၉၅၀–ခုနှစ်မှ ၁၉၅၅ခုနှစ် မြို့မငြိမ်း ကွယ်လွန်ချိန်အထိတစ်ခုတို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

## ၁၉၂၈–ခုနှစ်မှ၊ ၁၉၅၀–ခုနှစ် ပါဝင်စွမ်းဆောင်ခဲ့သူများ။

ဦးတော်လုံ၊ ဦးဘသက်၊ ဦးဘအုန်း၊ ဦးကြီးရွှေ၊ ဦးဘခင်၊ ဦးသန့်စင်၊ ဦးလှကျော်၊ ဦးသန့်၊ ကိုဘညိန်း (မြို့မငြိမ်း)၊ ဦးအေးကျော်၊ ကိုလှခင်၊ ဦးဘသင်၊ ဦးအေးမောင်၊ ဦးရင်လေး၊ ဦးကိုလေး (အမရပူရ)၊ ကိုညီ၊ ကိုမြကြီး၊ ဆရာဘို၊ ကိုချစ်ဥာဏ်၊ ကိုရှိကြီး (မော်ရှိ)၊ ကိုမောင်ကို (ပင်းသာ)၊ ကိုဘကြင်၊ ကိုဘသိန်း (ဂီတာဘသိန်း)၊ ကိုသိန်းတန်၊ ကိုအေးမောင် (၂)၊ ကိုဖွားအုံ၊ ကိုအုန်းမောင် (မန်းပန်တျာစန္ဒယားနည်းပြမောင်း)၊ မောင်ကံ (တယော) တို့ဖြစ်ကြပါသည်။

## ၁၉၅၀–ခုနှစ်မှ၊ ၁၉၅၅–ခုနှစ် ပါဝင်စွမ်းဆောင်ခဲ့သူများ။

ကိုကောင်းညွန့်၊ ကိုအေးဖေ၊ ကိုဘစိန်၊ ကိုလှမြင့်၊ ကိုလှအောင်၊ ကိုရွှေကို၊ ကိုကျော်ခင်၊ ရာမန်ကြီး၊ ကိုသန်းမောင် (ဂင်ဇာ)၊ ကိုညိန်းလေး၊ ကိုသောင်း၊ ကိုလေး (၂)၊ ကိုသန်းမောင် (ရွှေ)၊ ကိုသိန်းတန် (ကြက်သွန်)၊ ကိုသောင်း (၂)၊ ကိုဘိုစင်၊ ကိုပေါ၊ ကိုကြည်၊ ကိုဝင်း၊ ကိုတူ၊ ကိုမြမောင်၊ ကိုကြင်စိန်၊ ကိုကောင်း၊ ကိုတင်အေး၊ ကိုကိုကြီး (ဝေါလ်တာသန်)၊ ကိုညွန့်ဝေ၊ ကိုချွန်းရင်၊ ကိုသန်းမောင် (အေး)၊ ကိုအောင်သိန်း၊ ကိုဝင်းလွင်တို့ဖြစ်ပါသည်။

ဖွဲ့စည်းပုံအရ မြို့မတူရိယာအသင်းတွင် ဦးတော်လုံ (ဥက္ကဋ္ဌ)၊ ဦးသန့် (ရွှေထိန်း)၊ ကိုဘညိန်း (အတွင်းရေးမှူး)ဟူ၍ သိရပါသည်။ သို့ရာတွင် မြို့မငြိမ်း သည်၊ အသင်း၏လိုအပ်ရာများကို ဆောင်ရွက်ရသည်။

# မြို့မငြိမ်း နှင့် သူ့အနုပညာ

အဓိကထား ဆောင်ရွက်ရသည်မှာ ဝိုင်းအုပ်၊ ဝိုင်းခေါင်းဆောင်ဖြစ်သည်။ သို့ဖြစ်၍ မြို့မ တူရိယာအသင်း တည်ထောင်ပြီးသည်မှစ၍ အသင်း၏ အကျိုးကို မြို့မငြိမ်း ဆောင်ရွက်ခဲ့ပုံများနှင့်ပါတ်သက်၍ "စာဆိုဖြစ်အင် နှင့် သူ့တေးတစ်ရာ" စာအုပ်တွင် အောက်ပါအတိုင်း တွေ့ ရပြန်ပါသည်။

"တီးဝိုင်းထောင်ပြီးသည်နှင့် မြို့မငြိမ်းသည် အိမ်ကပ်သည်ဟူ၍မရှိ၊ မနက်လင်းသည်နှင့် မြို့မတူရိယာအသင်းရှိရာသွားသည်။ ညအိပ်ချိန်နီးမှပြန်သည်။ နေ့မအားညမအား၊ တီးဝိုင်းတီးနိုင်ရေးကိုလုပ်ရသည်။ လိုအပ်သည်များအတွက် ပြေးရ၊ လွှားရ၊ ရှာဖွေစုဆောင်းရသည်။ ဝယ်ရန်ရှိလျှင်ဝယ်ရသည်။ မတတ်သေးသူကို သင်ပေးရသည်။ သိချင်းမရသေးသူကို ပြပေး၊ တက်ပေးရသည်။ လိုအပ်သောတူရိယာကို ဝင်တီးပေးရသေးသည်။ ဘက်စုံတော်သူမို့ တော်တော့သည်။ သို့ရာတွင် မြို့မငြိမ်း မှာအား မညည်းမညူ ဝါသနာနှင့်ချွဲလုံ့လ တော်တော်အားကောင်းသည်။ ပျော်ပျော်ပါးပါး မရှမ်းမရိလုပ်ဆောင်သည်။

ဤသို့လျှင်၊ မြို့မငြိမ်း သည် တီးဝိုင်းဘက်တွင် ကိုယ်စွမ်းကိုယ်စ၊ ဉာဏ်စွမ်းဉာဏ်စရှိသမျှတွေ သုံးနေရသဖြင့် အိမ်ကိစ္စ၊ စီးပွားရေးကိစ္စတွေ မလုပ်အားတော့ပေ၊ ဤသို့ မြို့မငြိမ်း ကျိုးစားခဲ့သောကြောင့်လည်း တီးဝိုင်းသည် တဟုန်ထိုး နာမည်ကြီးလာခဲ့သည်။ မြို့မတီးဝိုင်း ဟုဆိုလျှင် ပရိတ်သတ်မဲ့၍ မဲ၍နေသည်၊ သတင်းကြားလျှင်၊ ကြားရာကလာရောက်နားဆင်ကြသည်။ မြို့မတီးဝိုင်းကလည်း တီးထွင်တီးမှုတ်မှုများလည်းရှိသည်။ ကြားရသူတို့၏ နားတွင် ထူးခြားဆန်းသစ်သောအရသာကို ခံစားကြရသည်။ ဤသည်မှာ မြို့မငြိမ်း ၏ စွမ်းရည်၊ စွမ်းဆောင်မှုပင်ဖြစ်၍၊ မြို့မငြိမ်း သည် အိမ်အလုပ်ဟူ၍၊ ဈေးချိုတော်အယ်(လ်)ရုံအတွင်းရှိ ဇနီး၏ ယွန်းထည်ဆိုင်ကို နေ့ကလိုက်လံခင်းပေးသည်။ နေ့လည်ထမင်းပို့သည်၊ အတူစားလျှင်စားသည်၊ ဇနီးရေချိုးလျှင် စောင့်ပေးသည်၊ ညနေဆိုင်သိမ်းပေးသည်၊ ဇနီးအား အိမ်ပို့ပေးသည်၊ ပို့ရန်မလိုလျှင် မပို့တော့ဟူ၍ တွေ့ရပါသည်။"

"သို့ရာတွင် ဆိုင်ဖွင့်၊ ဆိုင်သိမ်းအလုပ်ကိုတော့ အချိန်တန်လျှင်၊ အေးအေးဆေးဆေးဖြစ်စေ၊ မှားယွင်းမှားယွင်းဖြစ်စေ၊ ပုံမှန်လုပ်ပေးလေ့ရှိသည်၊ ပျော်ရသည်၊ စိတ်မောရသည်မရှိ ဘယ်ကပေါ်ပေါ်လာမှန်းမသိရဘဲ ရောက်လာတတ်သည်။ ဒီအတွက်တော့ စိတ်ချရသည်၊ ထို့ကြောင့်ပင် "မြို့မငြိမ်း"ဟု သူဖြစ်လာတာပေါ့" ဟု မြို့မငြိမ်း ၏ဇနီး (ဒေါ်သန်းမေ)မှ ကျေနပ်ရွှင်လန်းစွာ ပြောဆိုပြပုံများကိုလည်း ကြားရပါသည်။



မြို့မငြိမ်းအိမ်
(၁၉၄၉ - ၁၉၈၁)

မြို့မအသင်း တည်ထောင်ပြီးကော မြို့မငြိမ်း သည် အိမ်ကပ်သည်ဟူ၍ မရှိ၊ သူ့အတီးအမှုတ်ဂီတများနှင့်သာ အချိန်ကုန်နေတတ်သည်။ ထိုအခါ ကာလများ၌ တစ်ခါတရံ ညပင်ပြန်မအိပ်တတ်။

၉၄ လောကအမှန်



ဒါးတန်း ဦးသန့်
အနောက်တိုင်း "သင်္ကေတ" နှင့်
စန္ဒယားပညာတွင် နာမည်ကြီးသူ



ဆောင်စေယျာ ဦးဘေးကျော်
နန်းတော်ရှေ့ဆရာတင်၊ မြို့မငြိမ်းတို့ သီချင်းစာတပ်ပြားများတွင်
အနောက်တိုင်းတူရိယာပစ္စည်းဖြစ်သော "ဆိုက်ဆိုဖုန်း" ဖြင့်
မြန်မာဟန် မြန်မာသံများကို
အဖွဲ့လှလှ၊ အချက်ကျကျ မှုတ်ပြသွားခဲ့သော
(မန္တလေး ပန်းတျာ ပန်းချီ နည်းပြဟောင်း)

# သင်္ကေတ

ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဟူ၍ မြန်မာဂီတတွင် တူရိယာ အမျိုးအစားများ ခွဲခြားထားရှိခဲ့ပါသည်။ မြန်မာတို့၏ အခေါ်အဝေါ်အရ ပဉ္စင်ငါးပါးဟူ၍ဖြစ်ပါသည်။ ထိုတူရိယာများကို တစ်ခုခြင်းအားဖြင့် သာယာ ငြိမ့်ညောင်းစေရန် တီးမှတ်နိုင်စွမ်း ရှိသော်လည်း စုပေါင်း၍ တီးမှတ်စေသောအခါ ပိုမို၍ သာယာငြိမ့်ညောင်းစေသည်ဟု အဆိုရှိခဲ့သည်။ ဤတွင် မြန်မာဂီတ တီးမှတ်သီဆိုမှုသည် အသံခွဲခြားမှုစနစ်မရှိ၊ တူရိယာများကို တစ်ပြိုင်တည်း တီးမှတ်သီဆိုကြလေ ရှိ၏ဟု ထင်မြင်ယူဆဘွယ်ဖြစ်လာခဲ့သည်။

စင်စစ်မူ မြန်မာတူရိယာတီးဝိုင်းတစ်ခုတွင် လေ့လာကြည့်မည်ဆိုပါက၊ ကြိုး၊ ဘွဲ့၊ သီချင်းခန့်၊ ပတ်ပျိုး၊ ယိုးဒယားစသည်များကို တီးမှတ်ကြရာတွင် ဦးဆောင် တီးမှတ်သော တူရိယာများနှင့် အရံတူရိယာပစ္စည်းများသည် တေး၏ သက်ဆိုင်ရာ အပိုဒ်များအလိုက်၊ တီးမှတ်သီဆိုမှုစနစ်ခွဲ၍၊ တီးမှတ်သွားကြသည်၊ တူရိယာ များကို၊ တစ်ပြိုင်တည်း တီးမှတ်သီဆို နေကြသည်ဟု ထင်ရသည့်တိုင်၊ သေချာစွာ နားဆင်ကြည့်ပါက အသံအနိမ့်အမြင့်၊ အတိုအရှည်တို့ကို ဦးစားပေး တီးမှတ် နေကြကြောင်း သိနိုင်သည်။

သို့ဖြစ်၍၊ မြန်မာဂီတအနေဖြင့် ရှေးဦးစွာကပင် အဆင့်အတန်းရှိခဲ့သည်၊ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဟူ၍၊ တူရိယာစုံလင်စွာ ရှိခဲ့သည်။ နရီ စည်းဝါးများနှင့်အတူ အသံအနိမ့်အမြင့် အတိုအရှည်နှင့် တီးမှတ်သီဆိုမှုစနစ်ကို အထူးဦးစားပေး၍ ထားရှိခဲ့ကြသည်ဟူ၍ မြန်မာဂီတပညာရှင်များ၏ အဆိုအမိန့် စာပေများအားဖြင့် သိရပါသည်။

မြို့မငြိမ်း သည်၊ ဤသို့သော မြန်မာဂီတ၏ ပင်ကိုမူလ၊ ယဉ်ကျေးမှု အမွေအနှစ်များကို အခြေခံ၍ ခေတ်ပေါ်တူရိယာများ၊ ထိုတူရိယာများကို တီးမှတ်သီဆိုမှုစနစ်ဖြစ်သော "သင်္ကေတ"စနစ်ကို အထူးလိုက်စားနေသူဖြစ်သည်၊ အထူး လိုက်စားနေသူ (သို့မဟုတ်) ရှေ့ဆောင်ပြနေသူတစ်ဦးဟု ဆိုခဲ့ကြသူများ နာမည်ကြီး ခါးတန်း ဦးသန့်ဖြစ်ပါသည်။ ဦးသန့်တွင် ကိုယ်ပိုင်စန္ဒယားရှိသည်။ အကော်ဒီယံရှိသည်၊ အနောက်တိုင်းသင်္ကေတစာအုပ်များလည်း များစွာရှိသည်။

ဦးသန့် နှင့် ဖြို့မငြိမ်း တို့သည်၊ ကြီးမားသော ရည်ရွယ်ချက်ရှိသူများ ဖြစ်ကြပါသည်။ သူတို့နှစ်ဦးသည်၊ ခေတ်ပေါ်တူရိယာများ၊ ထိုတူရိယာများကို တီးမှုတ်သိဆိုမှုစနစ်ဖြစ်သော "သင်္ကေတ ပညာစနစ်" သေည်များနှင့် မြန်မာ သံစဉ်များ၊ မြန်မာစာတေးသွားများ၊ မြန်မာသီချင်းကြီး၊ သီချင်းခန့်များကို တီးမှုတ် လိုကြသူများဖြစ်သည်။

ထို့ကြောင့် သူတို့၏ ရည်မှန်းချက်များဟု ယူဆရသည်များကို ၁၉၂၈ – ခုနှစ်၊ ခေတ်ပေါ်တူရိယာများနှင့် တီးမှုတ်ဖွဲ့စည်းခဲ့သော ဖြို့မတူရိယာ အသင်း၏ ဥပဒေစည်းမျဉ်း (၃) ရည်ရွယ်ချက် အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ နှင့် (ငါ)တို့တွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

ဖြို့မတူရိယာအသင်း ဥပဒေစည်းမျဉ်း (၃)ရည်ရွယ်ချက်အပိုဒ်ခွဲ၊ (က)မြန်မာသီချင်းကြီးများ ဆည်းပူးဖြန့်ပွားရေး (မဟာဂီတဆည်းပူးရေး)၊ (ခ) ကမ္ဘာသုံးတူရိယာများ သင်ကြားတတ်မြောက်ရေး (တူရိယာသင်ကြား တတ်မြောက်ရေး)။ (ဂ)မြူးစစ်နုတ်၊ အမှတ်အသားပညာဖြင့် ရေးသားသော တူရိယာပညာကို လေ့လာရန် (သင်္ကေတရေးဖြင်း၊ စတ်ခြင်း လေ့လာရန်)။ (ငါ)ရှေးမြန်မာသီချင်းကြီးများကို ကျွမ်းကျင်သူများနှင့် ညှိနှိုင်း၍ ကမ္ဘာသုံး ဖြစ်သော မြူးစစ်နုတ်ပညာဖြင့် ကူးပြောင်းလေ့လာရန် (သင်္ကေတပညာဖြင့် ကူးပြောင်းလေ့လာရန်) ဟူ၍ဖြစ်ပါသည်။

သူတို့ရည်မှန်းချက်များ၏ လက်တွေ့စမ်းသပ်မှုအဖြစ် ၁၉၃၀ – ခုနှစ် ခန့်က "တောမြိုင်ခြေလမ်း" ဟူသော ယိုးဒယားသီချင်းတစ်ပုဒ်ကို သင်္ကေတဖြင့် စမ်းသပ်တီးမှုတ်ကြည့်ခဲ့ကြဖူးသည်။

ဒုတိယသီချင်းမှာ "စံရာတောင်ကျွန်း"ဖြစ်၍ ၁၉၅၂ –ခုနှစ်ခန့်က ယဉ်ကျေးမှုဌာနဝန်ကြီး၊ ဦးထွန်းဖေ၊ ရွှေပြည်ဆရာကြီး ဦးဘာတင် (သမိုင်း)၊ ဆရာဘကလေး(မန်းပန်တျာ၊ ပတ္တလား၊ စန္ဒယားနည်းပြ)တို့အား မြန်မာ သီချင်းကြီး၊ သီချင်းခန့်များကို သင်္ကေတဖြင့် ရမရ ဖြစ်နိုင်မဖြစ်နိုင် ကိစ္စနှင့် ပတ်သက်၍ နမူနာပြ တီးပြခဲ့ခြင်းဖြစ်ပါသည်၊ ထို့နောက် ၁၉၅၃ – ၅၄၊ ခုနှစ်များတွင်၊ ပြုလုပ်ခဲ့သော၊ မြန်မာသီချင်းကြီးသီချင်းခန့်များ၊ ပန်တျာမှုမှန် ပြုရေး၊ သင်္ကေတ တင်မှတ်ရေးအကြံပေးအဖွဲ့တွင်၊ ဖြို့မငြိမ်းသည် အကြံပေး အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ခဲ့ရပါသည်။

မြို့မငြိမ်း ၏ "ကသစ်ပန်း" သီချင်းကို အကော်ဒီယံဆောင်သန့်နှင့်အဖွဲ့ (ဒါးတန်း ဦးသန့်) ဦးစီးသောဝိုင်းဖြင့် ဓါတ်ပြားသွင်းခဲ့ရာ၊ ခေတ်ကြီးပဒေသရာဇ၏ "ပုစင်းတောင်သံကြိုး" သီချင်းမှ မြို့မငြိမ်း နိုးယူအသုံးပြုခဲ့သော "အံ့ကာလလေတချို့၊ ရွာလေတသဲသဲ" ဟူသောအပိုဒ်ကို ဒါးတန်းဦးသန့်က အနောက်တိုင်းတူရိယာ ပစ္စည်းဖြစ်သော အကော်ဒီယံ (ACCORDIAN) ကိုတယ်နှင့်ညာဖြန့်မှာ အတွဲအစက် မြန်မာမှုမြန်မာဟန်ပန် အနှစ်သာရမပျက်စေဘဲ ကော့ဒ် (CHORD) များဖြင့် တီးခတ်ခဲ့သည်။ ထိုအပိုဒ်ငယ် (4 BARS)၌ ည်းမျှရှိသည်ကိုပင် ရှည်းနှစ်ဖြင့်ကာ (8 BARS)၊ ရေးညည်းမှုအနေ့ထုတ်၍ ရှုလပင်ကို မြန်မာဟန်မှ အဖြစ်တေးသွားအယူအဆကို မျိုးစွားစနစ်တီးခြင်း (VARIATIONS ON THEME) နည်းစနစ်ဖြင့် တယောအစွမ်းပြကာ ကွဲ၏က်တီးခတ်စေခဲ့သည်။ ထို့ကြောင့် "ကသစ်ပန်း" သီချင်းသည် ဒါးတန်း ဦးသန့် နှင့် မြို့မငြိမ်း တို့၏ အနောက်တိုင်း ဝိုင်းဖွဲ့ပုံစနစ်နှင့် တ်သက်သော စမ်းသပ်မှုမှတ်တိုင်ဖြစ်ပေသည်။

သဘင်တာစနစ်နှင့် ပတ်သက်၍၊ ဒါးတန်းဦးသန့်၊ မြို့မငြိမ်း တို့၏ ဆရာဖြစ်သူများ (သို့မဟုတ်) နည်းပညာပေးခဲ့သူများမှာ၊ မစ္စတာရီဂို၊ စ္စတာဆော်တီ၊ မစ္စတာဗေးဝစ် တို့ဖြစ်ကြပါသည်။ မစ္စတာရီဂိုသည် ဆယ်စင်စတုန်း ရှပ်ရှင်ရုံ (ရွှေတိုက်) ရုံဝင်းအတွင်းနေထိုင်သူ ဖြစ်သည်။ ဂုရားနှိုးကျောင်းနှင့် ရှပ်ရှင်ရုံတွင် စန္ဒယားတီးသည်။ "ရီဂိုဝင်" ဟူသော တီးဝိုင်းကလေးနှင့် ဂီတပညာသင်တန်းဖွင့်ထားသူဖြစ်သည်၊ မစ္စတာဆော်တီမှာ ချယ်ပက်သမားတစ်ဦးဖြစ်၍ တူရိယာပစ္စည်းများ၊ ဂီတနှင့်ပတ်သက်သော ထုပ်စာတန်းများ ရောင်းသောဆိုင်မှုဖြစ်သည်။ မစ္စတာဗေးဝစ်မှာ မန္တလေး န်းတွင်း စစ်တင်စရာတီးဝိုင်းခေါင်းဆောင်ဟူ၍ သိရပါသည်။

၁၉၃၀ – ခုနှစ်ခန့်က၊ မန္တလေးမြို့၌ ဟော်တယ်နှင့် ပျော်ပွဲစားရုံအချို့၌၊ ပွဲစန်းကလေးများရှိသည်။ "ရီဂိုဝင်" ဟူသော မစ္စတာရီဂို၏ တီးဝိုင်းကလေးသည် ကပွဲစန်းကလေးများတွင် တီးပေးရသည်၊ ထိုဝိုင်းကလေးများအတွက် မစ္စတာ ဂိုကလာအေါ်တော်၍ မြို့မငြိမ်း၊ ဒါးတန်း ဦးသန့်၊ ဦးကိုလေး (အမရပူရ) တို့ က်၍တီးခဲ့ကြဖူးသည်။ မစ္စတာရီဂို က စန္ဒယား၊ မြို့မငြိမ်း က ဆိုက်ဆိုဖုန်း၊ လောရီနက်၊ ဒါးတန်းဦးသန့်က ဗလု၊ ဦးကိုလေး က ကလာရီနက်၊ တော် ကို သဘင်တာစတ်စနစ်ဖြင့် တီးမှုတ်ခဲ့ကြကြောင်း သိရပါသည်။

ဤသို့
တီးမှုတ်ကြခြင်းမှာ ခေတ်ပေါ်တူရိယာများ၊ ထိုတူရိယာများကို သင်္ကေတစနစ်ဖြင့် ဗိုင်းရှဲ့တီးမှုတ်ခြင်း အတွေ့အကြုံများ ရှာကြခြင်းဖြစ်သည်။

စစ်မဖြစ်မီကာလက၊ မြို့မတူရိယာအသင်း၏ သင်္ကေတသမားများဟု ဆိုနိုင်ကြသူများမှာ ဒါးတန်းဦးသန့်၊ မြို့မငြိမ်း၊ ဦးအေးကျော် (မန်း၊ ပန်တျာ ပန်းချီနည်းပြပေကောင်း) ဦးသိန်းမောင် (စမော - သိန်းမောင်)၊ စိုးကြီး (ဂေါ်ရှိ)၊ ဦးကိုလေး (အမရပူရ) တို့ဖြစ်ကြသည်။

၁၉၃၅ နှင့် ၃၀ - ခုနှစ်များတွင် ဓါတ်ပြားသွင်းခဲ့ကြသော၊ မြို့မငြိမ်း ၏ "ချစ်တဲ့သဘောနေ"၊ "စန္ဒာဆီမ်မက်"၊ "ရွှမ"၊ "အလှမြင်ပွဲ" နန်းတော်ရှေ့ ဆရာတင် ၏ "ဗရာဝတီ"၊ "ဘောင်ပင်လယ်" တို့နောက်၊ မြို့မငြိမ်း ၏ "မန်ဒါလီ"၊ "နှစ်ဝိသသချွဲ"၊ "ဖြိုး"၊ "ကသစ်ပန်း"၊ စသည့်သီချင်းများကို ခေတ်ပေါ်တူရိယာ များ အသုံးပြု၍၊ သင်္ကေတစနစ်ဖြင့် ဗိုင်းရှဲ့တီးမှုတ် ဓါတ်ပြားသွင်းခဲ့ကြသည်။ ထိုခေတ်က ထိုဓါတ်ပြားသီချင်းများ၏ အောင်မြင်ကျော်ကြားမှုသည်၊ မြို့မငြိမ်း၊ ဒါးတန်းဦးသန့် နှင့် မြို့မတူရိယာ အသင်းတို့၏ အနောက်တိုင်း တူရိယာများကို တီးမှုတ်အသုံးပြုနိုင်ခြင်း၊ သင်္ကေတစနစ်ဖြင့် ဗိုင်းရှဲ့တီးမှုတ်နိုင်ခြင်းတို့၏ အောင်မြင်မှုသမိုင်း မှတ်တိုင်များဖြစ်ကြပါသည်။

# ပြည်ထောင်စုမြန်မာနိုင်ငံတော်

## အထူးအစိုးရပြန်တမ်း

## (THE BURMA GAZETTE EXTRAORDINARY)

**ရန်ကုန်မြို့၊ ၁၃၁၅ – ခု၊ ဝါခေါင်လပြည့်ကျော် – ၁၃ – ရက်၊**

**(၁၉၅၃ – ခု၊ ဩဂုတ်လ – ၂၇ – ရက်)**

**ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာန**

**မ – က ဌာနစိတ်**

**ရန်ကုန်မြို့၊ ၁၃၁၅ – ခု၊ ဝါခေါင်လပြည့်ကျော် ၁၃ – ရက်။**

(၁၉၅၃ – ခု၊ ဩဂုတ်လ ၂၇ – ရက်)

အမှတ် ၁၀။ ။ မဟာဂီတ သီချင်းကြီးများကို သီဆိုတီးမှုတ်ခြင်းနှင့် မူမှန်စံပြထားရှိရေး၊ အမှတ်သင်္ကေတပြုလုပ်ရေး၊ အသံသွင်းထားရေးနှင့် ရုပ်ပြအသံဖမ်းပြုလုပ်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အကြံပေးအဖွဲ့သစ်ကို နိုင်ငံတော်သမ္မတကြီး က ဖွဲ့စည်းလိုက်ပါသည်။

**ဥက္ကဋ္ဌ**

(၁) ဝန်ကြီး ဦးဝင်း၊ ပြည်ထောင်စုယဉ်ကျေးမှုဌာနဝန်ကြီး။

**အတွင်းရေးမှူး**

(၂) ဦးသိန်းညွန့်၊ ပြည်ထောင်စုယဉ်ကျေးမှုဌာန အတွင်းဝန်။

**အဖွဲ့ဝင်လူကြီးများ**

(၃) ဝန်ကြီး ဒိုလ်ခင်မောင်ကလေး၊ ပြည်ထဲရေးဌာနဝန်ကြီး။

(၄) သခင်သန်း၊ ပါလီမန်အတွင်းဝန်၊ ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာန။

(၅) ဗိုလ်ဘတင်၊ ပါလီမန်အတွင်းဝန်၊ ပြည်သူ့လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီးဌာန။

(၆) ဦးအောင်လှ၊ သချင်္ချာပါမောက္ခ၊ ယူနီဗာစီတီတက္ကသိုလ်၊ ရန်ကုန်မြို့။

(၇) ဦးအေးမောင်၊ မြန်မာစာပါမောက္ခ၊ ယူနီဗာစီတီတက္ကသိုလ်၊ ရန်ကုန်မြို့။

(၈) ဦးဘညွန့်၊ ရာဇဝင်ပါမောက္ခ၊ ယူနီဗာစီတီတက္ကသိုလ်၊ ရန်ကုန်မြို့။

(၉) ဦးသိန်းဟန်၊ ကျောင်းသုံးစာအုပ်ထုတ်လုပ်မှု ညွှန်ကြားရေးဝန်။

(၁၀) ဦးဝန်၊ ဌာနမှူး၊ ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန။

သန်းအောင်နိုင်

(၁၁) ဦးမောင်မောင်ကျော်၊ အငြိမ်းစားသစ်တောဝန်၊ ဧဌ – လယ်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးမြို့။

(၁၂) ရွှေပြည် ဦးဘတင်၊ မြန်မာစာကထိက၊ နိုင်ငံတော် ဆရာအတတ်သင် ကျောင်း၊ မန္တလေးမြို့။

(၁၃) ဦးခင်မောင်ထွေး၊ အမိန့်တော်ရရှေ့နေ၊ အနောက်မုခ်လမ်း၊ မန္တလေးမြို့။

(၁၄) ဦးသိုက်၊ တရုတ်စစ်ဆရာကြီး၊ နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့၊ ရန်ကုန်မြို့။

(၁၅) အလင်္ကာကျော်စွာ ဦးဟဲပ၊ နိုင်ငံတော် ဆိုင်းအဖွဲ့ ချုပ်ကြပ်ရေးမှူး၊

(၁၆) အလင်္ကာကျော်စွာ ဆရာငြိမ်း၊ အမှတ် –၉၊ ဒုရွှေရာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

(၁၇) အလင်္ကာကျော်စွာ ဆရာဘလေး၊ ပတ္တလားသင်တန်းနည်းပြဆရာ၊ ပန်းတျာကျောင်း၊ မန္တလေးမြို့။

(၁၈) ဦးဘဝင်း၊ ကျောင်းအုပ်ကြီး၊ နိုင်ငံတော်ပန်းတျာကျောင်း၊ ရန်ကုန်မြို့။

(၁၉) ဦးဘသန်း၊ ယဉ်ကျေးမှုအထက်တန်းအရာရှိ (ပန်းတျာ)။

(၂၀) ဦးမြင့်ဦး၊ ယဉ်ကျေးမှုအထက်တန်းအရာရှိ (ပန်းတျာသုတေသန)။

(၂၁) ဦးချစ်မောင်၊ ပတ္တလားသင်တန်းနည်းပြဆရာ၊ နိုင်ငံတော်ပန်းတျာကျောင်း၊ ရန်ကုန်မြို့။

(၂၂) မြို့မငြိမ်း၊ မန္တလေးမြို့။

(၂၃) ဦးတင်၊ အမှတ် ၈၄၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

(၂၄) အလင်္ကာကျော်စွာ ဒေါ်စောမြအေးကြည်၊ ကထိက၊ ဆရာအတတ်သင် ကျောင်း၊ ကန်ဘဲ့၊ ရန်ကုန်မြို့။

(၂၅) ဒေါ်ဒေလီညွန့်၊ အဆိုနည်းပြဆရာမ၊ မြို့မကျောင်း၊ ရန်ကုန်မြို့။

(၂၆) ဒေါ်အောင်ကြည်၊ အဆိုနည်းပြဆရာမ၊ မြို့မကျောင်း၊ ရန်ကုန်မြို့။

၂။ ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာန၏ ၁၉၇၃ – ခု၊ ဧပြီလ (၂၃) ရက်နေ့စွဲပါ ပြန်တမ်းအမှတ် (၉) နှင့် ၁၉၇၃ – ခု၊ ဇွန်လ (၁၀) ရက်နေ့စွဲပါ ပြန်တမ်းအမှတ် (၁၂) တို့ဖြင့် ဖွဲ့စည်းထားသည့် မဟာဂီတအကြံပေး အဖွဲ့ကို ဤပြန်တမ်းထုတ်ပြန်သည့်နေ့မှစ၍ ဖျက်သိမ်းလိုက်သည်။

အမိန့်အရ

သိန်းညွန့်၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာန။

## သီချင်းရေးသူ

၁၉၂၈ – ခုနှစ်တွင်၊ ဖြိုးမအသင်းအား ခေတ်ပေါ်တူရိယာများတွဲဖက်၍ တီးမှုတ်ဖွဲ့စည်းခဲ့ကြသည်။ ထိုအခါ ဖြိုးမငြိမ်းသည်၊ ဝိုင်းအုပ်ဝိုင်းခေါင်းဆောင် ဖြစ်ခဲ့သည်၊ ဝိုင်းအုပ်ဝိုင်းခေါင်းဆောင်သည် ဝိုင်းတီးမှုတ်နိုင်ရန်၊ အသံနှင့် ဝိုင်းဖွဲ့ စီမံပေးရသည်၊ ဤအလုပ်သည် သင်္ကေတတတ်ကျွမ်း လွယ်ကူသည်ဟု သိရသည်။

ဝိုင်းဖွဲ့ အသံချိုးခြင်းနှင့်၊ အသံရှာဖွေခြင်းအလုပ်တို့သည်၊ ယှက်နွယ်၍ နေသည်၊ အသံ၏သဘောများ၊ အတွဲအဖက် အစပ်အဟပ်များကို တွေ့လာမည်၊ ဤတွေ့ရှိချက်များကို၊ မျဉ်းငါးကြောင်းတွဲကလေးများပါရှိသော စာရွက်ကလေးများတွင်၊ သင်္ကေတအမှတ်ကလေးများဖြင့် မှတ်သားထားခြင်းဖြင့် တေးသွား၊ သံစဉ်ကလေးများကို ရနိုင်သည်။

ဤနည်းဖြင့် ရရှိစုဆောင်းထားသော တေးသွား၊ သံစဉ်ကလေးများ ဖြိုးမငြိမ်း၌ အများကြီးရှိသည်၊ အလိုရှိသောအခါ၊ ထိုတေးသွား၊ သံစဉ်ကလေးများထဲသို့ သင့်လျော်ရာအကြောင်းအရာလေးများ၊ စိတ်ကူးရရာ မြင်တွေ့မိရာ အကြောင်းအရာ စာလုံးလေးများကို ထည့်သွင်းပေးလိုက်ခြင်းဖြင့်၊ သီချင်းတစ်ပုဒ် ဖြစ်သွားနိုင်သည်။ သို့ရာတွင်၊ အကြောင်းအရာစာလုံး အရင် ရေးသော သီချင်း၊ စာလုံးရေးထားပြီးပါ တွဲရေးသောသီချင်းများလည်း ရှိပါသည်။

ဖြိုးမငြိမ်းသည်၊ သင်္ကေတကို အထူးလိုက်စားနေသူဖြစ်သည်။ သို့ရာတွင်၊ မဟာဂီတသီချင်းကြီး၊ သီချင်းခန့်များကိုလည်း၊ တော်တော်ရသူဖြစ်သည်၊ ဖြိုးမငြိမ်း ဘင်ရှိုတီး ကျော်ကြားသော သီချင်းမှာ၊ "ပပဝင်း" ပတ်ပျိုးဖြစ်သည်။ သူ့စိတ်တိုင်းကျ တီထွင်ထားသော လက်ခတ်ဖြင့်၊ "ပပဝင်း" ကိုတီးသော၊ ဖြိုးမငြိမ်း ၏ ဘင်ရှိုသံမှာ၊ စနယားတွဲဖက်သံများကဲ့သို့ နံလင်၍ အလွန်နားထောင်ကောင်းသည်ဟု သိရသည်။



"ချစ်ရဲဘော်" "စစ်မင်းသား" "စရိုးသည်" ပြဇာတ်များတွင်၊
"အောင်ပေဟာပြဇာတ်အဖွဲ့" ဒါရိုက်တာဖြူနှစ်ရွာ နှင့် တွဲ၍၊
ထိုပြဇာတ်များတွင် တီးမှုတ်ပေးခဲ့ကြသော "ကရာဇ်တင်မြူစစ်"
"ဥဂင်းတွဲ့တွဲ့" တီးဝိုင်းတို့တွင် မြို့မငြိမ်းနှင့်တွဲ၍
ဝိုင်းခေါင်းဆောင်လုပ်ခဲ့သော ဒါရိုက်တာဘမင်းညို (ခေါ်)
ခေါင်းရိုး ဦးရှင်လေး နှင့် မြို့မငြိမ်း
"တိမ်လွှာကိုနှိုက်လွင့်"လား ....?
"အိမ်သူပီပီ"လား ...?



"တကြိုက်ထဲကြိုက်" ကဗျာ သိန်းတန်မှ
ဆရာမြှင်း ရဲ့
အာစနီ ရဲ့
မာစတာ ရဲ့
"အာ" "အတော"မီအောင်ဆိုနိုင်တယ်လို့ ဆိုခဲ့ကြရသော ...
လူမျိုးတစ်ရာတစ်ပါး ကုလား၊ တရုတ်၊ ပန်းရှာပီလည်းကြိုက်
သိန်းတန်ကြီးလည်းကြိုက် ...
အတီးကကောင်း၊ အက ကကောင်း၊
သိန်းတန်ကြီးလည်း အဆိုကောင်း ရှိုးပွဲရှင် ...
လောင်လောင် လောင်လောင် လောင် ကြွေပေမယ့်
သိန်းတန်ကြီး တရားမရှိုးပေါင် သနားဘို့အကောင် ...
ဟုကျူးဆိုခဲ့သော မြို့မငြိမ်း သီချင်းများကို
ပြပေး၊ ရှာပေး၊ ဆိုပေးရသော
မြို့မငြိမ်းလက်ရုံး မြို့မအဆိုတော် ဦးသိန်းတန်

ထို့ကြောင့် မဟာဂီတနှင့် မြန်မာစာပေတို့ကို အနှစ်ကျကျ လေ့လာ ထားခြင်း၊ ဂီတသင်္ကေတနှင့် အသံအစပ်အဟပ်များ ကျွမ်းကျင်ကာ ကိုယ်ပိုင် ဆန်းသစ်သော သံစဉ်များကို ဖန်တီးနိုင်ခြင်း၊ သေသပ် အဓိပ္ပာယ်ကြွယ်ဝကောင်းများ ရှိခြင်းတို့သည်၊ အလိုရှိသောအခါ၌၊ မြို့မငြိမ်း၊ အား သီချင်းရေးသူ ဖြစ်လာစေခဲ့ ပါသည်။

၁၉၂၈–၂၉–ခုနှစ်ကြားခန့်တွင် “ကချေနက်ညောင်ရေ” နှင့် “တဝါတွင်း” ဟူသော သီချင်းကလေးများကို မြို့မငြိမ်း ရေးလိုက်သည်၊ အသင်းသားများက နှစ်ခြိုက် လက်ခံအားပေးခဲ့ကြသည်၊ သူသီချင်းရေးသည်ကြားရ၍ သူ့ဦးလေး ဘုန်းကြီး ဦးနန္ဒိယ က ဖေါ်ဖြ သဒ္ဒါအင်ပေးခဲ့သည်။

“လှမျိုးခိုး အချိုးရှင်မှာပြီ ဘယ်ဆီမှာမှလေ မြားမကြေ” ဟူသော သီချင်းမှာ မြို့မတာယောအုပ်စုခေါင်းဆောင် ရှမ်းဝန်းကြီးလုလင်ခေါ်မှု ပန်းချီဆရာကြီး ဦးကြီးရေ၊ အိမ်ထောင်ပြုတော့မည်ဟူသောအချိန်တွင် ရေးသည်။ ထို့ကြောင့် ထိုသီချင်းကို “ရှမဝ” ဟု အမည်ပေးခဲ့ခြင်းဖြစ်ပါသည်။

မြို့မတူရိယာအသင်း၊ တည်ထောင်ပြီး၍မကြာမီ၊ “ဂုဏ်ဝေယျာဝစ္စ၊ မာယ တူရိယာအသင်း”နှင့် “မြန်မာ့သွန်မဟာဂီတ တူရိယာအသင်း”တို့ ပေါ်၍လာသည်၊ ၁၉၂၈–ခုနှစ်၊ မြို့မအသင်းကို ဓာတ်ပေါ်တူရိယာများဖြင့် တီးချဲ့ဖွဲ့စည်းလိုက် သောအခါ မာယနှင့် မြို့မ တို့ အပြိုင်ဖြစ်လာကြသည်။ အလွန်ပျော်စရာ ကောင်းသည်ဟု သိရပါသည်။ အနုပညာပရိတ်သတ်များကလည်း မြှောက်ပေး ကြသည်။ ဂီတပညာရှင်ဆရာကြီးများကလည်း မြှောက်ပေးကြသည်။ ဂီတ ဆရာကြီးများက “မြို့မ” နှင့် “မာယ” တို့ အပြိုင်တီးကြရာတွင် နှစ်သင်းစလုံးမဆိုး၊ သို့သော် သူတို့လောက်တော့ မတော်ဟု၍၊ စင်သော ပြောဆိုကျိုးယ် ခဲ့ကြသည်။

ဤတွင် မြို့မငြိမ်းက (အစင်းဖြစ်မှုအနိုက် နှုတ်ထွက်ရာဦးရွှေလိပ်က မိန့်ကြားသည်မှာ ငါလိုပိုင်းနိုင်းစက်စက် မင်းတို့စောင့်ရှာယ်) ဟူသော “အလှပြိုင်ပွဲ” သီချင်းကို ရေးသားတီးမှုတ်၍ ပွဲသိမ်းခဲ့သည်။

“မြို့မ” နှင့် “မာယ” တို့သည် စင်ပေါ်တွင်သာ ပြိုင်ကြသည်၊ အပြင် စားသောက်ဆိုင်များတွင် တွေ့ကြသောအခါ စားအတူ သောက်အတူ ညီအစ်ကိုလို နေကြသူများဖြစ်ကြသည်၊ ဤတွင် ကြားနေမြန်မာ့သွန်တူရိယာအသင်း စာရေး ဆရာက “ကြားရှင်ကြပါတယ်ဆိုလို့ ကျွန်တော်တို့တီးရတယ် တွေ့ကြခဲ့ကြ

ဖြိုးမငြိမ်း နှင့် သူ့အနုပညာ

ပြန်တော့လည်း အားနာတယ်၊ ကျွန်တော်တို့ အားနာတယ်၊ အချင်းချင်းက ပြည့်စုံကိုက်၊ ညီအကိုတွေလိုပေါ့၊ ချစ်သွေးအင်မတန် အလွန်ညီ အာသာရယ် သာသာနာရယ် တွေကြတယ်၊ အားလုံးတွေကြတယ်၊ မြန်မာ့လွှန်က ဆရာတင်ရေလို့ စိတ်ငြိတယ်" ဟူသော "ချစ်သွေးညီ" သီချင်းကိုရေးသားခဲ့၍ မာယာတူရိယာအသင်းအား တီးမှုတ်စေခဲ့သည်၊ မာယာကလည်း တီးခဲ့ကြပါသည်။

ဤနည်းဖြင့်တစ်မျိုး၊ အခြားအကြောင်းများဖြင့်တစ်မျိုး စိတ်ကူးရှိရာ မြင်တွေ့ရာ ရေးလိုရာအားဖြင့်တစ်မျိုး သီချင်းကလေးများကို ဖြိုးမငြိမ်း ရေးသားလာခဲ့ရာ ကြာသောအခါ၊ ဖြိုးမငြိမ်း တွင် သီချင်းကလေးများ စုမိလာသည်၊ နာမည်ကြီးသော သီချင်းများမှာ၊ ရွှမဝ၊ အလှပြိုင်ပွဲ၊ ချစ်တာပဓာန၊ မန်ဒါလီ၊ တချစ်ထဲချစ်၊ နှစ်ပီသသနဲ့၊ ရှင်တာရာဘဲ၊ ခင့်အိပ်မက်၊ ဘင်ဂျို၊ မျိုး၊ ခေါင်းစက်ယာဉ် တို့ ဖြစ်ကြပါသည်။

၁၉၃၅–ခုနှစ်ခန့်တွင် ဖြိုးမတူရိယာအသင်းသည်၊ ရွှေတံဆိပ်ကုမ္ပဏီ နှင့် ဓါတ်ပြားသွင်းခဲ့ကြသည်၊ နန်းတော်ရှေ့ဆရာတင် ၏ "ဥမ္မာရင်းမှန်"၊ "အလှရှင်"၊ "သော့တွဲ" "စရာဝတီ"၊ "ထောင်ပင်လယ်" ဖြိုးမငြိမ်း ၏ "ချစ်တာပဓာန"၊ "ခင့်အိပ်မက်"၊ "ရွှမဝ"၊ "အလှပြိုင်ပွဲ" တို့ဖြစ်ကြသည်၊

ဤ ချစ်တာပဓာန၊ ခင့်အိပ်မက်၊ ရွှမဝ၊ အလှပြိုင်ပွဲ၊ တို့သည်၊ ဖြိုးမငြိမ်း ၏ ဦးစွာသော ဓါတ်ပြားသီချင်းများ ဖြစ်ကြသည်။ ထိုသီချင်းတို့သည်၊ ဖြိုးမငြိမ်း အား မန္တလေးဖြိုးမတီးဝိုင်းခေါင်းဆောင်နှင့် သီးချင်းရေးသူအဖြစ် ဓါတ်ပြားနှင့် ဂီတလောကအတွင်းသို့ ရောက်သွား စေခဲ့ပါသည်။

ဖြိုးမငြိမ်း သည် သီချင်းရေးသက်တမ်း(၁၈)နှစ်ခန့်အတွင်း သီချင်း ပုဒ်ရေပေါင်း(၁၅၀)ကျော်ခန့် ရေးသားပြုစုသွားခဲ့သည်။ ၁၉၃၅ – ခုနှစ်ခန့်မှစ၍ စစ်မဖြစ်မီထိ ဓါတ်ပြားပေါင်း(၄၀)ကျော် သွင်းခဲ့သည်၊ သွင်းခဲ့ရသော သီချင်းတိုင်း လူအများနှစ်သက်လက်ခံခဲ့ကြသည်။ ဖြိုးမငြိမ်း သွင်းခဲ့သောဓါတ်ပြားသီချင်းများကို အောက်ပါအတိုင်း တွေ့ရပါသည်။

ချစ်တာပဓာန၊ ခင့်အိပ်မက်၊ ရွှမဝ၊ အလှပြိုင်ပွဲ၊ နှစ်ပီသသနဲ့၊ မန်ဒါလီ၊ တချစ်ထဲချစ်၊ လေချိုသွေး၊ လားတွေထပ်၊ ရှင်တာရာပဲ၊ ဖရဲသီးနှင့်ဘဲဥ၊ မောင့်အရည်အချင်း၊ ယောင်းမ၊ မျက်မှန်စိမ်းနှင့်မြက်ခြောက်၊ အချစ်ယောင်ဆောင်၊ ဓမ္မဝါဒီ၊ လက်ဝဲသုန္ဓရ၊ နှစ်ယောက်ထဲ၊ ကသစ်ပန်း၊ စစ်ကိုင်းတောင်၊ ချစ်ကာဝေ၊ လင်းအရုဏ်၊ ခေါင်းစက်ယာဉ်၊ နုံးမျက်စေ၊ မျိုး၊ ထီးကလေး၊ မိမုရားစော၊ ရေပက်မဝင်၊ ငါးဘဝ၊ လောကဓာတ်ခုံ၊ လူ့စမ္မတာတို့ဖြစ်သည်။

အောစမ်းနှင့်သွင်းသော ဓါတ်ပြားများမှာ ပါရမီတော်၊ ရေစင်တော်၊ နတ်သျှင်နောင်၊ မို့မှာတာမ်း၊ မောင်ပါနိုင်၊ ဖူးစာရိုင်၊ မင်္ဂလာဆောင်မယ်၊ သက်စေ၊ ချစ်လွန်းတောင်၊ လှမြို့ လေထဲကာရူးဓာ၊ ရွှေမင်းဝံ၊ နဲ့မျိုးနဲ့၊ ချစ်ကျိုးတော်အောင် တို့ဖြစ်ပါသည်။

သက်စေ ကို ပြည်လှအေး၊ အေးမြင့် တို့သီဆိုၡ၍ ရွှေမင်းဝံ၊ နဲ့မျိုးနဲ့ ကို၊ ပြည်လှအေး တင်တင်အေး တို့ သီဆိုကြပါသည်၊ ချစ်ကျိုးတော်အောင် ကို တင်တင်အေး သီဆိုသည်။ အောစမ်းနှင့် ဓါတ်ပြားသွင်းဖို့ မကြာခဏဖြစ်ခဲ့ရာ ထိုဓါတ်ပြားများကို အချို့ စမ်းမဖြစ်မိရတော်၍ အချို့ စမ်ပြီးမှ ပြန်ရတော်သည်ဟု သိရပါသည်။

ဤသည်တို့မှာ မြို့မငြိမ်း ၏ သီချင်းရေးသူဘဝရောက်ရှိလာပုံနှင့် သီချင်းရေးသူဖြစ်လာပုံ အကြောင်းအကြောင်းကလေးများဖြစ်ပါသည်။ မြို့မငြိမ်း အား တစ်စုံတစ်ဦးမှ (ဘာအလုပ်လုပ်ပါသလဲ) ဟူသောမေးခွန်းမျိုးကို မြို့မငြိမ်း က (ကျွန်တော်သီချင်းကလေးတွေ ရေးပါတယ်၊ သီချင်းရေးသူပေါ့ဗျာ)ဟု ညင်သာ သိမ်မွေ့စွာ ပြောတတ်လေ့ရှိပါသည်၊ ဤတွင် သီချင်းရေးသူအပိုင်းကို နိဂုံးချုပ် နိုင်ပါ၏။

သို့ရာတွင် ဤအပိုင်းအနေဖြင့် ဖြည့်စွက်တင်ပြလိုသော အကြောင်း မှာ အထက်တွင် ဖြစ်ခဲ့ပြီးသော မြို့မတူရိယာအသင်းနှင့် မာဃတူရိယာအသင်း တို့၏ ဂီတပညာနှင့် တီးမှုတ်မှုစွမ်းရည်ပြိုင်ဆိုင်မှုကလေးများအကြောင်း ဖြစ်ပါသည်။ တင်ပြလိုခြင်း၏ အကြောင်းရင်းမှာ ထိုပွဲကလေးနှင့်ပါတ်သက်သော သီချင်းကလေးများကို တိမ်ကောမသွားစေလိုခြင်းနှင့် မှတ်တမ်းတင် ထိန်းသိမ်း ထားလိုသော ဆန္ဒရှိ၍ဖြစ်ပါသည်။

ထို့ကြောင့် မြို့မတူရိယာအသင်းနှင့် မာဃတူရိယာအသင်းတို့၏ ဂီတစွမ်းရည်ပြိုင်ခဲ့ခြင်းများနှင့်ပါတ်သက်၍ မာဃတူရိယာအသင်း၏ အသင်းသား တစ်ဦးဖြစ်သူ၊ ကလောင်နာမည်ကြီး (ဒေါ်ဦးဘဦး) (အဆိုတော်ကိုခွဲကြီး၏ အကို) ပြောဆို၊ အသံသွင်းပေးသွားခဲ့သော ကက်ဆက်ခွေမှ ဦးဘဦး၏ အတွေ့အကြုံ မှုရင်းဆိုလိုချက်များကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

"ဒီသီချင်းက ၁၉၂၉ – ခုနှစ်၊ ပထမဆုံးအကြိမ်၊ မြို့မပါဆိုသက်နှင့် ဝါဆိုပန်းကပ်လှူပွဲ မြှင့်လုပ်ရာတွင် သီဆိုတီးမှုတ်ခဲ့သော သီချင်းဖြစ်ပါသည်။ "မြို့မဝါဆို" ဟူသော သီချင်းဖြစ်ပါသည်။"

## မြို့မငြိမ်း နှင့် သူ့အနုပညာ

(ဝါဆိုဝါဓိ၊ မှာသော့လိုလာပါပြီ၊ မန်းမာလာနည်း၊ ဈေးလုံ့ပါကိုကိုရဲ့၊ ညီနောင်နှံ့စည်းမည်၊ ထိုင်တော့)၊ မြို့မအောင်တွေမှာ၊ ကြိုးစားသောင်စရော၊ တီးမှုတ်ခြင်းသောသော၊ ရုံကြီးပေါင်းအပ်သည့်၊ မောင်နှမရင်းအောက်မှာပါ၊ ကြိုးစားလှည့်ညာ၊ မြို့မတွေ့ရှိယာ၊ ဘဂဝါဘုရားမှာ၊ ဈေးချော်တို့ကျွန်ုပ်လား၊ ဦးတော်လုံ၊ ဥက္ကဋ္ဌ၊ မင်းနိုလ်အကျိုးများမှာ မြို့မပေါ။

(သံပြိုင်) ဆောင်ရွေမန်း မျက်နှာစုံ လောက်နှံ့အားကိုး တစ်မျိုး ပေါ်လာ ကြော်ငြာပေးလိုက်မှာ ဂုဏ်ဝေယျာဝစ္စပြေမှာ ညွှတ်စေသော ကြိုးစားလှည့်ညာ မြို့မတွေ့ရှိယာ

(ဥက္ကဋ္ဌက စောစောက လွှတ်သော့ ဂုဏ်ဝေယျာဝစ္စ ဦးတော်လုံ နာယက ဂုဏ်ရောက်ပြီး အတွေးတုတ်ပြန်ကြား သွားမှာ လှုဂုဏ်တန်များသောပေါ် ရတဲ့ ရွှေလဲမစေပေါ် အားစဲ့သည်လဲ ဘုရားမှာ ကျွန်တော် ကျွန်တော်များ၏ မြို့မဟူသည့် အသင်းကြီးရောက်ရပြန်တာ။)

"ဒီသီချင်းက၊ ၁၉၃၀ – ခုနှစ်၊ စတုတ္ထအကြိမ်မြောက် ပြုလုပ်ခဲ့သော မာယာတွေ့ရှိယာအဖွဲ့ကြီး၏ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းကပ်လှူပွဲတွင် တီးမှုတ်ခဲ့သော သီချင်းဖြစ်ပါသည်။ ဒီသီချင်းကို မာယာတွေ့ရှိယာအဖွဲ့ခေါင်းဆောင်၊ ဦးမာယ နှင့် ဂင်မာရင်ရင် တို့က သီဆိုခဲ့ကြပါသည်။"

ဦးမာယ – ဆို။ ။ (ကိုမာယနဲ့ တွေ့ခဲ့တယ်လို့၊ ပြောလိုက်ပါနမတာတွေ၊ အမှူးဝေ၊ ရမေ၊ ပြော် ပြုံပြုံသမျှကုသိုလ်၊ ဈေး လို့ သဘ္ဘါဝို၊ ကျင်း မပြီတဲ့ဝါဆို)၊ ကျောက်စရေယောင်းတိုင်ကြီး မှုပြီး အုံဘွယ်၊ ရွှေသင်္ကန်း တွေလဲကပ်လှူအုံးမယ်၊ ကျောက်စရေယောင်းတိုင်ကြီး မှုပြီး အုံဘွယ်၊ ရွှေသင်္ကန်း တွေလဲကျွန်တော်တို့ကပ်လှူပါအုံး မယ်။

ဂင်မာရင်ရင်။ ။ ဒီလိုဆိုလိုက်အုံးမယ်၊ စောင့်ပါအုံး မာယရယ်၊ ဘုရားသွား ကျောင်းတက်၊ အတူတူစိတ်ထား မယ်။

ဦးမာယ။ ။ ဘုရား သွား ကျောင်း တက်အတူတူစိတ်ထား တယ်၊ လိုက် ခဲ့ကွယ် နှ မ ရယ်။

ဂင်မာရင်ရင်။ ။ လိုက်အုံးမယ်၊ ကိုကိုမာယအသင်း ရုံ့ပန်း ဝါဆို။

ဤသီချင်းမှာ ၁၉၃၀ – ခုနှစ် မြန်မာ့ညွှန့်ဆရာတင်မှ ရေးပေးခဲ့၍ မာယ တွေ့ရှိယာအသင်းက တီးမှုတ်ခဲ့သော သီချင်းဖြစ်ပါသည်။ ဤသီချင်းနှင့်ပါတ်သက်၍

ဦးဘဦး က -

"ဒီသီချင်းက၊ ၁၉၃၀ – ခုနှစ်က၊ မြန်မာသတ္တုနဲ့ဆရာတင် က ရေးပေးတော့၊ ကိုယ်တိုင်လည်းဆို၊ မာယာအပျော်တမ်းတူရိယာအဖွဲ့ကြီးကလည်း တီးပါတယ်၊ မြို့မနဲ့အပြိုင်ကိုး၊ မြို့မနဲ့အပြိုင်ဆိုတော့၊ တစ်ယောက်နဲ့တစ်ယောက်၊ ဒီတိုတိ၊ ကွိတိတိ၊ ဝိတိတိပေါ့ခင်ဗျာ" ဟု ပြောဆိုရင်း အောက်ပါသီချင်းအား ဆိုပြခဲ့ပါသည်။

(နယ်မြန်မာ၊ ပြည်တုန်စမန်း သာဘ၊ အလျှံကြွ ... တည်ပုံကာဆန်း ပါဘိတယ်၊ ရွှေဂုန်မန်း ရယ်တဲ့၊ ဌာနေမှာ၊ စမ္မရာ ဝယ်၊ ယခင်အခါသမယဆီက၊ အတူသေး သကျွယ်၊ ယှဉ်စရာတွေရနိုင်ပါ့မလား၊ လှလေးဆယ်၊ ပညာအစာ အလှတွေနဲ့၊ အဝဝကိုတဲ့ပြမိမဲ၊ (ဝိသုကံမန်သလိုပ၊ စံပြကျွင်း)၊ သာပေတယ်။)

(သာပေတယ်၊ မြန်မာပြေနယ်လုံး သာပ၊ မေတ္တာ ရေစွန်း ကာချုံးလိုက်တော့ မေယာကို ဆေဝါအုပ် မိမယ်၊ ကိုကြွယ်– ရေ (ချို့)၊ ဗုန်း၊ ဗုန်း၊ ဗုန်း မာယာသင်း။)

(ကြွလာသူသဘောကြမေ့ယ်၊ မာယာအဖွဲ့ ထူး တဲ့ဥာဏ်ရယ်၊ နယ်ကြိုက် ဆောင်ကြတတ်ပေတယ်၊ ပြည်ကြိုက် ဆောင်ကြတတ် ပေတယ်)၊ ချို့ – ဆရာကြွယ်၊ (သာပေတယ်) ချို့ကိုကြွယ်၊ (သာပေတယ်) (သောတအာရုံ စိတ်နှလုံးကြည်ဘွယ်၊ မာယ၊ သာပေတယ်၊ သာပေတယ်၊ သာပေတယ်)၊ (တူရိယာဂုဏ်သတင်းနယ်)၊ အသင်းမာယာခါကမသာပေတယ်၊ မြို့မကျွက်သရေ တက် နေအောင်လို့၊ အပေါင်း ပြောကြတယ်)၊ ထူးခြားရှုံအမှန်ပင်တကယ်၊ မာယာအဖွဲ့ သာပေတယ်။)

မာယာတူရိယာအဖွဲ့က တီးမှုတ်သီဆိုခဲ့သော၊ ဤသီချင်းမှာ၊ မြို့မ အသင်းအား ဒီသလို ကလိသလိုဖြစ်၍သွားစေခဲ့သည်၊ ဤအကြောင်းနှင့် ပတ်သက်၍ ဦးဘဦး က ပြောဆိုပြခဲ့ပြန်သည်မှာ

"အဲဒီလို၊ မာယာအသင်းကဆိုတော့ တီးတော့၊ မြို့ကမခံဘူး၊ ဘယ်ခံမတုံး၊ ဟုတ်ကဲ့မှုတ်လား၊ ဒီတော့၊ ဒိုကြကလိကြ၊ ကျွိကြနဲ့၊ ပျော်စရာကောင်းလိုက်တာ၊ လွှမ်းစရာကောင်းလိုက်တာ၊ ကိုရင်လေး တို့၊ ကိုညိန်း တို့၊ ကိုကြီးရွှေ တို့၊ ဆေးကျော် တို့၊ ကိုသန့်စင် တို့ သီချင်းဆိုတဲ့ ဘချန်းကြီး တို့ ကျွန်တော် လွှမ်းလို့မဆုံးပါဘူး၊ အဲဒီတော့၊ အဲဒီဟာကို၊ ဆက်ပြီးတော့ ကျွန်တော်က မြို့မကဘယ်လိုပြန်ပြီးတော့၊ ရေးတယ်၊ ဆိုတယ်၊ အကြောင်းကို၊ အဲဒါရေးတာ ကတော့၊ "နန်းတင်၊" "နန်းတင်။" နန်းတင်ဆိုတာ၊ နန်းတော်ရွှေဆရာတင်၊

ကျွန်တော်ဆိုပြပါ့မယ်၊ "မျက်နှာစုံညီ" တဲ့၊ ကျွန်တော်တို့အသင်းက မြို့မထောက်တစ်နှစ်နောက်ကျတာကို၊ မြို့မ က၊ ၂၅-နှစ်၊ ကျွန်တော်တို့အသင်းက ၁၉၂၆-နှစ်ကျမှထောင်တော့၊ မောင်မင်းကြီးသားတွေနဲ့ အစုမှတွေ့ရတယ်၊ မင်းတို့က နောက်ကျတယ်ပေါ့၊ ရှိတာရှိတာမြို့မ က၊ အဲဒီတော့၊ အဲဒီသီချင်းကလေးကို ကျွန်တော်ဆိုပြပါ့မယ်။"

(မျက်နှာစုံညီ၊ ကိုမြို့မ နဲ့ မျက်နှာစုံစုံညီ၊ သာကြရဲ့လား၊ မာကြရဲ့လား၊ ဆာကြရဲ့လား မေးလို့၊ သူဌေးဖြစ်ပါစီ၊ တဲ့ခင်ဗျာ)၂၊ ကျွန်းစံတော်သာလွန်းလို့ မေ့မှာလည်းမို့သည်၊ ကျွန်းစံတော်သာလွန်းလို့ မြို့မ က မေ့မှာလည်းမို့သည်၊ ဒီနှစ်မှတွေ့ရ၊ ဟောဒီနှစ်မှတွေ့ရ၊ မျက်နှာစုံညီ၊ စုံစုံညီ၊ စုံစုံညီ။)

ဤသီချင်းမှာ မြို့မ နှင့် မာယပြိုင်ဆိုင်မှု အရှိန်မြင့်လာသောအခါ၊ ကြားနေ မြန်မာ့ညွန့်တူရိယာအသင်း၏ စာရေးဆရာ၊ ဆရာတင် က ရေးစပ်၍ မာယတူရိယာအသင်းကြီးက တီးမှုတ်ခဲ့သောသီချင်း ဖြစ်ပါသည်၊ ဤသီချင်းနှင့် ပတ်သက်၍လည်း ဦးဘဦး က အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

"၁၉၃၀-ခုနှစ်က မြို့မ နှင့် မာယ ပြိုင်ကြတော့၊ ကျွန်တော်တို့အသင်းတွေကတော့ ချစ်ကြတယ်၊ ဒါပေမယ်လို့၊ ဘေးကလူတွေက၊ ဟာ-မာယ က ကောင်းသကွ၊ မာယ က စိန်တေါကြီး နဲ့တူသကွ၊ မြို့မက အေးသကွ၊ နောက်ဘာပြောတုံးဆိုတော့၊ နာမည်ပေးတယ်၊ မြို့မ က "ဘိန်းစား"၊ မာယ က "အရက်သမား"၊ အမိမ့ပါယ်ကဖြတ်လတ်တယ်၊ သွက်လက်တယ်၊ ဟောကနဲ၊ နိုင်းကနဲတီးတယ်၊ မှားလိုပြီးရော၊ လွှတ်ကုန်ကြတာပဲ။"

"မြို့မသီချင်းတွေကတော့ ယဉ်ယဉ်လေးနဲ့၊ အေးအေးလေးနဲ့ အင်မတန်နဝင်ချိုပါတယ်၊ အဲဒီတော့ လူကြိုက်များတာပေါ့၊ ရွှေဆိုင်၊ ငွေဆိုင်တန်းက ကြိုက်ကြတာပေါ့နော်၊ အဲဒါပါပဲ၊ အဲမြန်မာ့ညွန့်ဆရာတင် ရေးတဲ့ "ချစ်သွေးညီ" ဆိုတဲ့သီချင်းကလေးကို ဆိုပြပါအုံးမယ်ခင်ဗျာ။"

(ဗုဒ္ဓဘာသာ၊ မြန်မာကျက်သရေတော်ကို ဆောင်တဲ့၊ မာယတို့လာပြီ၊ ကိုမာယတို့လာပါပြီ၊ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာ၊ မြန်မာကြက်သရေတော်ကို ဆောင်တဲ့၊ မာယ တို့လာပြီ၊ ကိုမာယတို့လာပါပြီ၊ ပြေပြာကြေငြာ၊ အမျိုးသားအချင်းချင်းတွေတို့၊ (စိတ်ကောင်းထားရှိကြစီ)၊ တမင်နော်ထင်ရှားရွှမ္မ လေးပြည် (တူရိယာတွင်၊ နာမည်ရှေ့ရှို့ယဉ်ကျေးပါပေသည်၊ မြို့သိဆောင် မင် ထွင်ကာရေးလို့၊ သဘင် တေး စာကိုစီ)၊ ကျော်ပေသည်၊ မော်ပေသည်၊

အသင်းတော်ဟူသမျှ "ပြို့မ"ကချစ်သွေးညီ၊ ရွှေဘုန်း တော်တိုး ပါလို့၊ ငွေမိုး တွေရွာသလေး။ နိုင်ငံတော်ပြည်အရေး သာလှတယ်လေး၊ ဆို တေး တ သောင်း)

(ကြား ချင်ကြပါတယ်ဆိုလို့၊ တီး ရတယ်၊ တွေ့ကြဆုံကြပြန်တော့လဲ ကျွန်တော်တို့အားနာတယ်၊ ကြား ချင်ကြပါတယ်ဆိုလို့၊ တီး ရတယ်၊ တွေ့ကြဆုံကြပြန်တော့လဲ ကျွန်တော်တို့ကအားနာတယ်၊ (အသင်း ချင်းက ပြည်ပေဟိုရ်၊ ညီအကိုလိုပေ)၊ (ချစ် သွေး အင် မတန်အလွန်ညီ)၊၊ သာသနာရယ်၊ ဘာသာရယ်၊ ဘာသာရယ်၊ သာသနာရယ်၊ တူကြတယ်၊ အားလုံး တူကြတယ်၊ ဆို-မြန်မာ့ရွှန်းအရာတင်၊ ရေးလို့စီစဉ်၊ တကယ်ပင်၊ ထူး တဲ့နာ မည်၊ တကယ်ပင် မြူးတဲ့နာမည်၊ ကျော်စေ သည်၊ မော် စေသည် အသင်း တော်ဟူသမျှ "မာယ" ကချစ်သွေးညီ၊ ရွှေဘုန်း တော်တိုး ပါလို့၊ ငွေမိုး တွေရွာသလေး၊ နိုင်ငံတော်၊ ပြည်အရေး၊ သာလှတယ်လေး ဆိုတေးတ သောင်း။)

အားလုံးပြို့မတွဲရိုယသာအသင်းသားများကျန်းမာ၊ ချမ်းသာ တော်မူကြပါစေ ခင်ဗျား၊ အသင်းကြီးလည်း ဆထက်တနံ့ဆိုး တိုးတက်ပါစေ။ ကျွန်တော်လည်း ဆက်လက်ပြီး ကူနိုင်ပါရစေခင်ဗျား။



ပြို့မငြိမ်း အိမ်တော်ရှေ့တင်

## ဘဝနိဂုံး

ရှူးဘာသာဝင်၊ မောလ္လမျိုးများဖြစ်ကြသော၊
အဖ၊ ရွှေပန်းထိမ်ဆရာ၊ ဦးညို၊
အမိ၊ ယွန်းထည်ကုန်သည်၊ ဒေါ်ချစ်ဦး တို့မှ
ဖြိုးမငြိမ်းအား၊
မြန်မာသက္ကရာဇ်၊ ၁၂၇၈-ခုနှစ်၊ တပေါင်းလဆန်း(၅)ရက်၊
တနင်္လာနေ့တွင်၊ မန္တလေးမြို့၌ မွေးဖွားခဲ့သည်။
မွေးချင်းညီငယ်တစ်ဦးရှိ၍၊ ဖြိုးမငြိမ်း က၊ မောင်ကျော်ငြိမ်း၊ ညီငယ်က
မောင်ကျော်သိန်း ဖြစ်ပါသည်။

မိခင်ဖြစ်သူနှင့် ညီငယ်ဖြစ်သူတို့သည်၊ ဖြိုးမငြိမ်း ငယ်စဉ်ကပင် ကွယ်လွန်ခဲ့ကြရာ ဖြိုးမငြိမ်းသည်၊ အမိမဲ့၊ မွေးချင်းမဲ့၊ ဘဝဖြင့် ဖခင်ဖြစ်သူနှင့် နေခဲ့ရသည်။ ထို့ကြောင့် အမိုးဦးရှိ၊ အဖွားဒေါ်မမလေး တို့က ဒေါ်ယုမွေးစား အလိုလိုက်ထားခဲ့ကြသည်။ ဤတွင် ဖြိုးမငြိမ်း တို့သားအဖ၊ တစ်သိမ်မီ တစ်နေရာစီ ဖြစ်ခဲ့ကြသည်။

ကျောင်းသားအရွယ် ကျောင်းသားဘဝ ရောက်သောအခါ ဖြိုး မငြိမ်း နှင့် သူ့ဖခင်တို့ ပြန်ဆုံကြ၍၊ ဖခင်က သူငယ်ချင်းဖြစ်သူ၊ ဦးဘာသက် ထံ သူဝါသနာပါသော ပညာများ သင်ကြားပေးရန် အပ်နှံပေးခဲ့သည်။ ဦးဘာသက် အိမ်၊ ဦးဘာသက် ဝန်းကျင်မှ အနုပညာလမ်းစများ၊ ဖြိုး မငြိမ်း ရရှိမှုသည်၊ "ကိုညီ ၏ သား"၊ "မောင်ညီ ၏ သား"၊ ဟူသော သူ့ဖခင်၏ မျက်နှာ များစွာ ပါရှိပါသည်။

ဖြိုး မငြိမ်း သည် အသက် – ၂၀နှစ် အရွယ်ခန့်တွင် အိမ်ထောင်ကျ ခဲ့သည်၊ ထိုအခါ၌၊ သူ့ဖခင်မှာ ကွယ်လွန်ခဲ့ပြီဟု သိရပါသည်။ သူတို့သားအဖသည် အလွန်သံယောဇဉ် ကြီးသော၊ ဖခင်နှင့် သားဖြစ်ကြောင်း သိရပါသည်။

ဖြိုး မငြိမ်း သည်၊ ၁၉၂၅ – ခုနှစ်၊ ဖြိုး မတ္တရိယာအသင်းကို အုတ်မြစ်ချခဲ့ရာတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။ ၁၉၂၈ – ၂၉ – ခုနှစ်ခန့်တွင် ဖြိုး မတ္တရိယာအသင်း တီးမှုတ်ရန်အတွက် သီချင်းကလေးများကို၊ စတင်ရေးသားခဲ့သည်။ ၁၉၃၆ – ခုနှစ်တွင်၊ ချစ်တာပစာနှ၊ ခင့်အိပ်မက်၊ ရွှမဝ၊ အလှပြိုင်ပွဲ သီချင်းများကို ဓါတ်ပြားသွင်းတုတ်ခဲ့ရသည်။ ထိုအချိန်မှစ၍ ဂီတလောကတွင် "မန္တလေးဖြိုး မ မောင်ညိမ်း"၊ ထိုမှ "ဖြိုး မညိမ်း" "ဖြိုး မငြိမ်း" ဟူ၍ ဖြစ်လာခဲ့သည်။

၁၉၅၃ – ခုနှစ်ခန့်တွင်၊ အဆိုတော်ကိုအုံကြီး သီဆိုခဲ့သော၊ "မြူးတဲ့လှယ်" "အောင်သပြေ" သီချင်းတို့ကို မြန်မာအသံက အလှည့်ကျအသံလွှင့်ပေးခဲ့သည်။ ထိုသီချင်းများကိုရေးသော၊ ယင်းသို့တီးမှုတ်နိုင်ရန် စီစဉ်ပေးခဲ့သော ဂီတစာဆို အဖြစ် ဖြိုး မငြိမ်း အား ဆောင်းပါးရေးသားဖေါ်ပြရန် ဂီတမဂ္ဂဇင်း တစ်စောင်က ခွင့်တောင်းခဲ့သည်။ ဖြိုး မငြိမ်း က ပြန်လည်တောင်းပန်လိုက်၍၊ မဆောင်ရွက်ခဲ့ပါ။

ဖြိုး မငြိမ်း သည် –

၁၃၁၇ – ခု၊ ဝါခေါင်လပြည့်ကျော် (၁၃) ရက်၊

၁၉၅၅ – ခု၊ စက်တင်ဘာလ (၁၅)ရက်၊

အသက် (၅၇) နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။

သို့ဖြစ်၍၊ ဖြိုး မငြိမ်း အကြောင်းဟူ၍ သူသက်ရှိစဉ်က၊ စက်တင် ပုံနှိပ်စာလုံးဖြင့် မည်သည့်အကြောင်းမှ မရှိခဲ့ဘူးပါ။ အောက်တွင် ဖြိုး မငြိမ်း နှင့် ပတ်သက်သော အဦးဆုံး၊ စက်တင်ပုံနှိပ်စာလုံးများကို ဖြိုး မငြိမ်း ၏ ဘဝနိဂုံးပိုင်း အနေဖြင့် ဖတ်ရှုနိုင်ကြရန်၊ တင်ပြရင်း "ဖြိုး မငြိမ်းနှင့် သူ့အနုပညာ" အား ကျေနပ်ကြစေလိုပါသည်။


MYANMA LANZIN

မြန်မာ့ဥလစ်းစဉ်
၁၃၁၇ – ခု၊ ဝါခေါင်လပြည့်ကျော် (၁၄) ရက်၊ သောကြာနေ့၊ ၁၉၅၅ – ခု၊ စက်တင်ဘာလ (၁၆) ရက်။

## အနုပညာသည်တစ်ဦး
## ကြေကွဲဖွယ်အဖြစ်တစ်ရပ်နှင့် ဇာတ်သိမ်းရှာပြီ

**မော်ကွန်းတင်လက်ရာကလေးများ**

တွန့်စိကိုယ် တဲ့အိုမျက်မှာ နေ့ရ ရှွှာကဲ့ ဆေါ်မှာစံရ ချစ်တာချစ်တာပဓာန လို့ ဆိုချင်ပါတယ် မောင်ရယ် – – ဟူသော ချစ်တာပဓာနသီချင်းသံ၊

တာပ်တော်ဦး ဆီ မျှော်လိုက်ပြန်တော့ ရဲတံခွန်တွေ လေမှာစား ကြွားတာရှုရှုလေ၊ တာပ်ဦးဆီ မျှော်လိုက်ပြန်တော့ တံခွန်တွေအလဲတွေ ရဲမာန်ဖွားလောက်လေ – –၊ ဟူသော နတ်သျှင်နောင် သီချင်းသံ၊

မောင့်အသွေးတွေ မောင့်အသားတွေ မောင့်အသည်းတွေ မောင့်နှလုံးတွေ အသုံးပြုပါလေ ကြည်ဖြူပါတယ် လိုရာကိုယူစေ – ဟူသော သက်ဝေသီချင်းသံ၊

ခွန့်ရှာလေသည် ကြေဝတေး စည်း စိမ်မခံလိုသည် ဆိတ်ငြိမ်ရာ၌ နိဗ္ဗာန်တောင်ရပ်ဆီ ဟူသော ပါရမီတော် သီချင်းသံတို့သည်၊ စမ်းနိုပ်စစ်ရေ့မသန်း မီအချိန်က ပေါ်ခဲ့သော်လည်း မော်အနုပညာကိုတနယ်တွင် ယနေ့တိုင် မရှိုးနိုင်ဘဲ နတ်များမှ သီဆိုကျူးရင့်ကြဆဲဝင်ရှိပေ၏။ လွှပ်ရှားပုံကြွသက်ဝင်လျက်ရှိသည့် ကောလုံးများဖြင့် မွဲ့နွဲ့ကာ ဂုဏရသရှိန်–ထိထိ–မိမိ သီကုံးထားသော ထိုသီချင်းများသည် မောင်တွစ်လည်း မော်ဂီတလောကမှ တိမ်မြုပ်မည်ဟု မထင်ပါချေ။

**ကြွယ်တစ်မှုန် ကြွေရှာပြီ**

သို့ရာတွင် စမာပြည်လူထုအား ထိုချစ်ဖွယ်ကောလုံးကလေးများ၊ ဆန်းသစ်ယဉ်ကြောသော တေးသွားကလေးများဖြင့် ရှုပ်လုံပေါ် အသက်သွင်းကာ မျှော်ခြေခဲ့ရှာသည့် ဇာတိအနုပညာရှင် ဖြူမောင်ရာဖြီမ်း မှာ ဝါခေါင်လဆုတ် ၁၃ – ရက် (ယမန်နေ့က) စိတ်နှလုံးကြေကွဲဖွယ် အဖြစ်မျိုးနှင့် ကွယ်လွန်အနိစ္စ ရောက်သွားလေရာ ကြားရသူပေါင်းမှာ စိတ်မကောင်း ယူကျုံးမရ ဖြစ်နေကြတော့ သည်။

# မြို့မငြိမ်း နှင့် သူ့အနုပညာ

## မပြန်သောလျှောက်ခြင်း

သေဆုံးသူ မြို့မငြိမ်း ခေါ် ဆရာငြိမ်း သည် စက်တင်ဘာလ ၁၅-ရက်နေ့၊ နံနက်ပိုင်း ၂-နာရီအချိန်ကပင် ၎င်း၏ တရုတ်တန်း၊ ရှေ့တော်ပြေးဝင်း နေအိမ်မှ စိတ်အနည်းငယ် ကတောင်ချောက်ချားဖြစ်ကာ နေအိမ်မှ ထွက်ခွာသွားခဲ့သည်။

သို့ဖြစ်၍ လည်းကောင်းအား ခင်မင်သူများနှင့် မြို့မအသင်းမှ မိတ်ဆွေများက ကား ၂-စီးနှင့် ၎င်းသွားတတ်သော မြို့နှင့်မြို့များများ၊ သဘာဝရှုခင်းသာယာသည့် နေရာများ မြို့အနှံ့လောက်ပင် လိုက်လံရှာဖွေကြ၏။

သို့ရာတွင် ညနေ (၅) နာရီအချိန်တိုင် လည်းကောင်းတို့သည် ရှာမရဘဲ ဖြစ်နေ သည်ဆို၏။

## သတင်းအစရှုပုံ

ထိုအချိန်တွင် ကျွန်ုပ်တို့ သတင်းထောက်သည် မန္တလေးမြို့ အနောက်တောင်ဖက် လှည့်သွားလှည့်လာ အလွန်ခေါင်းပါးသော စိန်ပန်းရဲကွင်းအနီး ပတ္တမြားရုပ်တွင် အမည်မသိသူတစ်ဦးအား နံနက်စောစောပိုင်းကပင် ကားတစ်စင်းက တိုက်သွားသဖြင့် ခေါင်းကွဲကာ သေဆုံးနေသော အလောင်းတစ်လောင်းကို စိန်ပန်းရဲအဖွဲ့သားများက ဆေးရုံကြီး ရင်ခွဲရုံသို့ ပို့လိုက်ရကြောင်းနှင့် သေဆုံးသူ မည်သူမည်ဝါဖြစ်သည်ဟူ၍ စုံစမ်းမရဘဲဖြစ်နေသည်ဟူသော သတင်းကို သိရှိခဲ့ရသည့်အတွက် သေဆုံးသူသည် ရှာမရဘဲဖြစ်နေသော မြို့မဆရာငြိမ်းများ ဖြစ်နေလေမလားဟု တွေးမိသဖြင့် ဆရာငြိမ်း အား လိုက်လံရှာဖွေနေကြသော လူတစ်စုအား အကြောင်းကြားကာ ဆေးရုံကြီးရင်ခွဲရုံသို့ အလောင်းကို ကြည့်ရှုရန် အတွက် ညနေ (၆) နာရီအချိန် အပြေးအလွှား လိုက်ပါသွားတော့ကြောင်း။

## သော် ...ဆရာငြိမ်း

ရင်ခွဲရုံသို့ ရောက်ရှိသောအခါ တံခါးဖွင့်၍ သေဆုံးသူအား ကြည့်ရှုကြရာ ဆရာငြိမ်း ပင် ဖြစ်နေသည်ကို ကြေကွဲဝမ်းနည်းဖွယ်ရာ တွေ့ရှိရသဖြင့် လည်းကောင်း၏ညီ ကိုအေးမောင် နှင့် အဆိုတော် ကိုဘစိန် တို့သည် မျက်ရည် မဆည်နိုင်ဘဲ ရှိုက်ကြီးတငင်ပင် ငိုကြွေးရှာတော့သည်။

**ဆရာကြိမ်း လဲလျောင်းရာသို့**

ဆက်လက်၍ ကျွန်ုပ်တို့သတင်းထောက်သည် ည(၈)နာရီအချိန်၌ အခြင်းဖြစ်များရာသို့ စိန်ပန်းရဲရွာနိုင် ဦးကိုကြီး နှင့်အတူ သွားရောက်ကြည့်ရှုခဲ့ကြကြောင်း။

ဆရာကြိမ်း မွေးမလှနှင့် အသက်ပျောက်ရှာသော နေရာမှာ ပဲခူးနယ် အတွင်း ဖြစ်ကြောင်း။ လည်းကောင်းနေရာမှာ နွားသတ်ရုံလမ်းအတိုင်း အနောက်စိန်ပန်း ရပ်သို့သွားပြီး ၎င်းမှ သာသနာ့ရိပ် ကျောင်းသစ်သွားရာ မြေလမ်းသို့ ဆင်းသွားရကြောင်း။ သာသနာ့ရိပ် ကျောင်းသစ်ကို ကျော်လွန်သွားပြီး ပဲခူးရပ်ရှိ တရုတ်သင်္ချိုင်းအနီးသို့ ရောက်လုဆဲဆဲနေရာသို့ ရောက်သောအခါ လမ်းလေးသွယ် ဆုံမိသောနေရာတစ်နေရာရှိကြောင်း။

ထိုလမ်းလေးခွဆုံရာနေရာ၏ တောင်ဖက်ဘေး ဝါးတစ်ရိုက်ကျော်ခန့် ကွာသောနေရာ၌ ကရားဆန်ဆန် သာသာယာယာ ရေအိုးစင်နှင့် တမာပင်လေး တစ်ပင်ရှိလျက်၊ ထိုတမာပင်၏ အရိပ်အောက်၌ ဝါကြမ်း ကွပ်ပျစ်ကလေးတစ်ခုကို တွေ့ရှိရကြောင်း။

အဆိုပါကွပ်ပျစ်အောက် မြေပေါ်ကျနေရာ၌ သေဆုံးသူ ဆရာကြိမ်း၏ ဖိနပ်ကို အရာမယွင်းတွေ့ရပြီး၊ လည်းကောင်းကွပ်ပျစ်နှင့် ဝါးတစ်ပြန်ခန့် ကွာသော လမ်းလယ်ခေါင်တွင် ဆရာကြိမ်း အား သွေးအိုင်ထဲ၌ သေဆုံးနေသည်ကို လည်းကောင်းရွာရှိ ဦးနေ ၏သားငယ်များက စတင်တွေ့မြင်ရခြင်းဖြစ်သည် ဆိုကြောင်း။

**အိမ်မှထွက်စဉ်က**

ဆရာကြိမ်း အိမ်မှထွက်သွားစဉ်က ငွေ(၅)၊ မီးခြစ်တစ်လုံး၊ ဆေးပေါ့ ဘိမ် (၃)လိပ် ပါသွားရာ အလောင်းကိုသိမ်းစဉ်က ဆရာကြိမ်းအိတ်ထဲမှ ငွေ(၃-၆၅ပြား) နှင့် ကျန်ရှိနေသော မီးခြစ်များကို ရဲအဖွဲ့မှ တွေ့ရှိရသေးကြောင်း။

သေဆုံးစဉ်က ဆရာကြိမ်း သည် အင်္ကျီအဖြူလက်ရှည် လက်ဝင် ဝတ်ထားလျက် အညိုနှင့်အဖြူကွက် ချည်လုံချည်ကို ဝတ်ဆင်ထားကြောင်း။

**ကား - ကား - ကား**

ကားတိုက်သွားသော ဒဏ်ရာကြောင့် ဆရာငြိမ်း ၏ ဦးခေါင်းမှာ ပြားရွဲ့ ရှည်ထွက်လာကြောင်း၊ ဆရာငြိမ်းအား တိုက်သွားသောကားကိုမူ မည်သည့်ကားဟူ၍ တိတိကျကျ မသိလိုက်ကြကြောင်း။

သို့ရာတွင် ထိုလမ်းမှာ ချွတ်ကျဉ်းမှု ဆုတ်တင်သောကားနှင့် သဲတင်သော ကားမှတစ်ပါး အခြားမည်သည့်ကားမျှ သွားသောလမ်းမဟုတ်ဟု သိရှိရကြောင်း။

ဆရာငြိမ်း ၏ ဇနီးမှာ ဆရာမ ဒေါ်သန်း ဖြစ်လျက် သားသမီး (၉)ဦး ဖွားမြင်ရာမှ ယခုလက်ရှိ သားသမီးရှစ်ဦး ကျန်ရစ်ခဲ့ကြောင်း။

**ရှင်ကျေး (၈)ယောက်**

လည်းကောင်းတို့မှာ အသက် (၂၄)နှစ်ရွယ်ရှိ မတင်ကြည်၊ မရီ မအေး၊ မဝေ့၊ မောင်အောင်နိုင်၊ မောင်ရွှန်းငြိမ်း၊ မောင်ညွှန့်လွင် နှင့် (၂)နှစ်အရွယ် မဝင်းငြိမ်တို့ ဖြစ်ကြကြောင်း။

ဆရာငြိမ်း သည်၊ မကြာမီက တည်ထောင်ခဲ့သော မန္တလေးရုပ်ရှင် ကုမ္ပဏီ၌ စားမျိုး ဂီတဘက်တွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး မြို့မအဖွဲ့ အတွက်လည်း သီချင်းဆန်းများ တီထွင်လျက်ရှိနေစဉ်က ယခုကဲ့သို့ ဖြစ်သွား ရှာခြင်းဖြစ်ကြောင်း။

ကွယ်လွန်သူ ဆရာငြိမ်း အတွက် သင်္ဂြိုဟ်ရေးကိစ္စကို လှလှပပ ဖြစ်စေရန် မြို့မအဖွဲ့သားများက လုံးပမ်းလျက်ရှိကြကြောင်း။

**မဏ္ဍိုင်နေ့စဉ်**

## ရွှေမန်း မှ ဂီတသမားတစ်ဦး သေဆုံးသွားရခြင်း
## ကားနင်းခံရပြီး ဖြိုးမငြိမ်း ဘဝပြောင်းရှာခဲ့ရ

**ဂီတသမားဖြိုးမငြိမ်း**
**(မန္တလေး အမှတ် - ၅၁ ထံမှ)**

စက်တင်ဘာလ (၁၅) ရက်နေ့က ကျွန်ုပ်တို့သတင်းထောက်သည် ကျောက်ဆည်၊ ရွှေမုဋ္ဌောဈေးလယ် နိုးပူသွားသည်မှ ရွှေများကိုသိမ်းဆည်းထားသည့် သတင်းကို ညွှန့်ပေါင်းဈေး ရုံ့ရှာနေသို့ သွားရောက်ယူနေစဉ်၊ လူတစ်ယောက်က ရုံ့ရှာနေသို့ ဖြိုးမတီးဝိုင်း နှင့် မန္တလေးရုပ်ရှင်ကိုပူကြီး ဂီတသမား နာမည်ကျော် သီချင်းရေးဆရာ ဖြိုးမငြိမ်း ညကသေမှုဖြစ်ဆုံးသွားကြောင်းကို ပုံမှန်သတင်းပို့ ပြောပြတိုင်ကြားနေသည်ကို တွေ့ရကြောင်း။

**ဖြိုးမငြိမ်း ဖြစ်ရပ်**

ထိုနေ့ နေ့လည် ဈေးရုံကြီးသို့ အရှေ့ဘက်တွင် စည်သူစည်ပါမှန်း မသိရသည့် မော်တော်ကား ခေါင်းကိုနင်းထားသည့် အလောင်းတစ်လောင်းကို သံလျှက်ရော် ပဏ္ဏာရုပ်ပလိပ်ရွှေမှုတွေ့ရ၍ စိန်ပန်းရဲအဖွဲ့ဝင်များ လာအမ်းကြောင်းကို ပြောဆိုသည့်အတွက် ညနေပိုင်းတွင် ဆိုင်ရာဖြိုးမအဖွဲ့ဝင်များကို အကြောင်းကြားပြီး၊ အတူသွားရောက်ကြည့်ရှုရာ၊ ရင်ခွဲရုံအတွင်း ကောက်ရိုးများဆောက်ကာခံကာ မလှုပ်မပြစ်နေသော ဖြိုးမငြိမ်း ၏ အလောင်းကို ဝမ်းနည်းကြေကွဲစွာဖြင့် တွေ့ရကြောင်း။

ဖြိုးမငြိမ်း သေဆုံးလဲကျနေသည့် သံလျှက်ရော်ရပ်သို့ သွားရောက်ကြည့်ရှုသောအခါ၊ အလွန်သာယာသည့် ရှုမျှော်ခင်းနှင့် သစ်တစ်ပင်အောက် ရေချမ်းစင်ကလေးအနီး ဆေးကုတင်တစ်လုံးကို တွေ့ရပြီး၊ ဖြိုးမငြိမ်း ၏ ဖိနပ်ကိုပါ ကုတင်အောက်၌ တွေ့ရ၍၊ ရဲအဖွဲ့က သိမ်းယူသွားကြောင်း။ အလောင်းကောက်စဉ်က အိတ်ထဲမှ ငွေ(၄)ကျပ်(၆၅)ပြား တွေ့ရသဖြင့် အိမ်မှထွက်စဉ်က ပါသွားသောငွေ(၅)မှ (၃၅)ပြားသာ သုံးရသေးကြောင်း။

[illegible]

# ရွှေမန်းမှဂီတမှူးတဦးသေဆုံးသွားရခြင်း

## ကားနှင်းခံရပြီးမြို့မငြိမ်းဘဝပြောင်းရှာခဲ့ရပုံ



ဦးကျော်မြို့မငြိမ်း။

(မန္တလေး သတင်းထောက်ထံမှ)

ဇက်တင်း အသက် ၇၅ နှစ် နှစ်ကာလတွင် ဂီတအတင်းသားသက်သည့် ကျော်ကြားသည့် ရွှေမန္တလေးသားတို့၏ ပမ္မာသားသည် ဂီတမှူးကြီး သိမ်းဆည်းသည့်အကင်းကို ဘွဲ့နှံ၍ခင်းရောက်ပြွားနှုန်း သွားရောက်သူနေ့ ကျကာသေသော ကားမှုခဲ့သည့်မြို့မငြိမ်းနှင့် မန္တလေးမြို့တွင် ဂီတပညာရှင်ကြီးတဦး သိမ်းရေးကိစ္စ မြို့မငြိမ်းသည် ထိမိ၍ ကျောက်ဆည်း သွားကြောင်းကို မှတ်သားထားရန် ပြောခဲ့သည်ကြား၍ နေ သည်ကိုတွေ့ရကြောင်း။

မြို့မငြိမ်းဖြစ်ရပုံ

ထိုနေ့ ညနေပိုင်း သောကျော်ကြီး အနောက်

တွင် မည်သူမည်ဝါမှန်း မသိရသည့် မောင်တောင်ကား ခေါင်းကို နှင်း ထား သည့် အလောင်း တလောင်းကို သိရောက်ရာ၌ ပစ္စာရပ်လမ်းမှူးတွေ့၍ ဝိုင်းဝန်း ရှာဖွေသူများ အကြောင်းကို ပြောဆိုသည့်အတွက် ညနေ ပိုင်းတွင် ဆိုင်းရာမှ အဖွဲ့ဝင် များကို အကြောင်းကြားပြီး အတူသွားရောက် ကြည့်ရှုရာ ရပ်ရွာမှူးတွင်း တောင်ဘက်ရှိ ရွာ တောင်ဘက် ၁၇ မိုင်ခွဲ ရှိနေသော မြို့မငြိမ်း၏ အလောင်းကိုဝမ်းနည်းစွာတွေ့ရှိရကြောင်း။

မြို့မငြိမ်းသေဆုံးလေ့ရှိနေသည့် သိရောက်ရာတွင် သွားရောက် ကြည့်ရှုသောအခါ အလွန်သေသောသည့် ရုပ်ကြွင်းနှင့် သင်တင်ထားသော် ရေချမ်းစဉ် တလောင်းပြီး ဒေသ ကျောင်းအပ်ကို တွေ့ပြီး မြို့မငြိမ်း၏ ဘိနပ်ကိုပေါ် ကျောင်းဆောက်၍ တွေ့ရပြီး ရုပ်အလောင်း သိမ်းယူ သွားကြောင်း။ အလောင်းသောက် ရှိခဲ့ အသက်ကို ၄ ကျော် ၆၅ နှစ်အရွယ် ဆံပင်ဖြူနှင့်ဖြစ်၍ ဝင်သွားသေသေ ၅ ၂ ၇ နှစ်အရှိ သွားရသေကြောင်း။

အများကျော် မြို့မငြိမ်းသည် ဆိုင်းဝိုင်း ရာ ဂုဏ်ပြုပွဲကျင်းပသည့် အခေါက်တွင် ပေါ် တွင် သီချင်းရေးစပ်ခဲ့ခြင်းဖြစ်သည် ထို့ အ ပေါ် အသက်ကြီးရန် အသုံးတော် ကားနှင်းခံရ မှိန်ဝိုင်းဒိုင်လည်ရာ ပျာ ၊ ကြောကြောင်း။

မြို့မငြိမ်းသည် မန္တလေးမြို့တွင် မိုက် ကျော်ကြား အသိမှတ်ကြားရသည် (ဝါ မိုက်ဘာသာရေးဘဝသို့ရောက်) မြို့မ ငြိမ်း၏ ဂီတလောက သီချင်း လောကကြီးတွင် ရေး သားသည့် ထိုကျော်သော သီချင်းပေါင်းများ ကိုရှုပေးခဲ့ရာ ပြည်သူကြိုက်နှစ်သက်ကြ သီချင်းများစွာကို ချန်ရစ်ခဲ့သည်ဟု သိ ရှိရကြောင်း။

...သောလုပ်သားထု

အများကပင် မြို့မငြိမ်း သည် ဆိတ်ငြိမ်စွာ ရှုမျှော်ခင်းကောင်းသည့် ဆေးကုတင်ပေါ်တွင် သီချင်းရေးစပ်နေခြင်း ဖြစ်မည်၊ ထိုမှ အပေါ့အပါးသွားရန် ထအသွား ကားနင်းခံရခြင်း ဖြစ်လိမ့်မည်ဟု ယူဆနေကြကြောင်း။

မြို့မငြိမ်း သည် မန္တလေးဈေးချိုတွင် ရိုက်ကူးမည့် အသံထွက်ကား တစ်ခုအတွက် (ဒါရိုက်တာ သုခ ၏ ဘဝသံသရာမဟုတ်) ပြန်မှာကြားလာသော သီချင်းလေးခုတို့တွင် မပြီးသေးသည့် တီးကွက်၊ တေးသီချင်းအနေတစ်ခုကို ရေးစပ်ပြီးစွာ မင်းသမီး ကြည်ကြည်မေ က သီဆိုအသံသွင်းပြီးမှ ကွယ်လွန်ခဲ့သည်ဟု သိရှိရကြောင်း။



ဓာတ်ပုံ – သတင်းစာ

**နတ်သျှင်နောင်ကို ဂီတဖြင့် မော်ကွန်းတင်ခဲ့သူ**
**သုခုမဂီတအနုပညာရှင် မြို့မငြိမ်း**

ရွှေနန်းကိုယ် – တဲအိုပျက်မှာနေရ၊ ရွှေပုံပေါ်မှာစံရ၊ ချစ်တာပဲမောင့်နေလို့ ဆိုချင်ပါတယ်။

လွန်ခဲ့သည့် အနှစ် – နှစ်ဆယ်ကျော်က ခေတ်စားခဲ့သော ဤချစ်တာပဲမောင့် သီချင်းကို ရေးစပ်ခဲ့သူ ဂီတအနုပညာရှင် ဆရာမြို့မငြိမ်းကား လွန်ခဲ့သည့် စက်တင်ဘာလ (၁၅)ရက်နေ့က ကွယ်လွန်အနိစ္စရောက်ခဲ့လေပြီ။

ဤသီချင်းသည် ဆရာငြိမ်း ၏ ဘဝဝယ် ထူးခြားထင်ရှားသော တုံးမှတ်တိုင်တစ်ခု ဖြစ်၏၊ အောင်မြင်ခြင်း ၏ အစပြုခြင်း ဖြစ်၏။ ထို့နောက်တွင်ကား တချစ်တည်းချစ်၊ မဲဇာ၊ မြို့မှာတမ်း၊ နတ်သျှင်နောင်၊ သက်ဝေ၊ ရေစင်ထော်၊ ရွှေစင်ရော်၊ မြို့တော့်လှည့်၊ စသည့် သီချင်းများကြောင့် ဆရာငြိမ်း အနုပညာ ဂုဏ်ကျက်သရေတို့မှာ ပြောဝေထွန်းလင်း၍ မမေ့နိုင်အောင် ဖြစ်ခဲ့လေတော့သည်။

ဒုတိယကမ္ဘာစစ်အတွင်းက အထူးခေတ်စားခဲ့သည့် နတ်သျှင်နောင် သီချင်းဆိုလျှင် ရိုးရိုးအချစ်သီချင်းအဖြစ်ဖြင့်သာမကဘဲ၊ ရာဇဝင်၌ စစ်ရေးနှင့် စာပေရေးတွင် ထင်ရှားခဲ့သူ နတ်သျှင်နောင်အား မော်ကွန်းတင်လိုက်သည့် သီချင်းအဖြစ်လည်း ထူးခြားဆန်းသစ်ခဲ့လေသည်။


ဗမာ့ခေတ်

## နတ်ရှင်နောင်ကို

# ဂီတဖြင့်စမောက်ကွန်းတင်ခဲ့သူ



[illegible]



ထိုမျှပြောင်မြောက်သော သီချင်းများကို ရေးစပ်ခဲ့သူ ဆရာငြိမ်းကား ဂီတအနုပညာမျိုးရိုးမဟုတ်ခဲ့ပေ။ မန္တလေးမြို့၊ ၈၀လမ်းနှင့် ၈၁လမ်းကြား၊ ၂၈လမ်း၌ ရွှေတော်ပြောင်မြောက်တော်ပေါက်ရာ၊ ပန်းထိမ်ဆရာကြီး ဦးညိုနှင့် ဇနီးဖြစ်သူ ဖွားတည်ကုန်သည် ဒေါ်ချစ်ဦးတို့၏ သားကြီးဖြစ်လေသည်။ ဦးညို – ဒေါ်ချစ်ဦး တို့၌ သားနှစ်ယောက်ရှိရာ တစ်ဦးမှာ မြို့မငြိမ်း ဟူသော အမည်ဖြင့် ကျော်ကြားမည့် ကိုကျော်ငြိမ်း ဖြစ်၍ ကျန်တစ်ယောက်မှာ ကိုကျော်သိန်း ဆိုသူဖြစ်လေသည်။

ကိုကျော်ငြိမ်း သည်၊ မြန်မာသက္ကရာဇ် ၁၂၅၀ – ခုနှစ်၊ တပေါင်းလဆန်း (၅)ရက်နေ့၌ ဖွားမြင်ခဲ့၏။ ငယ်စဉ်က မန္တလေးမြို့ ဓမ္မာဘာသာနုပညာကျောင်း၌ ပညာဆည်းပူးခဲ့ပြီး မန္တလေးအမျိုးသားကျောင်းတွင် ဆက်၍ ပညာဆည်းပူးခဲ့၏။ အသက် ၁၄ – နှစ်အရွယ်တွင် မန္တလေးမြို့နေ ပန်းချီဆရာကြီး ဦးဘသက် ထံ၌ ချာတ်စောင်း အတီးကို စတင်၍သင်ကြားကာ၊ မင်းကြီး ဦးဆက် ၏ညီ ဦးချက် နှင့် ဦးညို ၏ညီ ပန်းထိမ်ဆရာကြီး ဦးလင်း တို့ထံ၌ ချာတ်စောင်းအတီးကို ဆက်လက်သင်ကြားခဲ့လေသည်။

ချာတ်စောင်းကို ကျင်လည်စွာ တတ်မြောက်ပြီးသည့်နောက်၌ကား ကိုကျော်ငြိမ်း မှာ ဂီတအနုပညာတွင် ပါရမီ ရှင်သန်သူပီပီ မယ်ဒလင်၊ ဘင်ဂျိုမှစ၍ အနောက်တိုင်းတူရိယာဟူသမျှကို ကျင်လည်စွာတီးမှုတ်နိုင်လေတော့သည်။ ကွယ်လွန်သူ စောင်းဆရာကြီး ဒေဝဣန္ဒာက ကိုကျော်ငြိမ်း အား အနုပညာတွင် ထွန်းကားမည့်သူဟု ယူဆကာ ဆရာမြို့မငြိမ်း အား အိမ်သို့ခေါ်၍ စောင်းပညာကို သင်ကြားပေးခဲ့လေသည်။

အင်္ဂလိပ်သက္ကရာဇ် ၁၉၂၈ – ခုနှစ်တွင်မှ တရုတ်အမျိုးသား ဦးတော်လုံ ဆိုသူဦးစီး၍ တည်ထောင်ခဲ့သော မန္တလေးမြို့ မြို့မတူရိယာအသင်း၏ ဂီတသမား တစ်ဦးအဖြစ် ဆောင်ရွက်ရင်း သီချင်းများ ရေးစပ်လာခဲ့ရာမှ မြို့မငြိမ်း ဟူသောအမည်ဖြင့် ကျော်ကြားခဲ့သည် ဂီတသင်္ကေတပညာကိုလည်း ဂီတသင်္ကေတ စာအုပ်ဝယ်၍ ကိုယ်တိုင်လေ့လာဆည်းပူးခြင်းဖြင့် တတ်မြောက်ခဲ့၏၊

ဆရာငြိမ်း သည်၊ မန္တလေးမြို့၊ မန္တလေးရုပ်ရှင်ကုမ္ပဏီတွင် ဂီတဘက် ဆိုင်ရာ ဒါရိုက်တာအဖြစ်လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ အနုပညာရေး သီချင်းကြီးမှုမှန် ရှိရေးအတွက် အထက်မြန်မာပြည်မှ ခန့်အပ်သော ကော်မတီလူကြီးတစ်ဦး အဖြစ်လည်းကောင်း ဆောင်ရွက်နေစဉ် စက်တင်ဘာလ (၁၅)ရက် နေ့က ကားတိုက်ခံရကာ ကွယ်လွန်ခဲ့ခြင်းဖြစ်လေသည်။

ဆရာငြိမ်း နောက်ဆုံးရေးခဲ့သော သီချင်းကား ပြာနီမှိုင်းကာနို့ရို့ – ညို့ညို့ညို့လွင်၊ ညှင်းလေပြေ သွေးလို့သာ – ဟု အစရှိ၍ ရေးသားကာ အမည် မပေးရသေးသော သီချင်းဖြစ်လေသည်။ ထိုသီချင်းမှာ မန္တလေးရုပ်ရှင်ကုမ္ပဏီ အသံထွက်ရုပ်ရှင် တစ်ခုအတွက် မင်းသမီးသစ် ကြည်ကြည်မေ သီဆိုရန် ရေးခဲ့သည်ဟု သိရ၏။

ဆရာငြိမ်း သည်၊ အသက်(၂၀)အရွယ်တွင် အမျိုးသားကျောင်းဆရာမ ဒေါ်သန်းနှင့် အိမ်ထောင်ကျခဲ့ရာ သားသမီး(၁၃)ယောက် ထွန်းကားခဲ့ပြီး၊ ယခုအခါတွင် သားသမီး(၈)ယောက်သာ ကျန်ခဲ့လေသည်။ ၎င်းတို့မှာ မတင်ကြည်၊ မရီ၊ မအေး၊ မချွေး၊ မောင်အောင်နိုင်၊ မောင်ရွှန်းမြိုင်၊ မောင်ညွန့်လွင် နှင့် (၂)နှစ်အရွယ်ရှိ မဝင်းမြိုင် တို့ဖြစ်လေသည်။

ဆရာငြိမ်း ၏ ရုပ်ကလာပ်ကို စက်တင်ဘာလ (၁၇) ရက်နေ့၊ ညနေ (၄) နာရီ အချိန် ကျွဲဟိုင်းသုသာန်တွင် သင်္ဂြိုဟ်ရာ အသင်းအဖွဲ့ပေါင်း ၂၀ – ကျော်မှ လွမ်းသူ့ပန်းခွေများပို့ကာ ပရိသတ်များစွာပင် အသုဘရှုတရားနာရန် လိုက်ပို့ခဲ့ကြလေသည်။

မြန်မာ့လမ်းစဉ် – သတင်းစာ

(၂၂ – ၉ – ၅၅)

## ဆရာငြိမ်းအတွက်
## ဝမ်းနည်းခြင်းအထိမ်းအမှတ်

၁၉၅၅ – စက်တင်ဘာလ (၁၇) ရက်နေ့၊ ည (၇) နာရီအချိန်တွင် မြင်းခြံ – မြို့မတူရိယာအသင်းသားများတို့သည် အသင်းတည်ရာ ဘာဘာလမ်း ဦးဘာသိန်း နှင့်ညီများ တိုက်တွင် အစည်းအဝေးပွဲကျင်းပပြုလုပ်ကြောင်း။

ကွယ်လွန်အနိစ္စရောက်သွားသော မန္တလေး၊ မြို့မဆရာငြိမ်း အတွက် ဝမ်းနည်းသောအထိမ်းအမှတ်ဖြင့် ညစဉ်လေ့ကျင့်သီဆိုတီးမှုတ်ခြင်းကို (၇) ရက် ရပ်နားစေ၍ ကျန်ရစ်သော ဆရာငြိမ်း ၏ ဇနီး၊ သားသမီးများ လိုရာသုံးစွဲရန် အတွက်၊ ရန်ပုံငွေထဲမှငွေ (၁၀၀) ကို မြို့မတူရိယာအသင်းကတဆင့် ထောက်ပံ့ ပေးပို့ရန် ဆုံးဖြတ်၍ ဆရာငြိမ်း အား လေးစားသောအနေဖြင့် (၂)မိနစ် ငြိမ်သက်စွာနေပြီးလျှင် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြကြောင်း။

### ရွှေမန်းညနေ့သတင်းစာ

စာ(၃)
(၁၇–၉–၅၅)

## ဖြိုးမငြိမ်း အတွက်

ဝါခေါင်လဆုတ် (၁၃) ရက်နေ့က၊ မပြန်လမ်းသို့ ပြန်းရှာသော စာရေးဆရာ ဖြိုးမငြိမ်း ၏ အသုဘကိစ္စအတွက် အမရပူရ မန္တလေး မော်တော်ယာဉ် အသင်းကြီးမှ ငွေ (၅၀)နှင့် မော်တော်ကား (၈) စင်းကို ထည့်ဝင်ကူညီကြကြောင်း သတင်းပေးပို့ ရှိပါသည်။

### မြန်မာ့လမ်းစဉ် – သတင်းစာ

(၁၉–၉–၅၅)

## ကျေးဇူးတင်ခြင်း

ဖြိုးမဆရာငြိမ်း ၏ ဈာပနကိစ္စအဝဝတို့တွင် ပါဝင်ကူညီ ဆောင်ရွက်ကြခြင်း၊ လွမ်းသူ့ပန်းခွေများပို့ခြင်း၊ စာကြေးနန်းများနှင့် ဝမ်းနည်းတသမှုကို ဖေါ်ပြကြခြင်းများအပြင် လိုက်ပါပို့ဆောင်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် အသင်းအဖွဲ့၊ အစည်းအရုံး တို့အား ဇနီးဖြစ်သူ ဒေါ်သန်းသန်း နှင့် သားသမီး များက အထူးကျေးဇူးတင်ရှိပါကြောင်း။

ဇနီး – ဒေါ်သန်းသန်း နှင့်
သားသမီးတစ်စု

ဖြိုးမအလျှော်တမ်းတူနိုယာ အဖွဲ့ကြီး၏ ပညာရေးမှူး ဖြစ်ခဲ့သူ ဖြိုးမဆရာငြိမ်း ၏ ဈာပနကို အင်တိုက်အားတိုက် လာရောက်ကူညီလိုက်ပို့ကြသော မိတ်ဆွေသင်္ဂဟအပေါင်းနှင့် လွမ်းဆွတ်တသသောအားဖြင့် လွမ်းသူ့ပန်းခွေများ ပို့ကြသော ရွှေဖြိုးမ – ရန်ကုန်၊ မြင်းခြံဖြိုးမ – မြင်းခြံ၊ ယုဂတူနိုယာ – မော်ဖြိုး အထက် ဗမာနိုင်ငံ သတင်းစာများအသင်း၊ အထက်ဗမာနိုင်ငံ သတင်းထောက်များအသင်း၊ အထက်ဗမာနိုင်ငံ စာရေးဆရာများအသင်း၊ မန္တလေးခရိုင် ကျွန်ုပ်ငြိမ်းချမ်းရေး၊ လက်နက်ကိုင်တပ်ပေါင်းစု ငြိမ်းမြင့်ရေး အဖွဲ့သမီး၊ ခရိုင်အဆေးပလ၊ ခရိုင်ဆေးပလ

င် မြို့လူကြီးများ၊ မန္တလေးတက္ကသိုလ်တေးသံယဉ်တူရိယာအဖွဲ့၊ ဈေးချိုတော် ကျိုးဆောင်အသင်း၊ ဆေးဝမ်း – ဆရာ့ရှု၊ အမျိုးသားကျောင်းဟောင်း အမျိုးသား ကျောင်းဆရာ၊ ဆရာမ များ၊ ကျောင်းသားသမတအမျိုးသားကျောင်း၊ သဘင် ဝမ္ဗ၊ ဖန်တျာစုကျောင်း၊ ဆေးဝမ်းဗလင်၊ အားကစားအသင်းအဖွဲ့၊ အမရပူရ မင်းတော်ယာဉ်အသင်းများနှင့် မလာရောက်နိုင်သဖြင့် စာဖြင့်လည်းကောင်း၊ ကြေးနန်းဖြင့်လည်းကောင်း ပေးပို့သောအသင်းများ လိုက်လိုက်လှဲလှဲ ကျေးဇူး းပကာသ တင်ရှိပါကြောင်း။

မြို့မအဆော့တစ်တူရိယာအဖွဲ့
မန္တလေးမြို့။



ကိုဘိုခင်၊



ကိုပေါ

မြို့မငြိမ်း ကွယ်လွန်အပြီး
မြို့မအသင်း၏ ခိုင်းချုပ် (ဂီတမှူး)များ

| |
|---|
| ကေဘယ်ကြေးနန်းကြိုး – |
| ဖုန်းကြိုး ... |
| ပါလီမန်အတွင်းဝန် |
| အတွင်းဝန် ... |
| လက်ထောက်အတွင်းဝန် |

အမှတ် ၂၂.စ.က(မ) ၅၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာန**

မှ

ဦးစိန်မြင့် – ဘီအက်(စ်)စီ – ဘီအယ်(လ်)

သို့

ဒေါ်သန်း (ဖြိုးမဆရာကြီးမ်း ဇနီး)

ရွှေတောင်ပြေးဝင်းမြောက်ပေါက်

မှုလေးမြို့။

ရန်ကုန်မြို့၊ ၁၃ ........ခုနှစ်၊ ........................လ ........ရက်။

(၁၉၅၅ – ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက်။)

အကြောင်းအရာ ။ ဖြိုးမဆရာကြီးမ်းအတွက် ကြေကွဲဝမ်းနည်းခြင်း။

ခင်ဗျား။


ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာန၊ နိုင်ငံတော်ပန်းချီအဖွဲ့ဝင် လူကြီးမင်းတစ်ဦးဖြစ်သူ ဖြိုးမဆရာကြီးမ်း သည်၊ ၁၉၅၅ – ခု စက်တင်ဘာလ (၁၆)ရက် နေ့က ကွယ်လွန်အနိစ္စရောက်ကြောင်း သိရှိရပါသဖြင့်၊ ကျန်ရစ်သူ ဖြိုးမဆရာကြီးမ်း ၏ ဇနီး နှင့် သားသမီးများနှင့် ထပ်တူ၊ ယဉ်ကျေးမှုဝန်ကြီးဌာန နှင့် နိုင်ငံတော်ပန်းချီအဖွဲ့ကြီးက လှိုက်လှိုက်လှဲလှဲ ကြေကွဲဝမ်းနည်းလျက်၊ ကွယ်လွန်သူ ဖြိုးမဆရာကြီးမ်း ကောင်းရာသုဂတိဘဝ လားစေရန် ဆုတောင်းကြောင်းကို ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် နိုင်ငံတော်ပန်းချီအဖွဲ့ကြီး၏ ကိုယ်စား အကြောင်းကြားအပ်ပါသည်။

လေးစားလျက်


(စိန်မြင့်)

အတွင်းဝန်

ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာန။



မြို့မငြိမ်း စာအုပ်စုံကလေး



မြို့မငြိမ်း ကျန်ရစ်ခဲ့သော တူရိယာလေးများ

# မျိုးဆက်အမွေ

မြို့မငြိမ်း နှင့် ဒေါ်သန်းမေ တို့သည်၊ သားသမီး(၅)ဦး ထွန်းကားခဲ့ကြပါသည်။ အကြီးဆုံးမှာ၊ မောင်မောင် ဟူသော သားယောကျ်ားဖြစ်ပါသည်။ ကိုမောင်မောင် သည်၊ ဖခင်၏ မျက်လုံး မျက်နှာ၊ အရုပ်အမောင်း၊ မိခင်၏၊ ဖြူစွတ်သော အသားအရေရှိပါသည်။

ကိုမောင်မောင်၊ ကျောင်းပညာသင်ကြားနေသော အရွယ်တွင် စစ်ကြီးဖြစ်ခဲ့ရာ၊ ပညာအနှောင့်အယှက်ဖြစ်ခဲ့ရပါသည်။ စစ်ရိပ်လျော့နည်း၍ စစ်ငွေ့ပျယ်ပျောက်သောအခါ၊ မြို့မငြိမ်း နှင့်မိသားစုတို့သည်၊ မန္တလေးမြို့၊ အနောက်ပြင်၊ ကျောက်ဝိုင်း၊ သံတော်ဆင့်ကျောင်း၊ ဆရာတော် ဦးဖုည ထံ လျှောက်ထားခွင့်ပန်၍ စစ်ပြေးခိုအပြီးသတ်ခဲ့သည်။

မြို့မငြိမ်း ၏ "အေးလကျွဲ၊ နေကြလေယှဲ၊ စိတ်တိုင်းကြ၊ သင့်လျော်သလိုနေ၊ ဘုရားကယ်တာတွေ၊ တရားကယ်တာတွေ၊ သံဃာတော်မြတ် ကယ်တာတွေ" ဟူသော "ထိုသုံးပါး" သီချင်းပါ စာသားမှာ၊ ဤကျေးဇူးတရားအား မှတ်သားမှုပြထားခြင်းဖြစ်ပါသည်။

အဖေ၏ကောင်းအရ၊ ထိုကျောက်ဝိုင်း၏ အရှေ့တောင်ထောင့်တွင်၊ အမ်းအေ ဒေါ်အုန်း နှင့် မောင်နှမတစု နေကြသည်ဟု သိရပါသည်။ သူတို့မောင်နှမနှင့်၊ အဖေတို့တော်စပ်ရင်းနှီးကြသည်။ ထို့ကြောင့်၊ ကိုမောင်မောင်နှင့် သမီးကြီးများကို အမ်းအေ ဒေါ်အုန်း ထံ အင်္ဂလိပ်စာ သင်ကြားပေးရန် အပ်နှံခဲ့ကြပါသည်။

တဆက်တည်းပင်၊ မြို့မငြိမ်း က၊ သူ့သားကြီး ကိုမောင်မောင် အား၊ သူ့လက်ဦးဆရာကြီးဖြစ်သော၊ ဦးဘသက် ထံ၊ အနုပညာသင်ရန် အပ်နှံပေးခဲ့ပြန်သည်။ ထိုစဉ်က၊ ဦးဘသက် သည်၊ မဟာမုနိဘုရား၊ မြောက်ဘက်မုခ်တွင် နေပါသည်။ ကိုမောင်မောင် လည်း၊ သူ့ဖခင်နည်းတူ၊ ဦးဘသက် ထံက၊ ပန်းချီ နှင့် မယ်ဒလင်၊ ဘင်ဂျိုတီး၊ တယောထိုးပါ တတ်ခဲ့သည်။ ပန်းချီပညာနှင့်ပတ်သက်၍ အနုပန်းချီ၊ ဆိုင်းဘုတ်၊ ဒီနိုင်း၊ ကားနံပါတ်ရေး စသည်ထိ လုပ်သည်။

၁၉၅၃ – ခုနှစ်ခန့်၊ သင်္ကြန်အလှပြယာဉ်တစ်စီးအား သူ့ဘကြီးသက်နှင့်အတူ လုပ်ခဲ့သည်။ မရိုးမခြောက်ရှိသော၊ သိမ်းတလင်းပေါ် ဆိုင်းလုပ်မီး၍၊ ဆီးချုပ်လေချုပ်၊ ဆီးကိုင်၍၊ ကွယ်လွန်ခဲ့သည်ဟု သိရပါသည်။ သူ့ပန်းချီ ဒီနိုင်းဆိုင်းဘုတ်များတွင် "မောင်မောင်သက်" ဟူ၍ သူ့ဘကြီး ဦးဘသက် ၏ နာမည်အား နောက်ဆက်ထိုးခြင်းကို ကိုမောင်မောင် က ခံပါသည်။

## မြို့မငြိမ်း နှင့် သူ့အနုပညာ

ကိုမောင်မောင် နှစ်သက်ဟန်တူသော၊ သူ့ဖခင်၏သီချင်းမှာ၊ ချစ်ကဝေ ဖြစ်သည်။ ထိုသီချင်း၏ တတိယပိုဒ်၊ "မယ်ဒေဝီသူရသတီ စောင့်သလား" ဟူသော အပိုဒ်နှင့် စတုတ္ထအပိုဒ်မှ "ညာနည်း၊ အစုံစုံတွေ၊ ကေား အရပ် ရပ်၊ ကိုယ်စောင့်နတ်၊ ချစ်ရောလေ" ဟူသော အပိုဒ်ကလေးတို့ကို ရေရွတ်သောအခါ၊ တကြော်ကြော် ဆိုတတ်လေ့ရှိသည်။ ထိုသောအခါ၌ သူ့ဖခင်သည်၊ ပီတိဖြစ်နေတတ်ပါသည်။

ကိုမောင်မောင်သည်၊ ၁၉၅၃ – ခု၊ စက်တင်ဘာလ (၁၇) ရက် အသက် (၂၂)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။ ကိုမောင်မောင် ကွယ်လွန်ခြင်းအတွက်၊ သူ၏ ဘကြီးသက် နှင့် သူ့ဖခင် မြို့မငြိမ်း တို့ များစွာကြေကွဲခဲ့ကြရသည်ဟု အဆိုရှိ ခဲ့ပါသည်။ အကယ်၍သာ ကိုမောင်မောင် အသက်ရှည်ခဲ့မည်ဆိုပါက၊ မျိုးဆက်အမွေ ဆက်ခံနိုင်မည့်၊ သားတစ်ဦးဖြစ်ကောင်းဖြစ်ပါပေမည်။

မြို့မငြိမ်း ကွယ်လွန်ချိန်တွင်၊ အဖိုးဦးရိပ်၊ ဇနီး ဒေါ်သန်းမေ နှင့်၊ သားယောကျာ်းလေး (၃)ဦး၊ သမီးမိန်းကလေး (၅)ဦးတို့ ကျန်ရှိရစ်ကြပါသည်။ မျိုးဆက်အနုပညာအမွေကို၊ သားလတ်၊ ကိုရွှန်းမြိုင် သည်၊ မြို့မတူရိယာအဖွဲ့မှ ထရမ်ပက် ပညာ၊ မန္တလေး ပန်းတျာကျောင်း စန္ဒယားနည်းပြဆရာ ဦးဘို (သဓော်တ)ထံမှ စန္ဒယားပညာ၊ ဒါးတန်းဦးသန့် ထံမှ အသံချဲ့၊ ဗိုင်းချဲ့၊ ဗိုင်းစီမံပညာ၊ တို့ကို ဆည်းပူးခဲ့၍ မြို့မတူရိယာအသင်း၏ ဂီတမှူးနှင့် ဥက္ကဋ္ဌ အဖြစ် လက်ရှိဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်နေရင်း၊ သီချင်းကလေးများ၊ ရေးသားပြုစုလာခဲ့ရာ၊ သူ၏ကျော်ကြားသော၊ တေးများမှာ၊ မစိမ်းစိမ်း (မန္တလေး) သီဆိုခဲ့သော၊ "မှာချွေကား" ကိုသုမောင်၊ သီဆိုခဲ့သော "စစ်ထွက်စာဆို"၊ မတင်တင်မြ၊ သီဆိုခဲ့သော "ဒါနပါရမီ"တို့ ဖြစ်ပါသည်။

ယခုအခါ၊ ကိုရွှန်းမြိုင် သည်၊ ဘာသာ သာသနာထွန်းကားရန်၊ ရည်သန်မှုဖြင့်၊ နိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန အတွက်၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှတစ်ဆင့်၊ တာဝန်ပေးမှုအရ၊ ဗုဒ္ဓ၏ဂုဏ်တော်များကို ညွတ်နူးပူဇော်ထားသော၊ "ဗုဒ္ဓအဉ္ဇလီ"ဟူသော ဓမ္မကြောင်း၊ တေးတစ်ပုဒ်အား ရေးသားပြုစု ပြီးစီးလျက် ရှိကြောင်း သိရပါသည်။



အဖိုး ဦးနိုဂ် – အဖွား ဒေါ်မမလေး
ကိုဘညိန်း – မသန်းမေ
သား – မောင်မောင် အရွယ်



မြို့မငြိမ်း သားကြီး မောင်မောင် (အလယ်လူ)
ရန်ကုန်စက်မှုလက်မှုနှင့် လွတ်လပ်ရေးပန်းချီပြိုင်ပွဲအသွား
လိုက်ပို့သူ - ပန်းချီကိုကံချွန်၊ ပန်းချီကိုတင်မြင့်

## လက်ဦးဆောင်းပါး
## (၃)ပုဒ်

"ကွယ်လွန်သွားကြလေပြီဖြစ်သော၊ အနုပညာရှင်တို့အကြောင်းများကို၊ ပြန်လည်ဖေါ်ကျူးကြခြင်းသည် ထိုအနုပညာရှင်တို့ သက်ရှိစဉ်က မိမိခံစား ခဲ့ရဖူးသော စွမ်းရည်များအား၊ တသသအောက်မေ့လွမ်းဆွတ်ခြင်း အနေဖြင့်၊ ဂုဏ်ပြုဖေါ်ပြခဲ့ခြင်းသာ ဖြစ်ပေ၏" ဟူ၍ မြန်မာလမ်းစဉ် ဦးစိန်ဝင်း ၏ ဆောင်းပါးတစ်ပုဒ်တွင် တွေ့ရဖူးပါသည်။

အောက်ဖေါ်ပြပါ ဆောင်းပါးများမှာ၊ အနီသို့သော မြို့မငြိမ်းအကြောင်း တာပေများဖြစ်သည့်အပြင်၊ ရှားရှားပါးပါး ဆောင်းပါးများ ဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါဆောင်းပါးရှင် သုံးဦးတို့၏ စေတနာအား ပြန်လည် ဂုဏ်ပြုသောအားဖြင့်၊ မှတ်တမ်းတင်ဖေါ်ပြလိုက်ပါသည်။

ရှင်းချက်အနေဖြင့်မူ၊ ရွှေမန်းဝင်းမြင့် (ဦးဝင်းမြင့်)၏ "ပြည်သူ့အသည်း ကို နှံ့ခဲ့သူ" ဆောင်းပါးမှာ တစ်ရက်စာသာ တင်ပြနိုင်ခြင်းအတွက်၊ များစွာ စိတ်မကောင်းဖြစ်ရပါကြောင်းနှင့် ကျေနပ်ခွင့်လွှတ်ကြပါမည့်အကြောင်း တင်ပြလိုပါသည်။

| | |
|---|---|
| **ရွှေမန်းဝင်းမြင့်** | ပြည်သူ့အသည်းကိုနှံ့ခဲ့သူ။ |
| **ကြည်မြ** | မြို့မငြိမ်း (သို့မဟုတ်) နံ့ကြားကကြာတစ်ပွင့် |
| **မောင်** | မန္တလေးမြို့မဆရာငြိမ်း နှင့် မြန်မာတို့၏ဂီတပညာ။ |

## ပြည်သူ့အသံကိုနံ့ခံသူ

(ရွှေမန်းဝင်းမြင့် - ဂုဏ်ပြုသည်)

ကျွန်တော့်အသံတော့ ပဲ့ကျွေခဲ့ပါပြီ။

အမှန်မှာ ကျွန်တော်သည် သတင်းမှန်သမျှ ရရာကိုထည့်သွင်း ပေါ်ပြူကာ ရောင်းချ စားသောက်ရသော သတင်းစာသမားဟု ဆိုရငြားသော်လည်း မိမိနှင့် တကွ ဖတ်ရှုသူများကို စိတ်နှလုံးချမ်းမြေ့နှစ်သိမ့်ဖွယ်ရာ သတင်းများကိုသာ တမ်းတလိုလားခဲ့ပါသည်။

တစ်ခါတစ်ရံ စိတ်ဝင်စားချက်များကို ဝတ္ထု၊ ဆောင်းပါး၊ ဇာတ်ညွှန်း၊ ကဗျာ၊ သီချင်း၊ သတင်း စသည်များကို ရေးသားလေ့ရှိပါသော်ငြားလည်း မည်သည့်အခါကမှ ညည်းညူသော လေသံဟန်ပန်တို့ဖြင့် ရေးသားလေ့မရှိဘဲ ဉာဏ်မီသမျှ အဆင့်ရှိသလောက်တွင် စိတ်နှလုံးကို ပြုံးကြည်နူးစေမှုကိုသာ ရေးဖွဲ့ရေးသားတတ်သူ ဖြစ်ပါသည်။

မည်သည့်အခါမှလည်း စိတ်မဝင်စားဘဲ ရေးလေ့ရေးထမရှိဘဲ ရေးလိုစိတ် ပေါ်သော စိတ်ဝင်စားမှုရှိမှသာ ရေးလေ့ရှိပါသည်။

ယခုမူ ဂီတပါရဂူ – စာရေးဆရာကြီး မြို့မငြိမ်း ကွယ်လွန်အနိစ္စ ရောက်ရခြင်း၌ ကျွန်တော့်အသည်းပဲ့ကျွေကျသွားသည်ကို ဖွဲ့နွဲ့ရေးသားရသည် ကဲ့သို့ ထိခိုက်လှစွာသော နှလုံး၊ မရွှင်ပြုံးသော စိတ်တို့ကို ကြိတ်မှိတ်ချုပ်ညှစ်ကာ မြို့မ ဆရာငြိမ်း နှင့်ပါတ်သက်၍ ကျွန်တော်သိသမျှကို ဖွင့်ဟကာ ရေးသားရင်းဖြင့် ဂီတပါရဂူ စာရေးဆရာကြီး – မြို့မငြိမ်းအား တတ်အားသမျှ ကျေးဇူးဆပ်သည့် အနေဖြင့် ဂုဏ်ပြုရေးသားရခြင်း ဖြစ်ပါသည်။

ကျွန်တော်၏ တတ်သမျှနှင့် ဖွဲ့၍ပြရမည်ဆိုလျှင် အဘိုးအနဂ္ဃ ထိုက်တန် သည်ဟုဆိုပါသော ပတ္တမြားသည် ပြည်တန်သည်ဟုဆိုပါသော် မြို့မဆရာငြိမ်း ၏ ဦးနှောက်တစ်ရတီသည် ကမ္ဘာတန်သည်ဟုပင် ဆိုရပါမည်။

ပြည်တန်သော ပတ္တမြားမျိုးကား တစ်သက်တာတွင် ရှာ၍ရမည်ဆိုပါက ဒုတိယ ပတ္တမြားကို တွေ့ရှိဖွယ်ရာ အလားအလာ များစွာရှိပါသေးသည်။

## ဖြိုးမငြိမ်း (သို့မဟုတ်) နှံ့ကြားမှုကြာတစ်ပွင့်

### (ကြည်မြ)

မြန်မာ့လမ်းစဉ်သတင်းစာ

၁၉၅၅ – ခု၊ စက်တင်ဘာ (၂၂) ရက်မှ (၂၇) ရက်။

ဖြိုးမငြိမ်း ကို ကျွန်တော်သိမြင်ခဲ့သည့် အချိန်ကာလသည် လောက အလယ်တွင် မထည်ဝါခဲ့၊ ဆရာရုပ်တည်ခဲ့ရသော ဘဝကား တောက်ပြောင် ဝင်းပမြင်းကင်းခဲ့သော နှံ့အိုင်ကြီးသာ ဖြစ်ခဲ့၏။ မှန်ပါသည်၊ ဖြိုးမငြိမ်းသည် နွံနှံကြားမှ ကြားဝင်ရှာ ပွင့်နေသော ပဒုမ္မာကြာတစ်ပွင့်ပါပေ။ ထိုပဒုမ္မာကြာသည် နွံနှံအိုင်ကြီး၌ ပွင့်ရလင့်ကစား လှပ်လီလှပ်လဲ့ ကန့်ကလျှမြင့် ပြည်သူတို့ကို ပြုံးစေခဲ့ဖူးပါသည်။ ပြည်သူတို့၏ အသည်းနိုင်ကို အခါခါလှုပ်ကိုင်ခဲ့ဖူးပေပြီ။ ဆရာငြိမ်း ၏ ပြောင်မြောက်သော အဖွဲ့အနွဲ့များ၊ ဆန်းသစ်သော တီထွင်မှုများကား မြန်မာ့ဂီတအနုပညာလောကဝယ် အစွန့်ရှည်စွာ တည်ခဲ့၏။ အနာဂတ်၏ ကြေးမုံဝယ် သူ့သီချင်းကလေးများသည် လှုပ်ရှားအရိပ်ထင်လျက် ရှိဦးမည်ကို ကျွန်တော် မြင်ယောင်ပါသေး၏။ ယခုသော် လူ့ဘဝစာတ်ခုံမှ ဆရာငြိမ်း တစ်ခန်းရပ်ခဲ့ရှာသည်ကို ကျွန်တော် ယူကျုံးမရ ဖြစ်မိရပါသည်။

ဂီတဆိုသည်မှာ လူမျိုး၏ ယဉ်ကျေးမှုမှတ်တိုင်ဟု ဆို၏။ ဂီတစာဆို ဖြိုးမငြိမ်းသည် ပြည်ထောင်စုအတွက် ကျေးဇူးပြုခဲ့သူ တစ်ယောက် ဖြစ်ပါ၏။ ယခုသော် ပြည်သူတို့မှ သူ့အား ကျေးဇူးမတုံ့ပြန်နိုင်မီ ဖြိုးမငြိမ်း တစ်ယောက် သေဆုံးရှာပြီ ဟူသောသတင်း ကြားရ၍ ကျွန်တော်ရင်ဆို့ရပါသည်။

ထို့နောက်မှ "ခရီးသည်" ပြဇာတ်ကဇဉ်က ဖွဲ့နွဲ့ခဲ့သော ဆစ်ကြီး တစ်ပိုဒ်ကို သတိရလာသည်။ ထိုခရီးသည် သီချင်းတွင် ဆရာငြိမ်း က လူတွေသည် သံသရာဝဲဩယာအတွင်း၌ ဆုံလည်ရှားပမာ စခန်းမဆုံးနိုင်အောင် ကုသိုလ်၊ အကုသိုလ်ထုပ်ကြီးကို ထမ်းပိုးကာ အကြိမ်ကြိမ်အဖန်ဖန် လှည့်လည် စုန်ဆန်နေကြသည့် သံသရာခရီးသည်တွေသာ ဟု ဓမ္မကြောင်းစစ်တာ သံပေါ ရရှန် စေတနာအမှန်ဖြင့် –

ကာမဘုံသား ဆုံလည်ရှားသို့နှယ် ဩယာသံသရာ ဘယ်စခန်း ဘယ်လမ်းဝယ် မဆုံးနိုင်ကြတယ် ဝဲလည်လည် အကြိမ်ကြိမ်အဖန်ဖန် စုန်ဆန် ကြ လောက "ခရီးသည်"

## မြို့မငြိမ်း နှင့် သူ့အနုပညာ

ပူပင်တာတွေ ပျော်ရွှင်တာတွေ ငိုချင်တာတွေ ဝမ်းနည်း ရာကနိုးနိုင်ကြမယ် သုခ ဒုက္ခဆိုတဲ့ လောကဓံတရားက ရောက်ရှားလာတော့တယ် ....။

ဟူ၍ လောကဓံမှန်တိုင်းသည် ကာမဘုံသားတွေအား ပြုံးချည်တစ်ခါ မဲ့ချည်တစ်လှည့်၊ လှည့်စားတတ်ပုံ ရောက်ရှားစေတတ်ပုံကို သရုပ်ဖော်ပြနိုင်ခဲ့ပေမယ့် ဆရာငြိမ်း အတွက်မူ လောကဓံသည် အကောင်းဘက်လေးသို့ မျက်စေ့ လည်၍ မှ ရောက်မလာခဲ့။ ထို့ကြောင့်ပင် ဆရာငြိမ်း က နောက်ဆုံးအပိုဒ်၌–

နိဗ္ဗာန်တိုင် မရောက်သေးပါသမျှ ကာလအကြိမ်ကြိမ်တွေရယ် ပူဆွေး ရှာကြလို့ အချိန်ကကုန်မယ် သုခတွေအထင်မှားပါလို့ ပျော်အား ပျော်နိုင်ရှာမယ် အမေ့ကြီး မေ့နေတဲ့ အနတ္တသဘ္ဘာဝါတွေရယ် –

ဟု (၃၁)ဘုံသားတို့၏ ငြိမ်းချမ်းရေးအစစ်ကား နိဗ္ဗာန်နှဲ့သာ တကားဟု– ထောက်ပြရေးသားသွားခဲ့သည်။ သို့သော် ဆရာကတော့မူ ဘဝ၏ တကယ့် အပြုံးကလေးများကို ထိတွေ့ခံစားမသွားခဲ့ရပါ။ ပဒုမ္မာသန်းနိုင်ကို ပွင့်စေခဲ့သော ဆရာဘဝကား နွံ့နှံ့အတိ ဖြစ်ခဲ့ရပေသည်။

ထို့ပြင် ဆရာငြိမ်း ၌ ချစ်စရာကောင်းပုံလေးများ ရှိသေး၏။ ပညာဂုဏ် မမောက်၊ မာနတရားမရှိ၊ ဆရာငြိမ်း သည် သူကြိုက်သည့် အရာများ သူလုပ်၍ နေလင့်ကစား ဆက်ဆံရေးတွင် လူတစ်ဖက်သား ဂုဏ်သိက္ခာမျက်စေမည့် အပြောအဆို အမူအရာမျိုးကို ဘယ်သောအခါမှ လုပ်ကိုင်ပြောဆိုလေ့ မပြုခဲ့၊ မိမိထက်ငယ်သူများ ဖြစ်စေကာမူ လွန်မင်းစွာ မကျွမ်းဝင်လျှင် "ခင်ဗျား" "ကျွန်တော်" ဖြင့် ယဉ်ကျေးစွာ ပြောတတ်သည်။

အနုပညာသမားတို့သည် အတွေးရေယဉ်ကြောဝယ် မိမိတို့ကိုယ်ကို နှစ်မြှုပ်တတ်ကြသည်။ နောက် ပြောင်မြောက်သော ဂီတများ၊ ရှုမောဖွယ် ပန်းချီကားချပ်များ သစ်လွင်ဝင်းပသော စာအမြုတေများ မွေးဖွား၍ ပြည်သူတို့အား ဖွင့်ပြကြ၏။ ထိုအခါ ခံစားကြသူများ၌ များစွာသော ရသတို့ဖြစ်ပေါ်စေ၏။ ခံစားကြရသော သူများကမူ ထိုအနုပညာရှင်များကား ပြောင်မြောက်ပါပေ၏ ဟု မော်ကွန်းတင်ကြ၏။ ထို့အတူ ယနေ့လွတ်လပ်သော ပြည်ထောင်စုခေတ် ရောက်ခါမှ အစိုးရက စည်သူကျော်ထင်၊ လက်ျာပုံ့ရိုး စသောဘွဲ့များ ပေးခဲ့၏။ ဆရာငြိမ်းက နယ်ချဲ့အင်္ဂလိပ်ခေတ်က လွတ်လပ်ရေး ကြိုးပမ်းနေသူများကို အိုးစေတ်ကပင် ဘွဲ့များကိုပေးခဲ့သည်။ အောက်တွင်ကြည့်ရှုပါရန်။

"စည်သူကျော်ထင်သောင်းသေ ရယ် မောင်လှအောင်၊ မြောက်ဗိုလ်ပါးဝယ်၊ တောင် မာရဘင်ဘွဲ့ ရှိတယ် စောလှမောင်စားလွတ်ကိုလွှယ် လော်ကျွံချီရယ် အုံးဆောကာနယ် အုန်းရွှေမာရယ် နတ်စက်ရောင်မီးတွန်းတင်ကြိုက်သည် ကိုယ်နိုင်ငံနိုင် ဟန်ပါတယ် ဗိုလ်ဂိုက်နဲ့ မြန်မာတွေဟာ ဘယ်ညာချွေလှမ်းကျယ်။"

ဟူသော ထိုခေတ်က ဆရာဦးဖိုး ၏ သီချင်းသည် လွတ်လပ်ရေးကြိုးပမ်းနေကြသော မြန်မာများအတွက် ကြက်သီးတဖျန်းဖျန်း ထကာမန်း အမျိုးသားစိတ်ကို နိုးဆွပေးခဲ့ပါသည်။ ဆက်၍ –

အောင်လံတော်တွင်းက ဥဒေါင်းမင်းတောင် လွန်ပျော်မြူး တွန်ကျူးသလို နေ အိုး ဝေ အိုး ဝေ ငြိမ့်ငြိမ့်သံမစဲအောင်သံချွေ အမျိုးသားနေ့ မမေ့နိုင်ပေ – –။

ဤနှုန်းညှိ၍ ချစ်ဖွယ်ဖြစ်သော စာလုံးလေးတွေပင် မြန်မာ့လွတ်လပ်ရေးအတွက် အရေးပါလှပေသည်။

မန္တလေး အမျိုးသားကျောင်း၏ တစ်ခုသော အမျိုးသားနေ့၌ "ဝန္ဒလနှင့် ခေတ်လူငယ်" ဟူသောယိမ်း ပါခဲ့သည်။ ဝန္ဒလအဖြစ် ကိုဝရွှေ (ယခု ဗိုလ်မှူးကြီးဝရွှေ)ကလုပ်၏။ ထိုအခန်း၌ ဝန္ဒလသည် ကိုယ်ယောင်ပြကာ ခေတ်လူငယ်များ စိတ်ဓာတ်ပျော့ညံ့ပုံကို သရော်သည်။ နောက် လွတ်လပ်ရေးကြိုးပမ်းရန် သြဝါဒပေးသည်ကို ဆရာဦးဖိုး မှ တေးဖွဲ့ပေးသည်မှာ –

"ဝမ်း နည်း ပက်လက် မောင်တို့အတွက် ရက်ရက်စွဲတိုင်း ရိုလိုက် ရတော့မှာ ငါ့မြန်မာဆိုတာ ဟိုအခါက ကိုယ့်မင်း ကိုယ့်ချင်း ကိုယ့်ပြည်ကိုယ့်ရွာ ကိုယ့်အမျိုး မညှိုး အောင်အကျိုးဆောင်လာ သွေးသား အသက်ကိုပုံသည် ယုံကြည်စွာ အမိမြန်မာသား ကောင်းတစ်ယောက်အဝင်အပါ ဂုဏ်ယူစရာ မင်းကြီး မဟာဝန္ဒလဆိုတာပေါ့"–

ဟူသော ဆရာ့သီချင်းသံကြောင့် အမျိုးသားကျောင်းမှ မြန်မာလူငယ်များ သူ့ကျွန်ဘဝကို ရွံမုန်းလာကြသည်။ တိုင်းပြည်အတွက် အသက်စွန့်ချင်လာကြသည်။ ထို့ကြောင့်ပင် ထိုကျွန်ခေတ်က အမျိုးသားကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ သည်လည်း လွတ်လပ်ရေးကြိုးပမ်းမှုအား တက်ကြွစွာ ပါဝင်လိုက်ကြသည်။ ထိုခေတ်သည် ၁၉၄၀–၄၁–ခုနှစ်တစ်ကမ္ဘာလုံး ယမ်းငွေ့သင်း၍ မြန်မာကလည်း အင်္ဂလိပ်နယ်ချဲ့ထံမှ လွတ်လပ်ရေးရရန် အရေးဆိုနေသောအချိန် ဖြစ်သည်။

## ဖြိုးမငြိမ်း နှင့် သူ့အနုပညာ

ဤသည်ပင်မက လွတ်လပ်ရေးအတွက် မြန်မာ့ဇာတိသွေး တက်ကြွရေး လုပ်ငန်းဆောင်တာများ မြင်သိရေးအတွက် "နတ်သျှင်နောင်"၊ "မြင်းခင်းတော်" အစရှိသော တေးတို့မှာလည်း နုယဉ်ပျောင်းသွဲ့သော စကားလုံးကလေးများဖြင့် ဖွဲ့သီခဲ့ခြင်းဖြစ်သော်လည်း "နတ်သျှင်နောင်"တွင် မြန်မာတို့၏ စစ်ဗျူဟာ အခင်းအကျင်း "မြင်းခင်းတော်"တွင် မြန်မာတို့၏ စစ်ရေးအတတ်ပညာနှင့် လက်ရုံးရည် နှလုံးရည်တို့ကို ဖေါ်ကျူး၍ ယဉ်ယဉ်ကလေး သွေးထိုးပေးခဲ့သည်။ ပုံပန်းအားဖြင့် ဆရာငြိမ်းသည် အနုပညာရှင်အသွင်အပြင် အပြည့်ရှိသူပါပေ။ သို့ရာတွင် အောက်ပါလွတ်လပ်ရေး ရန်ပုံငွေအတွက် (စစ်မင်းသား) ပြဇာတ် နှစ်ပါးသွားသီချင်းကိုမူ ကျွန်တော်အသည်းအား ယနေ့တိုင် စနဲ့နေပါသေးသည်။ ထို့ကြောင့် ဆရာငြိမ်း အနေဖြင့် တိုင်းပြည်အပေါ် သစ္စာရှိသည်၊ တာဝန်ကျေသည်၊ မြန်မာ့အရေးကို ကျောချင်းကပ် ချွေးနဲ့သွေးနဲ့ အသက်နဲ့လဲမယ့်သူငယ်များ ဖြစ်ပါမူ ချစ်ရေးကြိုက်ရေး၊ ဒို့မဇာတ်ရေးတွေပင် ဘေးကိုဖယ်ကြဦးစို့ဟု ဆိုခဲ့သည်။ ထို့ကြောင့် အောက်ပါသီချင်းကလေး အရလည်း ဆရာငြိမ်း အား မြန်မာ့လွတ်လပ်ရေး တိုက်ပွဲတွင် ဂီတအနုပညာဘက်မှ တက်ကြွကျေပွန်စွာ ပါဝင်ခဲ့သော မျိုးချစ်ဂီတစာဆို တစ်ယောက်အဖြစ်လည်း မှတ်သားမှု ပြုလိုပါသည်။

နတ်တွေကိုလည်း တိုင်တည်လျှန်းတယ် ကိုယ့်ကိုယ်ကိုတော့ညာတာလျှန်းတယ် ချစ်ရင်းနှီး ဝင်ချစ်ရဲသော်ရယ် ဘာကိုရှက်ဆောင်မယ် ကိုယ်ကျိုးစွန့်လို့ အချစ်ဆောင်မယ် မြန်မာကောင်းဆောင်ကွယ် ယောကျ်ား မိန်း မ မြန်မာအရေး ဆို ကျောချင်း ကပ်ချွေးနဲ့၊ သွေးနဲ့တောင်လဲမယ်အသက်ပေးနို့လား မောင်ရယ် ဒို့မဇာတ် ရေး တွေဘေးကိုဖယ် –။

ဤသီချင်း၌ ဆရာငြိမ်းသည် တိုင်းပြည်လွတ်လပ်ရေးအတွက် အချစ်ကို ဘေးဖယ်သင့်ကြောင်း ရေးဆိုပြခဲ့ပေ၏။ သို့ရာတွင် သူ့အား ဦးစွာကျော်ကြားမှုကို ပေးခဲ့သော သီချင်းမှာမူ အချစ်၌ လေးနက်မှုကို ပြဆိုသော "တူနှစ်ကိုယ် တဲအိုပျက်မှာနေရ ရွှေဘုံပေါ်မှာစံရ ချစ်တာ ချစ်တာ ပဓာနလို့ ဆိုချင်တယ် မောင်ရယ်" ဟူသော လေးနက်သွဲ့ပျောင်းသော အသုံးအနှုန်းကလေးများဖြင့် ဖွဲ့ဆိုခဲ့သော "ချစ်တာပဓာန"သီချင်း။

"တချစ်တည်းချစ်တာရွှင်တဲ့ပြုံးဟန်တွေ ကျေးစုတောင်ဇရပ်ကောင်းသည်၊ အပြစ် တင်ဇရပ်ကောင်း သည် ဆုံး ဖြတ်ဖို့တတ်သည့်သူသည် သူတို့ကြောင့်ပဲ ရှင်နဲ့ကျွမ်းတို့ 'မပစ်ဘဲနှစ်လသံသရာရှည် တချစ်ထဲချစ်ရပြန်ပါသည်။"

ဟူသောသီချင်းတွင်တော့ အချစ်၏ လေးနက်မှုအပြင် အချစ်အား ပေါ်လွှန်းပေးခဲ့သော ကမ္ဘာဦးပြဿနာကြီး တွေကိုပင် အဖြေအနေပေးသလို ကျေးဇူးအပြစ် ကြိုက်ရာတင်နိုင်ကြောင်းဖြင့် "အချစ်" ပေါ်ပေါက်လာပုံထိ လှမ်းထောက်ပြနိုင်ခဲ့သည်မှာ စံယူလောက်ပါသည်။

စင်စစ် "တချစ်တည်းချစ်"သည် သာမန်အချစ်သီချင်း တစ်ပုဒ်ဟု မယူဆ ထိုက်ပေ။

ဆရာကြီးသည် အချစ်နှင့်ပါတ်သက်သော သီချင်းများကို များစွာ ဖွဲ့ဆိုခဲ့သော်လည်း စကားလုံးတိုင်း အဓိပ္ပါယ်ရှိသည်၊ အသက်ဝင်သည်၊ ချစ်စရာကောင်းသည်၊ ထိလွှန်းငြိလွှန်း၍ သူ့အချစ်သီချင်းများသည် ကြားရသူ အချစ်နှင့်မကင်းသော လူငယ်လူရွယ် ယောကျ်ား၊ မိန်းကလေးမရွေး အသည်းထဲ ဒိုက်ကာထဲ ဒိုက်ကာထဲ စားကြရပါသည်။ နှစ်ယောက်ထဲ၊ တချစ်တည်းချစ်၊ ရို့မှာတမ်း၊ စင့်အိပ်မက်၊ သက်စေ၊ ချစ်လွှန်းတင်၊ ချစ်သူ့ပြဿနာ စသည်တို့သည် အချစ်နှင့် ပါတ်သက်၍ မိမိကြုံကြိုက်နေရသော အခန်းအလိုက် ရွတ်ဆိုငြီးတွားရ၍ ကောင်းသော သီချင်းများသာ ဖြစ်ကြမည်ဟု ယူဆအပ်ပါကြောင်း။

(ကြည်မြ)
မြန်မာ့လမ်းစဉ်
၁၉၅၅ – ခု၊ စက်တင်ဘာ (၂၂) မှ (၂၀) ရက်။

ရွှန်းမှုနစ်သတင်းစာ စာ(၃)

၂၇ - ၉ - ၁၁

# မန္တလေးမြို့မဆရာငြိမ်း နှင့် မြန်မာတို့၏ ဂီတပညာ

ရေးသူ - မောင်

မန္တလေးမြို့၊ မြို့မဆရာငြိမ်း ကွယ်လွန်ရှာပြီဆိုသော သတင်းသည် သတင်းစာတိုင်းတွင် (၂)ကော်လံခွဲ ခေါင်းစဉ်ကြီးများဖြင့် ဖေးတိုက်သော သတင်းတစ်ရပ်ဖြစ်ပေသည်။

ယခုစက်တင်ဘာလ (၁၅) ရက်နေ့က ဆရာငြိမ်းသည် မန္တလေးမြို့တွင် ကွယ်လွန်သည့်အကြောင်းကို လွန်ခဲ့သည့် ၂ - ရက်၊ ၃ - ရက် နေ့ကမှ သိကြရဝယ် နောက်မကျသေးဟူ၍ ကျွန်တော်၏ သူ့အကြောင်းရေးဖို့မှာ ဘယ်တော့မှ နောက်ကျမည်မဟုတ်ချေ။

**ကျွန်တော်၏ မသောင်မြင်ချက်**

အခါအခွင့်ရတိုင်း ပုဂ္ဂိုလ်တစ်ဦး၏ အရည်အသွေးကို အားပေးကြပါဟု ရေးသားခဲ့သည်။ မသောင်မြင်ခဲ့ချေ။ ပုဂ္ဂိုလ်တစ်ဦးကို တန်ဖိုးဖြတ်ရာ အိမ်တွင်းရေး ပုဂ္ဂလိကဝါသနာအကြောင်းတွေနှင့် ရောထွေးယှက်တင်ပြု၍ နေကြသည်သာ များသည်။ တင်စား၍ရေးရသော် လူတစ်ဦး တင်ပြသော ဝန်းကျင်ကားကလေးကို စိမ်းစိမ်းကြည့်၍ ဝေဖန်ကြရအောင်ဟူ၍ ဤစာရေးသူ ကြိုးစားခဲ့ဖူးသည် မသောင်မြင်ခဲ့ချေ။

မည်မျှပင် ကမ္ဘာ၏ နိုင်ငံရေးအရောင်၊ ယဉ်ကျေးမှုအရောင်ဟပ်ပေမည် ဖြစ်သော်လည်း မန္တလေးမြို့သည် မြန်မာထုံးတမ်းအစဉ်အလာများ အခွဲဆုံးသော မြို့တစ်မြို့ဖြစ်နေပေသည်။ ဤမြို့မှ မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို ပေးခဲ့သော ဂီတဆရာ အနုပညာသည်တွေနှင့် ဤစာရေးသူသည် တွေ့ဖူးခဲ့၏။ အချို့မှာ ရင်းနှီးခဲ့ဖူး၏။ ယနေ့အဖို့ ကျွန်တော်နှင့် အသင့်အတင့်သာ ရင်းနှီးခဲ့သော ဆရာငြိမ်းအကြောင်းကို ရေးလို၏။

**အမြင်ခြင်းမရှု**

ကျွန်တော်သည် သူ၏အကြောင်းကို သေမှုရှိုးမှုမ်းရသည့်အတွက် ဝမ်းနည်း၏။ မသေမီရှိုးမှုမ်းရန် လမ်းစရှာခဲ့ဖူး၏ မရခဲ့ချေ။ များသောအားဖြင့် လူအပေါင်းတို့သည် ထင်ပေါ်ကျော်ကြားမှုကို အလိုရှိကြ၏။ ဆရာငြိမ် သည် ထင်ပေါ်မှုကို မလိုလားချေ။ ဆရာငြိမ်းတွင် ရည်ရွယ်ချက်ရှိရပေမည်၊ ကိုယ်တိုင် ထုလုပ်သော ပန်းချီကားကို ကြည့်ရသောအရသာကို ခံစားရန်ကား အဓိက ရည်ရွယ်ချက်ပင် ဖြစ်ပေသည်။

(ဒီသီချင်းကိုရေးပါ၊ ဒီလိုရေးပါ)ဆို၍ ဆရာငြိမ်း သည် ဘယ်တော့မှ ရေး၍မဖြစ်ချေ။ မာနကြီးခြင်းမဟုတ်။ ဤနေရာတွင် သူနှင့် ဤစာရေးသူသည် ဝါသနာချင်းတူနေ၏။ သူများခိုင်းတဲ့နှင့် လှိုင်းဝင်သည့်အခါ ရေးလေ့ရှိ၏။ (အင်္ဂလိပ်စာတတ်သူတို့သည် Inspired ဖြစ်သည်ဟု ဆိုကြ၏)

**ဂီတအသွားကို ဝေဖန်တတ်သူ**

ဆရာငြိမ်း ရေးခဲ့သော ဂီတစာသားကို ဝေဖန်တတ်သူ များလှပေသည်။ ဂီတအသွားကို တန်ဖိုးဖြတ်နိုင်သူ လွန်စွာပင် နည်းပါး၏။

ငှက်ပျောသီးတွင် အချိုကုန်နေသောသူတို့အဖို့နှင့် ယှဉ်၍ပြော၍ မဖြစ်ချေ။ ဂီတအသွား၏အရသာနှင့် စာပေအရသာယူနည်းမှာ အတူတူပင်ဖြစ်၏။

၁။ မြွေကြီးနှစ်ကောင်သွား ရှု၍ကြည့်ရအောင် ဟူသော ဂီတအသွားမျိုး။

၂။ ရေ့ကကြည့်လည်းယဉ်သကိုး ဟူသော နားမည်တတ်မရအောင် ခေါင်းကိုက် သော အသွားမျိုးကိုပါ တည့်သွင်းပြီးနောက် ဦးဘိုးစိန်၏ ရေးသည့် ရေဟန် အသွားမျိုး အထိအရသာခံနိုင်ဖို့မှာ မလွယ်ကူလှချေ။

**ဆရာငြိမ်း**

ပဌမ ပေါ်ပြခဲ့သော နိမ့်သောအဆင့်ကို ဘယ်သောအခါမှ ဆရာငြိမ်း မဆင်းခဲ့ချေ။

စည်းအလိုက်ရခက်သော (ဝါ) ပုဒ်မတတ်ရန် ခက်သော ဂီတအသွားကို ပေးခဲ့ရာ (ချစ်သောမေတ္တာပစာနပါပဲမောင်ဆိုချင်ပါတယ်) ဟူသော သီချင်းအသွား ကို လေ့လာကြစေလိုသည်။ စာသားအကြောင်းကို ဤဆောင်းပါးတွင် မရေးလို သေးချေ။

## မြို့မငြိမ်း နှင့် သူ့အနုပညာ

တကယ်ချစ်မှ – ချစ်သော တေးသွားသည် ပေါ်ပါသည်။

တကယ်မုန်းမှ မုန်းသောအသွားကို ပေါ်ပါသည်ဟူသော သဘောကို များသောအားဖြင့် မမြင်ကြချေ။ ဂီတအသွား၏ သင်မှုန်းကြီးကို တက်၍ ယူမှရသည်။

သီသူအချင်းချင်းပင် ဖြစ်သော်လည်း လှိုင်းဝင်မှ ဂီတအသွား ပြောင်းပေသည်။

### နောက်ဆုံးစာတစ်ရွက်

ဆရာငြိမ်း၏ နောက်ဆုံးစာတစ်ရွက်ကို မျှ လေးသားတွေ မြင်မိကြဟန် မတူချေ။ မြင်သူတို့ ရှိကြပေမည်။

ဆရာငြိမ်းသည် အစိုးရ၏ ဂုဏ်ထူးဘွဲ့ထူးကို မယူဘူးဟု ငြင်းဆန် သွားသူတစ်ဦးဖြစ်၏။ ဤစကားကိုမယုံလျှင် ဤစာရေးသူ သက်သေခံရန် အသင့်ရှိ၏။

ရန်ကုန်မြို့ ဂျူဗလီဟောလ်၌ ဂီတပညာ မှ ကို ရွေးသောကော်မတီအဖွဲ့တွင် ဆရာငြိမ်း တစ်ဦးပါဝင်၏။

ရွှေပြည်ဦးဘတင်၊ ဦးကျော်၊ ဦးဘကလေး တို့ စကားပြောနေစဉ် သူသည် ငြိမ်သက်စွာ နားထောင်၍နေ၏။ အားနာသော သူ၏ မျက်နှာသွင်ကလေး သည် ကျွန်တော်၏ စိတ်တွင် ကျက်စွဲပေါ်လာ၏။

အစည်းအဝေး၌ တစ်ခါမျှ စကားပြော၍မသွားချေ။

စေတနာကောင်း တစ်ခုထား၍ လုပ်သူတို့သည် ကုသိုလ်တစ်ခုကို လုပ်သည်ဟု ယူဆကြ၏။

ဆရာငြိမ်း၊ ဆရာကိုယ်တိုင် ပနက်ချသွားသော အုတ်မြစ်ကို ကျွန်တော် မြင်၏။ ဆရာ၏ ကုသိုလ်ကို ကျွန်တော်မြင်၏။ ဆရာ၏ယူပုံ၊ ဆပုံသည် ကျွန်တော်တို့တွင် စွဲနေပါပြီဟူ၍ ရေးသားကာ နိဂုံးချုပ်ရပေသတည်း။



## အိမ်မက်ဦးကဗျာ

ဦး (မန္တလေး)

- ရတုကဗျာ
ဖို့လက်ဘနှင့်
သာသည့် သီချင်း
အဲစောင်းငြင်းကို
မကောင်းလေ့ကျက်
တီး မှုတ်လျက်သာ
နေကောင်းစွာ . . .

(ပဒေသရာဇာ)

- သူရေးတဲ့ တေး တစ်ဆစ်
"ချစ်ကြည်သံ" လက်ဘသစ်
ပန်းမြစ်နဖို့
ဧရာဝတီကိုချစ်
မြကျွန်းဦးမှာ မျက်နှာသစ်ခဲ့ပြီ . . .

- သူမှာစရပ်တန်း
အလွမ်း တေးနဲ့
မန္တလေးကိုမျှော်
ချမ်းအေးတဲ့ "စစ်ကိုင်းတောင်" ပေါ်
"ငွေစင်ရော်" တွေပျံနေရဲ့ . . .

- "ဦးမတောင်တန်း
ရှမ်းကုန်းပြင်မြင့်မြေ ..."
ချယ်ရီတွေပန်သ
ငြိမ်းချမ်းရေး တေး ဝေစ
"တူးပို့" သံမြူးကြွတဲ့
သကြြန်အိပ်မက်ဦး
ဝိတောက်တွေ ရွှေရည်အလူး
အကျွေရာသံစုံတွေ့ရှူးခဲ့သေ ...

မမေ့တဲ့အတွေးကို
ချွေး နဲ့ထေးဖွဲ့
"အမျိုးသားနေ့" ရဲ့ဝံသာနုအသံ
ဇမ္ဗူကိုတဟန်သစ်
တိုင်းချစ် ပြည်ချစ်ရင်း
သုခုမအနှစ် ဝေ
ခေါင်း ကလေးတွေက အိုးဝေ ...

နေ အလင်း လ အလင်း
သူ့သီချင်း "ချိုဆိ"
"မယ်တို့မြေ"ရဲ့ အနာဂတ်လွှင့်မြင်
ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်
"လူချွန်လူကောင်း"တေး
ခေတ်ရှေ့ကို မြေးကြိ
စိမ်းစိုလန်းဆန်း
"ထပ်တရာလန်း"အတွေးမှာ
ရောင်စုံပန်းကလေးတွေ တချပ်ချပ်နဲ့ ...

\- ဘဝ နံရံမှာတော့
"မပြီးသေး သဘောပန်းချီကား"
"ခင့်အိပ်မက်"ဦးထဲကချစ်ကား
"မောင် . . . ကြည့်သူဆိုးသလား
လှသူဆိုးသလား . . ."
လွှမ်းမပြေ တေးသွားနဲ့
ပန်း မွေ့ရာလေး ခင်းသွားလိုက်တာ . . .

\- သူဟာ . . .
အနုပညာ ပုံဆောင်သစ်နဲ့
အရှက်ဦးကို ထုဆစ်
"ချစ်တာပဲမောန" လို့ကြွေးကြော်
မိုးပြိုနိတဲ့ သံစဉ်မြစ်ပေါ်မှာ
ကမ္ဘာကြီးကို အရည်ပျော်သွား
တမ်းမက်ဖွယ် တေးများနဲ့
(ခုတော့ . . .)
ချစ်သူတွေကို ထွေးထားလို့ . . . ။

(အမိုး- မြို့မငြိမ်း သို့ . . .)
ဦး (မန္တလေး)
၂၂-၂-၉၆
ည (၁၀)နာရီ

“သူရေးစီသော သီချင်းများ”

( စပ )

# SONGS.
## သီချင်းများ။

—:o:—

### Liberty Ma Mya Yin.
### လေဘာတီမမြရင်။

| | | | | |
|---|---|---|---|---|
| N. | 7708 | ဥမ္မာချင်းမှန်ပြန် | ဆင် | ၁၁၀၀ |
| N | 7709 | အရွှေ့ရှင်။ | ဆင် | ၁၁၀၉ |
| N | 7716 | သောင့်တို့။ | ဆင် | ၁၁၀၈ |
| N | 7725 | မိတ်သဘေယုတ်ဘိုးဆေသီး | ဆင် | ၁၁၂၃ |
| N | 7729 | ကလျှော့သား | ဆင် | ၁၁၂၉ |
| N | 7809 | နှမ်းပိုသာသွေး | ဆင် | ၁၀၀၉ |
| N | 7819 | ပန်းခါတီ | ဆင် | ၁၀၁၉ |
| N | 7822 | ထရှုစ်သဲချုပ် | ဆင် | ၁၀၂၂ |
| N | 7832 | ရွှေသောင်ယံ*သီချင်း | ဆင် | ၁၀၃၂ |
| N | 7838 | လေရှိုသွေး သီချင်း။ | ဆင် | ၁၀၃၀ |
| N | 7847 | လသာရွေထပ်ဘ်သီချင်း | ဆင် | ၁၀၄၁ |
| N | 7853 | ရှင်ထရာသဲသီချင်း | ဆင် | ၁၀၅၃ |
| N | 7858 | ဇရဲသီးနှင့်သဲ့ဥ | ဆင် | ၁၀၅၀ |
| N | 7864 | အရွှေ့အပေသီချင်း | ဆင် | ၁၀၆၄ |
| N | 7869 | ဆင်ကြွေ့ကြော | ဆင် | ၁၀၆၉ |
| N | 7875 | ပေါင်းအရည်အချိုး | ဆင် | ၁၀၁၃ |
| N | 7876 | မီးစာဖြောင်သီချင်း | ဆင် | ၁၀၁၆ |

—:o:—

( ၁၀ )

**Ma Khin Than (Mandalay Myoma.)**

မခင်သန်း-မန္တလေးမြို့မ

N. 7706 { ချစ်တာသထောနှ၊
ချစ်သူသထောနှင့်ထို၊

N. 7707 { မြောဝတီ၊
မြောဝတီငထုံ၊

ဤချစ်တာသထောနှင့်၊ ဗုဒ္ဓတီ သီချင်းခေတ်ပြား၂ ချပ်သည် မန္တလေးမြို့မ ဓာတ်ကောင်းမခင်သန်းကိုယ်တိုင်၊ ယခုကာလပေါ် ရှိမ-ဆိုင်းလင်းနှင့်အသံကြည်လင်ပြီးသပြတ်သားစွာသီဆိုထည့်သွင်းထားသဖြင့် အကျယ်ထုတ်ပေါ် နားသာရန်မလိုပဲ ဓာတ်ပြားများကို ဝယ်ယူ၍ နားထောင်ကြ ဆိုရပါလိမ့်မည်။

**Ma Khin Than (Mandalay .)**

မခင်သန်း (မန္တလေး)

| | | | |
|---|---|---|---|
| N 7706 | ချစ်တာသထောနှ | ဆင် | ၇၇၀၆ |
| N 7707 | မြောဝတီ၊ | ဆင် | ၇၇၀၇ |
| N 7712 | ခင့်ဒိဗိမဟာ၊ | ဆင် | ၇၇၁၂ |

**MG. THAN ZIN (Mandalay)**

မောင်သန့်စင်

| | | | |
|---|---|---|---|
| N 7711 | သောင်ဝင်လေယဉ် | ဆင် | ၇၇၁၁ |
| N 7719 | ရွှေဝသီချင်း | ဆင် | ၇၇၁၉ |
| N 7727 | အလှပြင်မှု၊ | ဆင် | ၇၇၂၇ |



ရှေးကြိုက်များသဖြင့် လက်မလည်အောင် ဆင့်ရောင်းနေရသော
သီချင်းများ

**MA THEIN HAN.**

မသိန်းဟန်း

| | | | |
|---|---|---|---|
| N. 17517 | လူ့ဇွဲသော | ဆင် | ၁၇၅၁၇ |
| N. 17516 | ပြည်ထော်မှုအ | ဆင် | ၁၇၅၁၆ |
| N. 17508 | စေလှသောလသီး | ဆင် | ၁၇၅၀၈ |
| N. 7903 | မိုးခွင်ကြီးနှင့်မိုး | ဆင် | ၇၉၀၃ |
| N. 7968 | ဝေဠုံသောင်ခြင်း | ဆင် | ၇၉၈၈ |



**MORNING TIN TIN.**

**မောနင်းတင်တင်။**

မန္တလေးမြို့မောင်ကြီးဆိုသော

N. 17544 ရေပက်မခင် ဆိုင် ၁၂၁၄၄

**ဆိုရှင်းစာ။**

မိတ်ဆွေဖြစ်ရုံလောက်တော့ အတွယ်တာလေးပေါ့ရှင် တယောက်နဲ့ တယောက်တို့ ခင်ခင်မင်မင် ချစ်မယ်ဆိုရင် တော်တော့ရေးကြီးရှေးရေစက်နဲ့ဖြစ်နိုင်ပေဘူးထင်ချစ်မယ်လို့ချစ်ကြလို့ရှိရင် ရှေ့လာခံ့တိုင်ပစ်မှာအချစ်သခြင်မယ်ဆိုရင် တယ်ဘူရ်ထဲတွဲတဲ့ တချစ်နှစ်ယောက်တထယ်လို့ ခိုင်ခိုင်မြဲမြဲချစ်ထက်တွေ့ ရေစက်မခင်နိုင်ပေခြင်။

(ကြည်ကြည်ညိုညိုတယောက်ကို တယောက်ပဲကြည့်မိတ်ချနိုင်နှာင် တယ်လိုဆိုတာ အတွေ့င်းထိခြင်းမှ ကြယ်ဖြင်တမြင်ခင်သတက်ခင် ၂)ယောက်ဘူးဆိုရင် နောက်များကိုခင်ခေါက်ကြြခြားများတို့သာထင် ထာဘဲဖြစ်ဖြစ်ချစ်နိုင်ပါသော။ အဖြစ်ရှိတောင် တွေ့မယ့်ပေခြင်။ Chorus ခင်ခင်မင်မင်ချစ်တဲ့ထက်မှာရေစက်လို့ဝေပေါ်(မြိန်)ဆိုတာ ချစ်မိရင် ရေစက်လို့ပဝင် ဘဝရှင်ပါတွေ့ဖြစ်တို့ပြင်၊ မှသဘာသက်တို့တော့ခင်ခင်မင်မင်)ချစ်တဲ့အတွက်နဲ့ ပေါ်သက်ရင် ရေစက်လို့ပေါ်ခင်။

**MA SAW SHIN.**

**မစောရှင်။**

**မရှုတော့မြဲမဟောင်ဦးငြိမ်းရေးစီးသော**

(သုရိယသတင်းစာတွင်-ဖျော်ဖြေရေးကဏ္ဍသင်းရေးထည့်သော စောရှင်၏ အကြောင်းကိုသိထိုသားသည်။)

N: 17508

**မိရုံရွာနေစာ**      ဆင် ၁၂၂၀၈

**ထိရှင်းစေ။**

ဤတိုင်းပြည်ချာမြေပြင်- ခြောက်ရာထယ်နှစ်- သဏ္ဍာန် အဝင်-ဥစ္စာအဝင်း နှင်းတကဲ့ လက်ထောက်စေဘော်သေခါတွင်- ပုပ္ပါးဆရာ်ရှိမှတ်ထိုက်သဲ့နောင်လာသော- ထိတ်ထိပ်းတာန်း ဖြစ်ရာတွင်-တစ်ခါဖျေသင်သွား ရှုတယ်မတို- အစဆောင် သူကြီးတသမ်ပင်ရှိမှာထိဒ်ခါ ထိဝ်ရေးနိနေ့ရှုဝင်- မြို့ကြီး ရွှေဝတ်-ခေါင်းနားမှာကာင်လိုဝါပြည်ကြီးဆောင်းသတို-နောင် တောင်းထဲ့ နိဗိတ်တော့ဆင်တသင်-အသိထရားဝေါထဲ့-မိရုရှား စောငယ်ရှယ်စုံ့ ဖြတ်လေးပင်တို ဆယ်နှစ်နှစ် တညွှာဝင်- မိဠများအမှုဝရိုက်ပို- ရှုမိုက်ရာတွင်- စာလသနသ သန်း ဆန်းပွင့်တဲ့ရှိနိခါတွင်- ထုံခြပြေခြာစဆောက်စင်-တောသးယည် ယည့် မုံ့ညာက်ဖြိုင်မွှင်သုံးဆင်ဝင်- ရှုယဘးရွှင်တို မိုဖြင့် ညွှာတွင်-မထိုတုးဆောင်တုးထဲတုးတဲ့ရာစောင် ထုန်ကဲ့တင်နိုင် (ရှင်ထုချင်ရွှေနားတေ ဒါကြာသတို-ပုရွှာနေတ် ထောက်ဆ‌ဖြန်တုင်- အမှန်ဖြင် ၂) ထုံ့သမန် နန်းထိုးပုခါသင် ဆိုတော်ရှုကြီးရဲ့ ထိုးလုချင်သွေး ချစ်ခဝင် ၂)။ (ညှာထ်တညာ ဓေသန်ကာ ခြောက်များခြွေဒ်ဖြင်ဘိဘဲ့သင်) ထပါးအခါမှာ- ထားရာရှာ ဝင်စင်-ထုချင့်ကိုယ်တိုင်မဓိန်ကြား ထိညာသမှန်ဝင်- ညှင် သာစွာခြောက်ခါတော့လို-ရုံ့ရွှေတေ ဒ်ထိုယ်သုပ် စတော့တာစေ ရာတွင် (ထိုမိရုရှားထဲမှာကျသကာ ခြောက်တာ့ထင် ၂) (ရှုစ

( ၄ )

## ကဆုန်ညောင်ရေ

ကဆုန် ညောင် ရေ နှစ် စဉ်အမြဲ ပွဲ တော် နွဲ ပျော် ရက်ထူး ပေ
အောင်ဆုထူး ကိုရည်စူး လို့ ချွေ ညောင် ရေ တော် သွန်းကြသ လေ။
ဖွား မြင် နိဗ္ဗာန် ဆောင် သော နေ့ ပေ
မြန် မာ မြန် မာ မြန် မာ မှန် ရင် မ မေ့ ပေ။
ရွှေနန်း ထက်ပျော် တေးစာ တော်လင်း
ဘုန်း တော် ရေ မြဲ ရှင် ရှေးမြန် မာ မင်း များ ရှိ ရင်
ကဆုန် တော်သည်ပွဲ ယ ခုထက်လွန်ကဲ
ကျင်းပမြဲဖြစ်မှာ သဲမသွေ
ဝီသာခါ ကြယ်ရောင်ထွန်း ထွန်းထိန်လို့ပေ
တိမ်ဘုံစွေ မေဃဝန် မိုးသံကျူး ထူးဝေစွမြူးပေ
မူးရွှေနိုင်မြတ်ပန်း ဝီတောက်တွေ ကေားဝါပွင့်တွေ
လှုရုံဆောင်မယ် ဖူးလို့လေ
မြတ်စိမ့်ရှု ထွန်းဖျား ဝပ်တွားညွှတ်တွားသင့်ပေ
ချွေ ချွေ ချွေ ချွေ ချွေ ချွေ ချွေ ချွေ ချွေ။
ရွှေနန်းထက်ပျော် တေးစာတော်လင်း
ဘုန်းတော်ရေမြဲရှင် ရှေးမြန်မာမင်းများရှိရင်
ကဆုန်တော်သည်ပွဲ လွန်ကဲကျင်းပမြဲဖြစ်မှာသဲမသွေ။

● မြို့မငြိမ်း၏ ဒုတိယသရုပ်ဆောင်သီချင်း
အဆိုရှင်မှာ ဂုဏ်ထူးဆောင်ကြီးတာရာတွင်တီးသည်။

## ကရစ်စ်တ်မြူးဇစ်

- ကျုပ်တို့ကရစ်စ်တ်(သ်)မြူးဇစ် တီးရပါတော့မယ်ခင်ဗျာ
စေတနာစိတ်ကောင်းနဲ့ ဖြစ်ခြင်းကြောင့် ရှင်ဆောင်ကြစေလို့
သောတနား ချိုစေ ထဲတွာတော့ ဒလု ဒလု တော့
ထုံထုံ၊ ထုံ ချွန် (ထုံ ထုံ ချွန်)၂
မာပါစေ သာဝါစေသား၊ သောတရှင်တွေ
စိန်တွေဝင် ရွှေတွေဝင် ရာကျော်သက်တောင်းရှည်
ကျုပ်တို့ကရစ်စ်တ်(သ်)မြူးဇစ် တီးရပါတော့မယ်ခင်ဗျာ
ထုံ ချွန် ထုံ ချွန် ထုံ ထုံ ထုံ ထုံ ချွန် ချွန် ထုံ
ထုံ ချွန် ထုံး

## ကသစ်ပန်း

နတ်စည်ငယ်လေး ပုစွန့်လက်ရုံး အာလမ္မာ
ကျောက်ခုန်းသံဝါ ဆော်ရွမ်း ညံစာစာ
တိမ်ယံအာကာ နီလာပြင်ဆိုင်း
သင်တိုင်းမြို့လွှာ ဆုံ့မှိုင်းညှိုပြာ
မိုးထက်ကဲဝဲလွှာ ကိုးချက်နယ်မှာ
တိမ်နီးယှက် မိုးသက်ကလေးတွေဖြာ ဝေဆာ
သစ္စတ်ဖြူပင်မင်း ရွှေအဆင်းပွင့်ချိန်ဝါ အသူရာ
ခေါ်သရွက်လို့ မြင်းမိုရ်ထက်သို့တက်လို့ စစ်ခက်တဲ့ဝါ
ဆုံ့ကာ လေတချွဲချွဲ ရွာလေတသဲသဲ။
လွှဲစိုကြည်ရှာ နတ်တို့နန်းရပ် ဝတီသာ
အသူရိန်တွေဟာ ဘုံသာစေယန်နန်းမြင့်
ကသစ်ပန်းပွင့်ရတုမှာ သဘင်ပွဲပြုကာ
အို - သစ္စတ်ဖြူမှာ အပွင့်ကိုသာမြင်တော့မှ
ဝတီတွင်းမဟုတ်ပါလား ဟရို့ရဲ့ ဆေနင်ချူဟာ
နတ်အသူရာ မင်းငယ်လေး
စစ်စင်မြဲမြယ်လော ရှေ့ရှုဝတီသာ။
ဆုံ့ကာလေး ........................................ ရွာလေတသဲသဲ

တင်းကောင် ၁၅၅

- အာလီနိုင်ငံဆင့် နဂါးနှင့်ဂျွန်မှဲ့
  ကျွန်ုပ်ရက်ရှည် တွေမဟာရောစာ
  မခံနိုင်ကြွားလို့ သီကြားထွက်တဲ့ခါ
  တွက်ရေသိန်းခြောက်သောင်း နှစ်ထောင့်ယူဇနာ
  ဝရိန်လွှတ်ကာ မြင်းမိုရ်ကိုပင်
  သူခွင်းချင် ထွင်း ဖေါက်နိုင်တာ
  နတ်မြင်းတစ်ထောင်ကတဲ့ ရထား ဝေဇယန္တာ
  ရန်ဘနိမာန်တင်နှာဂ ဆင်တော်သုမိဗ္ဗာ
  ရဲတဲ့စွန်လွှား သုံးကျိပ်သုံးပါး သီကြားငယ်ပါ
  နေလနတ်သား လေးပါးစစ်ဆင်ငါ
  ပင်လုံးကျွတ်သစ္စတ်ပွင့်ရှိန်ခါ။
- အဲ့ကာလ .................................... ရှာလေတသိသိ။
- နှစ်တိုင်းပဲသစ္စတ်ပွင့်ရှိန်ခါ သီကြားနဲ့အသုရာ
  သမက်နဲ့ယောက္ခမ တောက်ကျလို့လည်း အားမရနိုင်ရှာ
  ဒါကိုအားမကျဖို့ မယားအလှတောင်းပါမှ
  ယောက္ခမဆိုတာ တည့်အောင်ပေါင်း၊ ကျောင်းကိုထုတ်၊
  ဥပုသ်ရက်ရှည်စောင့်နိုင်းမှား။
- အဲ့ကာလ တချို့ ရှာလေတသိသိ။

## ကိုယ်တို့ မေမြို့

မြောက်လတ္တီကျု နှစ်ဆယ့်နှစ်ဒသမ ငါးနဲ့
ကိုးဆယ့်မြောက် ဒသမ သုံးသုညပေါ်နေ
အရှေ့လောင်ဂျီကျူပေါ်မှာတည်ပေ ကမ္ဘာ့ပထဝီနေ
ယာဝမောင်တို့ပျော်ရာမြေ။
အဏ္ဏဝါရေ ပင်လယ် ရေမျက်နှာထက်
မြင့်တက်လို့နေ သုံးထောင်ကျော်ပေ
ဝေကျူးသီခေါင် ရှိမှောင်ပြာလဲ့ ညို့ဆိုင်းဆိုင်း မှိုင်းလို့နေ
နှိုးမတောင်တန်း ရှမ်းကုန်းပြင်မြင့်မြေ
တောင်စေန်း ကိုယ်တို့မေမြို့ စိမ်းလန်းလို့နေပြေ။
ထင်းရှူးတွေ ယူကလစ်တွေ ပင်နန်းငယ်သာတွေ
တောင်ကျချမ်း ရေလေးတွေ စီးလို့နေ
စိမ့် စိမ့် အေး အေး မြသွေးရည် မြူး ရွှင်လန်းစေနေ
မြကန်တော်တွင်း လေ ညင်း ပြေ
ဥပါလို့နေ နှလိုင်း ငွေ အိနေ
ရှုမြင်လာရောက်သူမိတ်ဆွေ
ဧည့်ဝတ်လည်း ကျေ နှလိုင်းငွေ အပန်း ပြေ။
ဖေါ် ဖေါ် ရွှေ ရွှေ တစ်ခေါင်းလုံး ပြည့်မလေ
ထွားအိအိ ဒေလီယာကြီးတွေ
ခေါ်တာလိုပင် ယိမ်းနွဲ့ခေါင်းကာနေ
နူးလှ့ညို့လေ ပန်းဆိုင်းယဉ်မျှော်ဆွေ
ယာဝမောင်တောင်ပေါ်ဖိုးက အလှသုံးချိုးလာခဲ့မလေ
ဆင်မယ်သူ မြကျေးရှင်ရေ ကျေးဇူးမတင်ကာမှနေ
ဖေါ်မပိုင်သေး ပန်းကလေး ရှက်သွေး ဝင်လိမ့်မလေ။

## ကိုယ့်ချစ်သူ

- အပြစ်ကြောက်ပါးကင်းလွတ်တယ်ဆင်
ဘယ်သူဘာပြောပြော ချစ်သောသူ မဲ ဖြူ ရဲ ကြီ
နီမြိုင်ကိုပင် မမြင်ရ ပါတကား
ကျွန်တော်တော့အလှသား ပဲ ထင် ဝေးမိတယ် မှန်တာပြောရင်
မျှော်စမ်း မေ့မရ နီလွင် ရှင်ရှင် သန့်သေး
နှုတ်စမ်း ၏အသေးအရောင်လိုပင်
ချွဲကာယှင်တန်ဆာဆင်ပြန်တော့
ဖြတ်မောင်းယင်မောင်းကောင်းမယ် ပစ်ရက်ပေါင်းအိုဆောင်ပေါင်းချင်
ကျွမ်းဝါးတတ် ကြိုက်တတ်ပါလျှင် ကြိုက်သလိုသာပင်သုံးဆောင်စေရ
နှုတ်ပြုံးပလားဆို သွား လေး တွေညှိညှိနက်ပါစေ
သွားသော ကောသီမဲ့ပေါ့ ပုလဲမကျုံ့ပြီ ပီတုန်းဓိတာပင်
ငှက်ညိုသီး နှီးချော် ရွှေဆီးလို့ပန်ဆင်
ကျွန်တော်အမြင်အားဖြင့်မရှယ် နှစ်ကုံးကလေးကိုပန်သူလိုမဲ့ယဉ်။

## ကိုယ့်ဒူးကိုယ်ချွန်

ခြေဆင်း။ ။ လူ့ပြည်မှာ သာရေးနာရေး ရွှေးစဉ်တုံးက၊
ယှဉ်တောင်းဆင်တူပါ
လူဆိုတာ ဘယ်သူ့ဘယ်သူမှ မသာကြပါဘူး
ပုစုံးနှစ်ဘက်ကြားမှာ ခေါင်းပါလာ
နောင်ခါကြီးမှား ချမ်းသာ ကိုယ့်စွမ်းတလှလှပြာ
- (ယောကျ်ား ကောင်း အစောင်နှစ်ဆယ်ဆိုတာ
ကောင်းကင်ကကြယ် မလွတ်စေတမ်းသာ
ဝီရိယလုံ့လကိုသာ ထာဝစဉ်မှီဖို့သတိယှဉ်ပါ)၂
- အထက်ကိုချိန်ကာ ဝတ်သာခေါင်ထိပ် မောင့်စိတ်တံခွန်ရှု တလှလှပြာ
သူများအားကိုး ခါးကျိုးနလံမထူ တကယ့်လူဆိုတာ
အတ္တာပဂိ အတ္တနော နာထော မိမိကိုယ်သာကိုးကွယ်ရာ။
သံပြိုင်။ ။ စနကစာတ်တော်လာ ကိုယ်ရေးကြိုတဲ့ခါ
ရံဂုံတည်ကြည်ဘယ်ဆီသောင်ကမ်း လှမ်း မမြင်ပါ
ကူးလျက်သမုဒ်ပြင်မှာ ခုနစ်ရက်ပတ်လုံးသာ
အားထုတ်ယုံကြည်စာနည်းသွေး နို့ အရေး ဆောင်တာ
အို - အတ္တာပဂိအတ္တနော နာထော မိမိကိုယ်သာကိုးကွယ်ရာ။
(တံဥာဏ်ကိုယုံကြည်မှာ ကိုယ့်ကိုယ်ကိုအားကိုးပါ
လိုရာကိုစိတ်ကူးကာ ဆောင်လမ်း ကို တွေ့ဆောင်ရှာ)၂
မခိုတဲ့ဝန်းလို့လောကမှာမရှိသေး မောင်တွေးကြည့်ပါကာ
တံချွန်ချွန်ရင် အလွယ်တကူပါ
အို - အတ္တာပဂိအတ္တနော နာထော မိမိကိုယ်သာကိုးကွယ်ရာ
သံပြိုင်။ ။ စနကစာတ်တော်လာ ..... မိမိကိုယ်သာကိုးကွယ်ရာ။

စာကောင်းကောင် ဘဲ့ဘူ

## ကျားဆိုသောကျား

(လူကြီးတွေ ဆုံးမသွန်သင် မိန်းမပီပီရှင်
ဘဝလမ်းကိုလျှောက်စဲ့ရာတွင် ဇိုး ပေါ့ရင်ဆိုင်ပင်)၊
ဒီလိုပဲလားကျားဟာ သူ့ကိုသာဆိုပါရင်
ပခုံး နှစ်ဘက်ကြားမှာခေါင်းနဲ့ အမြင်သား
ထူးခြားချက်ဘာကိုဆိုချင် သူများနဲ့တူသလင်
သို့သော်မျက်မှောက်ကြုတ်ခါနှုတ်ခမ်းကို စမ်းရဲစမ်း စုကာတမင်
မျက်လုံးချင်းဆိုင်ကာပင် ငြိမ်ယှဉ်
(ကျားဆိုသောကျား)၂ အနားကိုတိုးလာပြီရှင်
မကြောက်ဘူးရဲဆေးတင်
(ကျားဆိုသောကျား)၂ သိပ်ကိုတိုးလာပြီရှင်
ကြောက်ပါဘူးကွယ် ရဲဆေးတင်
ဘာအောက်မေ့လဲ မ, အကဲ့စမ်းသလား
မ, ဆိုတာငါ မကြိမ်းရှင်မှင်သက်မိချင်
ငြိုးမပေဘင်မျက်မှောင်ကြုတ်ကာ သူ့ခြေစာညောင်း
ခေါင်းငြိမ့်ရမလိုပင် မ,သည်မ, ကျားဆိုသည်မှာ ကျားပေါ်ပဲရှင်။
(မင်းပေယာကျ်ားမျိုး မှဆိုးအတောင်နှစ်ဆယ်ခေါ်တွင်
ဘာကြောင့်မို့ရှင် ခြားနားသိမှတ်ချင်
မ,မျိုးတော့ သုံးတောင်ဝတ်အား နှံ့သူ ခေါ်တွင်
ချစ်ခင်သူနှစ်ယောက်မှ ကျားမဆိုသောတစ်စုံပင်)၊
ငယ်စဉ်မှခက်တင် မင်္ဂလာယူရာတွင်
မ,ဆို မှန်ဘီးကျောက်ပြင် လက်ရုံးအား ကျားဆိုဝါးပင်
သာသာမှာ ဝန်ထမ်းရည်မှန်း သက်နှုန်းလည်းလက်ဖွဲ့ပါဝင်
မ,သည်မ, ကျားဆိုသည်မှာ ကျားပေါ်ပဲရှင်။

## ကျော့ရှင်း

(စမ်းရေမှင်းမြူတိမ်တွေဆင် အနီးကပင် အဝေးကပင်
မျက်နှာကလေးဟာ ကြည်လင် အချစ်ခေါင်းကင်း လို့ဝင်)၊
အဆင်းအရွယ်တန်ဖိုးမြင့်ချိန်တွင်
အမွှမ်းတင်အလှသွေး မွေး ပျော်ရွှင်
မွှေးစမ်းလှစမ်း ပန်းနွယ်သွင် အစွန့်ရှည်ကြာမြင့်စရာပင်
နိုင်ပြလွှင်လွှင်လှကျက်သရေရွှင်
ရှုမငြီး နိုင်ဘူး အစဉ်၊ စိတ်ဓါတ်ရှင်းသန့်သွေးဝင်
လှတိုင်းကဝင်ဝင်မင်မင် ပန်းလိုစိတ်မှာထင်မြင်
မကြာမတင်နွမ်းမှာစိုးတဲ့ပြင် သောကဝင်ထွေ၊ စီတုန်း ရွှေမှား
မျှော်ရှား စေသား မဆိုင်သော်ငြားကိုယ့်အမှုလိုပင်
အဆင်းအရွယ် တင့်တယ်ထိမ်းဆုံး ဝယ် တည်နေစဉ်
လှကာနေဦး ပေါ့ ကျော့ရှင်း မစင်း လမင်းကို မြူတိမ်ကင်းလို့ဝင်။

## ကြင်ရာယူ

- တိတ်ဆိတ် အေး ချမ်း ဘုရားပန်းတွေ သင်းကြွ
  တစ်ရာသောပုတီးလိုက်ရ
  တည်ငြိမ်သောထိခြင်းငါးပါး တခြားပို့လွင့်စိတ်မလှ
  နှစ်ဆောက်သားပန်းချိုးယှဉ်ကာ ဆုပန်နှာကြွ
  ကျောက်နိုင်ကျောက်ခဲ ချစ်သည်း နိုင်ပြီသစ္စာမဏ္ဍိုင်ထူ။

- (လှလင်ကားချစ်သူ လုံမကားမေနဲ့ဆင်သလို
  တပ်အပ်တော့မဆိုနိုင်ပါ ထင်ရာအသို့ပြု)၊
  ပြန်လှည့်မျှော်မှန်း ဘဝကြေးမုံကိုလှမ်းကြည့်မှ
  မှန်းပြီဘူး မမှတ်ထူး တစ်ပင်ဆံပြု
  ဘဝအဆက်ဆက် သက်မျှဝင်မင် အခြေအတင်ချစ်မှ ကြင်ရာယူ။

- (ဈေးတဲ့ဗိုတ်တဲ့၊ မျက်ရေနှစ်စုံ ဝေတနာ့ဘွ
  ရိုးသောရာကို ကိုယ်စီရွယ်မူ
  သို့ပင်လည်း ထပ်မျှထပ်တူ မကွဲဘူးတဲ့မှု)၊

- ကာမဂုဏ်ဘွားအနှ လက်မှန်စုကိုကြွားပြု
  မှတ်လျှုံ့နိုက်စိတ်ထဲနှိုး ကြင်ရာယူမယ်ကောကွယ်။

## ကြည်လွှမ်းလို့

- ရွှေမျက်နှာကြည်လွှမ်းလို့၊ ကဘိုကရို
ဘယ်လိုပင်နေနေ၊ မနို့တရို့လဲ၊ ယဉ်သလေလေ
ကြည့်လို့လဲ၊ သူ့ကိုမငြီးနိုင်တော့ပေ
ကြည့်ရင်းကြည်နူးမူးမေ့၊ ရှူးချင်လဲရှူးပေ့စေ။

- နောက်ကြည့်စိတ်ရှုပ်တွေး ဘယ်ကပင်ပါလာပါစေ
သူ့ထံမှောက်ရောက်ခဲ့ရင် တမဟုတ်ချင်းလွင့်ပျောက်ပြေ
မျက်စိထဲလဲစွဲနေ၊ သူ့အကြည်ဓါတ်တွေ
အသဲမှာလဲစွဲလို့လေ၊ မြင်ရသူမေသက်သာတယ်
ရွှေမျက်နှာ ကြည်လွှမ်းလို့၊ ကြည်လွှမ်းလို့လေ။

## ကြည်အေးမြတဲ့ ရေစင်

- ဓါတော်နှစ်သစ်ကူးထွင် နူး စိတ်ကြည်လင်
သင်္ကြန်ရေကစားလို့ပင်အများ စိတ်ပျော်ရွှင်
(ရှိုသံမြူမြူ တေးလွှင် ကျူးတဲ့ကာလပင်
ပိတောက်မာလာနှောင်းနွဲ့ထည့် လောင်းမယ့်ရေစင်)။

- ကျန်းမာချမ်းသာ ကိုယ်စိတ်တွေ လန်းပါစေချင်
မောင်တွေပဲမှတ်ထင် နှမလေးတွေ ပုံသွင်
လောင်းပါကြမယ်နော်ရှင် ဆုတွေကိုတောင်းပါတဲ့လို့
တစ်ကိုယ်လုံးရွှဲအောင် စေတနာကောင်းနှင့်ဝင်
ခင်ခင်မင်မင် ကြည်အေးမြတဲ့ရေစင်
လှဲရွှေရည်သွေး ဝါဝါညီတူဆင်
ချစ်ကြည်စေစိတ်နှဲ့ယှဉ် နှစ်သစ်ကိုကူးလို့ပင်
မောင်ရင်း နှမတွေပုံသွင် ပိတောက်မာလာနဲ့ ဓါတော်ပွဲကိုပင်။

## ကြည့်သူဆိုးသလား လှသူဆိုးသလား

ဆင်းရူပ၊ နုလှနိုပြေစွာ
ဆံကေသာသီညွှာ၊ ပြောင်းပြောင်းနွဲ့နွဲ့
ပိတုန်းရောင်ပမာ၊ ဝေလို့ပြာ
ကြည်လင်ဝင်းပ၊ အေးမြလှတဲ့၊ ရီဝေသာမျက်လုံး၊ ဆုံလည်ပမာ
နှာတန်သွယ်သွယ်၊ နီပြေပြေ၊ နှုတ်ခမ်း ကလေးစုံစွာ
ဖြူဖွေးစီလို့သာ၊ ရွှေငေးသွားမောဝရာ
သွားလေးတွေ၊ ပုလဲသွယ်ညီညာ
ချောပင်ကို၊ ဆင်းဆေါ်ရှူ၊ ရှင်းကျော့ရှု ရှုတိုင်းလည်းမဝနိုင်
ဖန်လာ ... ရှာသူ၊ ကြည့်သူ ဘယ်သူဆိုးသလဲဗျာ
ဝေဖန်ပိုင်းခြားလို့ဖြင့် မလွယ်ကူပါ။

## ခရီးသည်

\- ကာမဘုံသား၊ ဆုံလည်းမှားသို့နယ်
ဩယာသံသရာ၊ ဘယ်စခန်း၊ ဘယ်လမ်းဝယ်
မဆုံးနိုင်ကြတယ် ဝဲလည်လည်၊ ကြိမ်ကြိမ်ဖန်ဖန်
စုန်ဆန်ရှောကြ၊ လောကခရီးသည်
ပူပင်တာတွေ၊ ပျော်ရွှင်တာတွေ၊ ငိုချင်တာတွေ
ဝမ်းနည်းရာက၊ ရယ်နိုင်ကြရမယ်
သုခံ ဒုက္ခံဆိုတဲ့၊ လောကဓံတရားက
ချောက်ချားလာရတယ်။

\- နိဗ္ဗာန်တိုင်၊ မရှေသေးပါသမျှ
ကာလအကြိမ်ကြိမ်တွေရယ်
ပူဆွေးရှာကြတဲ့၊ အချိန်ကပိုမယ်
သုခတွေအထင်မှားပါလို့၊ ပျော်အား ပျော်နိုင်ရှာမယ်
အမေကြီး မေ့နေတဲ့၊ အနန္တသဗ္ဗာဝါတွေရယ်
သံသရာခရီးသည်
ဘဝတိုတို့နဲ့သိမ်းနိုင်မှ၊ ဒုက္ခလွတ်ငြိမ်းပါရမယ်
ခရီးသည်၊ အော် - ခရီးသည်။

## မြို့မငြိမ်း နှင့် သူ့အနုပညာ

## စင့်အိပ်မက်

ခြေဆင်း။ ။ တိမ်ပြာမိုဃ်လွှာ၊ နှင်းကာသန်းတယ်၊ ချမ်းမပြေ့တပြေငုံ၊
ငွေနှင်းယှန်မှာ၊ ရောင်ဝါဖျော့ဖျော့၊ အလင်းရောင်မှုန်ပြာရီ၊
အိပ်ဆောင်လေသာ၊ ကော်ရာခန်းဝယ်၊ ဦးငွေ့လှပေ၊
ကိုယ်တည်းမယ်မှာ၊ မျှော်ကာတမ်းတ ယောင်မိသည်။

- အိမ့်တောင် ပင်ညောင်ကိုင်းကမြည် သူတို့ချင်း ကျိတ်ကြသံတကျိကျိ
အိပ်မရစိတ်ကမောင့်ဆီ မြင်ယောင်မိလှပါသည်
သွားကလေးမပေါ်တပေါ် ပြုံးလို့ပလီ
မျက်နှာမထားတတ်ပေါင်ရှင် ကျွန်မကိုစေ့စေ့ကြည့်ရင်
နှင်လွှတ်သနားဖို့တောင်းပန်ပါရစေ
ခင်ရယ် ကြည့်သူဆိုးသလား၊ လှသူဆိုးသလား
လှသူဆိုသလား ကြည့်သူဆိုးသလား၊
ဘာကြောင့်ဒါလောက်တောင် လှနေတဲ့ အလှဒေဝီ
မြှောက်လိုက်တာအလီလီ
တော်တော်ကြာ သူမြှောက်လို့ညွှတ်လောက်ပြီဆိုရင်
အရှိုးရှိုးရွှင်မှာ မျက်နှာကမချိုမချဉ် ကမ်းတက်တော့မလို့ထင်သည်
အိပ်မက်ထဲမို့တော်တော့သည်။

- ဒီအိပ်မက်မှန်ရင် မောင်မင်းကြီးသားနဲ့ စက္ခုတွေ့တော့မည်
ထိတ်စရာအလိုလိုရင်ဖိုသည် သို့သော်စိတ်မှာရွှင်မလိုကြည်
ဒီအိပ်မက်အတိုင်း မှန်ပါရစီ။

- လေပြေလေညင်း ဆော်သွင်းရိုက်ချို တရွေ့ရွေ့မှိုး ခံ့ဝှဆောင်ခဲ့သည်
သော်တာယှန်ပေါ် ကျော်ကာပြေးလို့ ရေးရေးလဲ့လဲ့မှုန်လို့ရီ
မှေးတမှိတ်မှိတ် အိပ်မက်မပျော်တပျော်ဆီ မောင်
မိန်းမသားပါ
ရမ်းကားလျှင်ဖြင့် အလျှဉ်းပင်မတော်သည်
သို့ပေမယ့်လည်း သူ့လက်ချောင်းက
ဆင့်မှာမောင်းတောင်မသာကပြီ ကမြင်းကြောမွှလီ
အိပ်မက်ထဲမို့တော်တော့သည်။

- ဒီအိပ်မက်မှန်ရင် .......... ဒီအိပ်မက်အတိုင်းမှန်ပါရစီ ... ။

## နုံးမျက်စ

\- (မျက်နုံးမွေး သေးသေးတင်ကား၊ ယဉ်တယ်ခင်ရယ်
လှရက်လွန်းလို့၊ မျက်နုံးမွေး၊ သေးသေးတင်ကားယဉ်တယ်
အသားဝါရှောရယ်၊ နုံးမျက်စနှင့်၊ မြူပြာမှုရာကြွယ်)၂
(ချစ်လှတဲ့သဘောကို လှစ်ဟလို့ပြောမယ်
နှုတ်ခမ်းတော်ကလေးက၊ ပြုံးရှာလွန်းတယ်)၂
အသားကလေးက ဖြူလှပါတယ် သွားကလေးက ညီညာစွာငယ်
ပဏ္ဏမြားသွေးနဲ့တူညီမျှတယ် ရင်ချီကာဟန်ကျော့ရှင်းသူရယ်
ခင့်ရွှေလည်တိုင် ဖော့ဖယောင်းလို ပျော့ပြောင်းရှာပေတယ်။

သံပြိုင်။ ။ (မရိုးမရှည်ခင့်မျက်လုံး၊ တင့်တယ်မဆုံးပြုံးလွန်းလှတယ်)၂
နုံးမျက်စရယ် သုံးရက်လနှယ်
မျက်စရိုကာပြုံးလိုက်ပြန်ရင်ကွယ်
မိုးကျမယ်လိုလှရှာပေတယ်
မေတ္တာမျှို့ ဆံရစ်ကညာမေရယ်
ချစ်မှာလား လို့ မောင့်မှာမေးချင်တယ်။

\- ဘယ်ဆုတောင်း ကြောင့်လည်း ဖန်လာပေတယ်
အသံကြားသနားလို့ရယ် မျက်နှာမြင်ချစ်သွေးကြွတယ်
ချစ်တဲ့သူ့စောစိတ်ဝယ် စွဲလမ်းလို့မကျန်နိုင်တယ်
(နှမသယ်ကလေးရယ်)၂၊ တကယ်ပဲအဟုတ်ပဲ
ဒီမောင့်မှာစွဲ မိတယ်၊ အသည်းထဲမယ်စွဲမြဲတယ်
ဒီမောင်နဲ့ ချစ်ရရင်တော့ကွယ်
အော် - သိကြားမျက်စေ နှမသက်စေ
လှမျက်ချေ မောင့်အပေါ်ဝယ်
ပြုံ့ဖို့ရန်မသင့်တော့တယ် ခင်ရယ်
နုံးမျက်စနဲ့မြူကာလှသူရယ်
မောင့်မှာပင်မမှန်းရက်သပ တကယ်စွဲနေမိပြီကွယ်။

သံပြိုင်။ ။ (မရိုးမရှည်ခင့်မျက်လုံး ... မောင့်မှာမေးချင်တယ်။

**ချိုသီ (စည့်ခံ-၁)**

- ကြာမျိုးငါးမည် များပိတုန်းစုံညီ
  စိမ်းလဲ့ကြည်လင် နတ်ရေကန်ကမ်းစပ်ဆီ
  မြက်ခင်းပေါ်လှဲ့တဲ့ကာ နမူးလက်တင် အသာတကြည်
  ဝါသနာထုံသူလေး တီးလုံးအရေး စိတ်ကူးယဉ်နေသည်။

- (ထိုအတွေးမသေးရှာ ရေးရေးတော့ ရှိပေသည်
  မလိုင်အပြည့်နို့ဆီ မြို့မနဲ့တူပေသည်)၂
  လက်ညှိုးလေးနဲ့တို့လျှက်တော့ပါးစပ်ထဲ နို့ဆီ ချိုသီ ချိုသီ
  မြို့မလည်း ခေါ်ခေါ်ဗွီဗွီ နားထဲချိုသီ ချိုသီ ချိုသီ။

- (အတွေးများတွင်ဝင်းလက် ရှတ်တရက်ဖြာရောင်ခြည်
  ရွှေစည်းပုံလေးနဲ့ နတ်မယ်လျှလေး ပေါ်လာပြီ)၂
  မြို့မနဲ့နို့ဆီ ဘာကြောင့်တူလေသည်၊
  မှတ်လေလှသား ထန်းဖိုထန်းလျက်လို မြို့မကား ချိုသီ။

- ထိုအတွေးမသေးရှာ ရေးရေးတော့ ရှိပေသည်
  မလိုင်အပြည့်နို့ဆီ မြို့မနဲ့တူပေသည်
  လက်ညှိုးလေးနဲ့တို့ လျှက်တော့ပါးစပ်ထဲနို့ဆီ ချိုသီ ချိုသီ
  မြို့မလည်း ခေါ်ခေါ်ဗွီဗွီ နားထဲချိုသီ ချိုသီ ချိုသီ။

**ချစ်ကာမေ**

ခြေဆင်း ။ ။ သူ့ကို မချစ် ချစ်အောင်
ဆေးများခပ်ထားတယ် ထင်ရာတွေ
မောင့်ကို မချစ်ချစ်အောင်
ဆေးများခတ်ထားတယ် ထင်ရာတွေ
မျက်နှာကိုမြင် ချစ်ခင်ပါစေ
အသံကြား သနားသလိုနေ
မေတ္တာရေ များ၍ ချစ်ပင်လယ်ကြော ဈောကာသသာနေ ။

– ဒါလောက်တောင်ချစ်တဲ့စိတ်တွေ
အော် – ဘယ် အတွက်ကြောင့်လည်းလို့ မဆိုနိုင်ပေ
(မြရင်အသည်းမှာ စွဲမိလေပေ] အဲဒါတွေတော့
ဘယ်သောခါမှ မမေ့နိုင်ပေ)၂
ကျွန်းလက်ျာခန့် ဇမ္ဗူဒီပ်မှာလေ ရှာလို့ကိုလည်း တွေ့နိုင်ခဲပေ
လူထူးလူဆန်း ကျောတောင် ချမ်းမိပေ ။

သူ့နှုတ်များစကားတွေ မောင်နဲ့ရင်နဲ့ ကြင်ဘက်ချွေ
လွမ်းအောင်လည်း သူ့ရွဲ့လေ ကျွန်မနားမှာ ပျားသို့ရှိုးစေ
ဒေါသဖြစ်သမျှ စိတ်ထဲအကုန်ကျေ
ဒေါသတွေဖြစ်သမျှ စိတ်ထဲအကုန်ကျေ
လွမ်းအောင်လည်း သူ့ရွဲ့လေ မောင်နဲ့ရင်နဲ့ ကြင်ဘက်ချွေ
သူ့နှုတ်များ စကားတွေ ကျွန်မနားမှာ ပျားသို့ရှိုးစေ
(မယ်ခေဝီ သူရဿတီ ခေါင်သလား)[၂] တဖက်သားမှာလေ
မြရင် မမုန်းရက် နိုင်ဘူးလေ။

ကာမဆရာကြီး ချစ်သော နည်းနာတွေ
အံ့လောက်ဖွယ် များရှာလှလေ
သူ့မျက်နှာ မြင်ပြန်ရင်လေ
အရာရာတွေ တစ်နေ့လုံးပြောလို့ မပြီး
အရာရာတွေ တစ်ညလုံး ပြောလို့မပြီး ဉာဏ်နည်း အစုံတွေ
စကားအရပ်ရပ် ကိုယ်ခေါင်နှုတ် ချစ်ရောတွေ။

အချစ်နတ်ပူး ထူးကဲပါလေ မောင်ကိုပဲ တစ်ဦးတည်းပါလေ
ချစ်မရှုန်ကျူးလို့ ချစ်ခွေများလည်း ပူးတော့မယ်လေ
အရေးတည်ရာကို ဖွင့်တော်မူပါလေ
အချစ်ဓါတ်တွေ သွန်းချူသလေ ချစ်တဲ့မိုးရွေ
တားမရပေါင် အနားက မခွာလေ
ချစ်ဓာတ်လမ်းကို ပင်းတော့မည် မငြင်းနိုင်ပါလေ။

သန်းအောင်နိုင်

## ချစ်ကျိုးတော်ဆောင်

\- ထက်ကောင်းကင် ဝေဟင်မြင့်သီခေါင်
တိမ်နီလာပြာရောင် အောက်ခြေတွင် ဝိန်းဝိတ်လျှောင်
စိန်မှုန်ခြူးသလို ကြည်နူးဖွယ်ပြိုးပြောင်
နီးလယ်ခေါင် ကြယ်တာရာတွေ များပြောင် ညအသရေဆောင်
မြေရုံသင်းပင်း တဝင်းဝင်း လမင်းအရောင်
ချစ်သူနှစ်ဦး ရိုးကျူးတယ်ထင်ဆောင်
စွန်းတဲ့ စွန်းလှယ်ပြောကြသည်မယ်မောင်
ချစ်တင်းနှောလို့ မမောလေအောင် မောင်
အေးမြတဲ့ ငွေလရောင်ထိုး ချစ်ကျိုးတော်ဆောင်။

\- ချစ်ငွေကြူ ချစ်သူမောင် ဖုနိုင်ပေါ် တမ်းမျှော်ယောင်
မျက်နှာချင်း လမင်းမှာဆုံနို့မယ်မောင်
ငယ်ကျွမ်းဆွေ လွမ်းပြေအောင်
တိမ်ယံကြားလရထား ယူသွားယောင်
ချစ်သူထံ မှာကြားချက်လက်ဆောင်
ဝေါကွာသူ နှစ်သိမ့်လေအောင်
နှစ်ကိုယ်ပဲတွေ့မယောင် စိတ်ကူးယဉ်အောင် မောင်
အေးမြတဲ့ငွေလရောင်ထိုး ချစ်ကျိုးတော်ဆောင်။

\- အောင်သွယ်စ မရပေါ် ချစ်ကျိုးတော်ဆောင်
နီးရွှေလမောင် ကလေးများအနိုင်တိတ်လေအောင်
အရိပ်ကိုပုံပြကာဆောင် ယောကြည့်ပါဆို အမိုးအို
ဆန်ဖွပ်တဲ့နံဘေး ယုန်ကလေးတစ်ကောင် နားရွက်ထောင်ထောင်
ပိုတယ်မိုတယ် မဆိုသာပေါ် ထမင်းဆီဆမ်း ရွှေလင်ဗန်းကိုတောင်
ပေးမယောင်ယောင် မောင်
အေးမြတဲ့ငွေလရောင်ထိုး ချစ်ကျိုးတော်ဆောင်။

## ချစ်ကြည်သံ

(မြို့မ အထင်မကြီးပါ ဆရာပဲရှာ
အမြဲစိတ်ထဲမှာ အတီးမှာနေငါ တွန်းလှန်ကာ)၂
ပညာ တစ်လုံးတစ်ပါဒ နည်းယူရ
သင်ဆရာ မြင်ဆရာ ကြားဆရာထိုထိုတို့အား
လေးစားပါလို့ တူရိယာသံ နှင်းမြူးသာယာ
တေး အနုသုခုမဘာတွေ ညီအစ်ကိုများ
သချ္ဂါ သုခိမပ်သိမ်းသောခါ လိုရာပြည့်ဝ ကိုယ်စိတ်ချမ်းသာ
ဘဝနှုန်းဖြစ်စေ ဘုရားတွေစူးလို့ မေတ္တာသံပြိုင်ကူးလှယ်ကာ။

မောင်မယ် နေပြည်တော်ရွှေဂုံနေ တို့အား မြို့မ
မရောက်ခင်က ကြိုတင် ပို့ပါတယ်မေတ္တာ
ခင်မင်တယ်မှာပါစေ ပါလာတယ် မန်းနေများရဲ့
ချစ်ဖွယ် စကားမဂ်လာပါ လက်ဆောင်ကောင်းလည်းပါ
မန်းရွှေမြို့မ မန်းရွှေမြို့မ
ရွှေတိဂုံစေတော်ရှင် ကြည်ညိုစွာဖူးမယ်ရောက်လာ။

မီးရှူးတန်ဆောင် ပညာရောင်ပါရမီ
အထုံပါသည် အရောင်စွင်းလို့သာ အလင်းနှံ့ဖြစ်ပါစေသား
ပန်းဆီမီးတွေ ပူဇော်ကာဆဲတော်ရှင်
တညင်ဆီ ဟိုမှာကမ်းတစ်ဖက်ကို လှမ်းကြည့်သတိရပြန်တာ
မောင် - သတိရလာတော့မှ ရတုကဗျာ မို့လင်္ကာ
သာသည်သီချင်း အဲစောင်းညင်းကို မကောင်းလေ့ကျက်
တီးမှုတ်လျက်သာ နေကောင်းစွာ ဝန်ကြီးပဒေသရာဇာ
မိန့်မှာခဲ့သည် ချစ်ကြည်သံသာ မြို့မလွမ်းတသသ
သီကုံးရွှေရကုန်းကာချော့မိတာ။

## ချစ်တာပဓာန

- တွေ့နှစ်ကိုယ် တဲအိုမျက်မှာနေရ ရွှေဘုံပေါ်မှာစံရ
ချစ်တာချစ်တာပဓာနလို့ ဆိုချင်တယ်မောင်ရယ်
ချစ်တာချစ်တာပဓာနလို့ ဆိုချင်ပါတယ်မောင်ရယ်
(အခုလည်းချစ်ကြမယ် နောင်လည်း ချစ်ကြပါစို့မောင်ရယ်)၊
(ဘယ်သူဖျက်ပေတဲ့ မပျက်တယ်သက်လှယ် စိတ်မှာမက်မပြယ်)၊
(နောင်နိုးလှသော်လည်း မောင်တိုးလို့ကြင်မယ်)၊
တစ်ယောက်မျက်နှာ တစ်ယောက်မြင်ရင်
မတင်းတိမ်သေးတယ် ထမင်းမြိန်ဆေးသဖွယ်
တစ်ယောက်မျက်နှာ တစ်ယောက်မြင်ရင်
ချစ်သမျှသဘော လှစ်ဟမပြောသိနိုင်တယ်။
- ညချမ်းချိန်ခါဝယ် တွဲ့နှစ်ပြာမောင်မယ်
ကျိုစယ်လွှန်တာမိုးရွှေလက
မိုးတိမ်ဝမှာသရော်သည့်နှယ်
ထက်မှူး ငွေယှန်ရယ် ရှက်ဘူး လေကုန်မယ်
ရှစ်ကမ္ဘာလျှောင်နိုင်တယ် ချစ်သမျှအကြောင်းပြင်မယ်
ဘယ်သူရယ်ဖွယ် ပြောလည်းဂရုမထားပေါင်
မောင်နဲ့ချစ်တာ ပဓာနပင်ထင်မိတယ်။
- အချစ်ကိုယုံစား နှန်ကြဖွယ်
မြင်းမိုရ်ရွှေတောင်လုံး တုံးလောက်ထင်တယ်
မိုးစွန်ထက်ဖျား သိကြားထံ
ကြယ်ပွင့်ကိုလိုသေး မောင်ယူပေးမယ်
ချစ်တာသူက ပဓာနပဲတဲ့ ရာသက်တိုင်ဖွယ် မစွာရက်နိုင်တယ်
အိုဘယ့်မမုန်းနိုင် မမုန်းနိုင် ကပ်လုံးဆုံးတိုင်တိုင်
အုံးလှိုင်ကြော သဘ္ဘာလည်
အချစ်ပင် လယ်ကြောတွေ့ နှစ်သွယ်ပျော်မူ
ဆယ်သောသူ မုန်းလိမ့်မယ်။
ညချမ်းချိန်ခါဝယ် .............................. ပဓာနပင်ထင်မိတယ်

## ချစ်ပလီ

– (မျက်နှာချိုတယ်လို့၊ အလိုက်သင့်ပြုံးရီ
မြောက်လုံး၊ ထောလုံး၊ မြူလုံး ရွှေဥက်ကြည်
မို့ချစ်ပလီ ထူးတဲ့ သူ့ပါရမီ)၂
(ဘယ်သူမဆို သူသူငါငါချော့ကာရယ် မြောက်ကာရယ်
မကြိုက်တဲ့သူအရှားသားမို့ အချစ်ကိုအပြစ်မဆိုသာပြီ)၂
ရှေးဟိုဆီဘဝဟောင်းက ကြင်လည် မေတ္တာယှက်ဖူးခဲ့လေပြီ

– သစ္စာပနက်ထူးကိုရည်
ကြည်ဖြူမှာတဲ့လားတဲ့ သနားဖွယ်ချစ်ပလီ

သံပြိုင်။ ။(ခြေမဆည် အကြွင်းမဲ့ချစ်မိပြီ
ငယ်ကချစ်ကြွေးရှေးကိုင်မည်
ငယ်ကချစ်ကြွမ်းအရမ်းယုံကြည်
ငါးမြောက်ဆိုပြားပါမည် မောင့်အလိုကြမှာလားချစ်ပလီ)၂
ခင့်တကိုယ်လုံးသူပိုင်သည် မောင့်ပြစာညောင်းရတော့မည်
နှောင်ခါတာရှည်စိတ်မှာစိုးသည် ချစ်ပလီ ယုံရခက်သေးသည်

– စိတ်တိုင်းကြချစ်မည်ရာသက်တိုင်ယုံကြည်
မောင်မယ်တွေ့စုံတွဲကာ အမြဲပင်ပေါင်းဖို့စိတ်ရည် ချစ်ပလီ
သူများထက်ကဲသည် မှေ့ရှပ်ဥက်အလီလီ
ညှာတာဖွယ်ရာ မျက်နှာများခါ အားနာသင့်သည် ချစ်ပလီ
အိုင်တွေ့ရင် ခြေဆေးရုံတော်သေးသည်
ပေါင်းတွေ့ရှာရှိုး အမျိုးမျိုးမှုလီနိုင်စင်ငုတ်လို့မှန်းမှာမည်
စိတ်တိုင်းကြအစစ မျှော်နိုင်မှာသည်
ခြေမဆည် အကြွင်းမဲ့ ..... ချစ်ပလီ ယုံရခက်သေးသည်။

## ချစ်ပန်းတိုင်

မောင်။ ။ ဘယ်လိုပင်ဖွဲ့စေ ယှဉ်နေရာတွေနိုင်တွေတာစရှုပြိုင်
တာတို့ပြိုင် ချစ်ပန်းတိုင် မယ်ဘဲလေ

မယ်။ ။ ဘယ်လိုပင်ဖွဲ့စေ ယှဉ်နေရာတွေနိုင်တွေတာစရှုပြိုင်
တာတို့ပြိုင် ချစ်ပန်းတိုင် မောင်ဘဲလေ

မောင်။ ။ မယ့်ကိုရေ့ရှုလို့ ဘယ်သူ့မဆိုပြိုင်ယှဉ်
နိုင်ချင်တဲ့စောတွေ ရှေ့သို့တွန်းပို့ပါလို့နေ

မယ်။ ။ သီတာစုနှစ်တန်ရှစ်တွေ တောင်ကြီးတွေဆီးလို့နေ
ကူးယက်စုန်လွှား စိတ်အားတွေ တက်ကြွစေ

ပြိုင်။ ။ စိတ်၏တန်ခိုးအစွမ်း ချစ်ပန်းတိုင်ဝင်နိုင်မယ်လေ
တထစ်ချွဲ လျှောက် ယုံကြည်ချက်တူညီလေ

မောင်။ ။ ရောက်လုနီးပြီလေ

မယ်။ ။ ရောက်လုနီးပြီလေ

မောင်။ ။ ကိုယ့်ကိုယ်ကို အားပေးကာ
တိုးသာမြန်လာ မြန်လာပေ

မယ်။ ။ ချစ်ပန်းတိုင် နီးလေ
အမောလဲ သူ့အလိုလိုပြေ

မောင်။ ။ ပန်းတိုင်ဦးရွှင်မြူး မယ် မောင် ချစ်အားရှေ့ဆောင်
အောင်မြင်ကြတယ်လေ။

## ချစ်မြင်းမိုရ်

ချစ်သမျှကိုစာတင်ကာဆို
မကာပေါင် တောင်လုံးရွှေမြင်းမိုရ်
လေးဆူဒီပါ သီတာထိုထို
ဆုံးတိုင်မမှန်း နိုင်ချစ်သမျှကို
(ပြောပြမယ်)၂ ခင်မယ်ရို့
အာကာစကြဝဠာ ပမာဆို မင်ရည်လုပ်သမုဒ်
အနုမြူချစ်စာလုံးတွေနဲ့ စီကုံးမဆုံးအောင်ပို့မို
ကမ္ဘာအသသေချာထိုထို ချစ်သမျှကို
(ရှစ်ဆယ်လောက်)၂ (ခင်က)၂ ပို။

စာကောင်းကင် ၁၇၇

သန်းအောင်နိုင်

## ချစ်ရိပ်သာ

မောင်။ ။ ချစ်ရိပ်သာ ဆောက်ကာပြီးနိုင် မှိုင်ပေါ်လွင်
တိုးမြှင့်မယ် မေတ္တာစစ်ကို စံချိန်သစ်တင်။
မယ်။ ။ နှမ်းလျှာနဲ့လျှမ်းတာ များကို မလာအောင်ပင်
စိမ်းကားတဲ့မုန်းတဲ့စိတ်တွေ မောင်မယ်မောင်းနှင်။

မောင်။ ။ ခြေမဆည်မှုပင် ဖျောင်ကိုသုတ်သင် ရှင်းကာပင်။
မယ်။ ။ တူမောင်မယ်ကြင်နာစွာ ချစ်လင်းရောင် သစ်လွှင်လွှင်။
မောင်။ ။ သက်ဆုံးတိုင်ပဲ ကြည်ဖြူစွာပင် သူချစ်ကိုယ်ချစ် ချစ်ခင်။
မယ်။ ။ သက်ဆုံးတိုင်ပဲ ကြည်ဖြူစွာပင် သူချစ်ကိုယ်ချစ် ချစ်ချစ်ခင်။
ပြိုင်။ ။ ချစ်တဲ့လှယ် ရွှန်းကျူနောလို့ မောင်မယ်နဲ့ပင်
ချစ်သုခလောကကြီးကို ထူထောင်ဆောင်ပွဲဆင်။
မောင်။ ။ ချစ်သူမျက်နှာဆိုလျှင် ကျက်သရေပေါင်းဆုံရာပင်
ချမ်းမြေ့သောအမြင် စိတ်ကြည်လို့ရွှင် အလိုလိုပျော်ပြုံးပင်။
မယ်။ ။ စားမြိန်ကောင်းရာရှာချင် ကျွေးမည်ပဲပြုကာစွာပင်
ချစ်သူစားတာ ကြည့်ကာဝလင် သာယာချစ်လမ်းခင်း။

## ချစ်လွှမ်းတင်

- မောင့်မျက်နှာ တစ်မှာမှတ်ထင်
အချစ်ဓာတ် ရစ်ပတ်မိရင်
ကြာလေလေ နိုင်မြဲလေလေ
အမြစ်ဖြတ်မရဘဲ အသည်းထဲစွဲကာပင်
စွတ်နှစ်ပြီး ချစ်ရတော့မယ် အားနဲ့သူပါရှင်
ဆူးကျလည်း ဖက် ဖက်ကျလည်း ဖက်
နှာဘက်ကမို့ပင် မွှေးတုန်း တော့လူရာဝင်
နောင်တွင်ယိုးမယ်ဖွဲ့ကာ ပစ်မှာစိုး အမျိုးမျိုးပူတာယ်ရှင်။

- (စကား တွေမောင်ဖွဲ့ ချစ်မတဲ့ယုံအောင်ပင်
တစ်ဦးသဘောတစ်ဦး ပြောရှုံမနေချင်)၊
တကယ်တမ်းမေတ္တာစစ်နဲ့ ချစ်ကြဖို့ပါရှင်
လွှမ်းပေါင်းတင် ကျစ်တဲ့ကြိုးလိုပမာပင်
နှစ်နှစ်ကာကာ တူယှဉ် သက်ဆုံးတိုင်နိုင်မြဲချင်။

- ချစ်လျှင်အကျိုးမြတ်နိုးသဒ္ဒါ ရွှေမေတ္တာတူတူဆိုရင်
တဲအိုမျက်ထဲမှာပင် ပန်းမွေ့ရာကြီတယ်ထင်
ချစ်သူနဲ့လွဲခဲ့ရင် ရွှေဘုံလည်း ဖွဲ့အိတ်ထင်
ချစ်ငွေကြူကြူ ချစ်သူသာပင်
ဘဝတိုင်းဖြစ်လေရာ ဆုံပါရို့နှစ်ကိုယ်ယှဉ်
စား စား သွား သွား တူပင် သက်ဆုံးတိုင်ပင်
မေတ္တာရေစင်မှန်းအောင်ချစ်လွှမ်းတင်။

စာကောင်းကင် ၁၇၉

## ချစ်သူမျက်နှာလေး

ချစ်သူမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ကာနေချင်
မျက်စိအောက်က ပျောက်မခံနိုင်ဘူးကွဲ့ တော်ပြေရှင်
မုန်းစိတ်တော်ရှာကိုနှင် ကြီးတဲ့သံယောဇဉ်
ချစ်တေးဆိုနှစ်ကိုယ်ကြား နှစ်နှားသံ ရှိလျှင်
ကုန်ကုန်ပြောမယ် သဘောတူကြည်ဖြူရှင်
ဆံဖြူသွားကြေ ပါးရေ နားရေတွန့်လိမ်စေတော့ မရွံ့ပေါင်စိတ်ထဲ
စွဲမြဲလို့အစဉ် မောင့်ချစ်ခြင်း ရဲရဲပုံအရှင်
တိုး တိုး ပေါ် အနား ကပ်ကာတိုင်တိုင်ပင်ဝင်။

## ချစ်သူ့ဩဇာ

\- အချစ်ကမရေလည် အတွေးရောက်တယ်
အပြောတော့လွယ်လွယ် ရှပ်လုံး ပေါ် ချစ်ဖို့လိုမယ်
ချုပ်ချုပ်ချယ်ချယ် အနုကပဲရှင် အမိန့်ထုတ်ကာရယ်
ဗိုလ်ကျချင် ချစ်သူ့အပေါ်ဝယ်
မောင်ချစ်သောခင်ကို လူဗိုလ်ပုံအလယ်
ဆိုကသောအလုပ်နဲ့ မကြည့်ရက်လို့ပင် ခင်ရွန့်ပယ်
ချိုမြိန်သောစကား ဖို့ နားဝင်သာပါတယ်ရှင်
ချစ်သူ့ဩဇာကို ညောင်းကာမကျေမြဲဝယ်
အဟုတ်လိုက်လျောလိုတယ် ချစ်သောသူစိတ်ထဲဝယ်
မိဘများကိုပင် လုပ်ကျွေးသူပါရှင် ဒီအရေးမလွယ်။

\- သဘင်သည် မောင့်စိတ်ကအငြိမ့်သမ ဂုဏ်ငယ်မယ်
ခွဲခြားသလား အတန်းစားအချစ်နယ်
ရာဇဝင် နိပါတ်တော်များ၌ အသွယ်သွယ်
ရှင်ဘုရင် မင်း မှူး တောင် နိမ့်မြင့်မရွေးပါတယ်
အချစ်စစ်နဲ့ သုံးသပ်ပြီး ဝေဖန်
ချစ်သောသူ မောင့်အမြင်မှန်စောင့်မယ်။

\- မြိုင်ယှဉ် ချစ်ခွဲကြီးတာ ဘယ်သူသာတယ် ထင်ရှား စေမယ်
နိုင်လွန် မဝတ်နဲ့ကွယ် ဆိုချင်ဆိုရှင် ဖေ နားထောင်မယ်
နှုတ်ခမ်းမဆိုး ပါးမဆိုး (ကြိုက်တာပြောရှင်)၂
ဆိုးမှ ချစ်မှာဆိုရင် နီပါစေမယ်
ကျော့ကျော့ကောက်ကောက် အမောက်နဲ့မှ ခင့်ကိုချစ်ချစ်
ဖြတ်လို့ဖြစ်ဖြစ် တိုစေလိုရင်ကွယ်။

## ငါးချဉ်
(စဉ်စံ - ၂)

- သံတိုသံရှည် စည်းဝါး အတီး အင်အား နဲ့လို့
ကြီး သေး မွှယ်မွှယ်ရာရာ ပစ္စည်းလေးတွေ ဟိုဟာဒီဟာ
အပျော်တမ်း မှဲ့စည်း နဲ့တာ မြို့မဆိုတဲ့ အတီး တူရိယာ
နှစ်ပေါင်းလည်း အတော်ပဲရှည်ကြာ မြို့မိမြို့ဘများ မြှောက်စား လာတာ။

- (မြို့မကိုပင်ကိုယ်ငါးချဉ် ခေါ် ချင် ရင် ခေါ် နိုင်ကြတာ
အတီး လောကတည်း ဟူ သော အိုး ကြီး ထဲမှာ)၂
တည်ပါတယ်ဘယ်သူများ လည်း မန်းသူ မန်းသား တွေပင် အမှန်ပါ
ကိုယ့်ငါး ချဉ် ဖန်ဖန်ငင် ချိုချင်ချို ခါး ချင် ခါး စွတ်ချဉ်တာ။

- (ကောင်း တာ မ ကောင်းတာအပထား လို့ ဖိတ်ကြား သည် မပယ်နဲ့ပါ
ကိုယ့်ငါး ချဉ်ကိုပင် ချဉ်ကြရရှာ)၂
ဒါကြောင့် အားလည်းအားနာ ကိုယ့်အတီး ရှာမှန်း လည်းသိတာ
ကျေး စူး ဆပ် စေချင်တာ မြိန်ရှောင်းတာဝန်
ငါး ချဉ် ကောင်း ပြောင်း နဲ့ကျေပွန်စွာ။

- (မြို့မကိုပင်ကိုယ်ငါးချဉ် ခေါ် ချင် ရင် ခေါ် နိုင်ကြတာ
အတီး လောကတည်း ဟူ သော အိုး ကြီး ထဲမှာ)၂
တည်ပါတယ်ဘယ်သူများ လည်း မန်းသူ မန်းသား တွေပင် အမှန်ပါ
ကိုယ့်ငါး ချဉ် ဖန်ဖန်ငင် ချိုချင်ချို ခါး ချင် ခါး စွတ်ချဉ်တာ။

## ငါးဘဝ

(မြစ်ပြင်ထဲ ရေစလာ ချစ်ယှဉ်တဲ့ ရေမှာ စုန်ဆန်လူးလာ မြူးပျော်ကာ)[၂]
(ရေမြိုက်ဘာသာ ကျောက်ဆောင်ကြို ကျောက်ဆောင်ကြား မှာ သွားလာ)[၂]
(တူပုန်း တန်း ကစား သလို မယားကိုကျီစယ်ကာ၊
 ရှင်မရှေ ငါ့ကို တွေ့အောင်ရှာ ဆိုတဲ့ပမာ)[၂]၊
 သနား စရာ ငါး ဘဝ မောင်နှံနှစ်ဖြာ
 ရေတိမ်ကမ်း စပ် သိမ်မကာပ်နဲ့အထပ်ထပ်မှာ
 မြေတစ် ချောင်း ပေါ် မတ်တတ်ရပ်တဲ့ မြူစပ်စပ်နဲ့သတ္တဝါ
 တစ်ဖက်သားကို လား လား မညှာတာ
 သူ့အစာတို့အသက်အား မို့ အ စေး က ရှောင်ပါ
 ငေါက်ဆတ် ငေါက်ဆတ် မြေတံ ရှေ့ဆီမသိနဲ့မှာ
 သနား စရာ ငါး ဘဝ မောင်နှံနှစ်ဖြာ
 (ရက်စက်ကြတဲ့ကိုတံငါ သူတို့သား မယား ဝဖို့ လောက်သာ
 မထောက်မညှာတာ ငါးသတ္တဝါ သနား စရာ
 ပိုက်ကွန်ကြီး နဲ့ ရေရှာလာ)[၂]
 (တစ်ကောင်မိရင် မကြည်နိုင်မှာ
 အူအသည်းကွဲ မ လောက်ပါ အတူနှံတွဲ သေဖို့ရာ
 စုန်ကာပိုက်ကွန်တွင်း သူဆင်း ဝင်လာ)[၂]
 ကိုတံငါ မယူဆောင်ကာ သနား စရာ
 ငါး ဘဝ မောင်နှံနှစ်ဖြာ
 ဝမ်း ကိုခွဲလို့အသည်းအူပယ်ကာ ဖြစ်တဲ့အထဲမလည်း မကွဲတူမကွာ
 ဆား နယ်ပြန်ရင် တစ်အင်တုံထဲတွဲလျက်ပါ
 အိုး ကင်း ထက်တောင် အရိုးခြင်း ယှက်လို့အကြော်ခံကာ
 လျှစမ်း မှာတောင် အတူယှဉ်ကာအောင်း ပေါင်း ရတဲ့ကိုယ်ဖြစ် စေသား
 သနား စရာ ငါး ဘဝ မောင်နှံနှစ်ဖြာ။

## ငြိမ်းချမ်းရေး

– ငြိမ်းချမ်းရေးသည် ဖျားရည်ကဲ့သို့အစဉ်
တမာပင် သရက်ပင် ဘာပင်ရှိရှိ မြို့ပြအရသာ မစွန့်သည်သာပင်
ကမ္ဘာသားလူအများ မျက်နှာထားရှိုကြည် ပျော်စေသည် ထာဝစဉ်
စစ်ရန်မီး ကွင်း ရှောင် မလောင်မိကြတင် ...

– မွဲရောမှုန်းရော စစ်ရန်မီးတားဆီးဖို့တွင်
အိုးကြီး အိုးငယ် သယ်ဆောင်ကာ ယှဉ်
လက်စုပ်နှံ့ပဲခြစ်စေ ကိုယ်တိုင်ပါဝင်
ချမ်းပက်ကြ ကိုယ်စီ ညီညီဝင်
ငြိမ်း ချမ်း ရေး အေးမြသာရေစင် ...

– ကမ္ဘာလူသားတွေ တွေးပူကြတင်
ရန်သူမိတ်ဆွေမရွေးသူငါဝင်
ရန်စစ်မီးကို မလောင်စေရှင်
စုဆောင်းခဲ့သောယဉ်ကျေးမှု အဆက်အစဉ်
အနုအယဉ်အမွန်အမြတ်တွေ သုဉ်းဆိတ်မှာမြင်
ငြိမ်းချမ်းရေးမြတ်နိုး အိုးဆိမ်သာယာ သူငါပျော်ရွှင်
ငြိမ်းချမ်းရေးသည် ဖျားရည်ကဲ့သို့အစဉ် ...

## ငြိမ်းချမ်းရေး ရေသဘင်

သဘာဝရွှင်မြူး နှစ်ကူး ဗမာ့ရေသဘင်
ထာဝစဉ်လန်းကြည်လင် ချမ်းတယ်ရှင် စိမ့်တယ်ခင်
စိမ့်စိမ့်ချမ်းချမ်း အေး အေး လောင်း ပေး
လောင်းလေ အေးလေ အေးလေ လောင်းလေသူတွေမို့
ချစ်မိတ်ဆွေဖြစ်ကြောင်း အခွင့်ကောင်းယူလို့ပင်
ကျေး ဇူး တင်လျှက် ငန်း ငွေယာဉ် မန်း ရေသဘင်
နှမတွေအစ်မတွေ ဒေါ် ဒေါ် လေး တို့
ရွှမ်း ငွေငန်း မောင်တို့ရေယာဉ်
ရွှေဂုံသူတို့ဖျော်လတ်ဖြူစင် ရှင်း ကျော့ယဉ်ယဉ်
မာပါစေဆုထူး ဆင် ပိတောက်တွေ ဝေ ဝေလွင်လွင် ရွှေစင်အိအိ
ဖူး ပွင့်တဲ့ … သည်ချိန်တွင်
ဗမာပြည်တစ်ခွင်
ဘေးအပေါင်း ရန်အပေါင်း လွင့်ကြွေ
ငြိမ်း ချမ်း ရေး ရွက်သစ်နုတို့လို
ခါတော် ရေစင် မိုး လို့ စေညိုလွင်လွင်
ငွေနန်း ဆုတောင်း အောင် ကြောင်း ကိုဆင်
ခါတော် ရေသဘင်။

## ရွှေစင်ရော်

- မြစ်ယံသဲနုကမ်းစ ချစ်သံတေး မြကြည်ကြည်
  ငှက်ကလေး ရွှေစင်ရော် ပျံကာမြူးရှာသည်
  သူ့ကို မောင် ပါဘဲနဲ့ ရွှန်း ရှေ့နှုတ်ဆက်မောင် ရွှေသည်
  မောင်လည်း မောင် မနဲ့ တစ်ကိုယ်ရေတည်းတူညီ။

- အစားအစာ တောင်း သလား သနားချစ်ရောစင်ရော်သည်
  ကိုယ် အလို မပြည့်တဲ့ တောင် မောင့်ကိုပြည့်မည်
  ချစ် မောင် နဲ့ ဝင် ကမ်းစပ်ဦတွေ့ဟင့်မို
  မောင် မယ့် မုန့်ကလေး ဖဲ့ကာ ဖဲ့ကာကျွေး လိုက် ချင်သည်။

- သို့ပေမယ့်ဝဲလက် ကိုယ့်ကိုယ်ကိုရည်
  ယာလက် ချစ်သူကိုယ်စား ရည်ရွယ်ကျွေး လိုက်မည်
  စိတ်ရှိတိုင်း စား လို့ စွင့်လွှတ်သာကြည်
  ကိုယ်စားပေး မောင် သူနဲ့ပင် ဒီအချိန်ပေး နေသည်။

ဆရာမင်းသုဝဏ်၏ – "ကဗျာ" ကို

ဆရာမြို့မငြိမ်းက – "ဂီတ" ဖြင့်

မြို့မကိုဘစိန် – သီဆိုအသံသွင်းခဲ့သော

" ငွေစင်ဝေယံသို့ "



သန်းအောင်နိုင်

## စာဆိုစံလလုံး

ရွှေလမှာ ယုန်ဝပ်ပါလို့ ဆန်ဖွပ် တဲ့ အဖိုးအို မော့ကြည့်ပါဆို
ဆိုသာဆို ပိုမိုတဲ့စကား ကလေး အငိုတိတ်အောင်
အရိပ်ကို အယောင် ပြတယ်ကွယ် ဖိုးလနတ်သား။

ကမ္ဘာဦးသူတို့ ဆန္ဒအလို
ယုဂန္ဓိုရ် တောင်ထွတ်များက သီတာဝ ချမ်းမြစေသား
နက္ခတ်များခြံရံလို့ ပေါ်လာမြင် တာရီနှ ကြယ်မှူးဘုရင်
စာဆို စာဆိုတော် အရှင် စာဆိုမကျွင်းနိုင်တဲ့ လမင်း ပဝင်းနဲ့ တူသတဲ့ရှင်
တိမ်ဖုံးလို့ ညိုပြန်ပါရင် အလိုမကျရှာတဲ့ နှုတ်ခမ်းစူမလေးအလှသွေးတဲ့ဆင်
အချင်းယှဉ်စနော လေးဆယ်နဲ့ကိုး ဖိုးမြင့်အစရှာပြင်
အသွင်ရှိန် မဖေ့လို့ကြည်လင် တပေါင်းလပြည့် ထွန်းသစ်လျှင်
မယုဇယို လက်ယာလှည့်သွား ရထားယှန်စွေ့ဇင် သုံးဝီထိနဲ့ နှစ်သွယ်ယှဉ်
ကြေးမုံသို့ လျှမ်းပလျှင် တိမ်မင်းသာစု ကမ္ဘာ့အလှဆင်။

နေဝင်းနဲ့ညချမ်းလာထွက်တွင် ချစ်ခွဲတွေ ပြိုင်ပွဲမျှော်ပွဲဆင်
အသည်းနိမ့်ယို လက်ရွေးစင် ချစ်ကြေးစကားလုံးဖွင့်
နေရောင်ကြီးဆိုတော့ ရှက်ကြောင် ရှက်ကြောင်ပင်
လမင်းရီဝေတော့ မှ ချစ်တဲ့ပြောမိန်ချင်
(မှောင်နိုလို့ ရွတ်တာရက်ဝင် အချစ်ကိုအားပေးချင်)။
တိမ်ခြူးစာပြောက် နောက်နားဝယ် မြင်သားပေါ် သို့ဆော် အပြစ်မတင်
ဝင်းထိန် ကြည်လိုက်ပါ မြူတိမ်စင်
တို့အဆွေ ငွေလရောင် လင်းတာ အမြဲမြင်ချင်။

\- နေရောင် ဟပ်လင်းသောလမျက်နှာပြင်
ကမ္ဘာကို ကျော့ပေးသတဲ့ ခေတ်နက္ခတ်အတတ်တွင်
မျှင်မျှင် သစ်ဆန်းစ သုံးရက်လသွင်၊ ကြာမျက်စုံးလေးလို ဆွဲ တို့လို့တင်
တစ်ကြိမ် လပြည့် ပြန်ပါလျှင်
လင်းတဲ့မျက်နှာ အပြည့်ဘက်က တည့်နဲ့လို့ ကမ္ဘာသူတွေကို မြင်
အဲဒီ ပုဏ္ဏမီ ခန်းလောက်တော့ ထီမထင်
သနပ်ခါး ပျစ်ထူမတို့က ဘွားကနဲ ပြူကာ ပြူကာ ယှဉ်
ကျယ်ရွှာလာပြင် အဆုံးမရှိမသိနိုင်ပင် လှည့်ပတ်နေစဉ်
လလုံးက ကမ္ဘာကိုပင် နှစ်သိန်းလေးသောင်း မိုင်အကွာခန့်က
လ၏ အလုံးဟာ အချင်းမိုင် နှစ်ထောင့်တစ်ရာ ခြောက်ဆယ်သချာတင်
ပြက္ခဒိန် တီထွင် လူ့သမိုင်းရာဇဝင် စသည် လနဲ့ပင်။
\- နေ့စင်းနဲ့ .................................... ငွေလရောင်လင်းတာအမြဲမြင်ချင်။

## စံပယ်ကုံးကလေး

- မနီး မဝေး၊ လမ်း ဘေးအစဆီမှာ
  ပါတ်ဝန်းကျင်အပေါင်းတို့တွင်၊ ထူးခြားစွာ
  တစ်ခုသောစံ ပယ်ကုံး လေး၊ ဖြူဖြူ မွှေး မွှေး
  လတ်လတ်ဆတ်ဆတ်မြင်လာတယ်
  မျက်စိအောက်မှာ ချစ်စရာ
  အမှတ်မထင်တောက်ယှက်မိတာ၊ သင်း ကြူကြူသူ့ညွန့်ကြား
  စိတ်ဝင်စားဖွယ်၊ အတွေးပိုစေတာ။

- ဘယ်သူ့ဘယ်ဝါ၊ မသိသောပိုင်ရှင်မဲ့မှာ
  ကျနေရစ်ဟန်တူတော့တာ
  မြတ်နိုးသောပန်း ကလေး ဖို့၊ နှမြောမည်အမှန်ပါ
  ပြေးလို့သာ ဆေးလိုက်ချင်တာ၊ ကျေးဇူးမတောင်၊ မှီပါစေရော
  ကြိတ်လို့ ဝမ်းသာရမှာ၊ မနွမ်းစင်မြန်းဆင်စေချင်လို့
  စံပယ်ကုံးလေး မွှေးကြူကြိုင်စွာ၊ သဘာဝပန်းရသူ့နဲ့သူ့ နေရာ။

- စံပယ်ဖြူစိတ်မအားအောင်ဖန်လာ နှမလေးဟာလားရှာ
  အစ်မကြီးဟာလားစင်ရှာ၊ ချောချောမြင်၊ မေးချင်တဲ့ကာ
  လှလှမြင် မေးချင်တဲ့ကာ၊ ပိုင်ရှင်မလေးလှမှာပါပဲရှာ ...

- ဖြစ်ရမှာလား၊ သိမ်းရမှာလား၊ တစ်ကိုယ်တည်း ယောင်ရှာရှာ
  အတွေးခေါက်ပြီ၊ စံပယ်လေးရော၊ အသည်းစပ်မှာချိတ်ညှပ်ထားလိုက်တာ။

၁၉၉၀ လောကအမှန်

## စံပြမာလာ

- နေ့စဉ်အစိုပ်ကြည့်ကာ အလှအပဝါသနာ
  မြတ်နိုး ယုယနိုက်ပျိုး ရေမိုးလောင်းကာ
  ဖူးငုံလေးတွေခင်ရော
  ချပ်လှာဖွင့်လှစ် မွှင့်သစ်တွေနဲ့ တစ်မျိုးပဲ ချစ်ဖို့ရာ

- ချစ်ရွှေရွှဲ့ပန်းမာလာလေးတွေနဲ့ ပျော်ခဲ့ရာ
  တစ်နေ့ဟာ ကံအကောင်းဆုံးနေ့ ဟုတ်ကဲ့ဆိုနိုင်တယ်ရှာ
  သူကလေးကိုလက်ဦးအကြိမ်မြင်တွေ့ရာ အံ့အားသင့်
  စိတ်ထဲ၌ မိတ်ခေါ်ချင်တော့တာ

- နိုက်ပျိုးထားတဲ့ ပန်းကလေးတွေ အားကျစရာ
  တစ်ဆိတ်ကလေးလိုက်ကာ
  အကြောင်းက အလှပြစေချင်တာ စံပြမာလာ

- နွယ်ပန်းလေးတွေလည်း လျှလျှသွယ်တက်ကာ
  နိုင်နှံ့ညှာ လေသိမ်းအယိမ်းမှာ နတ်ကိန္နရီလေး
  ကမြူးဟန်မြင်ဖူးကာ
  လှယဉ်နုသူ အတုယူ ပန်းတွေဟူသမျှ အလှနိုင်းရမယ်ရှာ။

တေးကောင်းကင် ၁၉၁

## နှိုးနှောင့်ရှာချေ

- (ယဉ်ကျောကျော၊ ပင်နှောနှော၊ ညှာတံတွေ
  လေဆော့ရာ၊ ယိမ်းကာနွဲ့ကာနေ၊ ပုံ့မျှားကြွ
  ထုံမြူးကာ၊ မာလာဆွေ၊ မှုန်ပို့ မြူတဲ့ရိုးမြိုး လေ)၊၊

သံပြိုင်။ ။ ချစ်သူရာရစ်လေ၊ ပျားလောင်ဝိတုန်းတွေ၊ မေ့ထုံမှာရစ်ခဲ့ကာနေ
ဆင်းပျံလာနားမှာ နိုးရှာနှောင့်ချေ၊ ပင်နန်းမြင့်၊ မောင်တစ်ပွင့်လေ။

- မြူးရိုးကာသူလိုရာ၊ ဝတ်ရည်နှစ်တွေကြွလာအောင်
  သောက်သုံးရင်၊ ပန်းမေ့နှမ်းမယ်လေ
  ပန်ဆင်မည် ကြိုရွယ်သူရှုတဲ့မောင်၊ ချစ်သည်းကျွမ်းစေ၊ တော့လားမေ
  နိုးနှောင့်ရှာချေ။

သံပြိုင်။ ။ (ချစ်သူရာရစ်လေ ...................... ပင်နန်းမြင့်၊ မောင်တစ်ပွင့်လေ)

## မြို့မငြိမ်း နှင့် သူ့အနုပညာ

### ဓောင်းကောက်ရေသဘင်

ခါတော်မီသီဂီရွှေပန်းပိတောက်တို့သာ
မွှဲ့ဝင်းကာနေလိမ့်မယ်၊ ထင်မိတာတွေ
ဝန်ခံပါပြီ၊ နုတော့ဖြင့်တခြားစီနေ၊ မာလာနံ့အမည်၊ မှည့်နိုင်ပေ
ပြာသိုမှာစွဲဥဒ္ဒိပဟာ၊ မွှင့်ခဲ့ပေါ့လေ၊ နုတန်ခူးလည်း၊၊ သူလည်းပါစွာလိုက်ပုံတွေ
အို – အလိုရှာ၊ သကြိန်မယ်တွေ၊ ပန်း မှတ်ထင်နေ၊ လှလည်းဆိုအ အုံးကွဲ့ပေ၊
ရွှေသစင်တွေ၊ ဟိုမှာနှင်းဆီတို့တတွေ
လှအုံးတော့၊ သရဖီလေးနှင့်၊ စံပယ်လည်းပါပေ၊
အေအမ်ဘီအေ၊ ငေးမိပေါ့ကျက်သရေ
အို – အစုလိုက်ယဉ်မျှာ ခေါင် တွေ။

တကောင်းကာင် ၁၉၃

## စောင်းသံ

ကိုယ့်ကိုဘယ်လိုပင်၊ စိမ်းကားပါစေ
မမုန်းနိုင်ပါဘဲလေ၊ ပဘာဝတီမလေးရေ
လွမ်းဝေ့မှုန်ရီဆေး၊ ညှို့ဦးယံကျရင်လေ
မင်းကုသစောင်းလိုငြိမ့်ချေ
မောင့်အသည်း၊ စောင်းအုံပြုကာ၊ စမ်းအလွမ်းညှို့တွေ
သိဆိုပြန်ဘယ်လိုတေးလဲ၊ မမေးဘဲသိနိုင်မယ်လေ
တော်ကျွာဝေး ရွှေလျှာရွှေ၊ ချစ်ကံကောင်းရင်မကောင်းပေ
ချစ်ကံမကောင်းတော့မှ၊ ကောင်းတာပဲ၊ ထိုတေးတွေ
အရည်း နှီး လှသက်ရှင်လျှက်၊ ချစ်သက်သေ၊ ထိုသူမှာဆိုမညည်းနိုင်တယ်
အဝေးနှံ့ဆွေးလိုက်တေးသံ၊ ချစ်သည်းစောင်းသံလွမ်းကာရန်တွေ
ကြားယူလိုက်တော့မေ၊ ကျွမ်းမြိုက်တဲ့တေးဇာတာ။

## စစ်ကိုင်းတောင်

ခြေဆင်း။ ။ ပုညရှင်စေတီအပါး၊ စစ်ကိုင်းတောင်၊ အထက်နားဆီက
အရှေ့တလျှား၊ ရှုလိုက်ရင်လေ၊ ဧရာဝတီ
နတ်ပန်းချီ၊ ဆေးစုံတွေကွန့်ရောလေသလား
ဝဲလက်ယာအတွန့်တွန့်နဲ့၊ အလွန့်အလွန်၊ သာယာပါပေသည်
တစ်နှစ်ကူးလို့၊ တစ်နှစ်ကျူးပြန်တော့
အသစ်မှုးဖြစ်ရပြန်ချေ၊ တောတောင်ရေမြေ
ကုန်းနေရေနေ၊ သက်ရှိသက်မဲ့သတ္တဝါတွေ
လောကဓါတ်ကြီးတစ်ခုလုံး၊ သစ်လို့မို့၊ ဒီနှစ်တွင်လည်း
ချစ်ချစ်ခင်ခင်၊ ရွှင်ရွှင်ပျော်ပျော်နေ။

- သမိုင်းပြောင်မည့်ဦး၊ စစ်ကိုင်းတောင်တော်ရိုးမှာလေ
  မြူနှီးယှက်ဆိုင်း၊ အုံးမှိုင်းပြာရီဝေ၊ မှုန်မှုန်ရီဝေ
  စေတီပုထိုးဘုရား၊ မိုးပြာမြင့်သီခေါင်ဝေ
  တောင်တွေစိမ့်စမ်း၊ ချောင်တွေသိန်းသန်း
  ဓမ္မာသောင်ကမ်း၊ တက်လှမ်းအောင်မြင်မြေ
  မေခါဒီကလေး၊ တောမှီတုံးတဲ့၊ ယောဂီသုံးရှာပေ။

- ရောက်ကြွမှုးသလား၊ မေယျာချွေမြေ
  မြစ်ရေရွှေဝန်းလျှမ်း၊ ရှုစမ်းပြာဝေ
  စစ်ကိုင်းတောင်ခြေအရောက်သွား၊ တရားရှာချေ
  ဗုဒ္ဓဘာသာမြန်မာတွေ၊ အတာကူးတဲ့၊ နှစ်ဦးကိုမှာန်ချေ။

**စာကောင်းကင်** ၁၉၅

- (ကံ့ကော်ဝတ်မှုံသင်းတဲ့ရုက္ခ၊ နံ့တောခြွေ
  သီဂီမွှင့်ချုပ်၊ ရင်ကပ်သရဇီ၊ ကြိုင်လို့မွှေး)၂
  ဖူးငုံဆေ၊ ပုရစ်တံစီ၊ ညီတာယ်လေ၊ တဝေဝေ
  လေပြေလေညင်းသွေးတော့၊ သင်းရနံ့ထုံဝေ
  ရွက်သစ်လေဝင်းလို့၊ ဟောင်းရွက်ညှာကြွေ .... ခါဝေ
  ယော်မြန်းရွက်ကျင်၊ ညိုလွင် မောင်း ပြေ ပြေ။

- (ရောက်ကြဖူးသလား ...................... နှစ်ဦးကိုမှာန်ရေ)

- မြစ်မင်းဧရာရွှေကသိုင်းလို့၊ စစ်ကိုင်းတောင်ရှာပြေ
  ရေလှိုင်းကလေးတွေသွင်သွင်မြူးတော့၊ ရွှေရောင်မြူးကာနေ
  ရွှေတောင်ဦး မော် ရှုမျှော်ခင်းနဲ့၊ မြစ်တွင်းသာယာပေ
  ချစ်ချင်းသံသာနေ၊ ဟင်္သာခင်ရော်ကြင်ပေါ်တွဲလို့
  သဲကမ်းပေါ်းယံဝံပျော်ကာနေ။
  (ရောက်ကြဖူးသလား ......................... နှစ်ဦးကိုမှာန်

## မငြိမ်း နှင့် သူ့အနုပညာ

### စ်မင်းသား

ကျား ။ ။ မောင့်တစ်သက်ဝယ်၊ ပထမတန်းအစိုးရိမ်၊ ဆုံးဟာနော်
ခင့်အပေါ်၊ မချစ်ခင်တယ်လို့များ၊ အထင်မှားမှာဆိုရင်
အသားလှီးယူခံရတာက၊ မြတ်ပါသေးတယ်
ခင့်ကိုချစ်တာမှန်ပါရဲ့၊ ကျွမ်းသစ္စာထား
မြင်းမိုရ်စွေတောင်၊ ထိပ်ခေါင်များက၊ ခုန်ချရမလား၊ မတားနဲ့ကွယ်
မုသားတွေကျိန်မိရင်၊ ကလိမ်မိပါရင်ကွယ်
အသည်းတွေနှလုံး တွေပြန်းလို့ကြေစေ ကွယ်
မှန်တာကိုဆိုမိရင်တော့လား၊ ကိုယ့်ချစ်သူနဲ့၊ ညားရပါစေသား
သိကြားမနေနိုင်တယ်၊ နတ်များလည်းမနေနိုင်တယ်၊
ကြည့်မနေပါဘူး၊ မကြာမှာပဲကွယ်။
မ ။ ။ နတ်တွေကိုလည်း၊ ပူဆာလွန်းတယ်
ကိုယ့်ကိုယ်ကိုတော့၊ ညှာတာလွန်းတယ်
ချစ်ရင်းနှီးတဲ့၊ ချစ်ရဲဘော်ရယ်၊ ဘာကိုရှက်ဆောင်မယ်
ကိုယ်ကျိုးစွန့်လို့၊ အချစ်မောင်မယ်၊ ဗမာကောင်းဆောင်ကွယ်
ယောကျ်ားမိန်းမ၊ ဗမာချင်းဆို၊ ကျောချင်းကပ်လို့ရယ်
သွေးနဲ့တောင်လဲမယ်၊ အသက်ပေးဖို့လားမောင်ရယ်
မှိမတော်ရေးတွေ၊ ဘေးကိုဖယ်။
ကျား ။ ။ မှားမလည်ပါးမလည်၊ ကိုယ့်အမျိုးကိုယ်မေ့ပြီး
အချိန်ဖြုန်းတာ၊ မိုက်ပါပေါ့ကွယ်
ခင်ရယ်သတ်လိုက်စမ်းပါ၊ အရှင်မထားနဲ့၊ ရှက်ဘို့ကောင်းတယ်
ဗမာပြည်သည်ကောင်မျိုး၊ မရှိတာကောင်းတယ်၊ လေးမှာနိုးပါတယ်၊
မ ။ ။ သည်လိုလည်းဟုတ်တတ်သေးပေါင်
နှောင်မြင်လိုက်ရင်၊ ပြီးတာပေါ့ကွယ်
ဗမာပြည်သည်မြေကြီးမှာ၊ မောင်တစ်ယောက်ဆိုနည်းပါဘူးကွယ်
အဖေအမေလို၊ သည်မြေကြီးကို
ကိုယ့်ကိုပေးလို့၊ ကျေးဇူးဆပ်မယ်
ကိုယ်နဲ့ကာကွယ်၊ လူဖြစ်ကျိုးလည်းနပ်ပါစေမယ်
သံပြိုင်။ ။ သာဓု သာဓု အထိကဆုထူး၊ ချီးကျူးလိုက်ပါတယ်။

## စစ်သွေးမောင်

ဓါတော်နှစ်သစ်ကူးတွင်၊ နွှဲလို့ပါဝင်
သကြိန်ရေကစားလို့ပင်၊ အများတို့ပျော်ရွှင်
ရှိုးသံမြူးမြူးတေးလွှင်၊ မြူးစိတ်ကြည်လင်
မန်း သူမှုရောင်းနွဲ့ယဉ်၊ လောင်းတဲ့ရေစင်
ရွှဲအောင်လောင်းပေး။ စစ်သွေးမောင်၊ များကိုသာပင်
လုံမလေးနုယဉ်ယဉ်၊ ငွေဖေါ့ချုပ်ပုံသွင်
ကျွန်းမာကြပါစေခင်၊ ဆုတွေကို စစ်သွေးမောင်တို့ဆင်
မောင်ရင်းများသွင်၊ မြူးစင်စိတ်ကပင်
ဓါတော်ရေစင်၊ နုမလေးများသို့စင်မင်
ဘုရင့်နောင်စစ်ကြောင်း။ ပြန်လာသူတွေပင်
မန်းမြို့သူရှင်းကြော့ယဉ်၊ လောင်းတော့လေ၊ စိတ်ကြိုက်ပင်
အခါတွင်းအေးမြရေစင်၊ ရွှဲအောင်၊ စစ်သွေးမောင်ကိုလောင်းတော့ခင်၊

## စိတ်ကူးယဉ်

(ငါးရာနှစ်ဆယ်၊ ရှစ်သွယ်မေတ္တာ
ချစ်တဲ့အရသာကြုံတွေ့လာသည်မှာ
မိဘဘိုးဘွားများကား၊ ပိုင်းခုံကာချစ်ကြတာ
ဖေါ်းလက်နှစ်လုံး၊ ပန်းလက်နှစ်သစ်ပါ
လှူရယ်လို့ဖြစ်လာ၊ အနုအရွယ်တိုင်ပါ)[၂]
ဆထက်တိုးကာ၊ တစ်မျိုးပဲချစ်တယ်ဆိုတာ
ဆွေမတော်၊ မျိုးမတော်၊ တစ်ဦးတစ်ယောက်နဲ့သာ
ချစ်ကြိုးကိုသွယ်တဲ့ခါ၊ ဘာတဲ့လေထောင်ငါးရာ
ဆိုတာလားအချစ်ကို၊ ချစ်ချင်သလိုစိတ်ကူးယဉ်မိတာ။

(စိတ်ကူးယဉ်ရေလျှဉ်ကြောမှာ၊ မျောကာနေမိတာ
ရက်တွေရယ်၊ လတွေညောင်းကာ၊ ရွှေ့ပြောင်းခဲ့တာ)[၂]
ချစ်တဲ့အရေးကို၊ အတွေးနယ်ချဲ့ကာ
ရော်ရမ်းကာပင်၊ မှန်းဆမိတာ
တွေးချင်တာကိုဘာလိုလိုနဲ့သာ၊ စိတ်မှာတွေးသိနိုင်ခဲ့တာ
မရှိသေးတဲ့ချစ်သူကိုပင်၊ စိတ်ကူးယဉ်မိတာ။

(မိုးထက်ဝေယံမှာ ရွှေ့ခါရွှေ့ခါသွားလို့သာ
စန္ဒာဝေခွန်း၊ ငွေဝန်းယာဉ်ကြော)[၂]
ဖူးစာသူရေး၊ နတ်မောင်လေးတွေ့ကာသာ
ပြောလိုက်ပါနော်၊ ဒီမယ်အတွက်ကိုသာ
ကြင်ဖေါ်တစ်ဦးလို၊ ဖူးစာဖက်ကိုမြန်မြန်ရှာ
ပို့လိုက်ပါလို့တိုက်တွန်းလို့သာ၊ လဝန်းငွေစန္ဒာ
မှာကြားလိုရာ၊ စိတ်ကူးယဉ်မိတာ။

**စန်းကြည် (မေတ္တာပို့ အမှတ် - ၄)**

- ဖိုးသားတွေ၊ ကင်းစင်သောချိန်ခါ၊ ချမ်းမြေ့ကြည်စွာ
  အလားတူမြွေကလျှာ၊ ရွှန်းရွှန်းဝေဝေနီး၊ ငွေဝန်းလိုသော
  ထွန်းပရောင်ပြာ၊ ရှင်လန်းစေမျက်နှာ။

- ကိုယ်ရောစိတ်ရော၊ ကြည်ငွေစန်းနှယ်သော
  မောင်ရောမယ်ရော၊ ကြည်ငွေစန်းနှယ်သော
  မာစေသောစေ၊ တောင်းဆုထူးမေတ္တာ၊ စိတ်ချမ်းသာကိုယ်ချမ်းသာ။

- သီတာဂူပုံယူကာ၊ ကိုယ်စိတ်အေးစေရှာ
  ပုဏ္ဏမီတူညီစွာ၊ ရှိုမျက်နှာလန်းစေသော
  ပျော်ရွှင်ပြုံးကြည်လင်ကာ၊ အေးမြတဲ့စန်းငွေရောင်ပြာ
  ကြည်ပါစေငွေသော်တာ၊ မောင်များမယ်များကိုသာ။

## ဆင်ဝန်ကတော်

- (မ၊ ဆို ယင်မကိုတောင်၊ မနား စေချင်ဘူး မောင့်အပေါ်
ထားလိုက်ပါရှင်ဆင်ဝန်ကတော်၊ အကြောင်းကြပဲလို့၊ ခေါ်ချင်ခေါ်)၊
လှချင်းဘယ်လိုချစ်ချစ်၊ ဒါကိုထိရင်မချိသနော်၊
မိန်းမဖေါ် တကကယ့်တကယ်ရင်း တဲ့၊
ငယ်သူငယ်ချင်းတောင်၊ ကျွန်မ မယုံသော်
မိန်း မဆိုရင် မောင့်အပေါ်၊ စိစိကြည့်ရင် မခံနိုင်
သို့ပေမယ့်လည်းပျို့မပိုင်၊ ဘာမှုမဆိုင်၊ ဘာမှုမပိုင်
တော် တော်၊ ကိုယ့်လိပ်ပြာကိုရှက်စရာပေါ့
ညည်းက တော်တော်အကြောင်းကြ၊ ဆင်ဝန်ကတော်။

- ဘယ်သူ့နဲ့မဆို၊ ကိုယ့်ကြင်သူတစ်ဦးကိုလ
ကြည့်ဖြူနိုင်ဘူး ပေပလေ၊ မှန့်သာဆိုဝေစားမပေါ့
မဘား၊ မလျှော့နိုင်အောင်ပင်၊ ခေါ်ချင်ခေါ်ကြ
ဆင်ဝန်ကတော်မကာ
မိန်းမဆိုရင်မောင့်အပေါ် ......... ဆင်ဝန်ကတော်။

## ညချမ်းသဘင်

- ကြေးကြိုးသားရေနဲ့ ညင်းတွဲ့တွဲ့ ခရာလေ
ကြည်နူးဖွယ်လက်ခုပ်တီးပေ
နိုင်းဖွဲ့လို့ညီစေ တေးနှံ့နှံ့သီပေ သုခုမအဆီတွေ
အနုပညာ တေးဂီတရယ် ယဉ်ကျေးတဲ့ ရှေးဟောင်းလက်သုံးပေ။
- ဝါသနာသန်သူတွေ အသွင်တူဖြို့မပေ
ညီလိုအစ်ကိုလိုပင် ခင်မင် ကိုယ်သွေးအနေ
ချစ်ကြည်ကာလေးစားပါလို့ တီးမှုတ်ခဲ့သလေ
စိတ်ကြည်နူးလို့သာယာပေ တေးဂီတနဲ့သံစုံတွေ
ညင်းလေသွေးကာဆောင်ယူစေ
ဝဲလို့နေ အာကာသယံတွေ ဖြို့မ တေးသံ ဂီတတွေ။
- ငွေစန္ဒာ သော်တာဝန်းတွေ
ကြည်လင်ကာ ရောင်ခြည်ထွန်းပေ
ကြယ်တာရာ၊ စိန်မှုန်ဖြူးသလို
ကြည်နူးဘွယ်ထက်ကောင်းကင်တွေ။
- ချိုသာစွာ ကြည်လင်အေးစေ
လေပြေလေဆောင်ယူညင်းပေ
ထံတျာချိုသာလို့နေ
ဆိုတေးနဲ့ ဂီတသံတွေ။
- ငွေဝန်းနဲ့အပေါင်းကြယ်တွေ
ညင်းလေပြေ သွေးတော့
ချိုနှံ့နှံ့တေးသံတွေ
မြူးယှက်လို့ ဝေ ဝေ။
- အာကာသယံ ဝေဟင်တွင်းမလေ
ကြယ်တာရာဖော်တစ်သင်းပေ
ငွေစန္ဒာသော်တာဝန်းတွေ
ညချမ်းသဘင် ဆင်နွှဲကာနေ ....။

**ကျောင်းရှမ်းဆရာတော်ဘုရားကြီး**
**ဗွာပနမ္မာစာသီချင်း**

- သာသနာ တော်သန့်စင် အစွန့်ရှည် ကြောင်း ဟုပင်
ပေါင်းစုံ ညီညာ ထေရ်အရှင် လွှန်ကြီး မြတ်တဲ့သင်္ဂါယနာတင်
သံဃနာယကမှူးအစေါင် ဦးဆောင်ဆရာ တော်ဘုရား တပည့် တွေအားသင်
ခပ်သိမ်း သောသာသနာရုဆိုသည့် တရား အပေါင်း ကိုဥာဏ်ဝယ်
မပြဲကြောင်းမြင်။
- ထူးမြတ်ဆရာ တော်တို့အရှင် မျှော်လေ လေ ကျေးဇူး များမြင် ဘဝနတ်ထံ
ကူးစံကာ ပြောင်းခဲ့လို့ပင်၊ ပူဇော်တယ် သီလရယ်သမာဓိနဲ့ပညာဂုဏ်အင်
သက်တော်တည်စဉ် တွေးမြင်အာရုံပြုသော ကောင်းမှုကုသိုလ်ပင်။
- ကြီးမှူးလို့ပင် မြောက်ကြိမ် မြောက်တွင်
အသက် မသေစင်သချင်္ဂါနဲ့ရွှင် ဘုရား သာသနာ ရောင်အရှည်ထွန်းဆောင်ပင်
အား ငယ်မျက်ကွယ် နောက်တွင်အထူး ပင်
ကျေးဇူး သိမြင် ဦးရှက်လက်ဆယ်ပြာတင်
တပည့်တော်တွေ ကြေကွဲတမ်းတ ပူ ဇော်သဘင်။

## တကြိုက်ထဲကြိုက်

ကြားဘူးလှပြီ၊ (နှိုးရှာကြပြီ)။
နှိုးပေမယ့်ကလေးကြိုက်၊ မင်းကြိုက်နိုးကြိုက်၊ ဘုန်းကြီးလည်းကြိုက်
လူမျိုးတစ်ရာတစ်ပါး၊ ကုလား တရုတ်၊ ပန်ချာပီလဲကြိုက်
မာရဝါဒီလည်းကြိုက်၊ (ကြိုက်)[၆] ကြိုက်ပြီးရင်းကြိုက်၊ ကြိုက်ပြီးရင်းကြိုက်။
တကြိုက်တည်းကြိုက်တာ၊ ဘာကြောင့်ဆိုသည်၊ မြို့မကာအဟုတ်ကိုယင်သည်
ရှိုးသံသာကြည်၊ တစ်မျိုးပြီးတစ်မျိုး၊ တန်ဆာဆင်ပြန်သည်၊ ရွှေနားဝင်
သောတနားမှာ၊ မှားသကာကဲ့သို့၊ (တကြိုက်ထဲကြိုက်)။ အို – ကြိုက်ပေသည်
(ပွဲတိုင်း၊ နေရာတကာ၊ တစ်ခါလာဓာကြီ၊ လွှန်ရွှာမသတီ
နားရှပ်မျှလှသည်၊ ဆော်ကလီ)။
ကြားကြား၊ (ကြားလွှန်းတော့သီ)။
ဒါပေမယ့်၊ အများမေတ္တာ၊ စေတနာတန်နိုးကြောင့်
ဘယ်သောအခါမှမညှိုး၊ ထမ်းပိုးတောင်ကြည်ဖြူသည်၊ ရွှေမန်းချစ်သံ အသီ
မသီဘဲ တကြိုက်ထဲကြိုက်
(ကြိုက်)[၆] (ကြိုက်ပြီးရင်းကြိုက်)။
တကြိုက်ထဲကြိုက်တာ၊ ဘာကြောင့်ဆိုသည်
မြို့မကာအဟုတ်ကိုယင်သည်၊ ရှိုးသံသာကြည်
တစ်မျိုးပြီးတစ်မျိုး၊ တန်ဆာဆင်ပြန်သည်၊ ရွှေနားဝင်
သောတနားမှာ၊ မှားသကားကဲ့သို့
(တကြိုက်ထဲကြိုက်)။ အို – ကြိုက်ပေသည်။

## တစ်ချစ်တည်းချစ်

တစ်ချစ်တည်းချစ်တာ ဘာကြောင့်ဆိုသည်
ဟိုယခင် ဗြဟ္မာကအစတည် ကမ္ဘာစသည်။
မြေဆီမြေလွှာ သင်းရနံ့အရသာ
ဗြဟ္မာကြီးတွေက ကမြင်းပြီးတော့ စတွင်းသွင်းလို့ စားမြိုရှာသည်။
ကိုယ်ရောင်ယှင်းလို့ တချို့အဆင်းလှ တချို့အဆင်းမလှ
လှတဲ့သူက မုံမထိ
အတိမာနကြောင့် ကိုယ်ရောင်ညှိုးပျောက် ရသပထဝီကွယ်သည်။

တစ်ချစ်တည်းချစ်တာ ထွင်တဲ့ဗြဟ္မာတွေ
ကျေးဇူးတင်စရာကောင်းသည် အပြစ်တင်စရာကောင်းသည်
ဆုံးဖြတ်ဖို့တတ်တဲ့သူသည်
သူတို့ကြောင့်ပဲ ရှင်နဲ့ကျွန်မနဲ့ မပစ်ဘဲနှစ်လ သံသရာရှည်
တစ်ချစ်တည်းချစ်ရပြန်ပါသည်။

ရှုးဝေ မြေမှု ဘူမိ ပထွတက တောင်ဖို့သဏ္ဌာန်လိုပေါ်သည်
စားကြပြန်လို့ ယခင်နည်းတူ မာန်မူခြင်းကြောင့်ပျောက်သည်
ပေါ်လာတာခေါ် နွယ်ချိုပင်ပေါက် စားသောက်ကြလို့ ပျောက်ကွယ်ပြန်လျှင်
အခွံမရုံးသည် ဖွဲလည်းမကပ်တဲ့ သလေးဆန်ကိုတော့ အိုးနဲ့ကျိုသည်
ဒါကိုစားကြတော့ ကျား မ လို့ဖြစ်ပေါ်လာပြန်သည်။

တစ်ချစ်တည်းချစ်တာ .................. ချစ်ရပြန်ပါသည်။

## တမင်လှသူ

– မျက်စိတဆုံး မျှော်တိုင်း၊ မိုးကုပ်စက်ဝိုင်း၊ အတွင်းမှာ
များပြားလှစွာ၊ သက်ရှိသက်မဲ့အရာ၊ ဘာနဲ့မှပင်၊ တူတယ်မထင်မိပါ
ထင်းထင်းကြီး၊ သူတစ်ယောက်ဟာကမျက်စိပသာဒတမင်ကိုလှနေတာ

– နိုးရိပ်မြူရောင်၊ တိမ်တောင်ညစ်ကြေး၊ ကင်းဝေးညခါ
ကြယ်လေး တွေထဲလည်းပဲသူ့လို၊ လှတာရှားတော့တာ
ပန်းမန်ရောင်စုံမြူးရာ၊ နေ့အခါအထူးရှာရှာ
တွေ့ခဲမယ်၊ သူလိုဟာ၊ ဘာနဲ့ယှဉ်ယှဉ်၊ တမင်ကိုလှနေတာ။

– အလှကမှုဉ်း နေရာ၊ အသည်းထက်မှာ
သူ့နာမည်လေး၊ ရေးကာရေးကာ၊ (တင်ချင်စရာ)၊
ရွှေပန်းချပ်လွှာ၊ လေအဟုန်လှပ်စွာ၊ သစ္စေယုမ္ဘားလော၊ တယ်လား
သူ့မှာတမင်လှလို့နေတာ။

## တူးပို့တူးပို့

- သင်္ကြန်နှစ်ဦး၊ တူးပို့ တူးပို့၊ တူးသံမြူးသာယာ
သင်္ကြန်မယ်များ၊ တူးပို့တူးပို့၊ တူးမှာရဲ့နော်ဗျာ
ရွှေငန်းသံနဲ့၊ တူးပို့တူးပို့၊ အာရုံပျော်ဖြေတာ
မယ်တို့ကိုလဲ၊ တူးပို့တူးပို့၊ မှာပါစေခင်ဗျား။

- ပိတောက်တွေ၊ ဝင်းလျှံရွှေရည်လူး၊ တူးပို့တူးလှဲ့ပါ
ညှင်းလေမြူးမြူး ဆော်ကာမြူး၊ တူးပို့တူးညင်သာ
သင်္ကြန်ရေ၊ အေးတာ အေးတာ
သင်္ကြန်ရေ၊ အေးတာ အေးတာ
မွှဲ့မွှဲ့လောင်းပါ၊ တူးပို့တူးပို့
တူးသံမြူးသည်၊ ချစ်ကြည်သင်္ကြန်ပါ။

## တက်ခေတ်အမယ်အို

- ခေတ်ပြောင်းခေတ်လွှဲ၊ ဟိုရှေးကထဲက၊ ပဒေသာဂီ
ရေနံဆီပေါ်စ၊ ကြည့်သလိုနဲ့ရပါတဲ့၊ အလို သုံ့တို့ပွဲကလာခဲ့သကို
အရွက်ကြမ်း ပေ့စီ၊ ကြမ်း ပေ့စီလေလေ အရေချိုတာ
သုံသုံ မယ်သုံ၊ ခင်သုံ အို–ဘယ်ခါမှ၊ မမုန်းနိုင်ဘူး
စိတ်ထားနုပျိုပျို တက်ခေတ်အမယ်အို။

- ဆံဖြူတာတောင် ဆေးဆိုး၊ အရောင်ပြောင်းလို့ညို
အသွေးမညှိုးပေါင် ခေတ်ကြီး အလို ခေတ်ကြီးအလို
ကိုပီတုန်း၊ ချုန်း ချုန်း ချလို့ငို
ပါးမပီနဲ့ပေါင်၊ အသားစိမ့်ယောင်
သွားတွေအိုလို့၊ ကျိုး၊ ကျိုး အစားထိုးလို့စိုက်နိုင်ပါပေသကို
ခေတ်ကြီး အလို၊ ခေတ်ကြီး အလို
စိတ်ထား နုပျိုပျို၊ တက်ခေတ်အမယ်အို။

- ခေတ်ဆန်တဲ့အမယ်အို၊ အန်တီခေါ်မှ၊ ကြိုက်တယ်ဆို
ဖျတ်ဖျတ်လတ်လတ်၊ တဆတ်ဆတ်နဲ့၊ ခွါမြင့်ကလေးနဲ့၊ ဖိနပ်ကို
အမယ်ကြီး၊ စီးချင်လွန်းလို့ ယို–ယို၊ ယို–ယို
အပိုတွေသုံးရင်၊ အမျိုးတွေခွဲမှာ၊ ဆိုးလို့ဆို
စိတ်ထား နုပျိုပျို၊ တက်ခေတ်အမယ်အို။

**တောင်သမန်**

\- တောင်သမန်၊ ကြည်အင်း၊ ရေလှိုင်း ငွေ
မြူးကာနေ၊ ညင်း လေယဉ်၊ ပြေပြေ
ထောင်ရောင်နေ၊ ရုဝေနန်း၊ အမရဘုန်းတော်
ရောင်ရှန်း၊ ထွန်းနဲ့လေ
မော်တော်ယာဉ်၊ အေအမ်ဘီအေ ဓေါ
အသင်း တော်သား၊ များက၊ မာပါစေ
နိုင်ငံတော် ညီရင်း အစ်ကိုများ၊ နို့တိုင်းရင်းသားတွေ
တစ်အူတုံ့ဆင်း၊ ချစ်ခင်ရင်းနှီး၊ ကြတယ်လေ
ထာဝစဉ်၊ မေတ္တာဓါတ်တိုးစေ ဖျန်းဆွတ်သော၊ သကြန်ရေ။

\- အစ်မကြီးတွေစိတ်မှာတင် မော်တော်ယာဉ် ယာဉ် ယာဉ်
နှမလေးတွေ စိတ်မှာမြင် မော်တော်ယာဉ် ယာဉ် ယာဉ်
က,ပါ ဆို,ပါ စိတ်တိုင်းကြပေါ့ တီးမယ်ပျော်ပျော်ပင်
က,ပါ ဆို,ပါ စိတ်တိုင်းကြပေါ့ တီးမယ်ပျော်မြူးရွှင်
ထာဝစဉ်ငြိမ်းချမ်းသာယာ မာစေ တောင်းဆုထူးပင်။

## တစ်ဝါတွင်း

(တစ်နေ့သောဝါတွင်း အခါ၌
မြူသံလေးတွေ၊ နားဝင်အေးလောက်ပေ)၊
ကျူးနံဘေး၊ ခြေးခြေးစေးစေး၊ နွားပြာညှိလေးတွေ
နွားဝါပျိုလေးတွေ၊ ပေါ့ပါးကာပျံ့မလိုနေ
လှုပါနွားရော၊ စိတ်ဝယ်စောကြစွာမယ်လေ
လှည်းတွေနှိုင်းလို့၊ ပျော်ပျော်ပါးပါး၊ ဘုရား ရောက်ရင်၊ ဟိုတောင်ခြေ
အပန်းပျောက်ဘို့၊ ခြေမယ်လေ၊ အစားအသောက်တွေ၊ နံ့လင်ပေ
ကိုယ်စိတ်ရွှင်လန်း၊ ဝမ်းပန်းအသာဆုံး၊ ခြေ။
(ကမ်းစတွင်၊ ပိန်းပင်ကလေးတွေ၊ ဟိုယိမ်း ဒီယိမ်း
စိမ်းလဲ့လဲ့အလှဆောင်၊ စိုစိုပြေပြေ၊ မြရောင်မှို့နတို့တွေ)၊
ဟိုဘက်ကမ်း ဒီဘက်ကမ်း၊ လန်းစွာအာရုံပြာပေ
ပန်းကြာပဒုမ္မာတွေ၊ ရေကြက်ကလေး၊ တွေ အစာရှာလို့နေ
ရွှေပိန်းညင်းနဲ့၊ ကြာဖက်နင်းလေးတွေမောင်နှံဝဲတယ်၊ ရေပျော်ဘဲတွေ
ကြည်း ရေငှက်နဲ့၊ သာယာစီသလေ၊ မြင်သူအစဉ်ပြေ၊ ကျူးနံ့ကြာ ရေ။
(နေရောင်ကွန့်မြူး၊ ယှက်ကြူးလွှန့်လူးနဲ့ပေ
ငွေရောင်ဆိုင်းတဲ့၊ လှိုင်းလေးတွေ
ကျူးရေယဉ်ကြည်ကြည်ထဲဝယ်၊ ထင်မြင်နိုင်တယ်၊ ပုဏ္ဏာကွယ်မျိုးအနေ)၊
စိတ်၌ကြည်လင်၊ လန်းရွှင်စရာပေ၊ တေးကြူလှစ်ဟလို့ အသံလိုက်မြူးသလေ
အပျိုမေနဲ့ကိုနေ၊ မျက်နှာထားလေးစက်
လှည်းနောက်မြီးထက်၊ ခြေတွဲလောင်းလေးယှက်ပြီး၊ သံသာသီတော့ပေ။
တောင်ခြေ၊ မဝေးတဝေး၊ ဈေးဈေးတည်နေ
စေတီကျောင်းကန်၊ ပြာသာဒ်များနဲ့၊ ဘုရားစရပ်တို့၊ ပျော်စရာပေ
အပါးကပ်လို့ ပျော်တာတွေ၊ အလားနတ်တို့ပြေ
အိုဆောင်မင်းဆောင်၊ ပေါင်းကြလို့လေ
တူနံ့မောင်မယ်၊ တောင်းဆုကိုချွေ
မန်းတောင်ရိပ်ကို၊ နိုသူပိုမြှုနှမတွေ
ရာကျော်အသက်ရှည်၊ အဆင်ပြေ၊ လှမဆုံးပေ။

(မြို့မငြိမ်း ၏ လက်ဦးသီချင်း)

## တပ်ရင်း(၁)သကြန်သီချင်း

ဆုံဆည်းခဲ့ရ မနှစ်ကသကြန်တော်မှာလေ
ယော၊ တွေ့ကြပြန်ပြီ၊ မန်းသူဖြူနုတွေ
ဒီနှစ်တွင်လည်း၊ ရောက်မြဲတပ်မတော်၊ လာပြန်ပါပေါ့လေ
ပျော်လုံမရွှေမန်း၊ ရေကြည်ပက်ဖျန်း၊ စေချင်ပါလှသလေ
နိုင်စေခွဲစေ နိုင်ပါစေခွဲပါစေ အေး အေး ချမ်း ချမ်း
မမောတမ်း၊ လောင်းကြတော့မေ။

ပြည်ထောင်စုကြီးကိုလေ၊ မောင်တို့မယ်တို့၊ ပြည်ထောင်စုကြီးကို
အသက်ပေးအပ်နှင်း၊ တပ်ရင်း (၁) မောင်တွေ
ရွှေမန်းငြိမ်းချမ်းရေး ဆောင်ရွက်ဆဲ၊ မယ်တို့ချစ်မိတ်ဆွေ
ပြည်တွင်းပြည်ပ၊ ရန်တွေပြေ၊ ဆူးငြောင့်၊ ခလုတ်ကင်းသင်း
နှိမ်နင်း၊ အကြွင်းမဲ့၊ အောင်ပါစေ
အောင်ပါစေ၊ အောင်သပြေ၊ ညောင်ရေလောင်း၊ ဆုတောင်းလို့ချွေ
တပ်ရင်း(၁)၊ နှမများ၊ မေတ္တာခံယူတယ်လေ
ပြည်ထောင်စု တေးမသန်း အေးချမ်းမှု အတာတော်ရေ။

## တိမ်လွှာနို့ နီလွင်

- ပြာရီမှိုင်းကာနို့ နီ ညို့ညို့ညိုလွင်
ညင်းလေပြေ ဆွေးလို့သာ လေးမကူချင်
တိမ်လွှာလေးတွေပြေးကာ တရွေ့ရွေ့ယှင်
ငြိုးလှောင်ကာ မြူးဝင့်နီ နီးပစ္စုန်ရှင်
သဲ သဲ မဲ မဲ မှာလိုက်မယ်ပဲ ဟန်တွေပြင်
မော်နှဲ့ဝေး တဲ့ သူမှာ အဆွေးသာပိုချင်
လွမ်းစေ ကျွမ်းစေအောင်ပင် သဲကာရွှေနီငြိုးတော့တယ်
တင်စားလို့ရယ် ငြိငြင် ပြောလိုက်ချင်
မြူဆည်မရွှင် တစ်ကိုယ်တည်း အားနည်းသည့်တွင်
နီးသက်လေလေး ရွှေလေအောင် ဖန်ချင်
တမ်းတာအောင် မှန်းဆမြင်
နွမ်းလျှအောင် လွမ်းရအင်
မြင်လှည့် ချစ်သူရယ်ရှင်
နိုင်းပြာ ရီ ညို့ တိမ်လွှာနို့ နီလွင်။

## တဲ့လှယ်မေတ္တာ

လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိဘတွေမှာပင်
ငယ်ရွယ်စဉ်က ကောင်းရာညွှန်လို့ပင်
သမီးရယ်နေ့စဉ် ညအိပ်ရာဝင်
ဘုရားကိုရှိရှင် လက်အုပ်ကလေး ချီပုံကိုသင်
သိတတ်သော အရွယ်ကျပြန်လျှင် အကြောင်းပြလို့ပင်
ခင်မင်ယုံကြည်ကာပင် အသံကြားသနားစိတ်သာဝင်
အဝေရာယောနှု ညွှန်းပြသတွေငါများကိုပင်
ဘုရားရှိခိုးပြီးလျှင် သမီး တစ်သက်လုံး ကျင့်သုံး မေတ္တာအစဉ် ...

(မေတ္တာစက်ဝန်းထဲတွင် ကျရောက်သူမှန်လျှင်
တဲ့လှယ်ကိုယ်ကိုချစ်ခင် မေတ္တာစိတ်တွေပွားကာပင်)၊
ဘိုးဘွားအရွယ်များက မြေးကလေးတွေလိုထင်
ဦးတို့ ဒေါ်ဒေါ်တို့က တူမလေးပဲ ဖြစ်စေချင်
ရွယ်တူသူငယ်ချင်းက ညီမရင်းချာ ထင်မြင်
မေတ္တာ တန်ခိုးအာနိသင် ကျားမ မရွေး အခွင့်အရေးပေးခင်မင်။

မေတ္တာ တန်ခိုးကြီးကြောင်း ယုံကြည်ပါတယ်ရှင်
သူတစ်ယောက်တော့ ပို့ချင် မပို့ချင်
ဘာကြောင့်မို့လည်းမေးရင် အဖြေရခက်တယ်ရှင်
သူ့ကို အထူးပို့ရင် မျက်နှာလိုက်ရာကျမှာပင်
ရွက်သွေးတွေဝင် သူ့ကိုအထူးပဲခင် မေတ္တာ မေတ္တာ မေတ္တာ အထူးပို့ရောပင်
အထူးပို့ရင် အထူးကိုယ်ကိုခင်မင်
မေတ္တာ မေတ္တာ အထူးသူ့ကို ခွတ်ပို့တော့မယ်ရှင်။

(မေတ္တာစက်ဝန်းထဲတွင် ....................... အခွင့်အရေးပေးခင်မင်။)

သန်းအောင်နိုင်

## ထီးကလေး

ခြေဆင်း။ ။ အလှမ်းဝေးယံတွေ
ဆော်လေကာ ဖြိုး
ရွာလိုက်တဲ့မိုး
ပဇ္ဇုန် မာန် ကိုးပါလို့
ဘာကြောင့် ငြိုးတယ်၊ ရွှေမိုးညိုရယ်လေး။

- ဟိုတစ်ခါတုန်း ကတော့ တွေ့ဖူးခဲ့ကြသကို
ဟောဒီလိုမိုးမျိုးနဲ့ အချစ်ဖြိုးခဲ့တယ် အစ်ကို
မောင်လာမယ် ဆဲဆဲ သဲ လည်း သဲ တဲ့ ရွှေမိုးညို
အချက်ပေးတဲ့ လေချွန်သံကို နားထောင်ရင်း
လည်ပင်း ကိုးတောင်ကျော်မလို
လှကြီး အိပ်ချိန်ဆင်းလို့ သစ်ပင်ရင်း အောက်မှာနို
မမှုနိုင်စရာတွေသာလို ထီးကလေးအောက်တွင် နှစ်ယောက်ဝင်နို။

- ရွှေရွှေ မိုးကလေးက ခပ်ညိုညို ထီးကလေးတစ်စင်းအောက်ကို
နီနီ မလုံ့တလုံနဲ့ နှစ်ယောက်နို ကိုယ်ကျုံ့ကျုံ့ လေးနဲ့
ခင်ရယ် အနားတိုးကပ်တဲ့ သူဆို ကျားကိုက်တတ်သလားလို့
တော်တယ် ပြောရှာတတ်သားပေကို အာကလူပဲဆို
ရေစိုရင် ဖျားမှာ နိုးပဲနိုး သကို ဘလေဇာယူဝတ်တဲ့မြို့မကဆို

- သစ်ရွက်မိုးက ဖြိုးဖြိုးဖြောက်ဖြောက် ထီးကလေးအောက်မှာဝင်လို့နို
မြို့စိတ်ထဲက မရဲတရဲကြီးနို့ နီးနီး မကပ်ဝံ့သကို
တော်ရှာတယ်မောင်ရယ် ကြားကလေးသွေး အေးမှာ
နီးရှို့ကာတွေးကြောက်ပါသကို၊ ကိုရွှေမိုးရယ် ယိုးမယ်မှဲ့ပျက်တွေကို
မမှုနိုင်အောင်ဆို ယနေ့တိုင်အောင်မြင်ယောင်ပါသေးသကို။

- ရွှေရွှေ မိုးကလေးကခပ်ညိုညို ထီးကလေးတစ်စင်းအောက်ကို
နီနီ မလုံ့တလုံနဲ့ နှစ်ယောက်ကိုယ်ကို ချစ်တင်းနီးရှာတဲ့အစ်ကို။

## ထိုသုံးပါး

သားတွေကောင်းပြီလေ နေ့ရောညပါအေးစေ ကလေးတွေသီချင်းသီဆိုကြပေ
ဟိုတုန်းကအခြေ ဟိုတုန်းကအနေ
ဂုဏ်ကလေးတွေမှုလို့ အေးကျောင်းထဲမှာနေလို့
အလှအယက်ထိုင်ကာ ဂါထာမန္တန်
မှတ်ထားတာတွေကြောင့် သားပျောက်လို့ ရန်ပြေ

ဘုရားကယ်တာတွေ တရားကယ်တာတွေ သံဃာတော်မြတ်ကယ်တာတွေ
တို့ဗမာပြည် ကျေးဇူးတော်ကား ထိုသုံးပါး ရတနာမှန်ပါပေ။

ဆန်ဆီဆေးဆား လောက်ငှအများ ကပ်ကျော်လွှားခဲ့ပေ
ရတနာသုံးပါး ဦးထိပ်ထား များတဲ့ကျေးဇူးတွေ
အရင်ကနဲ့မတူပေ လယ်ယာကိုင်းကျွန်းအောင်မြေ
တောင်သူတွေအမူးထား အဦးအများသံဃာတွေ
ကျောင်းတွေ ကန်တွေ သိမ်စရပ်တွေ အစုပ်စုပ် ရှုနိုင်ပေ
ဘုရားကယ်တာတွေ တရားကယ်တာတွေ သံဃာတော်မြတ် ကယ်တာတွေ
တို့ဗမာပြည် ကျေးဇူးတော်ကား ထိုသုံးပါး ရတနာမှန်ပါပေ။

(ဘုရားတွေ ကျောင်းတွေ တန်ဆောင်းတွေ လှူဒါန်းတာတွေ
တို့ဗမာဆိုတဲ့အမျိုး အကျိုးခံစားရပေ)၊
ဆရာတကာပါပေ ဘုန်းဘုရားရဲ့ အရိပ်နိုပါရစေ
ကြည်ဖြူရွှာသလေ သနားမကောင်းရှာဘူးထင် မိန့်သလေ
"အေးလကွယ် နေကြလဟဲ့ စိတ်တိုင်းကျ သင့်တော်သလိုနေ"
ဘုရားကယ်တာတွေ တရားကယ်တာတွေ သံဃာတော်မြတ်ကယ်တာတွေ
တို့ဗမာပြည် ကျေးဇူးတော်ကားထိုသုံးပါး ရတနာမှန်ပါပေ။

## ၁၃၀၀ - ပြည့်သကြိန်

– မန်းသူနဲ့မှ နယ်ယဉ်ယဉ်တွေ လန်းပါစေဝါရေလောင်း
ဥဒ္ဒါကြွေပြောင်းပေါ့ ခင်ရယ်
အေးစေတော့ဆို၊ လောင်းတဲ့စိတ်ရှင်းပင်
အဟုတ်ပနမလေးအသွင်၊ အလှဘုရင်တွေ
သူတို့ကိုယ်တိုင် လောင်းကြမှာရို့၊ မငြင်းသာပြီတူ့
ရွှေမန်းမြို့မဟောင်တို့၊ သကြိန်တော်တွင်၊ ငန်းရွှေဖြူယာဉ်
မနစ်ကပေါ့လောင်းတယ်ထင်ရဲ့၊ မစေ့ဘူးကျွယ် သူပဲထင်
သန့်ရှင်းဖြူစင်၊ နှစ်မတွေမောင်ရှင်း သို့အသွင်
မြအဆင်းကြည်လင်၊ ရေလောင်းနှစ်ကူးတဲ့
ခင်တို့ကိုလေ၊ မာပါစေအကြိမ်ကြိမ်၊ ရာငြိမ်ငြိမ်
မဟောတာမ်း တောင်မကသေးပေါင်၊ ကျေးဇူးလဲတင်
ဒီနှစ်တွင်လဲ၊ တွေ့သာ ပေါ့ခင်ကို
သေဝရှရာ၊ နတ်မျိုးလို့ပဲထင်၊ ဒီနှစ်မြင်ပြန်
ယဉ်ပုံတွေ၊ စာချွဲလေ၊ မျိုးလေ၊ ခါရေအကျိုး မှန်တယ်ထင်။

## ထပ်တစ်ရာလန်း (မေတ္တာလို့ အမှတ်-၃)

ငွေစန်းရောင် မြူးယှက် ကူးနေ
ကြည်နူးအေးမြ သီတာရေ အေးမြသီတာရေ
သတ္တပတ်ကြာ ထပ်တစ်ရာ လန်းကြိုင်
မွှင်သော ပန်းသို့မြိုင်ပါစေ ကြိုင်စေ လှိုင်စေ။

ကောင်းတဲ့စိတ်တွေ ယှဉ်ကာထားလို့
ပို့သော မေတ္တာရေ ပို့သော မေတ္တာရေ
သောမနဿ သမ္မယုက် ယှဉ်ကာထားလို့
ပို့သော မေတ္တာရေ ပို့သော မေတ္တာရေ
ဘယာပလို့ ကိုးဆယ့် ခြောက်ဖြာ ကင်းကာ
မာဆော သက်ရာကျော် နေ
ကြာရေ စမ်းသို့ နိဗြေ။

မြရောင် စနေ့ဘာသာတွေ
ကျညီနေ အေးဓာတ် ဩဘာ အိုင်တွင်းကြည်ရေ
ချပ်လျှာ ထပ်တစ်ရာ သတ္တပတ်ကြာကဲ့သို့ နေ
အတူပဲလေ အပေါင်းမိတ်တွေ မွှင်လန်းပါစေ
ကိုယ်မြို့မ အမြဲပဲလေ သတ္တပတ်မေတ္တာရေ။

## ဒေါင်းစက်ယာဉ်

- စိတ္တရှာယ် မတိုင်မီ ကမ္ဘာတည်စတွင်
မဆင်မခြင် ကမ္ဘာဦးသူများအမှတ်မဲ့ပင်
ဘူမေဒနီ မြေဆီထွေး စားကြူး မှားရာတွင်
ကိုယ်ရောင်ကွယ်ပလို့ မှောင်ကြီးကျခဲ့လျှင်
တစ်စုတစ်ရာ ဘာကိုမဆို မဆင်မခြင်
ကြောက်ရွံ့တွေဝေနေစဉ် ရုံမာန်တွေဝင်ကြလို့
ပြောသည့်သို့ပင် ဒေါင်းနေစက်ယာဉ်
ဖြွှား ဥဒည်ရွှန်းက ထွန်းပစေစေလျှင်
အမိုက်မှောင်ရှင်း သလင်းရောင်ခြည် တစ်ထောင်သူဆင်ယင်။

- (ဒေါင်းစက်ယာဉ် တစ်နေ့လုံးသူ့ လှုပ်ရှင်း၊ ရောင်ခြည်လေးတဲ့အပြင်
သည်ရွှင်ရွေ့ တစ်နေ့ကုန်လျှင်၊ ရွှန်းမိန့်ခြွက်နှုတ်ဆက်ကာပင်)၂
လွှမ်းမွှယ်ဒီ ရှိန်တွင်၊ ထိမ်ပင်ကျွန်းဆီ ယွန်းမည်ဆဲဆဲ ရဲရဲတိမ်နီဆ
ရွှမန်းမြေဆီ နေခြည်ထိုးရင်၊ ကျူးငြိ့နီး ပြာနီး ပမှင်
နီမောင်းမောင်းပြေလျှင် တစ်နေဝင်
နောက်တစ်နေ့ထွက် ဆက်လက်မျှော်မှန်း တမ်းတလျက်ပင်။

- နေထွက်နေဝင် ရွှေဂုံမှာဆိုစဲ့ရင်၊ သိဂုံတ္တရ ကုန်းမြင့်ပလ္လင်
ရွှေစေတီနေခြည်ထိုးရင် အများကြည်နူး မြူးမွှယ်ပင်
အစွယ်က ယဉ်ယဉ် ကြည်ညိုဖွယ်သူလေးအသွင်
မြင်ရသူ မလွှမ်းမကာမ်းပင်၊
ဆံတော်ရှင် စေတီဦးထွင်၊ အထူးထူးများ တောင်းတယ်ထင်
ဖလ်ဒေါင်းစက်ယာဉ် ဝင်လုဆဲတွင်၊ တိမ်စော်ရုမ်း ကောင်းကွက်ဆင်
အများစိတ်ထဲ ကြော်ခွဲအောင် ချဲ့ယှဉ်။

- ဒေါင်းစက်ယာဉ် ........................................ မျှော်မှန်းတမ်းတလျက်ပ

## ဓာတ်တူနဲ့တူ

ခြေဆင်း။ ။ အသားဖြူ မြင်းတစ် ပြေးတဲ့ ရွှေကာစာဆိုမှာယူ
အသားတော် ညိုညို ညိုညို ညိုညို့မို့
နန်းသုံးထိုက်သူ ဆိုကြသတဲ့
ဆေးတစ်ကမ်း လက်တစ်လှမ်းကပင်
ကြည့်လိုက်တိုင်း ယဉ်တယ် ဆိုချင်သူ
စိန်စေဒါလိုလူ ဘယ်လိုဆိုကြမလဲ
အနီးကြည့် အဝေးကြည့် မှန်းစမ်းပါ
သွားလေး အသားလေး မမှားအောင် ဉာဏ်ဆောင်ယူ
အနီးကြည့် ပကာတိ ယဉ်တယ်ဆိုပါမို့
တို့ဆရာ ရွာစား သွားကလေးကပြီးသနဲ့
မြှောက်များ ပေးလိုက်ယင် အများကြီးကြိုက်လိုက်မယ့်သူ။

- အော် - မြန်တိုင်း စမ္ပူ၊ နာမည်မွေးလို့ကြူ
ထက်အောက်နိုင်ငံ ဂုဏ်သတင်းကြူ
အထူး ဘွဲ့တံဆိပ်ခံယူ ဂီရိရတနာမြတ်ပါတော်မူ
ဟိုအနောက်နိုင်ငံ တော်ဘုရားက အပါးခေါ်ယူ
တေးသံစုံညင်း နားတော်သွင်းစေတဲ့ နေမျိုးဝလကျော်သူ
အသားညိုညို သပိတ်နဲ့ လည်းတူ ရုန်ကနား နဲ့စံထားပုံခံယူ
အော် - ပြာပြာ ညိုညို မှောင် ဓာတ်ပြားနဲ့လည်း အလားသဏ္ဍာန်တူ
စိန်စေဒါ ကို သူ့အသွေး ဆေးဖက်ကိုယူ ဓာတ်တူ နဲ့တူ။

\- အပြို့ပြို့ အရှာရှာ အလှူအတန်းရှိမှ ဆက်ဆက်မိတ်ကြား မိတ်များကဝေပေါပ
တို့မြန်မာ မင်္ဂလာအခါပေ ဤဆိုင်းတော်ကြီး ဘိသိက်နည်းမှ
ကိုယ့်အမျိုး မညှိုးဆောင် အကျိုးဆောင်သူ
အသွားကလေမက်နဲ့ ပုံစံဆင်ဆင်တူ
အမိမြန်မာပြည် သားကောင်းတစ်ယောက် အဝင်သူ
အစဉ်ကြည်ဖြူ မိန်ဒေါ နေမျိုးလေကျော်သူ။

\- အရိုးရောအသားရော သေသတနားဝယ် ယဉ်ကျေးစောမွဲ့သူ
လိုလေသေးမရှိတဲ့သူ အများမိဘမြှောက်စား ကျေနပ်စွာကြည်ဖြူ
ကြာလေ ဟောင်းလေ ကောင်းသတဲ့
ဟိုခေတ် ဒီခေတ်အကုန်လုံးချစ်မြဲ နေမျိုးလေကျော်သူ
မိန်ဒေါ မိန်ဒေါ မိန်ဒေါ မိန်ဒေါ ရှားပေါ်ရှူး။

## နှင်းရွာ

- အတာတော်ကူး တနှစ်လာပါတယ်
ရွက်သစ်တွေလောင်း ရွက်ဟောင်းတွေကြွေ
ဂိမှာန် နွေပေါက်ပြန်မြူးတော့ တမြူးမြူးကွယ် လူးလွန့်တယ်
ဒီလ ဒီချိန်ပါတယ် လွန်ခဲ့တဲ့နှစ်တွေတုံးက
ပျော်ပျော်ရွှင်ရွှင်နေတာတွေရယ် တရေ့ရေ့ကွယ်
အောက်မေ့တယ် ကျကြ လှပျိုမြူးခင်နှမရယ်
မမြင်ရ နှစ်ပရိစ္ဆေ အရင်ကချစ်မိတ်ဆွေ
တခါတလေတော့ ဘယ်လိုမြဲလဲ အောက်မေ့မိပါတယ်

- နှင်းရွာမို့ သဘောကောင်းသူရယ်
ပက်မှပက်တော့ လွန်လွန်းတယ်
စေတနာတွေကြွယ် တိုးလို့ပက်တော့ကွယ်
ရေကုန်ရင်တကယ် ခပ်လို့ အေးပါမယ်
နှင်းရွာမို့ သဘောကောင်းသူရယ် ပက်မှ ပက်တော့ လွန်လွန်းတယ်

- ဗဟိုကျောင်းက စုလို့သာ လာခဲ့တယ်
ရွှေမန်းမြို့ ဆီးလို့ရယ် ကြိုတော့ကွယ်
ဒီလိုသာ နှစ်စဉ်ဘဲကွယ် အမြဲဘဲတွေ့ချင်တယ်
ရွှေမန်းဆို တောင်တော်ရိပ်ကို နှလုံးကာရယ်
ဗိတောက်တွေ တဝေဝေ ရွှေမန်းသူနဲ့လေ
မဆွေတန်းတူမြဲပေ ခင်ခင်မင်မင် ကြင်ကြင်နာနာ
ရွှင်ပြုံးအုံးကွယ် ပြန်အုံးမယ်
ရွှေမန်းမြို့ အလှဖူးရယ်
ပက်တဲ့ရေကစိုစိုနဲ့
အေးမိမှာလဲ အလွန်စိုးပါတယ်
နှင်း ....... ပက်တော့လွန်လွန်းတယ်

၆



## နတ်သျှင်နောင်

- တပ်တော်ဦးဆီ မျှော်လိုက်ပြန်တော့ ရဲတံခွန်တွေ လေကစား ကြွားတလှလှပေ
တပ်ဦးဆီ မျှော်လိုက်ပြန်တော့ တံခွန်တွေ အလံတွေ ရဲမာန်ပွားလောက်ပေ။
သေပစေ ရင်ကိုမြေကတုတ် မဆုတ် မတွန့်မရွံ့တဲ့သူတွေ
သဏ္ဌာန်ပြောင် ထောင်ထောင်မောင်းမောင်း သူရဲကောင်းတို့ လက္ခဏာညီပေ
မြင်းသည်တော်တွေ ဆင်သည်တော်တွေ
မြင်းကတုတ် ဆင်ကတုတ် ကတုတ်တာပေ
အစောင့်အနေ စီမံဂိုလ်မြေ စစ်ဆင်တွေ တသီတတန်း စစ်စခန်း ချရာမြေ။
- တောင်ကညိုပြီတော့မယ် မှိုင်းမှိုင်းမှုန်ပေ
မိုးသက်တွေ လေဇော့လို့ တရွေ့ရွေ့ယှုသလေ
တိမ်နီးလေပြေ လွမ်းငွေ့တွေပေ၊ ဟော်မစုကျွမ်း လွမ်းစိတ်တွေမွေ
ချစ်တဲ့သူ ဓာတုကလျာဆွေ လွမ်းရတဲ့ဖြစ်အင် ထင်မြင်မိစေတဲ့
ဘုရားတိုင် စစ်ချီရတုတွေ ရေးလို့ အော် ကျေးငှက်ကို စေ လို စေ
မြေ လည်း ငယ် မြေပြေပါနိုင်ဘဲ စစ်ထွက်ဆဲတောင်ငူဘုရင်မှာလေ
လွမ်းစာရေး ရွှေပေထက်မှာ တင်ရှာပေ။

ပေါ်ရွှေလာလျှင်၊ တောင်ကဖြိုမ်မြူး၊ မင်းလွင်ဦးနှင့်၊ ပုံ့ပျူးချုပ်ထိုင်း
မှန်းတိုင်းဆင်လို၊ တိမ်ညိုမှိုင်းထပ်၊ ပြက်လျှပ်ပြကာ၊ စိမ်းဝါမိုးပန်း
တွေတွေစွန်းက၊ ရေသွန်းသာကြည်၊ မျှော်ရမည်ကို၊ မြရည်သက်မှတ်
ရောက်ခဲလတ်ဟု၊ ချစ်ထွတ်တင်သည်၊ ပြာစင်ရွှန်းလတ်၊ မြူဝင်းမှတ်လျှင်
ကြာညွှတ်ဖယောင်း၊၊ နေနှိန်ပြောင်းသို့၊ ဆင့်လောင်းလွမ်းဖွန်၊ မှိုလိမ်မုံဟန်
တိမ်စွန်လေလျှင်၊ ဖူးရောက်ချင်သည်။ ။ ငှက်သွင်ပျံကြွ မတတ်သော်
ပိတောက်တွေ ရွှေရည်လူးကြမယ့်အမြေ၊ ပုလဲငုံမပေါ်ဖြူ ဖူးနိုက်စေပေ။
ပန်းမျိုးစုံ ရာသီကုန် ကူးခဲ့ပေါ့လေ၊ ချစ်သူကိုရည်စူး စူးတယ်လို့ရွှေ
ကိုယ်တိုင် လှရာရာရွေးလို့ ဆင်မပေးရ ဆံမြညာတော
စစ်မြေ မှာ ကြာညောင်းရက်ရှည်၊ ရောက်မယ်အထင်နဲ့ မျှော်တဲ့သူမှူးရာမွေ
တစေ့းစေ့း ဆွေးရှာရှာမယ်လေ။
တောင်ကညို ............................ ရွှေပေထက်မှာတင်ရှာပေ။

## နန်းမြို့တော် (မရွှေလေး - ၁)

- ရွှေဉာဏ်ကွန်ယက် ဖြန့်ကျက်ကာပင် ရှုတော်မူလိုက်သည့်တွင်
  နောင်သောအခါ၌ ရှင်ချစ်သားသနား အမွန့်ရှည်လို့တည် ထွန်းမှာမြင်
  လဝန်းရည်သို့ စန္ဒမုခီ မန်းတောင်စံ ဗိမာန်ရှင်
  ဖွံ့ဖွံ့ ကြိုင်လန်း ဝတ်ပန်းစုံကို ထူးမြတ်ကဲလွန် ရဲအလှူတွင်
  လက်ရုံးတောင်ငင် နတ်သမီး မြို့ကြီးတည်အုံပင်
  ဗျာဒိတ်တော် ကိုဆင် ထင်ရှားကောင်းနိုးမြင်
  အနာဂတ် မျှော်မှန်းကြိုတင် အတပ်သိကာမြင်
  ဈာနလာဘ် အဘိညာဉ် မြေလျှိုး မိုးထက်တစ်ခွင်
  တန်ခိုး ပြည့်ဖြိုးစုံလင် ရသေ့မြတ်တို့ အရှင်
  ကိန်းခန်းသိုက်နဲ့အညီ တည်သောရတနာပုံနေပြည်ပင်။
- မြူးသန်းနဲ့ ဘုံမှူ နတ်ဝိသုကာဖန်သလိုပင်
  အုံ့စွယ်ဘနန်း ရွှေတောင်နန်းသစ်လျှင်
  ထောင့်နှစ်ရာနှစ်ဆယ် ရှန်းတစ် ပြည့်မြောက်ကာဆုန်တွင်
  ကုန်းဘောင်နွယ်ဘုန်း မြို့တည်မင်းတုန်းဘုရင်
  အနောက်ဝယ်ရစ်ရွှေ ရောမြူးရှင် စေမြမြကြည်လင်
  တောင်တော်မန်းဦး ပုံ့ပျူသောမြေပြင်
- ဘုံတွေဆင့်လို့ အဆောင်ဆောင်တန်းစဉ်
  လေးဆယ်ရှစ်ရပ် ပြာသာဒ်ရုံဝန်းလို့ စုလစ်မွမ်းချွန် အာကာဝေဟင်
  ဝိသုကာအတတ်သည့် ဖမာပီယဉ်ယဉ်
  ရာသီစက်လည် ဒွါဒသီတံခါး အညီ
  ကျုံးမြို့ရိုးဝေ သုံးဆယ်မြင့်တက် တစ်မျက်နှာမြောက်ရာ တာအညီစီရင်
  သုဒဿနမြို့ ဝေယန်လိုပင် တည်တော်မူလေသည်
  ဆယ့်ကိုးရာစုနှစ် အလယ်ခေတ်တွင်
  မြောက်လတ္တီတွဒ် နှစ်ဆယ့်တစ် ဒသမ ငါး နဲ့
  အရှေ့လောင်ဂျီတွဒ် ကမ္ဘာ့ပထဝီ မြေဒီဂရီဆိုလျှင်
  သီရ ကိုးဆယ့်မြောက် ဒသမ ရှစ်တွင်း မြို့မအသင်းဖွားမြင်။
- မြူးသန်းနဲ့ဘုံမှူ .............................. ပုံ့ပျူသောမြေပြင်။

## နွယ်စိမ်း

- မာလာဖြိုင်နန်း၊ လန်းဖြာဝေစီ၊ ဖူးညှာတံချို
နွယ်ပန်းနိုင် ပန်းတွေစုံကြ
မာလာဖြိုင်နန်း၊ လန်းဖြာဝေစီ၊ ဖူးညှာတံချို
နွယ်ပန်းနိုင်၊ ပန်းတွေစုံကြသည်။

- (လှသူတွေ၊ ဂုဏ်ရည်လှပါလို့၊ သူ့ထက်ငါ ဖြာဝါရွှန်
တစ်မျိုးတစ်ဖုံစီ၊ မူယာနံ့တွဲ့တွေ့ကြသည်)၊
လှုပ်လှဲ့လှုပ်လီ၊ တစ်မွှင့်တည်းတင့်ဆန်း၊ အလှပန်းအာသာဝတီ
မောင့်စိတ်ဝယ်၊ ချွေမဆည်၊ နွယ်နီ
ကာသိုလ်ကံကြောင့်၊ လွမ်းဆောင်ဖန်ခဲ့ပြီ။

- (ချစ်မိုးရယ်ပလီ၊ ရေစင်ကြည်လှဲ့၊ ချွန်းပက်ပါခဲ့လို့
နွယ်နီပန်း၊ မှင်လန်းသာလို့စီ
မယိမ်းယိုင်နိုင်ပါပြီ၊ မျှော်လင့်မိခဲ့ပြီ)၊။

- မုန်တိုင်းငယ်ဆင်၊ ဘယ်လိုပင်ကြမ်း၊ မညှိုးနွမ်းဘဲအစဉ်
အနံ့အဆင်း၊ ကင်းလိမ့်မည်၊ တကယ်ကိုမထင်ပါသည်
မစောကနွယ်နီ၊ အသွင်ပြင်တိမ်းတဲ့ကာ
နွယ်စိမ်း ရှင်မကြီး၊ ဖြစ်ရှာလေတော့သည်။

**နှံ့ဆိုး**

- တေးသံလေးတွေ၊ မြန်တိုင်း ပြေ၊ မြန်မြူးခဲ့ပြီလေ
  တစ်နေ့ထက်တစ်နေ့ကို၊ ရွှေနားဝင်ချိုစေမည်
  ကလေးအရွယ်နုနယ်၊ အခရာနေရာလို့ပလီ
  သက်ဟာချစ်စနိုး၊ နှံ့ဆိုး သံကလေး၊ ခွင့်ပေးချစ်ကြည်ကြည်။

သံပြိုင်။ ။(ဂီတာအရွယ်ငုံဖူး၊ နုနယ်ပေသည်
ရွှမန်း၊ မေတ္တာရေစင်ဖျန်း၊ မွှင့်လန်းလို့စီ)၂
သက်ဟာဆင်ကြရမည်တဲ့၊ ရွှေနားခွဲသာကြည်
သံပြိုင်သီရွှံ့၊ ယဉ်သာထက်ယဉ်၊ ပေပါတော့မည်။

- မြို့မငြိမ်းဘာအပေါင်းကို၊ ရည်မှန်း၊ ငြိမ့်ငြိမ့်ညောင်း
  အစတောင်းလိုက်သည်
  ပျောင်းပျောင်းနှံ့နှံ့၊ အသံကလေးတွဲစီ
  ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာစေကြောင်းကို အလီလီ။

## နှံ့မျိုးစုံ

မ ။ ။ မောင့်ကိုပင်၊ အသဲခွဲစိတ်က၊ မျှော်တမ်းတ၊ လွမ်းရနေ့စဉ်
ရွှေလည်တိုင်၊ နှံ့နှံ့မှောင်း။ ညှောင်းပါပေါ့ရှင်
အုံးသခွာ၊ စက်ရာခန်း တွင် မောင်လွမ်းခဲ့၊ တကယ်ကိုချစ်ရင်
ပန်ဆင်ကာ၊ မေတ္တာပန်း။ နှံ့ပြစမ်းချင်
သူ့အကြိုက်လိုက်လို့ပင်၊ ရှုပါသွင်၊ မှုယာဆင်၊ နှံ့နည်းပေါင်းစုံလင်
ဝေဝေလွှင်လွှင်၊ လောကွတ်ပိုလို့ပင်
အချော့ကောင်းမျှော့ပြောင်း။ ပေါ့ဖယောင်းအသွင်၊ ဂါရဝတင်
နှံ့နည်းစုံညီကာမွှေကြိုင့်မယ်ရှင်။

ကျား။ ။ (ကလေးဆိုးလိုပင်၊ နေရာတိုင်း။ နှံ့လိုက်ချင်
အချစ်စမ်းတဲ့ခင်၊ အလိုက်သင့်ပေါင်း။ ကောင်းမည့်သူကိုပင်)၊
မှုချင်နှံ့ချင်၊ မျက်နှာသာပေး။ ရွှေဆေးပန်းကန်တက်တယ်ထင်
နှံ့လိုက်အုံးလေ၊ အချစ်ဆုံး စံထိယဉ်ယဉ်။

မ ။ ။ အတိတ်၊ ဟိုရွေးရာစခင်၊ နှံ့ထိပ်ခေါင်တင်
ဥမ္မာ၊ ပပရွှေခင်၊ ဝေလုဝတီခင်
မင်းငါးဆက်၊ ဒေဝီမြှောက်တင်၊ ရှင်ဘို့မယ်၊ အလှဘုရင်
ကျော်သမျှတော့၊ အမျှော့ပေါ့ရှိတယ်ရှင်
အို – ကိုချစ်သူ၊ ကိုမှုနှံ့လို့လှကဲ့ရဲ့မယ်၊ မထောင်။

ကျား။ ။ နိုင်ငံပေါ်ယမ်းရူး၊ အတွင်း၊ နှုးညွှတ်သလိုပင်
နဲ့မျိုးတွင်ပါရှူ၊ မူယာစုံတဲ့ပြင်
မြင်သူမူးရူးမဲ့သွင်၊ ကြည့်တိုင်းပင်၊ မောင့်စိတ်ထင်
တကယ်ယဉ်၊ နဲ့တဲ့သူကို၊ အပြစ်မယူ၊ ကြည်ဖြူလျှက်သားပင်
အို - စိတ်မဆိုး၊ တိုးလို့ခင်မယ်ထင်။

မ ။ ။ (နှုတ်ခမ်းဆူကာ၊ မူမှာပင်၊ ငိုမဲ့မဲ့နဲ့မယ်ရှင်
မောင့်အပေါ်ကာ၊ ဖေါ်းမစ္စါချင်၊ သနားစရာ၊ ပုံရှုပ်ဆင်)၊
နဲ့တက်သူဟာ၊ အချစ်စခန်းမှာ၊ တစ်ပမ်းသာတယ်ထင်
ဘကြီးသား၊ များကဖြင့်၊ အသစ်ကိုမြင်ချင်ချင်
နဲ့တယ်ဆိုတာဟာ၊ မိန်းမမှာသူ့အစေ့မို့၊ ခွင့်ပေးစေလိုသရှင်။

ကျား။ ။ အလှမှုသာ၊ နုတ်သမီး၊ ရှုမငြီးတဲ့သွင်
မူတဲ့လို့ကြိမ်မဲ့ဟန်ပြင်၊ မာယာစုံနဲ့ယဉ်
ကျောင်းသက်နီးတစ်ခုလုံး၊ ချုံနွယ်ဖုံးလို့ပင်
သုံးနှစ်လုံးလုံး၊ ရှာနဲတွေ့ဆုံးလို့၊ ရသေ့လေးမှဆေးတင်
ပင်းယစ္စနန်းတွင်၊ တစ်စီးရှင်ဒေဝီတင်
လင်းယောင်သူ၊ မူနဲ့အား သနားဆိုသလိုပင်
အလောင်းတော်၊ ဥဒေါင်းမင်းတောင်
ကျောက်ဂူင်းထဲက၊ အနဲ့အမူခံမယ်ထင်။

သန်းဆောင်နိုင်

## နှင်းတော့ကြယ်ဖြူ

– အလှနဲ့အနုအယဉ်၊ သူ့တစ်ကိုယ်လုံး၊ စုတော့ကာသင်
အမွှမ်းတင်၊ ဆီးကျူးမယ်၊ ဆပ်သဝါသား ဖေါ်နုသွင်
တမုတ်ကြူပဏ္ဏမြားသွေး၊ ပြုံးတဲ့နှုတ်ခမ်းလေး၊ နီလွင်
သောက်ရှူးကြယ်ရောင်၊ မျက်လုံး၊ မြပိတုန်း၊ ညိုညိုကေသီမင်။

– (မေ့သွားလေး၊ တွေ၊ အတူမြင်၊ မုလဲလုံးကလေးတွေ၊ ကုံးသွယ်စီစဉ်
လမင်းပဝင်းကြီးလဲ၊ မေ့မျက်နှာသူ့ပဲထင်)၂
နှင်းဆီလှရည်သွေးကာ၊ တွေးမို့မို့၊ သူသာတူချင်
သူတို့ကိုလေ၊ မေနဲ့တူတယ်ဆိုမိရင်
စိတ်ကြိုက်တွေ့ပြီ၊၊ မနေ့သိတီ၊ ပြုံးစိစိကာမြင်။

– ပဏ္ဏမြားကအသေသာယူချင်၊ နှုတ်ခမ်းလေးဟာသူ့နှင့်ဆင်
မျက်လုံးလေးနဲ့နှိုင်းတဲ့လျှင်၊ သောက်ရှူးကြယ်၊ ဝတ်ယူမယ်ပင်)၂
ပြုံးမလို့၊ ပိတုန်းညို၊ ကေမှင်၊ ကြာဖြူမွှင့်အာဝင်မြင့်ချင်
(ချစ်တင်းကြူ)* ရင်၊ သူနဲ့တူမတဲ့အစဉ်။

## ဖြိုးမငြိမ်း နှင့် သူ့အနုပညာ

### နှစ်ပီသသာချွဲ

- စိန်ခြူးကြာညောင် လရောင်တွေလင်းပါလို့ မှန်ရွှေပြတင်းဆီက မယ်နုမျှော်
  သုံးချက်စည်တော် ရိုက်ဆော်ကာ ညှင်းတယ်လေး လင်းပြန်လုနော်။
- ရွှေကလျှင် ထိပ်ခေါင်တင် သခင်မမော်
  သူ့မောင်တော်ပြန်လာခဲ့ စက်လည်းမပျော်
  လာနီးမယ်မျှော် ထူးတဲ့တစ်ကိုယ်တော် သုံးချက်စည်ဆော်
  သံရိုးရိုး ရွှေပဟိုရ်ညှင်းတယ်
  တောင်တောင်ပံနက်သံပြင်းတယ်ကွယ် လင်းကြက်တွန်သံကြော်။
- ခုနေခါရှိများဖို့ရင် လျှင်ထိပ်ခေါင်တင် သခင်မကြီးထံတော်
  အရောက်သွားလို့ ဘုရားကျွန်မရဲ့အဖြစ်တွေကို
  ဖို့ကြတဲ့လူတွေနဲ့ သူသိလေအောင်
  စိန်ခြူးရယ်တဲ့ ကြာညောင် ကြာညောင်
  ဘောလယ်ကဲ့သို့ တစ်ပုဒ်လောက်ရေးဖို့၊ အကြံလေးများ ပေးသနားပါလို့
  တင်ရသော် တော်မလားနော် လာနီးမျှော်၊
  မှန်ပြတင်းက လည်ပင်းကိုးတောင်ကျော်။
- ရှင်ကျိန်တာတွေ အဟုတ်စူးမနော်
  တမင်လိမ်တာတွေ မမြုပ်ဘူး စူးပေါ့သလိုပေါ့
  ဟိုနောက်များနော် သွေးပေါက်ပြားကာ မျက်နှာများနဲ့သော်
  ကျိန်တာများလည်း ကောင်းတယ်မထင်နဲ့
  မိုးကြိုးကျိန်ရင် မိုးကြိုးချေကျင်းငြိမှာ နိုးရသတော်
  ရွှေလရောင်ထိုး လာနီးမျှော်
  မှန်ပြတင်းက လည်ပင်း ကိုးတောင်ကျော်။
- အရွက်ကျင်းပါပေါ့
  လင်းကြက်ကယ်ရွှေတောင်ပံ နက်သံပြင်း ယှဉ်းတဲ့ ချိန်နော်
  တွန်သံပေး စေနီးခေါ် တကြော်ကြော်
  အခန့်သင့် သူပြန်လာသော်
  ဒါကဘာကြက်တုန်းလို့ ခပ်ငေါ်ငေါ်နဲ့ မေးလိုက်ရင်နော်
  စစ်တကောင်းကြက်ကြီးပါကွာ
  အချိန်မနည်းပေါင် နှစ်ပီသသာချွဲလောက်တော့ ရှိမပေါ့ ဖြေပုံပေါ့။

## နှစ်ယောက်ထဲ

ဖြေဆင်း။ ။ နှစ်ယောက်ထဲဆိုရင်
ကောလက်ဆုံဝင် ပြောခွင့်နဲ့ပင် အရသာထူး
ရှူးတယ်လို့ ဆိုချင်ဆို ကျိန်စေချင် ကျိန်ပါမယ်
နတ်စည်းစိမ် ဆယ်သက် တကယ်မမက်ပါတယ်
စမ်းချင်တယ်ဆိုရင် ကမ္ဘာအပြင်ထွက်လို့
နှစ်ယောက်သား သောက်ခါးနို့လားမောင်ရယ်
လောကကြီးကို မေ့ပြီး ပစ်နိုင်တယ်။

- အရင်ကရှင်တို့ကျွန်မတို့ အဖေနဲ့အမေတွေ
ဘိုးဘေးတွေ ဘွားဘေးတွေ နှစ်ယောက်ထဲ တွေ့ကြဆဲပါဝယ်
အာကာလျှာပုံပြုလို့ မေ့ရကလောင်းသဖွယ်
သမုဒ် မင်ရည်ခြယ် ချစ်တာတွေ တွင်တွင်ပြော မောနိုင်ဘူးတဲ့ မောင်ရယ်
သူ့ခေတ်နဲ့တော့ သူတွင်ကျယ်မယ်၊ သူတို့ကိုလည်းပြိုင်ဖို့ မလိုဘူးထင်တယ်
နှလုံးသွေးအစစ်နဲ့ ချစ်တာတွေကို မောင်ရယ်
မောင်နဲ့ နှစ်ယောက်ထဲကျမှ ရေးပြချင်ပါတယ်။

မောင်ရယ် - နှစ်ယောက်ထဲဆိုရင် မောင်ရယ်
စရိုက်တောင်ထိပ် နေချင်ရင် အရသွား
ရေရှားတဲ့ သဲကန္တာရ ဆဟာရ မရှောင်တယ်
နေမမြင် ရေပြင်ခဲတဲ့ မြောက်ဝင်ရိုးစွန်းကိုလည်း ခေါ်ခေါ် လျှော်ပါမယ်
သဲသဲမဲမဲ ဖွဲ့နဲ့ နှစ်ယောက်ထဲ နေချင်တယ်။

ချိန်းတဲ့ည ကျုမှ ငွေလရောင် သူတွင်ကျယ်
ကမ္ဘာမြေတစ်ခွင်လုံး မြူမဖုံး တိမ်မကွယ်
ထက်ကောင်းကင်ဝယ် ထိန်ထိန်သာတော့တယ်
မှောင်မိုက်မိုက် ချောင်ကြိုက်ကြတဲ့အခါဝယ်
လောကွတ်ချော်တော်မူအားတယ်
မိုးလနတ်သား တိမ်ကြားမြုပ်စေသားလို့
ဆုတောင်းရမလား သတိထားတော်တော်ကျယ်။

(မောင်ရယ် ...................... နှစ်ယောက်ထဲနေချင်တယ်)

စိမ်းရွက်ညိုကြိုအကြားက ပြောက်ပြောက် ကျားကျား ရောင်ခြည်ဝင်တယ်
မြေပြင်ငွေမင်လူးသည့်နှယ် လရောင်တွင်မကြောင်ဖုံလို့
သစ်ပင်အောက်မှာ မှောင်နိုကာရယ်
နှစ်ယောက်သားတွေ့ကြရာဝယ်၊ မောင်ရယ် အကျိုးသန် ရန်ဖြစ်ရလိမ့်မယ်
ဒါ – နှုတ်ဆက်တာလား မျက်နှာထားမယုံစွယ်
အံတကြိတ်ကြိတ် ထိတ်များထိတ်ပါဘိတော့တယ်။

(မောင်ရယ် ......................... နှစ်ယောက်ထဲနေချင်တယ်)

## ပါရမီတော်

ရင်၌ဖြစ်သော သားလို မဟာကရုဏာမျှား သနားတော်မူသည်
ဩယာဝ် သံသရာ ကြင်လည်ရရှာ ဝေနေယျ သတ္တဝါ ကြာရှည်
အမြိုက်ရေဆေး တိုက်ကာ လူနတ် ဗြဟ္မာအား တရားပြကယ်မည်
ဗောဓိသတ် လောင်းလျာ ပါရမီ အသရေ များစွာ ကမ္ဘာက ကျင့်ရှာသည်
အလွန်အမင်း စွန့်ခြင်းငါးလီ ပဥ္စမဟာပရိစ္စာဂီ
လောကတ္ထ ဉာတတ္ထ ဗုဒ္ဓတ္ထစရိယာ ကျင့်ရှာခဲ့သည်
လောကသုံးပါးတို့၏ စီးပွား ကို များဆောင်ဆောင်သည်
မျိုးတော် ဆွေတော် ရွှေတော် အပေါင်းတို့ ကောင်းကျိုးသာ မျှော်ကိုးရှည်
သဗ္ဗညု ဉာဏ်ကို ရရန် သမ္ဗောဓိ ဆုကိုပန်သည်
ဆည်းပူးခဲ့ရရှာသည် သုံးဆယ်အပြား ဘုရား ပါရမီ။

သဗ္ဗါသန်သည် ဘုံနန်းဗိမာန်အိုးအိမ် စည်းစိမ်မယား ရင်ဝယ်သားလည်းမငဲ့ပြီ
မဟာပထဝီ နှစ်သိန်းလေးသောင်းထုလို အသားတော်ရ ဘယ်လိုပြိုပြို လှူမည်
အသွေးထုတ်ဝေ သမုဒ်ရေ အမျှညီ
ဘိသိက်တော်ခံ မကိုင်ဆောင်းခေါင်းဖြတ် ဒါနအလှူဘယ်သူမမီ
စာမရီသားမျိုး ကျင့်စိုးမှန်သည်၊ ပြီးဆံတစ်မျှင်အတွက် အသက်သေပါစီ
အိုထုံးနှလုံးပြုကာ ကျင့်ရှာသည် သီလပါရမီ။

## မြို့မငြိမ်း နှင့် သူ့အနုပညာ

နှင်းရွာလေ သည် ကြေဝေတား ညည်းစိမ်မခံလိုပြီ
ဆိတ်ငြိမ်ရာ၌နိုမို တောမြိုင်ရပ်ဆီ
ညွန့်ဖြာဝေစည် တစ်ကမ္ဘာလုံး လင်းအောင်ကြဲဆောင်သည်
ထွန်းပညာမီးရောင်ခြည် ဝင်းစေတော့သည်
ယောကျ်ားပီပီ လက်ရုံးရည် ဘယ်ဆီသောင်ကမ်း လှမ်းမမြင်နိုင်သည်
သမုဒ္ဒရာ ခုနစ်ရက်တောင် ကူးလျက်အောင်မြင်သည်
ဇိနိယဇွမ်းထုတ် ကြိုးကုတ်ပါရမီ လောင်းမြတ်အာဇာနည်။

အလျှံပြောင်ပြောင် လုံ့ထားထက်စွာများနဲ့ လက်ခြေအသား သွေးမြတ်ကြွားလည်း မြို့ သည်
ရန်သူသည် ကိုယ်ထီးနန်းကိုလုတောင် မေတ္တာပွား ကိုယ်ကျင့်တရားမြတ်ရွှေ
တောသုဉ်းအောင် မီးလောင်ပတ်လည်
မိန့်တော်မှုသည် မှန်သောစကားကြောင့် ထိုမီးကိုရှောင်စေပြီ
ကိုယ်တော်ကို အမှုန့်ကြိတ် ရွှေစိတ်မပြုပြီ
မိဋ္ဌာန်တော်ချက် မပျက်တည်ကြည်
ချစ်မှန်းခြင်းကင်းတဲ့ ဥပေက္ခာတရားပါရမီ။

## ပိတောက်မာလာ

- လေသွေးယူရာ ပိတောက်လှုံရွှေဝါ
ဝတ်ဆံ ဝတ်မှုံ ထုံရည် ကြိုင်ကြိုင်၊ မွှေးပြန့်လှိုင်မှာ
သကြန်ခါတော်တွင်း၊ ပေါ်တသင်းလှကညာ
တမျှော်တပါးပေါင်းဆုံကာ မြန်းဆင်ဝင်းရွှေဝါ
မာဃစ သာဃစ ဆုတွေတောင်းကာ ချစ်ကြည်ရင်းမှာ
ခါတော်ရေလောင်းမယ်ရှင် ညီညာ
ကိုယ်စိတ်ရွှင်လန်း အေးချမ်းစေရာ
နွဲ့အောင်လောင်းမယ် ပိတောက်မာလာ
ခါတော်တွင်း အကိုရင်း မောင်အရင်းတွေ မှတ်တော့တာ
ချစ်ကြည်ရင်းမှာ နူးကြည်မှာ နှစ်သစ်ကိုကူးကြမှာ
မာပါစေ စေတနာကောင်းနဲ့ ခါတော်ရေ
လောင်းမယ်ရှင် ညီညာ။

(ဆောင်သစ်မြူ-၃-အသွား)

## ပုဂံမင်းကြက်

မ ။ ။ ဒါကဘာပင်ကဖြစ်တဲ့ဗိုးတုံး
စပ်ဖြိုးဖြိုးမလုပ်နဲ့ ပြောစမ်းပါအုံး
အို မုန်းစရာ မျက်နှာကြီးက ပြောင်သလို
ကျား။ ။ ဒီလိုလဲစိတ်ထားပါနဲ့ ခင်ရယ်
မျိုးသိရင်စိတ်ဆိုးမှာ ကိုယ်စိုးရိမ်လို့တကယ်
CHO ။ ။ အောက် အီ အီး အွက်လက်
မလွတ်တဲ့ ကြက်ချို့ မက်ဖို့တကယ်
မ ။ ။ အဲဒါကိုနားမလည် ပြောပြမှ သိမယ်
ကျား။ ။ ကြက်ဆိုတာ တွန်တယ် မုန်းရင်အချက်ကို
ပုဂံမင်းကြက်လို လှမျိုးတွန်တာကို ရမယ်ရှာ
သမီးရည်းစား စကားပြောတာပါကွယ်။
မ ။ ။ လှမျိုးတွန်သလို နားရိုလိုပင်ကြားနိုက်
မှတ်သားလိုက်ရပေအုံးမယ် မောင်ရယ်
ကြက်တွန်သလိုပဲ မှုချွဲ သူကဲ
အုကျွဲမတတ် ငိုလိုက်ချင်တယ်။
ကျား။ ။ တော်တော့ ကြက်တောင် မဟုတ်လိုက်သေးဘူးတဲ့ဗျာ
ရှေးက ပုဂံ ရှင်ဘုရင်ရဲ့ ကျွန်မှန်
အလွန်တန် ဘဝက်ကဟီးသကို တွန်သံကြက်မကြီးလို
CHO ။ ။ အောက် အီ အီး အွက်လက်
မလွတ်တဲ့ ကြက်ချို့ မက်ဖို့တကယ်။
... သမီးရ ည်းစား စကားပြောတာပါကွယ်။

ပို့သမြို့မမေရွှာ (မေရွှာရို့ အမှတ်-၁)

- (တစ်ဦးမေရွှာ၊ တစ်ဦးမှာကျူးဆက်နေ
မြို့မနဲ့သူ၊ ချစ်မိတ်ဆွေ၊ ဘိတ်ကြားသည်၊ စင်မင် ပေါ်ပေါ်ရွှေရွှေ
ဆုံကျူးနုးတွေတင်၊ မဆုံးတော့ပေ)။

သံပြိုင်။ ။ ဟုတ်တယ်လေ၊ အေးစိမ့်စေ၊ မြို့မမေရွှာရေ
ဟုတ်ပါတယ်လေ၊ အေးစိမ့်စေ၊ မြို့မမေရွှာရေ
ရွှေနားဆင်သူ၊ လိုသောဥစ္စာများတွေ
စိတ်ကူးမိပါရင်၊ လက်ငင်းပြည့်စုံကြစေ
သိန်းထီပေါက်ကာ၊ အသက်ရာကျော်ရှည်
ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာတော်၊ မူကြပါစေ။

- (ပို့သမြို့မ၊ မေရွှာအားဖြင့်လေ၊ စားကောင်း၊ သောက်ကောင်း
အိပ်လို့လဲကောင်း၊ ကောင်း ပျော်စေ)၂
ကောင်းသောအိပ်မက်မြင်မက်မယ်၊ ကြည်နူးသွယ်လေ
အိပ်ရာကနိုးတော့လေ၊ တိုးကြစေ၊ မင်္ဂလာကျက်သရေ။

သံပြိုင်။ ။ (ဟုတ်တယ်လေ ............... ချမ်းသာတော်မူကြပါစေ)

## မြို့မငြိမ်း နှင့် သူ့အနုပညာ

### ပျူငှာ

(စလုံးစတွေး မဝေနိုင်ရက်ပါ ရောက်တတ်ရာရာ
သူမ၏ပျူပျူငှာငှာ မေတ္တာထားတာ အသေအချာ
သို့သော် သူ့စိတ်တွင်းမှာ ဖန်ပြာခွက် ကျောက်စက်သီတာ)၂

(မရှိသောအမှုအရာ မှုန်နှစ်အနယ်မပါ
သူ့အကြည်ဓာတ်ကလေး လေးစားချင်စရာ)၂
နမလေးနော် တစ်သက်တာ
ယူဆရမလို ချိုပြုံးသူပျူငှာ

(ဗိုတယ်လဲမဆိုသာ ကိုယ်ဟန်လေးယိမ်းနွဲ့ကာ
ကိန္နရီမယ်လေးလို အသွင်အပြင်ရှုပကာ)၂
မှုတာလာ ရေတာလား ကြည့်ပုံကလေးရယ်
ရယ်သွမ်းသွေးတော့ ရွှေဆွဲလဲ ငွေဆွဲလဲ နားဝင်မှာချိုစရာ

(မရှိသောအမှုအရာ မှုန်နှစ်အနယ်မပါ
သူ့အကြည်ဓာတ်ကလေး လေးစားချင်စရာ)၂
နမလေးနော် တသက်တာ
ယူဆရမလို ချိုပြုံးသူပျူငှာ။

## ပျို့မှာတမ်း

- စိတ်ချ လက်ချ ကြည်ဖြူချင်၊ မြေပေါ်တွင် သူပဲ စွဲလို့သာခင်
သစ္စာတော်ပန်း မသွေတမ်းဆင်မြင်
တစ်နှစ်ကိုယ် သည်းရွှေဆိုင် မြဲနိုင်နိုင် ပေါင်းဖက်ဖို့ စိတ်မှာမြော်မြင်
စုမျှားမြင့် သူဉာဏ်တွေဝင်၊ အသစ်တွေလို့ မောင်မေ့တယ်ထင်
မျှော်သူပန်း လွမ်းသမျှစာတင်၊ ချစ်သူ့ထံရည်မှန်း ပျို့မှာတမ်းဆက်တယ်ရှ

- မိုးကလေးညိုညို လွမ်းစိတ်ပိုချင်၊ ညနေဆီ နေဝိုးရင်လည်း တမ်းတကာပဲရှင်
သော်တာလမင်း သာဆဲ မှာပဲ ဒါပဲ စိတ်စွဲလို့ပင်
ချစ်သူမျက်နှာလေးကို တမြင်မြင်
စားစား သွားသွား နေနေ မောင့်အပူ ပွေသူပါရှင်
မြင်တော်မူဦး မောင်ရဲ့ မေ့တတ်လွန်းရင်
လွမ်းစာရေးလိုက်ရပါတယ်ရှင် မိန်းကလေးလက်ရေးသိရင် ခွင့်လွှတ်စေချင်

- တစ်ကိုယ်ရေတွေး ဆွေးနေမရှင်၊ ဇော်ကာရစ်းခန်းစက်ရာတွင်
မျက်တောင်ကလေးယှက် မှုးလက်တင် မော်မှဲ့သူတွင်
စိမ်းကားသလောက်ပျို့မငြိမြင်
လာခဲ့ရင် ရန်တွေ့မှာမို့လား ဒေါသမထားရက်ဘူးရှင်
အသက်လောက် မောင့်ကိုပဲခင်
မိဘအပေါ် ဆိုးနွဲ့လေသမျှ သူနဲ့ကျမှ ဝင့်လည်တယ်ထင်
သနားစေချင်လို့ ပျို့သဝဏ်လွှာတင်။

- (မိုးကလေးညိုညို ............................ ခွင့်လွှတ်စေချင်။)

## ပျို့မှတ်တမ်း

- (ကျေးရွှေပေ အများနဲ့ မတူဘဲလေ
မြင့်မြင့်ခြင်း မျက်စိထဲမှာ နွဲ့လမ်းအရိပ်ထင်
သူ့ကိုအလွန်ပင် ခင်မင်မိတော့လေ)၂
သူရော ကိုယ်ရော အကြည့်ချင်း ဆုံကာနေ
သူလည်းချစ်မယ် ကိုယ်လည်းချစ်မယ် သူလည်းချစ်မှာပဲလို့လေ
အသည်းဘဝင် မှတ်တမ်း ချစ်လမ်းစဉ်ကိုတင်မယ်လေ။

- တစ်ဦးမေတ္တာ တစ်ဦးမှာဆိုပေ သို့သော်လည်းလေ ဆောင်ချည်းတဲ့အနေ
ရွှေရွှေငွေငွေ ပေးမရတဲ့ မိန်းမဣ္ထြ
သူကတော့ ယောကျ်ားသားမို့လေ၊ အချစ်ကိုဖွင့်ဆိုနိုင်ပေ
နှစ်ယောက်ထဲတွေ့လည်း နေနိုင်အားရက်ပေ
အချစ်စကား ရေရွဲ့ထားတာလိုပင်
ပျို့မှတ်တမ်းတင် ရေးရော ဆုတောင်းကဗျာတွေ
မိဘပေးစား ဒီလူကြီး ခန်းရပါစေ။

- သမာဓိ နိုင်နိုင် ထားတော့ ရှာန်ပွဲရှင်ရေ
မူရာမျှတဲ့သူပေ မြင်း မလှုပ် နဲ့ လှုပ်တော့လေ
မအရှုမ်း မသိကျွမ်းပြု နေနိုင်အောင်နေ တုံ့ကိုဘာပေ
ချစ်တော့ချစ်သား လူရိုးပေါ့လေ
အိမ်ခေါင်မိုး အိမ်ခေါင်မိုးရွှေလရောင်ထိုးချိန်မှာ
ဖူးဆိုးပိုက်ကာ ခေါင်ပိုက်ကာ လိုက်ပါရစေရှင်
ရွှေနှယ်ရိုးရယ် မိန်းမကောင်းသာပါဘူးလေ၊
မှတ်တမ်း ချစ်သဲ အပြတင်မှာတွေ။

- (တစ်ဦးမေတ္တာ ...................... ဒီလူကြီးခန်းရပါစေ။)

# မိုး

မြေဆင်း။ ။ ရွာစွေ မိုးဖြိုက်ဖြိုက်
ဓါလေ မြူးနိုက်နိုက်
ရှစ်သန်းငယ်တစ်နို
အုံ့မှိုင်း ညို
စင်မြို့ လွမ်းလှိုက်လှိုက်
တိမ်တိုက်ကယ်အမှောင်
လေယူဆောင်လို့
တောင်ဆီကညို ပြိုတော့မည်။

- မှောင်ပြာတောင်ယာ လယ်တောမြေ
မှိုင်းညို့ဝေ ဆိုင်းလို့နေ အို... လွမ်းဖွယ်ဝေ
မြိုင်တန်းမှောင်ဝေ ဟင်းရွက်နုပေါ် တောမြေ၊ မြွေချည်ပေါင်တွေ ခင်းနုတဲ့မြေ
ကင်းပုံ ရေတိပင်တွေ မိုးဦးကရွှေရွှေ
မမယ်ပေါ် ပျော်ပျော်ကြတဲ့ သည်မြို့ မိုးရေဆောင်ဝေ

- မိုးရေထဲ မယ်ကိုနဲ့ နှံတွေပေ၊ သို့ပေမယ့်လည်း နေသာပြီဘူးလေ
မောင်ရေ မြူးပင် ငယ် နိုက် ကြင်ဖွေ၊ ကြည်ဖြူနဲ့လို့ အတူနေ
မြို့ကြီးမှာ ဘယ်သောခါ ကြင်ရေးသာ ပျော်မိပေ။

မြိုင်မြိုင်မိုး ရွာသွန်းသွန်း ဖြိုးဝေဖြိုးဝေ၊ ရွှေမစဲ သဲသဲမဲမဲနေ
ခဲမကျေ လယ်ကန်သင်းဆယ်ရှင်း ပေါ်တစ်သင်း ဆော်သီချင်း
သည်လယ် သည်မြေ သည်ရေ ညော်ပေ
စိမ်းလှဲ ယိမ်းနွဲ့ တိမ်းငဲ့နေ ၊ မိုးရေထဲ မယ်ကိုနဲ့ နှံတွေပေ
သို့ပေမယ့်လည်းနေသာပြီဘူးလေ
မောင်ရေ မြူးပင် ငယ် နိုက် ကြင်ဖွေ၊ ကြည်ဖြူနဲ့လို့တူနေ
မြို့ကြီးမှာ ဘယ်သောခါ ကြင်ရေးသာ ပျော်မိပေ။

## ပြာပြာမှိုင်းမှိုင်း

ပြာပြာမှိုင်းမှိုင်း၊ တိမ်မင်းလျှင်၊ ဆိုင်းလို့
တောင်တွေမှို့မှို့၊ မှုန်ညို့ညို့ညို့ဝေရီ
မှန်းတဲ့ကာပင်၊ ရှုမျှော်ရင်၊ တောင်ထိပ်စေတီ။

စေရာမြစ်ပြင်၊ ကြည်တဲ့ရေကြောင်းဆီ
နန်းဆန်ရောင်းဝယ်၊ လှေပေါင်းများ၊ ကြီးငယ်သည်
ထက်အောက်ကြော၊ သွားလာကာ၊ ဆိပ်ကမ်းသာစည်။

သောင်ငွေသဲနုံ၊ ရေကမ်းစနားဆီ
မှုံ့ကာမြူနေ၊ မှုံလွှားငှက်ကလေးတွေသည်
ချင်းတို့ဘာသာ၊ နှံ့ပျူငှာရှိမည်စီ။

သောင်ငွေသဲသာ၊ ကြေကွဲပါလေလောက်သည်
ဘယ်ဆီပဲလို့၊ စိတ်ထဲ၌မှန်းကာရည်
ချစ်တဲ့သူထံ၊ လွမ်းပါပြီ၊ မျှော်တမ်းတသည်။

## ပြည်တော်သာ

- (တည်ဆောက်မည်၊ ပြည်တော်သာ
  စုလစ်မွမ်းချွန်၊ ထိမ်စွန်အာကာ
  အဆင့်အတန်းမြင့်စွာ၊ ဗိသုကာ၊ အဆောက်အဦး၊ တွေနိုင်မှာ)၂
  အလံတော်ကြီးတွေ၊ လွှင့်ထူလို့သာ
  ကြယ်တစ်လုံး၏၊ အရောင်မေတ္တာ၊ ကြယ်တစ်လုံး၊ သို့ဟပ်လင်းကာ။

- ကြယ်ခြောက်လုံး၊ တစ်စုလုံး၊ ရောင်ခြည်စွန်းလင်း
  ကမ္ဘာတိုင်းသွန်းမြိုင်၊ မှာဆောင်နိုး သဘာဝရေရိုး
  ကန်ဆည်လျှံပြီး၊ သီးနှံမျိုးစုံစွာ၊ ဝပြောလို့ငါတို့ပြည်တော်သာ။

## ပြုံးတဲ့မေ

(ချစ်ဖိမာန် ကျွန်းသာစွမြေ
အရမ်းပင် ရွက်ဖွင့်လှစ်ကာ
တစ်ခေါက်ဖြင့် ရောက်ခဲ့ဘဝတော ခရီးမှာလေ)၂
အညို့ရယ်သန် ချစ်နိုးလျှံ မျက်လုံးလှတဲ့ ဗိမာန်ရှင်မယ
ချစ်တေးလို စကားတွေ သူချိုပါလို့လေ
ရတော့လွှဲသွေ လှောင်သလိုလို ပြုံးတဲ့မေ
အသည်း နှလုံးဟာ မေ့ဆီမှာသာ ကျန်ရစ်ခဲ့ပေါ့လေ။

ချစ်ရှင့်မကြွ လွမ်းနိုင်မြို့မှာ တစ်ကိုယ်ရေ
အချစ်ရဲ့ လင်းရောင်ခြည် မောင်မှာ ဆိတ်သုဉ်းခဲ့ပြီလေ
အတိတ်ကြေးမုံကိုပြန်လည်တွေး မှေးမှေး ရေးရေး
မျှော်ငေးမိ မှုန်ဝေဝေ ဘဝရဲ့ ပုံလှ မထိန်းနိုင် တော့ပြီလေ
ရတော့လွှဲသွေ လှောင်သလိုလို ပြုံးတဲ့မေ
အသည်း နှလုံးဟာ မေ့ဆီမှာသာ ကျန်ရစ်ခဲ့ပေါ့လေ။

## မြူးတဲ့လှယ်

- (လမင်း၊ ဝင်းဝင်းပပ၊ ညချမ်းမှာသာ၊ သောအခါ
မိုးထက်သို့၊ မျှော်ကာမျှော်ကာ၊ စင်စင်မင်မင်၊ မြူးကြည်ရာ
လမင်းလဲကိုယ်ကို၊ မြူးရှိုသောမျက်နှာ
တုံ့ပြန်အပြုံးချင်း၊ လဲလှယ်ကာ)ပ။

- ကြယ်ကလေးတွေချစ်ရော၊ အပြာရောင်၊ ကောင်းကင်မှာ
သူတို့ကိုတစ်လုံးချင်း၊ မြူးရင်းကြည့်နေပါ
မကြာခင်၊ ပြန်ကာပြုံးလို့၊ သူတို့လဲကိုယ်ကိုစင်ကာ
မြူးတဲ့မြူးလှယ်၊ ကျီ စယ်ရှာ
လှထက်ပြင်၊ ပင်ကို၊ ယဉ်သူမှာ
မျက်မှောင်ကြုတ်ရင်၊ အလှမျက်မှာ၊ ရှုံ့ရှာ
မှာသတ်မဲ့လိုက်ပါနဲ့၊ ရွှေမိုးဦးရာ
တိမ်မှောင်ကိုဖယ်ကာ၊ လှရည်သွေး၊ ရှုသူငေးရော
လမင်းထက်လင်းမှာ မြူးတဲ့ဝင်းပပါသော၊ သည်မောင်မှာ။

## ဖရဲသီးနဲ့ဘဲဥ

မယုံချင်နေ၊ ဖရဲသီးနဲ့၊ ဝမ်းဘဲဥတောင်မျိုမတဲ့ရှင်
ကြည့်ဖြူရေး၊ အတွေးမှန်ပါရင်
မယုံချင်နေ ဖရဲသီးနဲ့ ဝမ်းဘဲဥတောင်မျိုမတဲ့ရှင်
ကြည့်ဖြူရေး အတွေးမှန်ခဲ့ရင်
ချစ်သူပေး၊ ဘာဆေးဖြစ်ဖြစ်၊ ကြမ်းပေါက်ထဲပြီမချချင်
အပြောကတော့၊ လွမ်းလောက်အောင်ပင်
ဆာဒါလေးတွေ၊ အပိုအမိုများထင်။

တကယ်တမ်းကျတော့၊ မဖယ်တမ်းပါ့ရှင်၊ ယုံရတော့မှာ၊ အဟုတ်လားရှင်
မပစ်တမ်းအသက်ကယ်၊ အချစ်စမ်းလှည့်တဲ့၊ မယုံချင်ရှင်
ဖရဲသီးနဲ့၊ ဝမ်းဘဲဥတောင်၊ မျိုကာသောက်မတဲ့
နောက်တဲ့လူရှင်၊ ဤစမ္မူ၊ ရည်တူရှားလောက်ထင်။

(သူ့မေတ္တာ၊ ကြီးကျယ်ကြောင်း၊ သိစေလိုလို့ပင်
ကျွန်မယုံအောင်၊ ဖရဲသီးနဲ့၊ ဘဲဥမျိုမတဲ့ရှင်)၂
(တကယ့်လူပင်၊ ဝတ်ဘုံစံသိကြားမင်းထံ
သူ့အတွက်နဲ့၊ ကျောက်ဖျာများလည်း၊ တင်းပါအုံးမယ်
နည်းနည်းလောက်တော့၊ လျှောက်ကိုလျှော့မှ၊ ဖြစ်မယ်ထင်)၂။

(သည်လိုဆိုသူကအဟုတ်ကြွား၊ ငါမှန်းသိပလား)၂
ဆိုချင်ဆိုမှာပင်၊ ဆိုမှာပင်။

(တကယ်တမ်းကျတော့ .......... ဤစမ္မူရည်တူရှားလောက်ထင်)၂။

## ဖူးစာပိုင်

မြင်လျှင် မြင်ချင်းပင် တသသင်းသင်း ချစ်ရနံ့ ကြိုင်ကြိုင်၊
ရွှေမိုးပေါ် ဖို့ သည်းညွှာရွှေဆိုင်
နှစ်ကံပြိုင် ဖူးစာပိုင်ထင်ရဲ့ ခင်မင်တာ ကြင်နာတာ စေတနာပိုလို့ပြိုင်
အချစ်နဲ့ယှဉ်ပြိုင် ဖို့ စိတ်ကိုမပိတ်ပင်နိုင်
ရင်ဆိုင် ချစ်သူကိုယ်တိုင်သာဖြစ်
ကျေးချင် မွေးချင် ပေးချင် ကမ်းချင် စိတ်စောလှိုင်
ယှယှာ ပိုင်ပိုင်နိုင်နိုင် မယ်ချစ်ဦး ထူးတဲ့ ဖူးရွှေစာပိုင်။

တူပြိုင် မြတ်ဘုရားရှင့်ရှေ့ဝူလိုက်၊ လှစ်ကျူးမြွက် ရှက်မနေနိုင်
မှန်သရွေ့ ဖန်စေရလည် ပိုင်ပိုင်နိုင်နိုင် သစ္စာထူးတိုင် မြဲနိုင်နိုင်
ဖူးရွှေစာပိုင် ကျူးမသွေနိုင်ပါ စေ မယ်နှင့်သာ
လျှောက်ထားတဲ့ အချက်ပိုင်ပိုင်
အချစ်ဆို မြင်းမိုရ်လုံး မြေ နိုင်
လေးဒီပါ သီတာရေမြေ ဆုံးတိုင် မမုန်းနိုင် မယ်ဖူးစာပိုင်။

ဘယ်သူ ဘယ်ဝါဖျက်တောင် မယှိုင်၊ ဖို့အသည်းစွဲ ဖူးစာပိုင်
စေမာသောင် ကမ်းသာတိုင် ကူးမယ်ကူး နှစ်ဦးတူပြိုင်
ရုံးညာပိုင် အုံးသစ္စာ ကြော်ငြာလေယ်တွင် ကြားကလေသွေး အေးမှာ တွေးလို့နိုင်
ခင့်ဖူးစာ မောင်သာပိုင်
မောင့်ဖူးစာ ခင်သာကိုယ်တိုင် ပိုင် ပိုင် ပိုင် ဘယ်သူ့နဲ့မဆိုင်
သံသရာ ရေယဉ် ကြော်ငြာယ် မျှောချင်မျှောပါစေ မပြိုဘူးဆယ်ကမ္ဘာတိုင်။

(တူပြိုင် ........................ မယ်ဖူးစာပိုင်။)

## မိုးညိုမြ

ခါတော်ရေသဘင်၊ ဆင်မြန်းတင့်ဆန်းယဉ်၊ တေးသံမြိုင်လျှင်
ပျော်ပျော်ရွှင်ရွှင်၊ ငွေငန်းမောင်နှံ့ပင်၊ တီးသံသာယဉ်
အတီးကကောင်း။ အက၊ ကကောင်း။ အဆိုကောင်းချိုပြုံးရွှင်
စိတ်တိုင်းကြပေါ့၊ ရွှတ်ဖြန်းလောင်းပက်၊ ခင်နှံ့သာရေစင်
အထင်များများပေါ့၊ အလှတိုးကြလို့၊ ဝင်းဝါမျိုးနု၊ ရွှေစင်မယ်ရဲ့အသွင်
ရာသီတွေ၊ နှစ်တွေပြောင်းတောင်၊ ဆုတောင်းဘယ်လို
မနှစ်ကထက်၊ အလှပိုတယ်ထင်၊ ကြာကြာလေလျှင်
လှလွန်းလို့လာရှာသူကို၊ မိုးညိုမြဲ့ကိုများ၊ နှင်းမှာလားခင်
မြို့မလည်းငန်းရွှေဖြူစင်၊ ဆောင်ရာရောက်ပေါ့ခင်
ဆော် – နှစ်ခို သူ့အင်မတန်ရွှင်
ရှာနိုင်ဘူးကွဲ့၊ ငွေငန်းသည်အနားတွင်။

## မိုးရာစာ

- လွန်ပြီးအတိတ်ခေတ်ဆီတွင်
  လှမ်းမျှော်လျှင် အကြားအမြင်ဟူသည့် တနိုင်တဆ ပုရိုက် ကံကူတင်
  သူ့လယ်သူထွန်ရင်းကြားမှာပင်
  မှတ်သားဆည်းပူးသောပညာရှင်။

- တစ်စုသောကန်နိုး၏အပေါ်တွင်
  နတ်ကွန်းလို မိန်းမပုံသွင်
  သိလောက်သူ မိသူမေး အရေးကုန်မလျှောက်တတ်ရာတွင်
  အသည်းသားတစ်ယောက်သာ ဘုရင်ကိုတင်
  မြေတွင်းကပင် ပေါ်ထုတ်လိုက်လျှင်
  လှလွန်းတဲ့သွန်းရုပ်ရွှေစင်
  ပုရိုက်နဲ့ ကံကူ ကျေးဇူးတသံ့တသြမြင်။

- လွန်ထင်ရှား တို့ရာစဝင်
  လယ်လုပ်သူပင် ကြားမြင်မှတ်သားအစဉ်
  လေ့လာ အံကျက်သင်
  ဆည်းပူးလာလို့ပင်
  နိုင်ငံအကျိုးရှိရာတွင်
  ပညာဂုဏ်အင်ထမ်းရွက်သယ်ပိုးအစဉ်
  သုံးဆက်တိုင်ပဲဘုရင်
  မိုးရာစာဟု နောင်ခေါ် တွင်။

## မြူစင်စိတ်ရင်း

(နယဉ်ကျေးတဲ့ထံတျာတေ
သာယာနဲ့နှောင်း၊ သံစုံ၊ စုပေါင်းငြိမ့်ညောင်းလွင်
ရွှေနားတော်ဆင်ယင်သူတွေ တွင်
စိတ်ရွှင်လန်းလို့၊ တာဝန်လည်းထမ်းလို့ပင်)ᐟ။

သဘာဝအကြည်ဓါတ်၊ ပေးချင်ထာဝစဉ်
အာကာဝေဟင်၊ မြူမှုန်းရှင်းကာကြည်လင်ဝင်းလို့သာ
တိမ်မှောင်ကင်း၊ စန်းသော်တာပုံ သွင်
မြို့မမြူစင်စိတ်ရင်းပင်။

(ကိုမြို့မအသင်းဝင်၊ ချစ်ညီအစ်ကိုတွေပင်
မှန်မြတ်တဲ့မေတ္တာ၊ ပို့တယ်ထာဝစဉ်
ကိုမြို့မအသင်းဝင်၊ ချစ်ညီအစ်ကိုတွေပင်
မှန်မြတ်တဲ့မေတ္တာ၊ ပို့တယ်ပျော်ပျော်ရွှင်
ချစ်ဆွေတွေရဲ့၊ ပျော်မြူးဖို့ပင်၊ စိတ်လန်းလို့ရွှင်
အသုံး၊ ခံထာဝစဉ်။

အာကာဝေဟင်၊ မြူမှုန်းရှင်းကာ၊ ကြည်လင်ဝင်းလို့သာ
တိမ်မှောင် ကင်း၊ စန်းသော်တာပုံ သွင်၊ မြို့မမြူစင်စိတ်ရင်းပင်။

## ဘာသားယောကျ်ား

- မန္တလာဘုံ ဧယျာ ဘုမိ ဖြိုတည်
ဝေယန် နတ်နန်း ဆောင်ဆောင် ဘုံခန်း မန်းပြည်
ယဉ်သည် မြို့ခံဆိုင်းမို့
စိန်ကျော်တင့်နဲ့တွဲလို့
ညီအစ်ကိုတွေ စိန်လှမောင်တို့ ခွဲညီ
ဘမျိုး ဘိုးတူ ကြီးစား အားခဲလို့တီးမည်
ပတ်မျိုး ကြီး ဘွဲ့ သီချင်းခံ ယိုးဒယားများသည်
နေမျိုးဘွဲ့ယူ တို့ အဘ စလေကျော်သူနည်းမှီ
ဘာသား ယောကျ်ားသံစုံလွှင့်မည်။

- အသံကြီး စေတီမြည်တာ ပတ်မကြီး မှတ်ပါ
နောင်နောင်၊နောင်နောင်၊ မောင်၊ မောင် မောင်၊ မောင်
ကြေးနဲ့မောင်း တီးတဲ့အခါ
ကြုကြုတွဲ့တွဲ့ မှိန့်နှံ့ယဉ် ရွှေနှံ့ခင်သာ
တီတီတာတာ မှုတ်လိုက်တဲ့အခါ
ရှပ် ခရပ် ချမ်းချမ်း ရွှင်လန်းစေတာ စည်းလင်းကွင်း မှတ်ကြပါ
မှန်စီခိုင်းနဲ့ ပဒိုင်းဝေဆာ မီးစုံလင်း ကျွင်းပကာ
စိန်လှမောင်ရဲ့ လက်စွဲရဲ့သော် လှတိုင်းရွှင်ချော်
ရွှပ် ရွှပ် ရွှပ်၊ ရွှပ် ရွှပ် ရွှပ် ကြီးနော်။

## မြို့မငြိမ်း နှင့် သူ့အနုပညာ

### ဘုရားဈေး

- လက်ဆယ်ဖြာစုံညီ တင်ထိပ်ဦးဖူးနဲ့သည်
  မှတ်မိကြသေးရဲ့လား မေးလိုက်ချင်သည်
  လေပြေဆော်ပြန်ရင် ညောင်ရွက်သံတရှဲရှဲ ဆည်းလည်းသံ ညံစီစီ
  အော် ... တွေးမိပြီ တွေးမိပြီ လောကရဲ့သီ အိမ်တော်ရာစေတီ
  ဘုရားဈေးပြေးလို့ မြင်နိုင်သည်
  တို့ ဂုဏ်ရောင်ပြောင်ပြောင် စည်းလုံးရေးကြောင့် အောင်ပေသည်။

- ဟံ့စားထည် နီ ပြာ ဝါ ရွှေ စိမ်းညိုလဲ့ကြောရှင်း မျက်စိတွင်းက မထွက်ပြီ
  ဗမာ့အသရေ အလှတွေ အဆင်ပြေ ယဉ်ပေသည်
  ပြုံးမယောင် မျက်နှာလေးက မရယ်တရယ် ဘာဝယ်မလဲရှင်
  ဈေးသည်ပီပီ မေးတတ်ရှာသည်
  စားဖွယ် သောက်ဖွယ် ငါးခြောက်ရယ် ငါးပိရယ် ရှိတယ်
  ဘာကိုမဆို အလိုပြည့်နိုင်သည်
  ယုတ်စွာအဆုံးတိုင် မလိုင်ပေါက်စီ သုံးဆောင်နိုင်ပါသည်
  အပါးနံဘေး ဘုရားဈေး အိမ်တော်ရာစေတီ။

- ဘုရားတန်နိုးနဲ့ တိုးလို့လှတဲ့ကျွန်းမှာရှိ
  ကာလသားတွေ လာပြန်ပြီ
  ပိုက်ဆံမပေးရတိုင်း ဖိုးလည်းဖိုးရှာကြတော့သည်
  အလော်မာသသဘော မတော်တာပြော သူတို့ပဲကြသည်
  နမြစ်ပါးပြင်ဆီ ရှက်သွေးဥလို့နီ
  မျက်စောင်းလေး သုန်မှုန် ချီချီ
  ဘုန်းဘုန်းကို လျှောက် လိုက်ရင် အခြောက်တိုက်ပင်အရိုက်ခံထိလိမ့်မည်။

- ဟံ့စားထည် ..................... ဘုရားဈေးအိမ်တော်ရာစေတီ။

စာကောင်းကင် ၂၅၁

## ဘင်ဂို

- (ဘင်ဂို)[၆] နားထဲရိုး နားငြီးတယ်
  ဆို .... သည် .... ဘင် .... ဂို
  သံပုံးထဲ၊ ခဲထည့်လှုပ်သလို၊ ဘင်ဂိုသံနားရှုပ်လှတယ်
  အရုပ်ထဲက၊ လုံးစေ၊ ခံရရှာ၊ ဒါအခါခါ
  အတီးသန်တဲ့ဝါသနားအိုး၊ သောက်ကျွင်ဆိုး၊ အားမနား၊ ညသန်းခေါင်
  အများအိပ်ချိန်မရှောင်။

- ငါသား၊ ရှင်ဘုရင်ဖြစ်ခဲ့လို့ရှိရင်
  နားငြီးတော်မူတယ်မောင်မင်း၊ နားငြီးတယ်မောင်မင်း
  ငါသား၊ ရှင်ဘုရင်ဖြစ်ခဲ့လို့ရှိရင်၊ အပြစ်ကြီးကြီးပေးမယ်
  ဘယ်လိုစီရင်မယ်ဆို၊ ဒီလိုလုပ်ချင်တယ်
  အမျိုးတော်တွေလာကြ၊ လက်မလွှတ်စေနဲ့ကွယ်
  ဘယ်နှယ်ငိုင်းမယ်၊ ဒီနှယ်ငိုင်းမယ်
  ဗိုးတီးချင်တော့၊ သေရွာပေတော့ကွယ်
  ဟဲ့ကောင်မပြေးနဲ့၊ ဖမ်းပြီးကလိုးထိ၊ ဖမ်းပြီးကလိထိုး
  အလယ်လယ်အမလေး၊ ယားပါတယ်။

- ရွှေလလေးသာသာ၊ မြှားဦးမယ်လာ၊ ဘင်ဂိုသံပေး၊ ဟန်ရေးပြကာ
  သြဘာပေးလို့၊ ကလေးကလှောင်၊ ဈေးကပေါင်
  မျက်နှာပြောင်ပြောင်၊ တီးတဲ့အကောင်
  အသံကြားသနားကင်း၊ စေ၊ မျက်မှန်းကျိုးစေ
  (ဆုတောင်းပြည့်လေသလား)[၂]ကွယ်၊ တီးလိုက်၊ ပါတဲ့ဘင်ဂို
  မြည်သံငယ်မချို၊ နားဝင်ခါးနှစ်ပြားမှ၊ မတန်၊ ညဲ
  စုန်းစုန်းနိုင်းနိုင်းသံ။

- (ငါများ ရှင်ဘုရင် ........................ အမလေးယားပါတယ်)

## မနို့တရို့

- နှမ်းလျှဖြေမဆည် ၊ လှမ်းရပါပြီ
ဖို့ချစ်တဲ့သူတပါး ရေမြေခြားလေတော့သည်
ဖေါ်ဝေးသူနို့၊ ကဝိုကနိုကောသီ၊ ကိုယ့်ကိုယ်ကိုသွေဖီ မနို့တရို့နေပေစီ
နှမျှားဖြင့်မသိမ်းနိုင်တော့ပြီ၊ ယိမ်းလုလုစိမ်းဟန်မြနေထင်
မောင်ဘုရား တွေ့ချင်လို့ညှာသင့်တယ်ထင်သည်
သည်း ရွှေဘဝင် မရွှင်မြူးနေဘူးအတည်
မျှော်သာမျှော်မောင်တော်မပေါ်မလာတော့
ရွှေလည်တိုင်ကျော့ ခေါင်းကလေး မော့မော့ အနော့သာမိုသည်
တမ်းတပြီးလှမ်းကြွခဲ့ ချစ်ဦးမယ်ခါလီ။

စာကောင်းကောင် ၂၅၃

## မစွမ်းတစ်မှုင်

- (လောက၊ မင်းဥယျာဉ်ကြီး၊ အလယ်
နှစ်သက်ဖွယ်၊ မာလာရောင်စုံ၊ မှူးမှင့်ကြ
လှဆင်းကြွယ်၊ ရနံ့သင်းမွှာရယ်
ပွန်းညက်ကို     မြတ်လေးစံပယ်၊ မြူးဖုံသွေ့၊ ရာသီအခါဝယ်
အချိန်စေ့လျှင်၊ ပျော့နွမ်းချေ၊ ကြွေရပြန်တယ်)-
မျှော်ကာသာ၊ သစင်ကို၊ စောင့်သလားမေရယ်
ပြာသိုဆန်း၊ စွါညိုသင်းကြိုင်၊ လန်းပြန်အုံးမယ်
မိုးသောက်ချိ၊ အမွှင့်များရယ်၊ မြေမှာမမှင့်ဘဲ၊ အသည်းနှဲ့မှင့်တယ်
သို့သော်၊ တစ်သက်တာလန်းမယ်
မောင့်အချစ်ပန်း၊ မစွမ်းတစ်မှုင်၊ ဆိုလိုတယ်။

ငြိမ်း နှင့် သူ့အနုပညာ

ြီးသေးသောပန်းချီကား

ဝ်စီကိုအနားပေး မှေးလျက် ညအိပ်ရာဝင်
ံမက်ကို အလှည့်ပေး အတွေးပျံ့လွင့်စဉ်
ာင်းလိုလို မြစ်လိုလို တစ်ခုသော ကမ်းစပ်မှာ ရောက်လာသည့်တွင်
သူဟာလည်း မလှမ်းမကမ်းမှာ ရောက်နှင့်ခဲ့တာမြင်။

စဉ် လှော်ခတ်သူလည်း တစ်ယောက်မပေါ် သူ့အလိုလိုသာဝင်
ကြီးတစ်စင်း ကမ်းသို့ဆိုက်ကာဝင်
ဦးတွင် သဏ္ဍာန်ထူး တစ်ခုမြင်
ုံသောနှလုံးသား အချစ်မြားစူးတဲ့အသွင်
ည့်ရင်း ကြည့်ရင်း အဓိပ္ပါယ်ပေါ်လွင်
င်းပေါ်က နှစ်ယောက်သား လှုပ်ရှားအသက်ဝင်
က်တော့မည်ဟန်ပြင် မောင်တွင်
ကတော့ ထုရွှေ့ရှင် အကဲခတ်ရှာထင်
ုံးသေးသော ပန်းချီကား စပ်ဝါးဝါးတစ်ချပ်ပင်
ဉ်ပင် ညစဉ်ပင် မျက်စိ မှိတ်လည်း စိတ်ထဲစွဲကာမြင်။

ဆောင်းကင် ၂၅

## မမေ့နိုင်တဲ့အမျိုးသားနေ့

(အောင်မြင်မှုတဲ့၊ နေ့ထူးနေ့မြတ်၊ အထိမ်းအမှတ်၊ အောင်ပွဲလေ
သည်နှစ်သည်ခါ၊ မြန်မာနိုင်ငံ၊ အောင်လံတော်၊ တဝေဝေ)-
ရက်မြတ်လှပေ၊ တက်ကြွကြစေ၊ စာတီသွေးကို၊ မွေးလို့
ဟိုးရှေးအခြေ၊ ဒို့ဘိုးဘေး၊ ဒို့ဘွားအေများ၊ အမျိုးသား၊ မြန်မာတွေ
စံယူကာလေ၊ နိုင်ငံဝန်ထမ်း၊ အထက်တန်းမှာ၊ တည်နေ
များဖိုလ်တု၊ သောင်းသောင်းဖြဖြ၊ ညောင်းစေ့ရ၊ မြန်မာတို့ပြေ။

သံပြိုင်။ ။ နေ့ထူးနေ့မြတ်၊ သိမှတ်ကြစေ
မွှင်လန်းဝမ်းမြောက်၊ ထက်အောက်မြန်ပြေ
အောင်လံတော်၊ အတွင်းက၊ ဥဒေါင်းမင်းတောင်
လွန်ပျော်မြူး၊ တွန်ကျူးသလိုနေ
(အိုးဝေ)[၃]၊ ချိမ့်ချိမ့်သံ၊ မစဲအောင်သံချေ၊
အမျိုးသားနေ့ မမေ့နိုင်ပေ။

- မြန်မာတိုင်းဘွား အမျိုးသားချင်း ညီရင်းအကိုတာတွေ
(သွေးစည်းကြနို့လေ)[၂]၊ ပညာရေးဘက် ထက်မြက်ကြောင်းနဲ့
လမ်းကောင်းထွင်ခဲ့ပေ ညီမောင်တာတွေ
အို ဒီလ ဒီနေ့ ဒီရက် အထက် အကိုများ
ဆောင်ရွက်သွားကြ မှတ်သားသတိရပေ၊

သံပြိုင်။ ။ နေ့ထူးနေ့မြတ် ...... အမျိုးသားနေ့ မမေ့နိုင်ပေ။

## ခုရားဇော

ဤတိုင်းမြန်ချာမြေစွင်၊ မြောက်ရာဆယ်နှစ်၊ သက္ကရာဇ်အဝင်
ဇွန်နှာမင်း။ နန်းတက်တဲ့၊ လက်ထက်တော်အခါတွင်
ပွါးအရပ်၌၊ မှတ်ထိုက်တဲ့၊ နောင်လာအစဥ်၊ ဆိတ်ထိမ်းကမ်းမြို့ ရွာတွင်
ဝါးချေသင်၊ သွားစသူငယ်မကို၊ အဖတောင်သူကြီး
ဝသစ်ပင်၊ ရိပ်မှာသိပ်ကာ၊ အိပ်ပျော်နေရှာစဥ်
မြွကြီးရှေပတ်၊ ခေါင်းနားမှာကပ်လို့၊ ပါးပြင်ကြီးဆောင်းသလို
နှာင်ကောင်းမယ်၊ နိမိတ်တွေထပ်ကာပင်
ခသိတာရားပေါ်တဲ့၊ မိဖုရားဇော၊ ငယ်ရွယ်စဥ်
နှတ်လေးပင်ကို၊ ဆယ်နှစ်နှစ်၊ ကညာပင်
န်းမမှား၊ အမွှေစရိုက်နဲ့၊ သူနိုက်ရာတွင်
ဂလာပန်းကာ၊ လန်းဆန်းမွှင့်တဲ့၊ ချိန်ခါတွင်
နံ့ပြ၊ မြောစလောက်ပင်၊ စကားယဉ်ယဉ်
န်းညက်ပြောင်၊ ယှဉ်သုံးဆင်တန်၊ ရှုယားမွှန်လို့၊ နိုင်မြင့်ဥာတွင်
ကြိုဘူးဆောင်၊ ထူးလည်းထူးတဲ့ရာဇဝင်၊ ဘုန်းနဲ့ကံနဲ့ပင်

(ရှင်ဘုရင်၊ ရွှေနားတော်ကြားလို့
ပုပ္ပါးနတ်တက်၊ အပြန်တွင်၊ အမှန်မြင်)။
(အုံမခန်း။ နန်းသို့ယူကာတင်
အိုတောင်သူကြီးရဲ့၊ သမီးလှရှင်မွေး၊ ချစ်မဝပင်)။
(ဉာဏ်ပညာ၊ ဝေဖန်ကာမြောက်မြား၊ မြော်မြင်သိတဲ့ဆင်)။
တပါးအခါမှာ၊ ယားရာ၊ အတတ်ပင်
ဘုရင်ကိုယ်တိုင်၊ မမိန့်ကြား၊ သိကြားအမှန်ပင်
ညင်သာစွာ၊ မြှောက်ကာပေးလို့
ရုံရွှေတော်ကိုယ်လုပ်၊ မကာတကာနေရာတွင်
(အို - မိဖုရားလည်း၊ မကျတကျ၊ မြှောက်စားတင်)။
(ဥစ္စနာမင်း။ လွှမ်းမြန်ရင်၊ ဆက်လက်ပြီး၊ တောင်ညာတင်
မွားစော၊ အမည်တော်တွင်
နရသီဟပတေ့၊ ဘုရင်၊ နန်းတက်စဉ်
ရှိုးသာစွာ၊ နှစ်ကိုယ်ကြား၊ နားတော်တင်
လိုရာကိုဆိုက်အောင်၊ ဘုရင်အကြိုက်လည်းဖြစ်လို့၊ နမ်ပြို့နားဝင်
အမှားကိုပွဲမြင်။

## မေဓါဝီ

\- (မေဓါဝီလေး၊ ရသေ့နဲ့၊ နေရရှာသကို
ဆင်နှာမောင်း၊ တစ်ပင်လုံးသုံးခွက်၊ တစ်ခွက်တင်ကျို)၊
သောက်လွှန်လွှန်းလို့၊ ကျောက်ခွက်ညိုမှာ
မှိန်မှိန်စိုအောင်၊ ရှုရှုပန်းတယ်လေး
သမင်မ သောက်လို့၊ သန္ဓေပေး၊ မွေး၊ မွေး
အလို – လူသံပဲ၊ အူဝဲ၊ အူဝဲ၊ သူပဲငို၊ မိန်းကလေးပါလား၊ သနားစရာ
ရေစက်ပဲ၊ မြင်ကတည်းက၊ ခင်မိခဲ့တယ်ကို
\- (မွေးတိုက်လို့၊ မွေးရတော့မယ်၊ သူငယ်မကုသိုလ်၊ ငါ့ကုသိုလ်ချ)၊
ငါ့သမီး၊ မှန်တယ်ဆို၊ လက်တို့ကျင်၊ ဂလက်နဲ့
ငါ့လက်က၊ ထွက်လိုက်ပါချိုချို)
\- ကလေးက၊ ပါးစပ်ဖြဲငို၊ သေးကထပ်တလဲနဲ့
ရသေ့ကြီး၊ ဂျူတီတွေပို
အနီးလဲလို့၊ မောရင်းစိတ်တို၊ ဆဲတော့မှာလိုလို။
\- "ဘူး" မမွှတ်နဲ့သမီးရယ်၊ ဖေဖေကိုချစ်တယ်ဆို
ဒယ်ဒီလေးကို၊ ချစ်တယ်ဆို၊ ဆို ဆို ဆို
ကုန်လိမ့်မယ်ဖွာလဲတို၊ ဆံကျစ်ကလေးက၊ တစ်ထွာတစ်ညို
လှလှပပမှ၊ သပွါယ်ကာ၊ အမြင်မတို၊ ဒကာမတွေကြည်ညို
ဆွမ်းတွေကွမ်းတွေ၊ ဒလဟော၊ ပိုမို၊ ပေါ်ပေါ်သီသီ၊ မြင်မယ်ဤဖေကိုယ်။
(အမေတူ၊ မျက်လုံးပြူးမောင်း၊ ကြာဆို၊ မပစ်ဘဲနဲ့တောင်)၊
ကျလိုက်မယ်၊ အကောင်တွေ၊ တောင်လိုပုံမယ်၊ အလှူ အလှူ
နောက်ပိုးခြေတို
ဩစာညောင်းမယ်၊ သမက်လောင်းလေးကို
နတ်သိကြားမပေါ်၊ ရှင်ကြီးရှင်ကောင်း၊ မပေါ်
မြုပြုသမျှကုသိုလ်၊ အမျှ အမျှ အမျှ ဝေတယ်ချိုး။
\- ("ဘူး" မမွှတ်နဲ့သမီးရယ် ........................ ဤဖေကိုယ်)

## မေ့ပါနိုင်

- (မြင်ရတဲ့၊ အချိန်ကစ၍၊ ငြိနှိုး၊ တိုင်ပဲ၊ အသည်းဝယ်
အကြောင်းနာလိုတယ်၊ မေ့ပါဘူးသက်လှယ်
ယဉ်ကျေးတဲ့သူကလေး၊ မောင့်စိတ်မှာမွေးတွေး၊ မြင်ရွေးမှုကြွယ်
ဖြေမဆည်နိုင်တယ်၊ စိတ်ပင်ပန်း၊ နွမ်းနယ်)။
မှုရာ၊ ဟန်နဲ့သူကလေးတွက်၊ ဆက်ပါမယ်
ငုံမတာတွယ်၊ ဆယ်သက်နှင်းနိုင်တယ်
ဘယ်ခါ ရေစက်ဆုံစည်းလို့၊ နီးပါမယ်၊ မှန်းမျှော်ကာ
ယုံကြည်ပြီး နေတယ်
ခါးတော်မှုနဲ့၊ အချိုသုံးမှန်းမာန်ပယ်

- ရာသက်ပန်၊ ရွယ်ကိုးမိတယ်၊ လွဲရှောင်သွေပါဘူး၊ ယုံကျွယ်
ကျမ်းသစ္စာတော်၊ သုံးကာရယ်၊ မြတ်ဘုရားထံပါး၊ စကားဆိုမယ်
ယောကျ်ားတဲ့စွန်၊ ထူးလို့ချွန်၊ ခင်ဖို့ဆိုရင်၊ အားသွန်တယ်
မိုးစွန်ကြယ်ကို၊ ဆွတ်နိုင်တယ်၊ တောက်ထားစေကြောင်း၊ တောင်းပန်တယ်
မြင်ကတည်းက၊ မေ့နိုင်ဘဲ၊ အသည်းဆိုင်ထဲ
မောင်စွဲခဲ့တဲ့၊ သူကလေးရယ်၊ မျက်စေ့ထဲ၊ ဝဲလည်လည်
အိပ်မက်ထဲတောင်၊ ထင်မှားအောင်၊ ကိုးစယ်
မျက်နှာကလေး၊ မြင်ပြီး၊ သူ့အလှသွယ်၊ လှဂုဏ်မောက်ရှာတယ်
တစ်နေ့တခြား၊ ချစ်အားတိုးကာ
မေ့ပါနိုင်ဘဲ၊ အစွဲကြီးစွဲပြီကွယ်။

- ပါရမီခံရှင်သန်တယ်၊ နဲ့မှုဟန်၊ လှဂုဏ်ကြွယ်တဲ့သူရယ်
ဘယ်လိုရွေးအကြောင်းကံ၊ ဆုံပန်လာတယ်
မြင်သူတိုင်းနှစ်လို့၊ ချစ်ကြည်ညိုမွယ်
မျက်စေ့ထဲကထွက်ပါဘူး၊ လှမူးတောသွယ်၊ စွဲမိပါတယ်
သံယောဇဉ်ငြိတွယ်၊ မြင်းမိုရ်တေရ၊ ရွှေတောင်ထု၊ ချစ်မှုပိုတယ်
သံသရာဆုံးစေကွယ်၊ မောင့်ရသူအားမငယ်၊ နီးမှာရွယ်
မောင့်ရာကျိုးနပ်မယ်၊ လှခေါင်ယဉ်ကြူး၊ ထူးကဲပေတယ်။

## မင်္ဂလာမောင်မယ်

(သံသာကမ်းတိုင်၊ ဘုံပြိုင်ကျူးမယ်လေ
ဆုထူးကို၊ မောင်မနှံ့နှံရွှေ၊ ဟိုရှေးရေစက်၊ နိုင်မြဲ၊ လွဲမသွေ
ဖူးစာစက်ချစ်သက်ဝေ ၊ ချစ်တဲ့သက်ဝေ)၊
မောင့်အသည်းဆိုင်၊ မယ်ပဲလေ၊ မယ့်အသည်းဆိုင်၊ မောင်ပါပဲလေ
ရွှေမြဲတည်နေ၊ ကမ္ဘာတိုင်အောင်လေ
သူ့နိုင်ငါနိုင် သစ္စာမဏ္ဍိုင်၊ ချစ်ခြင်းပြိုင်မှာတွေ

(မိဘဝတ္တရား၊ ချီးမြှင့်အပ်သော၊ အရွယ်ပေ
လျှောက်ပတ်တင့်တယ်၊ ရွေးချယ်၊ မျိုးနွယ်တူတွေ
သုဘာဝအခါ၊ မင်္ဂလာရက်၌လေ
စုလျားရစ်ရွှေ၊ တောက်ရှည်၊ ပတ္တမြားနီတဲ့ရွှေ)၊
မင်္ဂလာ၊ စုပေါင်းကျက်သရေ၊ နှံကြောင်းဆုရွှေ
လိုရာအပြာပြာ၊ အောင်ပါစေ၊ မောင်မယ်တွေ
မြို့မအေးငြိမ်မြူးနဲ့၊ ဝမ်းမြောက်တဲ့၊ အောင်သံပေ
အေးမြမြ၊ သာပေါ့၊ သာပေါ့ရွှေ။

(မောင်ရွှေကို၊ တည့်တည့်လျှောက်မယ်လေ
မယ်လည်း၊ တည့်တည့်လိုက် ဘာ၊ လျှောက်တယ်မောင်ရေ
ပေါ်ဟိုအရှာ၊ အမြဲပါပေ၊ ငြင်းသလားမေ
တော်သာရွာကြွေ၊ မှုလဲခြွေ၊ မြင်းသားပေါ့သက်ဝေ)၊
ဘုရားသွားကျောင်းတက်၊ စိတ်တူကိုယ်တူ၊ ကြည်ဖြူမောင်မယ်ရွှေ
မယ်ကားလယ်ဖြေ၊ မောင်ကား၊ မိုးကောင်းရေ၊ လောကီအမြဲတော
သီးပွင့်ကြီးစေ၊ ရာသက်တိုင်လုံး၊ ရွှင်ပျော်နေ။

ဇာတကောင်းကောင် ၂၆၀

## မောင့်အရည်အချင်း

ခြေဆင်း။ ။ သိမ်သိမ် ဘယ်လောက်ပင် သိမ်သိမ်
မိန်းမကြိုက်ရင် ငြီးရော သဘော ပိုက်ချင်
လေကိုမဖမ်းတတ်အောင်ပင်
မဟုတ်က ဟုတ်ကတွေကို တတ်သလောက်ပလီချင်
မောင့်အရည်အချင်းကို မပြောလိုမယ်ရင်
မဘက်လိုက်တော့ ငိုက်နိုက်ပင် ထားလိုက်ချင်။

- ကြည့်လေ မမြင် ကိုယ့်သဘောတော့ မပြောချင်
မင်းလုံချည်လေး အဆင်အသွေးနဲ့ အပေါ်ချင်းညီအောင် ရှပ်အင်္ကျီတောင်
ကိုယ်တိုင်ပြေးလို့ ဈေးကဆင်တူ ဝယ်ယူမတဲ့ မယုံရောပင်
စဉ်းစားစမ်းပါဦးမယ်ရင် တကယ်ထွင်တဲ့လူပင်
သူ့သဘောတော့ ဟုတ်မလား ဆိုနိုင်ပေါင်ရှင်
မိန်းမအကြိုက်ကို ချိုချိုလေလုံးသပ်ရပ် ပလီတဲ့အတတ်မတော့သူဘုရင်
လေဘာတီရေ မင်းကလွဲရင် ကိုယ့်ဂိုက်အောက်ကို ယက်တဲ့ဘဝတွင်
မယာကျွမတောင် သူ့ကိုမချေးသေးပါဘူးလို့ ပြောမယ့်သူပင်
မောင့်အရည်အချင်း အတိအလင်းသိပြီရှင်။

- ရှစ်သောင်းလေးထောင် အမြင့်ဆောင် တောင်မြင်းမိုရ်
ချိုရှည်သကြားလုံးလောက် သူထင်သလိုပင်
ပင်လယ်ရေ အဏ္ဏဝါပြင်
ရာလပတ်ရည်လောက် သူ့စိတ်တွင် သဘောထားချင်
မင်းလိုချင်ရင် ဓူဝံကြယ်ကို လောက်လေးနဲ့ ပစ်ပေးမယ်တဲ့ မြို့မယ်ရင်
မိန်းမအကြိုက်ကို .............................. အတိအလင်းသိပြီရှင်။

- ဘာကားပဲ စီးချင် စီးချင်၊ နောက်ဆုံးပေါ်ကက်တလောက်ထဲတွင်
ကြည့်ထားလိုက်ဦးမယ်ရင်
အိုင်ယာလန်ထီမပေါက်ခင် လိုရာမြန်မြန်ရောက်ချင်
ကျုပ်ကျောပေါ် မင်း သဘောတော်အတိုင်း စီးနိုင်ပါတယ် မယ်ရင်ရင်
တစ်နေ့ရောကိုးခါနိုး အကြိုအကြားနဲ့ နောက်များမကျွန် ကိုးမရှိအောင်
ဝင်အောင်ပွတ်တဲ့နားရွက်နှစ်ဘက် ကို စေ့ရာရင်
မိန်းမအကြိုက်ကို .............................. အတိအလင်းသိပြီရှင်။

**မေတ္တာမိုးရေ (မေတ္တာသို့ အမှတ်-၂)**

(နွယ်ပန်းသွယ်တန်း၊ ခြူးသန်းယှက်လိမ်၊ ပြာရီမိန်လာ
မြစ်ပုလဲသန္တာ၊ တိမ်ဆေးစုံ၊ ခြယ်လှယ်မှုန်းကာ
ထစ်ချုန်းတဲ့ပိုး၊ မရိုးစည်၊ ဆော်ဦးညံ၊ သာညင်းသာ
မေယာဝန်ရေတဲ့စွန်၊ မေတ္တာမိုး၊ သွန်းဖြိုးစွေကာရွာ)၂

(သဘာဝအကြည်၊ နီးတဲ့အခါသား၊ မျိုးငှက်မျိုး၊ အပေါင်းတို့မှာ
ချစ်တေး၊ အေးအေးမြမြ၊ သီကာသီကာ၊ ပျော်ရွှင်ကြတာ)၂
ပသာဒ၊ ကျေပွန်ခြင်း၊ တောတောင်ရေမြေ၊ သာသာယာယာ
စက်ဖြာညွှန့်ဝေ၊ မိုးစွေဆွတ်ဖျန်း၊ လန်းဆန်းစိုပြေရွာ။

ဩဒိဿ၊ ရည်ရွယ်၊ ပဏ္ဍုနှာ၊ မေတ္တာရေထူး၊ မိုးသို့နှုးကာ၊
အမူ၊ မောင်းထုတ်နှင်မှာ၊ အစဉ်၊ ချမ်းမြေ့ကြည်သာ
လိုတရ၊ စိတ်တိုင်းကျကာ၊ သောကကင်းဝေး၊ မာမာဆာဆာ)၂
ကိုယ်စိတ်ချမ်းသာ၊ ဆင့်ကာမြင့်လျက်၊ တိုးတက်၊ ကျက်သရေဖြာ။

စာကောင်းကောင် ၂၀၃

## မန်ဒါလီ

ခြေဆင်း။ ။ ချောင်းကိုပစ်ခဲ၊ မြစ်ထဲကို၊
ရေသာများတော့သည်
ရွှေရာများလှပါသည်
ငါ မတွေ့နိုင်တဲ့ ဟသာထက်ထဲ
ဝမ်းဘဲဘွဲ့ထူးချို ဓါတ်လောက် ပါပေသည်
မန်ဒါလီ မန်ဒါလီ မန်ဒါလီ မြစ်ကို လွှဲတယ်
ဝမ်းဘဲက ချောင်းထဲရှာသည်
ရေသာနည်းလို့ ငါးလည်းမတွေ့ပြီ
ချောင်းနိုးမို့ ငေးတဲ့ မန်ဒါလီ

- ယောင် နိုးချိုး ခံနိုင်သူကို ကျွန်မဖြင့် တွေ့မမြင်ပြီ
ရှာပေဦးတော့ ထမင်းထုပ်ကြီးနဲ့ လှုပါမသိုးရုံဖြင့် မှာလိုက်ချင်သည်
ပထဝီမြေကြီး လှန်လှောကာ ကျွန်းလို့ရှာတော်င် တွေ့လိမ့်နိုးနိုး ထင်သည်
မန်ဒါလီ မြစ်ကိုလွှဲတယ် ဝမ်းဘဲက ချောင်းထဲရှာသည်
ရေသာနည်းလို့ ငါးလည်းမတွေ့ပြီ ချောင်းနိုးမို့ ငေးတဲ့ မန်ဒါလီ။

ပြဒ့ လောကအမှုန်

## မြို့မငြိမ်း နှင့် သူ့အနုပညာ

ခွင်ကိုးထွေပုံ အကုန်လုံးသိအောင် ပုံပါရစီ
မြင်စမ်းပါရစေ ဘယ်မိန်းမမျိုး ခေါက်ခံ ကြည့်ဦးမည်၊ တွေ့စမ်းချင် -
တွေ့ရင်တော့ဖြင့် မောင့်မိန့်ပစ်ခင်း ထဘီလျှော် လူကိုယ်တိုင် သူဖိုင်ဖိုင်
ကြိုက်ရာ နိုက်ခါ ကြိုက်ရာ နိုင်းပါစေတော့ရှင် တွေ့လိမ့်နိုးနိ ထင်သည်
နံ့ခါလီမြစ်ကိုလွှဲတယ် ဝမ်းဘဲက ချောင်းထဲရှာသည်
ရသာနည်းလို့ ငါးလည်းမတွေ့ပြီ ချောင်းနိုးမို့ ဧဝေ ဟဲ့မန်ခါလီ။

ဦးရှိရှိ ၊ မျက်နှာထားကိုက
ကလေးများ မြင်ရင်ဖြင့် ရှပက်ကာ စပ်ဖြီး ပြုံးတက်
နိုးမ ရှားသလားဟုတ်စ ခုခေတ်ခါဆီ ပေါ်တယ်မြားမဒ်
တစ်ယောက်မကောင်း တစ်ယောက်ပြောင်းလိမ့်မည်
ယောကျ်ားရှားရှားသလား ဆိုမည်။
သက်တစ်ရာ လင်တစ်ရာပြည့်အောင် မာနခံမို့ ခွဲနံ့မာန်ပီ
တွေ့လိမ့်နိုး နိုးထင်သည်
နံ့ခါလီမြစ်ကိုလွှဲတယ် ဝမ်းဘဲကချောင်း ထဲရှာသည်
ရသာနည်း လို့ ငါးလည်းမတွေ့ပြီ ချောင်းနိုးမို့ ဝေးတဲ့မန်ခါလီ။

**မှတ္တလေးအမှတ်(၂)**

- ရွှေဉာဏ်ကွန်ယက်၊ မြန့်ကျက်ကာပင်၊ ရှုတော်မူ၊ လိုက်သည့်တွင်
နှောင်သောအခါ၌၊ ရှင်ချစ်၊ သာသနာ၊ အစွန့်ရှည်လို့၊ တည်ထွန်းမှာမြင်
လဝန်းရှည်သို့၊ စန္ဒမုခိ၊ မန်းတောင်စံ၊ ဗိမာန်ရွှင်
ဖွံ့ဖွံ့ကြိုင်လန်း၊ ဝတ်ပန်းစုံကို၊ ထူးမြတ်ကံလွန်။ ရဲအရှူတွင်
လက်ရုံးတော်ငင်၊ နတ်သမီး၊ မြို့ကြီးတည်အုံပင်
ရှာဒီတ်တော်ကိုဆင်၊ ထင်ရှား၊ ကောင်းငုံမြင်
အနာဂတ်၊ မျှော်မှန်းကြိုတင်၊ အတတ်သိကာမြင်
ရှာနလာဘီ၊ အဘိညာဉ်မြော်လျှိုး၊ မိုးထက်တစ္စင်
တန်ခိုး၊ ပြည့်ဖြိုးစုလင်၊ ရသေ့မြတ်တို့အရှင်
ကောသိုက်နိမိတ်၊ နံ့အညီ၊ တည်သော၊ ရတနာပုံနေပြည်ပင်။

သံပြိုင်။ ။ ကျူးလုံလုံကြည်လင်၊ ကြည်းရေကြက်တို့
မျှော်ရွှင်၊ ပန်းကြာပဒုံ၊ ကြိုင်ထုံသင်း နံ့ယဉ်
စိမ်းမြမြ၊ မြို့နတို့၊ ဟင်းချိုလှပါတယ်ခင်
ဂရင်းလီဗီ၊ ဘယ်ကိုတေးဘယ်လ်ပင်
ကမ်းစလေးတွင်၊ လောကွတ် အတွေးနဲ့
ကျေးလိုက်ရ၊ စေတနာဝင်
မောင်မယ်ပြို့မ၊ လေဆိစိတ်ကူးယဉ်။

## မြို့မငြိမ်း နှင့် သူ့အနုပညာ

ဘုံတွေဆင့်လို့၊ နှာရိုးစင်ခေါင်မိုး ထွင်
မန်းရွှေမြို့ရဲ့၊ ကျက်သရေဟစ်မျိုး ပေါ်
စုလစ်မွမ်းချွန်၊ အာကာဝေဟင်၊ ဗိသုကာအတတ်သည်၊ ဗမာ့ဂီ ယဉ်ယဉ်
မြန်လည်ချော်မှန်း၊ ဓါတ်ရထားလည်း၊ လှမ်းလောက်တဲ့ပြင်
ဘုံဆင့်ဆင့်ဟာ ပေါက်၊ မှန်မှန်မဆိုချင်
မြို့ပြရှင် သန့်စင်၊ ရွက်တော်တွေစီး၊ အမြဲ လေတန့်နှံ့ပြင်

ပျားမန်းခတ်သည့်တွင်၊ ရောင်ဝယ်ကျ သန်း၊ ဟိုဝဉ်
ချောင်းရွှေလှေလောင်း၊ စည်စုံမောင်း ငြိမ်လွှင်
မန်းမြို့သူမှူးချင်းချင်း၊ ဆင်တဲ့တားထိပ်၊ ညောင်ဦးပင်
ခေါင်းလျှော်ရေမျိုး၊ တမျိုးကြည်လို့ယဉ်
ရတ်ကာသွပ်မိုး၊ ဈေးကြီး၊ ပြီးမြောက်
ဈေးအနောက်မြောက်၊ မျှော်ပါရင်
အလယ်ကဓောင်းဓောင်း၊ မနှင်းဆီခေါင်းပင်။

စာကောင်းကောင် ၂၆၇

**မန်းတောင်ရိပ်ခို**

– (ရိုးမြှီးမွှင်သော၊ နမဲ့ရှိုက်ရယ်၊ တစ်ကိုယ်လုံးပင်၊ ချော့အရာပို့တယ်
မြို့မနဲ့တစ်မိတည်းမှားလို့၊ ဆိုတော့မယ်ကွယ်)။
(အမောက်ကလေး၊ တသသနဲ့၊ မြှောက်လို့မေးတာ၊ မဟုတ်ဘူးကွယ်)။
ယဉ်စစနဲ့၊ မြင်လိုက်ရရင်၊ အဝတ်အစားမှာလည်း၊ လွှန်တင့်တယ်
ထွန်းသစ်စ၊ လရောင်ဝယ်၊ နှိုင်ညှာတဲ့မွှင့်လန်း၊ ပန်းသို့နယ်
ရိုးရိုးသားသားနဲ့၊ ကျုပ်တို့မြို့မကား၊ ကျေနပ်တယ်။

– (မြန်မာ၊ ရွှေညီညို၊ ရစ်ကာသန်းတော့
ရွှေမန်းတောင်ရိပ်၊ တူတူနေသူ၊ မိုးမြူတွေရယ်)။
မျှော်ခင်းလေး၊ သာပါဘိတယ်၊ နိမိတ်ကောင်းယူမယ်
နှစ်ဦးသကြိန်တော်ဝယ်။

– (ခါးသေးနဲ့မှုရာကြွယ်၊ လှဂုဏ်ဝင့်ထယ်
မာလာနှယ်၊ နှိုင်ညှာရယ်
တစ်ယောက်ဆို၊ တစ်ယောက်လို့၊ အောက်မေ့တယ်
ခင့်မြို့မလာပြီကွယ်၊ ဆီးကြိုလို့ရယ်
မောင်နမအရင်းပင်၊ ခင်မင်ချစ်သွေးပြမိတယ်)။

– (စာတီမျက်ခြယ်၊ ကျွန်းမာပါစ၊ သက်လယ်
အော် – လောင်းပါလေကွယ်၊ ဟင်၊ ပက်လိုက်တော့ကွယ်)။
နှစ်ကူးတော့မယ်၊ ခင်ခင်ရယ်၊ လိုက်ခဲ့ပါလား၊ အမျှင်းတော့ပြေမယ်
မောင်တို့၊ လာရွှေပေါ့ကွယ်၊ ကညာမေကျော့ရယ်၊ ရွှေဝန်းထွက်လာတယ်။
– (မြန်မာ ........................ နှစ်ဦးသကြိန်တော်ဝယ်)

## မုန့်စားကြွ

- အိမ်ထောင်ပြု ဘုရားတည် ဆေးမင်ရည် စုတ်ထိုး ပြင်နိုင်ခဲ့တဲ့အမျိုးတွေပင်
အသားညို ဆေးတစ်ကမ်း ကပွလီမ ယူမိရင်
ခုနစ်ဆောင် တိုက်ခန်းတောင် မီးမထွန်းဘဲနဲ့ အမှောင်ပဲရှင်
ရေချိုးတဲ့အဝတ်နဲ့ အင်္ဂလိပ်မ ရုပ်ကလေး ဆေးထိုးမှားရင်
နောင်တွင် အသက်ကြီးလို့ အရွယ်အို စိတ်တိုတို
သကြိုဟ်ငြင်းတိုင်း လမိုင်းမကာပ်မှာကိုမြင်
စိတ်ရင်းအတိုင်းဆိုရင် မောင်ရယ် ရည်းစားဘဝနဲ့ ပျော်ပျော်နေချင်
သို့ပေမယ့် တော်ပြေရင် မုန့်စားကြွဖို့ ကျွန်မတို့မင်္ဂလာဆောင်တွင်။

- (ရှေး ယခင်ခေတ်ထဲ မဆင်ခြင်ဘဲ ထင်ရာဖမ်း တစ်ခန်းဆိုက်ရာတွင်
အရမ်းမကြိုက်ပါသရှင် အရမ်းမချစ်ပါသရှင် မေတ္တာတော်စင်ကြယ်ချင်)၊
သုံးနှစ်သုံးမိုး ချစ်ကြီး သွယ်ရင်
ဆောင်နိုင်လေလေ အကျိုးရှိမှာမို့ နိုင်နိုင်မြဲမြဲ မခွဲအတူရှင်
ကြီး နိုင်မှ မေတ္တာတော်စင်
စိတ်ရင်းအတိုင်းဆိုရင်မောင်ရယ် ရည်းစားဘဝနဲ့ ပျော်ပျော်နေချင်
သို့ပေမယ့် တော်ပြေရင် မုန့်စားကြွဖို့ ကျွန်မတို့မင်္ဂလာဆောင်တွင်။

## မယ်တို့မြေ

– မြို့မ အဟုတ်ပဲ ကျော်သကို သဘောကောင်း အတီးမကောင်းချင်နေ
မန္တလေး ချစ်သည်းညှာတွေ အသင်းပေ လှုတိုင်းရင်းခဲ့သလေ။
မြည်ချင်တာတွေမြည် ကြည်ဖြူစင်မင်သူတွေ
တီးစေ မှုတ်စေ ဖွဲ့နွဲ့စေ
ချော်ချေ ယဉ်မှုမှု နစေ့တို့အမြဲတော ရွှေနားဝင် ညှစေဘို့
တွေး ကာလေ ကာလေ နှိုးတာတွေ တာတွေ
သဘောတော် တွေ့မလားလေ မှန်ကာမှနေ
အို – ကိုယ်တို့မြို့မ သံညင်းတမြမြ သာခဲ့ကြထင့် ဘဝက မယ်တို့မြေ။

တစ်ညတစ်ခါတွင်ကြီလာပေ၊ ယနေ့ထက်ထိသတိရနေ၊ ကြယ် စုံ စန်း ငွေ။
မီးရောင်စုံထိန်ထိန်ဝေ၊ မြူးကွန့်လို့ညွှန့်သမျှတွေ၊ မြို့မ သံသာ ညင်းချေ။
စည့်စံမှာ တာဝန်ကျေ၊ အသည်းမှာစိမ့် ငြိမ့်ငြိမ့်ချေ၊ လုံခင် နှ ချေ။
တေးတျာသံ ညင်သာပေ၊ လှိုင်းအိထက်စီးသို့ပေ၊ မြို့မ စေတနာဖြိုးဝေ။

အို – ထိုအနိုက်မှာလေ၊ နဘေးလေချေ၊ ဆောင် ကြည်းယူစေ၊ တိမ်နှိုးပျို့တွေ
ဖြတ် သန်း ပေ၊ လ ဝန်း လှဲ ချေ မှန်ခဲ့လို့ဝေ။
မိုးသက်ကယ် ဆင် မချေ၊ ငြိုးတို့လှည့်နဲ့သည့်အနေ၊ ရွာသွန်းတော့ပေ။
သုနှမ လုံမယ်တွေ၊ နှုတ်ဆက်မယ် သူ့မျက်နှာနေ၊ စွဲမြဲမောင် နောင်တစ်သက်မချေ

ချော်ချေ ယဉ်မှုမှု နစေ့တို့ အမြဲတော ရွှေနားဝင် ညှစေဘို့
တွေး ကာလေ ကာလေ၊ နှိုးတာတွေ တာတွေ
သဘော တော် တွေ့မလားလေ၊ မှန်ကာမှနေ
အို – ကိုယ်တို့မြို့မ၊ သံညင်းတမြမြ သာခဲ့ကြထင့်၊ ဘဝက မယ်တို့မြေ။

## ကျက်မှုန်စိမ်းနှင့်မြက်ခြောက်

သေးအတွေ၊ မှုအမျှ၊ ထောက်ဆညှာတာကျွယ်
ဦးတွေ၊ ကောင်းဖက်ရှယ်၊ ပေါင်းဖက်မယ်၊ ရာသက်လုံး၊ မှန်းစိတ်မပယ်)
ာနှာ၊ ညီတူခံမယ်၊ ခင်မင်ကာမောင်ရယ်
ဦ – တစ်ဦးသဘောတစ်ဦး၊ ပြောလို့ပြရန်၊ မလိုတယ်
ဦကြည်ရွှာ၊ အရာရာဝယ်
ဘယ်နှစ်စင်း၊ အတွင်းသိ၊ ကြယ်မြင်လမြင် ခင်မိတယ်။
ဦးစားကြရင်၊ မမှားနိုင်တယ်၊ အငိုလွယ်လျက်၊ အရိုက်ခက်တယ်
စ်ဦးသဘောတူ၊ ကြည်ဖြူရာဝယ်၊ တင်စီးသူ့ရယ်
ျက်မှုန်စိမ်းကြောင်း၊ မြက်ခြောက်ကို၊ အလိမ်မိသလို၊ သူဆိုချင်တယ်
စ်ထဲကမြင်း၊ မယွင်းတူရှာမယ်။
နောင်ခါ၊ လင်နဲ့မယား၊ လျှာနဲ့သွား၊ အနည်းငယ်၊ မှားမိတဲ့၊ အခါဝယ်
ဉ်က၊ မနာပေါင်၊ ဟန်ဆောင်တယ်၊ စိတ်ထဲကတော့၊ ကျွဲမြီးတိုရောမယ်)
လိုလူမျိုးအပေါ်ဝယ်၊ ကြောက်ရပါသေးတယ်
မောင်ရယ်၊ သဘောထားရှင့်ရှင့်၊ စိတ်အားမြင့်တဲ့သူ့သာ၊ ကြည်ဖြူမယ်။
တူစုံမောင်မယ်၊ ဆုံစည်းမှုယ်၊ အိမ်ရာထောင်တယ်
မှုမှုရေးဝယ်၊ မျှော်တွေးလိုတယ်၊ ပါးစပ်များကလေးတွင်
ဦးလွယ်စီးလွယ်၊ တော်အောင်၊ မပြောသင့်တယ်)
စဉ်းစားကြရင်မမှားနိုင်တယ် .................. မလွှမ်းတူရှာမယ်)
ကချို့လူဟာ၊ တစ်ခါတရံဝယ်၊ မိန်းမကိုစိတ်ဆိုး၊ ကြိုလ်ထိုးချင်တယ်
ပို့ပေမယ့်လည်းရှင်၊ ကမ္ဘာ၊ နိယာမစဉ်လာ၊ ရှယ်ရှာလိုတယ်
မှ့တစ်ကိုယ်လုံး၊ ခေါ်သထယ်၊ ကလေးမာန်မဲ၊ ပန်းကန်တွေလည်း၊ ခွဲတတ်တယ်
မိန်းမဆူအောင်၊ ခြေဆောင့်ချင်တယ်
ဓမြေမတတ်တော့၊ အကျပ်ပေါ်ခများ၊ မျက်နှာငယ်။
စဉ်းစားကြရင်မမှားနိုင်တယ် .................. မယွင်းတူရှာမယ်)

## မြို့မတေးသံ

(တံမျှာ ပခွင် နံ့ငွေခင် ကျူပါးပင်၊ နံ့ယဉ် အေးကျူ မန်းသူတွေကြားစေချ
ထီးဆန်ဆန် နန်းဆန်ဆောင်ပင်)၊
ဝါဝင်းရွှေစင်၊ တေလှုခေါ်တွင်
သံညှင်း သာညှင်း ဥသျှစ်မှည့်ရောင် နတ်စောင်းလိုပင်
ရွှေနားတော်ဆင်ယင်သူတွေ ကျန်းမာစေ ချမ်းသာစေ
စိန်ရွှေမြီးလက်၊ တိုးတက်လျှက်အစဉ် မြို့မတေးသံဆောင်းညံ့ငြိမ့်ငြိမ့်
ဆိမ့်ဆိမ့်လို့ပင် ကြည်နှစ်သိမ့်မယ်ထင်။

နွှင်မြူးလို့ ကြူးရော့်ပါစေချင်၊ မြို့မရဲ့ သံသာနုလင်
ရွှေနားဆင်တဲ့သူရဲ့ မွှန့်ယဉ်
တျာ တေ တျော လှုပြောသည်သို့ တာဝန်တွေ ကျေမယ်ထင်
အသားအရေအဆင်ပြေ ဝပြီးတဲ့အပြင်
အလှတွေ အယဉ်တွေ အရင်ကထက်နှစ်ဆတိုးလို့
ခင်တို့မအိုဘဲ နုပျိုပါစေကြောင်း
မြို့မတေးသံ ဆောင်းညံ့ငြိမ့်ငြိမ့် ဆိမ့်ဆိမ့်လို့ပင် ကြည်နှစ်သိမ့်မယ်ထင်။

သန်းခေါင်လေ မြူးပါလို့၊ စမ်းရောင် မြူးကြည်လို့လင်
မန်းတောင်ပေါ် နှိုးဆော်ကာ၊ ဖိုးခေါင် ကျူးသာလှထင်
ငြိမ့်ငြိမ့်ညောင်း သံသာရွှေစောင်း ရွှေပခွင်
သံသာမှုမှု နံ့ယဉ် တွဲ့တွဲ့ခင် နံ့နံ့ယဉ်
ခင်တို့ မအိုဘဲ နုပျိုပါစေကြောင်း
မြို့မတေးသံ ဆောင်းညံ့ငြိမ့်ငြိမ့် ဆိမ့်ဆိမ့်လို့ပင် ကြည်နှစ်သိမ့်မယ်ထင်။

## မြစ်စေင်းတော်

ငွေနှင်းမှုန်ရီ ဝေဝေစီ
မြောက်လေဆော်သွေး အေးတဲ့လရာသီ သမယအခါဆီ
ပြာသို နှာညို ဥာနိုးစိမ်းလှုံလန်း ရွှေနန်းတော်တွင်း လုံဝင်းမှုရာပလီ
သူစာ ဒေဝီ တော်ဝင်ပန်းကို မြန်းလို့ ဆင်ရှာသည်
ချာပါဆံလေးရှူ အရွယ်ညီ
ဓမ္မသဖန်း ရဝေနန်း ရွှေကြငှန်း ဆောင်ဘုံဆီ။

သာချေပြီ မြို့တို့မောင်ပဲ သူလည်းပါလေသည် လာချေပြီ
မှုန်မှုန်မဲမဲ လူသူမကွဲတကွဲ နှင်းလည်းမြာဝေရီ
ခင်းညီ မင်းသား မှူးမတ်သားများ ယောက်ျားအာစာနည်
သက်ရုံးရည် နှလုံးရည် မြင်းကလည်း မြင်းချောမာန်ဖီ
ခါးပတ်တော် ရွှေချည်ငွေချည်၊ မောက်တို မောက်လှ တလည်ကျွေးနဲ့
ဆံမောင်း လှုံရေးပြိုင်ကြသည်၊ မော့တံစွန် ထူချိန်စည်
နှာသံချင်းယှက် ဂေါက်ဂက် ဂေါက်ဂက် ဘယ်ညာသံပြိုင်ညီ။

မရှိုးစည်မောင်း ပြိမ့်ပြိမ့်ညောင်း ကောင်းကင်တိုင် ဟီ
ဘုံပိုးသံ ခရာသံညံ့စီ ဝံလက်ယာ မင်းခမ်းတော်စုံညီ
တော်ကြီးဘုရား နှစ်ပါး ထွက်ကာစပမှယ်တော်မှုသည်
ခန်း နှာညို စိမ်းစိုလှံ့နွဲ့မှုရာပလီ
နှမ်းသူ့ ဆံညှာကေသီ မနို့တရို့နဲ့ ကပို့ကရို့ ဆင်ကာစီ
သွဲပါလား နတ်တမျှပင် ထင်ယောင် မြင်ယောင်သည်။
မွှိုင်းခင်း သဘင် ဆင်ယင်တော်မူသည်
နှုရယှက် စီးလျှက် လှုံမှုရှို
သိကြား တန်ဆောင်တိုင် ဆံမောင်းလှုံကိုင် ဝေဝေ ပြိုင်ပြိုင်ရှိုး။

သာချေပြီ ......................... ဘယ်ညာ သံပြိုင်ညီ

## မုန်ထဲကမေ

- တစ်ဖက်သားကို ချမ်းမြေ့စေ
ဖေါ်ရွေသော မျက်နှာလေးပေ
အကြင်နာရောင်သန်းကာနေ
အလှပန်းပွင့်ပါတဲ့မေ။

- အချစ်နဲ့ ထွန်းညှိထားတော့လေ
မျက်လုံးလေးတွေ ဝင်းပကြည်လို့နေ
အပြုံးလေးဆင်ယင် နှုတ်ခမ်းနီလွှင်လေးတွေ
ခွန်းသံမိန့်နိုး ချော့ကိုးသူမှာလေ
သို့ကတည်း မုန်ထဲကမေ
သူကတော့ ကိုယ်ကို စောရှာနိုင်းလို့နေ
ဘယ်အချိန် ကိုယ်ဘက် လှည့်မလဲ မျှော်လင့်ရင်းစောင့်ကာနေမိပေ။

## ယောက်မ

ခြေဆင်း။ ။ မကောင်းမြစ်တာ ကောင်းရာညွှန်ပါတဲ့မိခင်၊
နားဝင်ငြိမ့်ညောင်း သံချိုလောင်းရင်
သံပြားကျောက်စောင်း ကျိုးပျော့ပျောင်းသတဲ့ရှင်
ကိုယ့်သမီး ဆင်စီးမြင်းရံ ရွှေဘုံပေါ်စံစေချင်။

- မျက်စိအောက်တွင် အမြဲမြင်ချင်၊ အရိပ်တကြည့်ကြည့်နဲ့ သမီးကိုပင်
မိခင်တိုင်းတွင် အရွယ်ကလေး ငယ်သေးတယ်ထင်
မောင့်အပေါ် ခင်မင်တွယ်တာသနား မညှာ
မေတ္တာစကန် သွေးလှန်မောက်ပြား ယောက်ျား တစ်ပါး မမြင်
မောင့်ရှိုးမှာပေါ့တဲ့ ကိုယ့်လူရယ်ရှင် အမေကငယ်သေးတယ်တဲ့
